အမုန်းအိပ်ပျော်နေပါစေ

သူ နိုးလာလျှင်

ကမ္ဘာကြီးအတွက်

စိုးရိမ်စရာဖြစ်လာလိမ့်မည်။

## ကျွန်တော်၏အမှာစာ

တက္ကသိုလ်အကြောင်း ရေးခဲ့ကြတာ များလှပါပြီ။

ကျွန်တော်သိသလောက် ပြောရလျှင် (၁၉၃၅-၃၆)ခုနှစ်လောက်ကပင် စတင်၍ ရေးခဲ့ကြသည် ထင်ပါ၏။ ရေးဟန်တွေအမျိုးမျိုး၊ အကြောင်းအရာ ဇာတ်လမ်းတွေအမျိုးမျိုး၊ နောက်ခံအခြေအနေတွေအမျိုးမျိုး၊ နောင်တွင်လည်း ဆက်လက်၍ ရေးနေကြမည်။ ခုပင် ဒေသကောလိပ်အကြောင်းကို သက်ဆိုင်ရာမဂ္ဂဇင်းများတွင် ဖတ်နေကြရပါပြီ။ တက္ကသိုလ်အကြောင်းသည်ခုထက်တိုင် ရိုးအီ၍ မသွားကြသေးပါ။ အမှန်တော့လည်း တက္ကသိုလ်၌ဖြစ်ပေါ်ခဲ့သော ဇာတ်လမ်းတို့သည် ကဲ့ကော်ရွက်တို့၏အရေအတွက်မျှပင် ရှိနိုင်ကောင်းသည် မဟုတ်လား။

(၁၉၃၆) ခုနှစ်က . . .

ကျောက်စားပွဲကို ခက်ရင်းဖြင့် ခေါက်လိုက်သော်လည်း စားပွဲထိုးခေါင်းဂျွန်သည် တော်တော်နှင့် ရောက်မလာချေ။ ထိုအခါ စိတ်ထွက်လာပြီးလျှင် ဇွန်းနှင့်ခက်ရင်းကို သမံတလင်းပေါ်သို့ ပစ်ချလိုက်ပြီး "ဟေ့ . . အိုင်ဆေးဂျွန်၊ ညနေစာကို ငါ ဒီမှာ မစားနိုင်ဘူး၊ ထမင်းပွဲကို ငါ့အခန်းလာပို့စမ်းကွာ"

(၁၉၇၆) ခုနှစ်က . . .

နေ့ကျောင်းသားတွေက အဆောင်မှကျွေးသော ထမင်းကို ကြုံလျှင် ကြုံသလို ဝင်တွယ်တတ်သောကြောင့် အဆောင်ကျောင်းသားများအတွက် ထမင်းစားလက်မှတ်များ ထုတ်ပေးထားသည်။ လက်မှတ်မပါလျှင် မစားရ။ လက်မှတ်တစ်စောင်အတွက် အသားဟင်းတစ်ခွက်နှင့် ဟင်းရွက်ကြော် သို့တည်းမဟုတ် အသုတ်တစ်ခွက်ရသည်။ အခန်းသို့ယူစားလျှင် ကိုယ့်အတွက်ရသည့် ထမင်းနှင့်ဟင်းကို ထမင်းဘူး၊ ချိုင့်၊ ခွက် စသည်တို့တွင် ကိုယ့်ဖာသာကိုယ်ထည့်သယ်။

(မှတ်ချက် . . ထမင်းကိုမူ လိုသလောက်ရသည်။)

(၁၉၃၆) ခုနှစ်က . . .

ကော့စမစ်တစ်ဖြင့် တိုက်၍ ပိပြားသပ်ရပ်စွာ ဖြီးသင်ထားသော ဆံပင်၊ မျက်နှာမှာ ပေါင်ဒါမျက်နှာချေဖွေးဖွေး၊ ဖိုးဆဲဗင်းဝမ်းဝမ်း (ခေါ်) အိုင်ကလုံး ရေမွှေးဆွတ်ထားသော သက္ကလပ်တိုက်ပုံအင်္ကျီ၊ ပိုးလုံချည်တရွှမ်းရွှမ်း ပေးတင့်ရှူးဖိနပ်ကိုစီးလျက် ညနေဘိုင်ကျပြီဆိုလျှင် ကြော့မော့စွာလမ်းလျှောက်ထွက်ကြသော ကျောင်းသားများ။

ကျောင်းသူများကား ဇာနားတပ် အင်္ကျီလက်ပွ၊ ဖဲထဘီ၊ ဘီအေဆံထုံး မြင့်နှင့် လေဒီရှူးကိုစီးရင်း စောင့်မျှော်နေ ကြလေသည်။

ထို့အတူ . . . စုတ်ဖွာသော ဆံပင်၊ ပင်နီအင်္ကျီ၊ ချည်လုံချည်တို့ကို ဝတ်လျက် ခုံဖိနပ်တခွပ်ခွပ်စီးပြီး အလုပ်ရှုပ်နေကြသော ကျောင်းသားများကိုလည်း တွေ့နိုင်သည်။

(၁၉၇၆) ခုနှစ်က . . .

ဂျက်ဂျင်းကတ်၊ တူးအိပ်ဖိုက်ဖိုက် ဖလဲဘောင်းဘီ၊ ခုံမြင့်ရှူးဖိနပ်ကို စီးထားသော ကျောင်းသားတစ်သိုက်နှင့် ဖော့ရှုန်၊ တက်ထရက်ရှုန်၊ ဇာစသော ပိတ်စများဖြင့် ချုပ်ထားသော လည်ဟိုက်၊ ရင်စေ့၊ လည်ပတ်၊ လက်ဖောင်း လက်ပြတ်၊ ပြင်သစ်ဓားသမားတို့ ဝတ်တတ်သော လက်ရှည်ပွပွကြီးကို အဖျား တွင် မြန့်ကျပ်ထားသောအင်္ကျီမျိုး၊ အမည်အမျိုးမျိုးတပ်ထားသော ထဘီဆန်း များ၊ နှစ်လက်မ သုံးလက်မမြင့်သော သားရေ ဖော့ဒေါက်မြင့်ဖိနပ်များ ဆင် မြန်းထားသော ကျောင်းသူတစ်သိုက်တို့သည် ဆူညံအော်ဟစ်စကားပြောလာ ကြရင်း စာကြည့်တိုက်ရှေ့ ကုံကော်ပင်အောက်တွင် ရပ်ထားသော ကိုရီလာ ကားကလေးပေါ်သို့ တက်ထိုင်လိုက်ကြသည်။

အရေးတကြီးကိစ္စမရှိပါဘဲလျက် ကားကို စက်သံပြင်းပြင်းမြည်အောင် ပြုလုပ်လျက် အဓိပတိလမ်းပေါ်တွင် မြားတစ်စင်းကဲ့သို့ အရှိန်ပြင်းစွာ မောင်း ထွက်သွားကြလေသည်။

ထို့အတူ . . .

အသားကောင်းချင်ကောင်းမည်ဖြစ်သော်လည်း ဟောင်းနွမ်းစုတ်ခြာ နေသော အင်္ကျီအရောင်အဆင်း ဖျော့တော့နေပြီဖြစ်သော ချည်လုံချည်ကို ဝတ်ထားသော ကျောင်းသားတစ်ယောက်သည် အမှတ်(၈)ကားပေါ်မှ တိုးဝှေ့ ဆင်းလာပြီး သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ တောင်ငူ ဆောင်၊ မန္တလေးဆောင်၊ အမရဆောင်တို့ကြားရှိ စားသောက်ဆိုင်တွင် ကျောင်းသားတစ်ယောက်သည် လက်သုပ်တစ်ကျပ်တန်တစ်ပွဲနှင့် ထမင်းဖြူ (ကျောင်းခေါ်ဒန်ပေါက်)ငါးမူးဖိုးတစ်ပွဲဖြင့် နံနက်စာ စားနေသည်။

သူ့စိတ်ထဲတွင် အိမ်သို့ စာတိုက်မှ ရောက်ရှိလာသော ကျောင်းလခ များကျေလည်အောင် မသွင်းသေးကြောင်း သတိပေးစာအကြောင်းကို စဉ်းစား နေလေသည်။

(၁၉၇၆) ခုနှစ်က . . .

ငွေကြေးချမ်းသာကြွယ်ဝသူတို့၏ သားသမီးများသာ တက္ကသိုလ်ပညာ သင်နိုင်သည်။ အနိမ့်ဆုံးဆိုလျှင် လူလတ်တန်းစားများသာ တတ်နိုင်သော ပညာ၊ ဘွဲ့ရပြီးလျှင် အောက်ထစ်မြို့အုပ်လောက် မှန်းကြသည်။

ဘွဲ့ရပြီး မြို့အုပ်လောက် ဖြစ်ရသူသည် ကံဆိုးလေစွ။ (ဘွဲ့ရပြီး တိုင်း ပြည်လွတ်လပ်ရေးအတွက် နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်သွားသူတွေ လည်း ရှိသည်။)



(၁၉၇၆) ခုနှစ်တွင် . . .

ကျောင်းတက်နေစဉ် အတွင်းမှာပင် အလုပ်သမားရုံးတွင် မှတ်ပုံတင် (လေဘာကတ်) လုပ်ကြသည်။ (ဘွဲ့ရပြီးပြီးချင်း အရာရှိပေါက်စကလေးများ ဖြစ်သွားကြသူများလည်း အတန်အသင့်ရှိသည်) အခြေခံလူတန်းစားများထဲမှ အချို့သည် ပညာသင်ထောက်ပံ့ကြေး၊ ပညာထူးချွန်ဆုတို့ဖြင့် ကျောင်းတက် လာနိုင်ကြသည်။ ညဘက် ကြားအလုပ်အမျိုးမျိုးလုပ်ပြီး နေ့ဘက်တွင် ကျောင်း တက်သူများပင် ရှိလာသည်။ စာပေးစာယူသင်တန်းများ ပေါ်ပေါက်လာသည်။ အလုပ်သမားတို့အတွက် လုပ်သားများကောလိပ်ရှိသည်။

ဟိုတုန်းက တက္ကသိုလ်နှင့် မျက်မှောက်ခေတ် တက္ကသိုလ်တို့သည် တူတာတွေလည်းရှိသည်။ မတူတာတွေလည်း ရှိသည်။ ပြောင်းလဲတိုးတက်မှုက ယခုအခါ ပိုမိုဖြစ်ထွန်းလာသည်။

(၁၉၇၇)ခုနှစ်တွင် ကျွန်တော် ကျောင်းက ထွက်ခဲ့သည်။ ခုဆိုလျှင် နှစ်နှစ်ရှိပြီ။ ကျောင်းသားမဟုတ်တော့သော်လည်း ကျောင်းသို့ ရံဖန်ရံခါ ရောက်တတ်သည်။ ကျောင်းထဲသို့ရောက်တိုင်း ကျောင်းသားဘဝကို ပြန်၍ လွမ်းဆွတ်မြဲဖြစ်ပါသည်။

ဟိုတစ်လော သူငယ်ချင်းတစ်ယောက်က သတင်းပေးသည်။ ကျောင်း ထဲမှာ အပြောင်းအလဲတွေ ဖြစ်နေပြီတဲ့။ ဘာတွေဖြစ်ကုန်ပြီလဲဟု ကျောင်းထဲ သို့ ပြေးကြည့်မိသည်။ ယုဒသန်ဘုရားရှိခိုးကျောင်းနှင့် မာလာဆောင်နောက် ဘက်တွင် စားသောက်ဆိုင်တန်း အသစ်များတိုးလာခြင်း၊ ဆောက်လုပ်စ စာ ကြည့်တိုက်အသစ်ကြီး ပိုမိုပီပြင်လာခြင်း၊ သိပ္ပံဆောင်အနီးမှ ပင်လယ်ကဗွီး ပင်တန်းများ မရှိတော့ခြင်း၊ ကျောင်းဆောင်များ၏ အမိုးများကို ပြင်ဆင်ခြင်း၊ ပြတင်းတံခါးများကို အသစ်တပ်ဆင်ခြင်း၊ ကွာကျနေသော အုတ်နံရံများကို အင်္ဂတေဖြင့် ဖာထေးခြင်း၊ ကျောင်းဆောင်များ ဆေးအသစ်သုတ်ခြင်းတို့က လွဲလျှင် ကျွန်တော်တို့ရှိစဉ်ကနှင့် ဘာမှ မပြောင်းလဲသေးပါ။

စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်တန်းရှိ လက်ဖက်ရည်ဆိုင်တွင် စာမေးပွဲကျကျန်ခဲ့သော သူငယ်ချင်းများနှင့် တွေ့သည်။ လက်ဖက်ရည် မှာသောအခါ စားပွဲထိုးရွှေဆိုင်သည် . . . "အချိုပေါ့ကျပဲ မဟုတ်လား"ဟု ကျွန်တော့်ကို ပြောလာ၏။

တက္ကသိုလ်သည် ကျွန်တော့်ကို မစိမ်းကားသေးချေ။

ကျွန်တော့်တွင်လည်း ကျောင်းသားစိတ်သည် မပျောက်ကွယ်သေး ချေ။ ထိုအခါ ဤဝတ္ထုကို ကျွန်တော်ရေးလေသည်။

ရိုသေလေးစားသော

မင်းလူ (၁၉၇၉)

♥♥♥

အင်းလျားရေတစ်စက်

စိမ့်ပန်းတစ်ပွင့်

ကံ့ကော်တစ်ရွက်

သို့တည်းမဟုတ်

ဆွတ်ပျံ့လွမ်းမောဖွယ်

ဝတ္ထုရှည်တစ်ပုဒ် ။

## (၁)

"၀၇" ပင့်တိုက်လိုက်သော ဘောလုံးကို **"၀၄"** တအားရိုက်ချသည်။ ဘောလုံးသည် ပိုက်တန်းကို လွတ်ရုံကလေးဖြတ်သွားသည်။ တစ်ဖက်သင်းက ခုခံဆယ်မရန် အချိန်မရလိုက်၊ **ဘောလုံး** မြေကိုထိ၏။ လက်ခုပ်သံများ ဆူညံသွားသည်။

***ရတနာဆောင်နှင့် မာလာဆောင်တို့ ယှဉ်သော ဘောလီဘောပွဲ။***

"၀၄"က သူတို့ကွင်း၏ နောက်စည်းအပြင်မှာရပ်သည်။

လက်ဝါးပေါ်က ဘောလုံးကို အပေါ်သို့ မြှောက်ရုံကလေး မြှောက်သည်။ ဘောလုံးတစ်ပတ်လည်၍ လက်ဝါးပေါ် ပြန်ကျသည်။ စပေးဘောအတွက် ပြင်ဆင်ခြင်း။ စကြိုအုတ်ခုံမှာ လက်ထောက်ကြည့်ရတာ အားမရ၊ အုတ်ခုံပေါ် တက်ထိုင်လိုက်၏။

"၀၄"သည် ညာခြေထောက်ကို နောက်တစ်လှမ်းဆုတ်သည်။ ခြေဖျားကို ထောက်၏။ ဖြူဖွေးသော ပေါင်တံကလေးသည် ထင်းခနဲ ဖြောင့်တန်းသွားလေသည်။ ဘောင်းဘီတိုကလေးက အနီရောင်။

ဘောလုံးကို ခေါင်းအပေါ် . . တစ်တောင်လောက်မြှောက်အောင် မြှောက်တင်သည်။ ညာလက်ဖြင့် ရိုက်သည်။ ဘောလုံးသည် တစ်ဖက်ကွင်းဆီသို့ ပြေးပြန်သည်။

ခုခံခြင်း၊ ဆယ်မခြင်း၊ ပင့်တင်ခြင်း၊ ရိုက်ခြင်း။ ဘောလုံးသည် နောက်စည်းအပြင်ဘက်သို့ ထွက်လာသည်။ "၀၄"က ဘောလုံးကို လာကောက်သည်။

"ဟား . . နည်းတဲ့ ဘောလုံးကြီးမဟုတ်ဘူး"

ခပ်လှမ်းလှမ်းမှ အကောင်တစ်ကောင်က လှမ်းနောက်သည်။

ထိုသူကို ဘုကြည့် ကြည့်မိ၏။

မျက်လုံးများသည် "၀၄" ရွေ့လျားရာသို့ လိုက်ပါနေကြသည်။ အားလုံးထဲမှာ "၀၄"အတော်ဆုံး။ ခါးသေးခြင်း၊ ပေါင်တံဖြောင့်တန်းခြင်း၊ လက်မောင်းပြည့်ခြင်းတို့ကြောင့် ကစားပုံအလှဆုံး။

ဟော. . . တစ်ဖက်အသင်းက ရိုက်ပြီ။ "၀၄"နှင့် "၀၆"က ခုန်ပျံ၍ ကာသည်။ ရွက်ဖျင်ဖိနပ်စီးထားသော ခြေဖျားကလေးသည် ကော့ကော့ ကလေး။ လက်ဖဝါးတို့အကြားတွင် ဘောလုံးသည် ဖြောင်းခနဲမြည်၍ လေထဲ သို့ မြောက်တက်သွားသည်။

ရင်ထဲက လှပ်ခနဲဖြစ်သွားသည်။ နှလုံးသားသည် ဘောလုံးနှင့်အတူ လေထဲသို့ မြောက်တက်သွားသလိုပါ။

ဘောလုံး ပြန်ကျလာသည်။ "၀၇"က ဖွဖွကလေး မြောက်တင်ပေး လိုက်သည်။ "၀၂"က ပင့်တင်လိုက်၏။ ဘောလုံးသည် ပိုက်တန်းအထက် တစ်ထွာကျော်ရုံကလေး "၀၄"ရိုက်သည်။

ဘောလုံးနှင့် လက်ဖျားတို့ ဖြောင်းခနဲ ထိလိုက်သော အချိန်မှာပင် ရင်ထဲက ကျဉ်ခနဲ ခံစားလိုက်ရသည်။

အမှန်အားဖြင့်မူ. . . "၀၄"သည် သူ၏သေးသွယ်ရှည်လျားသော၊ ရွှေရောင်မွေးညင်းများရှိသော၊ ပန်းနုရောင်လက်သည်းတို့ရှိသော လက်ကလေး ဖြင့် ကျွန်ုပ်၏နှလုံးသားကို ရိုက်ခတ်နှိုးဆွလိုက်ပါပြီတည်း။

ကျွန်ုပ်၏နှလုံးသားသည် ထိုလက်ကလေးများ၏ အဖျားတွင် ဘောလုံး ကလေးလို မွတ်နေအောင် လှည့်ပတ်တို့ထိ ဆော့ကစားခြင်းခံရလိမ့်မည်ဟု ထိုစဉ်က ကျွန်ုပ် မသိခဲ့။

♥♥♥

## (၂)

### *"ပိုက်ဆံသွားချေးတယ်. . ပြန်လာခဲ့မယ်"*

***ရှား***

အခန်းဖော်စံရှား၏စာကလေးကို တံခါးသော့မှာ ချိတ်လျက်သားတွေ့ ရသည်။ စိတ်ပျက်သွားမိသည်။ တစ်ခုခုကို သိပ်ပြောချင်နေတဲ့အခါ နား ထောင်မယ့်လူ မရှိရင် ဘယ်လောက်အနေရခက်သလဲဆိုတာ လူတိုင်းသိကြပါ လိမ့်မည်။

အခန်းထဲကိုဝင်၊ ခုတင်ပေါ် ပစ်လှဲလိုက်သည်။

မျက်စိကို မှိတ်ထား၏။

*ပိုက်တန်း၏ ဟိုဘက်ဒီဘက် ခုန်ကူးနေသော ဘောလုံးကလေး။*

*သေးသွယ်ရှည်လျားသော လက်ကလေး . . .*

*ဖြူဖွေးဖြောင့်တန်းနေသော ပေါင်တံကလေး . . .*

*ညာခြေဖျားကို မြေမှာထောက်ခြင်း . . .*

*ခါးကလေးကို နွဲ့၍ ဘောလုံးကို ရိုက်ခြင်း . . .*

*လေထဲခုန်ပျံပြီး ပြန်အကျတွင် ခါးပေါ်နေမည်စိုး၍*

*အင်္ကျီကို ဆွဲချခြင်း. . .*

*မျက်နှာပေါ်သို့ အုပ်ကျသွားသော ဆံပင်များကို*

*ခေါင်းကိုယမ်းခြင်းဖြင့် ခါထုတ်ခြင်း . . .*

ဆေးလိပ်သောက်ချင်လာသည်။ စားပွဲပေါ်မှာ ရှာသည်။ ဆေးလိပ် မရှိတော့။ ပြတင်းပေါက်ဘောင်ပေါ်မှာ ငွေစံပယ်အတိုကလေး တစ်လိပ်တွေ့ ရသည်။ ရေစိုနေသောကြောင့် သောက်လို့မရ၊ ရေတစ်ခွက်သောက်သည်။ အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။ အိပ်ပျော်သွား၏။

အိပ်မက်တို့သည် "၀၄"နှင့် ဘာမျှ မဆိုင်။

"ထစမ်း. . ."

စံရှားက ခြေထောက်နှင့် ပိတ်ကန်၍ နှိုးသောကြောင့် လန့်နိုးသွားသည်။ အပြင်ဘက်မှာ မှောင်နေပြီ။ စံရှား၏လက်ကြားထဲမှ မီးခိုးငွေ့ကလေးများ တလိပ်လိပ်ထွက်နေသည်။

"ဆေးလိပ်ပေးစမ်းပါကွာ"

စံရှား၏လက်ထဲမှ ဆေးပေါ့လိပ်ကို လုယူရင်း အငမ်းမရ ရှိုက်ဖွာနေမိသည်။

"ဟကောင်. . ဘယ်လိုဖြစ်လာတာလဲ၊ ငါ နန္ဒဆီက ပိုက်ဆံသွားချေးတာ ဆယ့်နှစ်ကျပ် ရလာတယ်၊ အေး. . မျက်နှာသစ်ကွာ၊ အင်းလျားတီးဟောက်စ်သွားရအောင်"

"ငါ မင်းကို ပြောစရာရှိတယ်"

"ဟိုကျမှ ပြောကွာ. . ."

ဆေးလိပ်ကို စံရှားလက်ထဲသို့ ပြန်ထည့်လိုက်သည်။

"ကဲ. . လာသွားမယ်"

"မျက်နှာသစ်ဦးလေကွာ"

"ဟိုကျမှ သစ်မယ်"

အဆောင်အောက်ဆုံးထပ်သို့ ရောက်သောအခါ ထုံးစံအတိုင်းကြော်ငြာသင်ပုန်းရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။ ကြော်ငြာသင်ပုန်းမှာလည်း အဆောင်ကြေးများ ဘယ်နေ့နောက်ဆုံးထား၍ သွင်းရမည်။ မသွင်းလျှင် ထမင်းဖြတ်မည်ဟု ထုံးစံအတိုင်း ကြေညာထားပေလိမ့်မည်။

နာမည်ကျော် အင်းဝဆောင်တံခါးမှ ထွက်လိုက်သောအခါ အင်းဝလမ်းပေါ်သို့ ရောက်သွားသည်။ အင်းလျားဆောင်နောက်ဖေးဝင်းထရံနားတွင် ကျောင်းသားတစ်သိုက် သီချင်းအော်ဆိုနေကြသည်။ အင်းလျားကန်နှင့်ဆုံသောအခါ ညာဘက်သို့ ချိုးသည်။

"ကိုကိုမောင်. . မင်း စာရေးခဲ့ရဲ့လား"

"မရေးခဲ့ဘူးကွ၊ Y.T.U ကကောင်တွေ လာရင်တော့ လွဲကုန်တော့မှာပဲ"

"ငါ့ထင်တော့ မလာဘူးထင်တယ်၊ ဒီကိုလာဖို့ ဒီကောင်တွေမှာ လမ်းစရိတ်ရှိမှာ မဟုတ်ဘူး"

"ငါတို့လိုပဲ ချေးလာရင်လာမှာပေါ့ကွ"

"ချေးလို့ရရင်လဲ ဒီကောင်တွေ ငါတို့ဆီ လာမှာမဟုတ်ဘူး၊ ကျိုက္ကလားသွားမှာပဲ"

"အေးကွ"

"ဒါနဲ့ နေပါဦး၊ မင်းက ညနေက ဘယ်သွားနေတာလဲ"

"ငါလဲ အဲဒါပြောမလို့၊ ငါ ဘော်လီဘောပွဲ သွားကြည့်လိုက်တာ. . "

"သြော်. . ဒါကြောင့်ကိုး၊ ငါက ပန်းချီခန်းရော၊ ကိုအောင်ရင့်ဆိုင်ရော လိုက်ရှာတာ၊ မန္တလေးကင်တင်းတောင် ရောက်သေးတယ်"

"ဟိုထောင့်စားပွဲမှာ ထိုင်ရအောင်"



အင်းလျားတီးဟောက်စ်၏ ထောင့်ကျသော စားပွဲမှာ ထိုင်သည်။

ဆိုင်မှာ လူနည်းနည်းများသည်။ ဒီဆိုင်က ဒီလိုပဲ နေ့လယ်ပူသောကြောင့် လူသိပ်မရှိ။ ညကျလျှင်တော့ အလွန်စည်ကားသည်။ လက်ဖက်ရည်လည်းကောင်းသည်။ ဆက်ဆံရေးလည်းကောင်းသည်။ လက်ဖက်ရည်တစ်ခွက်စီသောက်ပြီး ညဥ့်နက်သန်းခေါင်ထိ ထိုင်နေလည်း ဘာမျှမပြော။ ရေနွေးကြမ်းအိုး တစ်အိုးပြီးတစ်အိုး လဲပေးသည်။ ဆိုင်ပိတ်ချိန်မှာ နောက်ဆုံးထိုင်တဲ့လူ မထမချင်း။

စားပွဲထိုးကလေးပီတာ ရောက်ရှိလာသည်။

"ထုံးစံအတိုင်းပဲလား ဆရာ"

"ဟာ. . ပီတာဖွန်ဒါ ထုံးစံအတိုင်း"

ပီတာက လှမ်းအော်လိုက်၏။

"ကျော်ဟိန်း. . တိုင်ကီ. . အချိုပေါ့ကျ"

"ဟ. . ကျော်ဟိန်းဆိုတာ ဘာလဲကွ"

"ကျော်ဟိန်းဆိုတာက နှစ်ခွက်လေ၊ သုံးခွက်ဆိုရင် ဆွေဇင်ထိုက်"

"လေးခွက်ဆိုရင်ကော"

"တွံတေးသိန်းတန်"

"တယ်ဟုတ်ပါလား"

စံရှားသည် ခဏမျှ စဉ်းစားလိုက်သည်။

"မှတ်ထား ပီတာ၊ ရှစ်ခွက်ဆိုရင် လယ်တီပဏ္ဍိတဦးမောင်ကြီး"

"ခင်ဗျာ"

"ဟာ, ဟေ့ကောင်၊ ဒီကုလားလေးက လယ်တီပဏ္ဍိတတွေ ဘာတွေ ဘယ်သိပါ့မလဲကွ၊ ဒါနဲ့ ဒီမှာ မင်းကို ငါ မေးစရာရှိတယ်"

"ဘာလဲကွ"

"မင်း 'ဝဋ်'ကို သိလား"

"ဘာ 'ဝဋ်'လဲ၊ လျှို့ဝှက်နံပါတ်လား၊ မင်း ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့နော်"

"မဟုတ်ပါဘူးကွာ၊ ဘောလီဘောအသင်းက"

"သြော်. . ရှမ်းထွန်းအေးကြီး ပြောတာလား"

"ချီးတဲ့မှပဲ၊ တို့ ပဲခူးဆောင်အသင်းကို ပြောတာ မဟုတ်ဘူး၊ မာလာအသင်းက ပြောတာ"

ပီတာက တိုင်ကီခေါ် ဖန်ခွက်ကြီးဖြင့် လက်ဖက်ရည်နှစ်ခွက် လာချသွားသည်။

"ဟေ့ကောင် . . သိလို့လား. . မင်း"

". . 'ဝဋ်' 'ဝဋ်' သိတာပေါ့ကွ၊ လတ်သခင်ကို ပြောတာမဟုတ်လား"

"လတ်သခင်"

အို. . လတ်သခင်တဲ့။

ဘယ်လောက်များ ထူးခြားလိုက်လှသည့် နာမည်လဲ။

ထိုလတ်သခင်သည် ထူးခြားသော နာမည်ရှိသကဲ့သို့ ထူးခြားသော စိတ်ထား၊ ထူးခြားသောအပြုအမူများ ရှိနေမည်ကိုလည်းကောင်း၊ လတ်သခင်နှင့်ပတ်သက်၍ ထူးခြားသောအဖြစ်အပျက်များ ဖြစ်လာလိမ့်မည်ကိုလည်းကောင်း ထိုစဉ်က ကျွန်ုပ် မသိခဲ့။

"ဒီလောက် နာမည်ကြီးတာ မင်း မသိဘူးလား"

"ဟင့်အင်း. . ခုမှ ကြားဖူးတာ၊ ပြီးတော့. . ညနေကမှ တွေ့ဖူးတာ"

"အေးပေါ့လေ၊ မင်းက ပန်းချီထဲမှာပဲ နစ်မြုပ်နေတဲ့ဟာပဲ"

"အောင်မာ၊ မင်းကျတော့ကော ကဗျာပဲ ရေးနေတာပဲ မဟုတ်လား"

"ငါက ကဗျာစပ်ပေမယ့် ကောင်မလေးတွေကို လိုက်မှတ်သေးတယ်၊ မင်းကသာ. . ."

"မင်းကော အဖြစ်ရှိသေးလို့လား"

"သူငယ်ချင်း. . တော်ပြီ၊ အတူတူချင်းပဲ စေ့စပ်ကျေအေးကြစို့"

လက်ဖက်ရည်ဖန်ခွက်ချင်းထိပြီး တစ်ငုံစီသောက်သည်။ ပြောချင်သောစကားများသည် လက်ဖက်ရည်နှင့် လောင်းချလို့လည်း မျောပါမသွားချေ။ အတင်းကူးခတ်ပြီး လည်ချောင်းဝသို့ တက်လာသည်။

"တော်တော်လှတယ်"

စံရှားက ကျွန်တော့်ကို စိုက်ကြည့်သည်။ ခေါင်းကို ခါသည်။ မလုံမလဲဖြစ်လာသောကြောင့် ဆေးလိပ်ကောက်ဖွာနေလိုက်ရ၏။

"မင်း အလာနောက်ကျပေမယ့် အခါနှောင်းပြီ သူငယ်ချင်း"

"ဘာကွ"

"သူ့မှာ ရှိပြီးသား"

ဆီကို နာရီလေး. . ရေချိုးခန်းထဲမှာ ကျပျောက်ခဲ့တုန်းကလည်း ဒီလောက် မနှမြောခဲ့။ အနှစ်နှစ်အလလက စုဆောင်းခဲ့သော စာအုပ်များ ခြကိုက်ပျက်စီးကုန်တုန်းကလည်း ဒီလောက် မနှမြောခဲ့။

"သေချာရဲ့လားကွာ"

ကျွန်တော့်အသံသည် မုန့်ပန်းကန်ထဲက ဟာလဝါမုန့်များလိုပင် ပျော့စိစိ ဖြစ်နေလိမ့်မည်။

"ဒီမှာ သူငယ်ချင်း၊ တက္ကသိုလ်မှာ ယောကျ်ားကလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ရဲ့အဆောင်ကို ညနေကျရင်လာမယ်၊ ပြီးတော့ အအေးဆိုင်မှာ အတူတူထိုင်သောက်မယ်၊ အင်းလျားဘက်ကို လမ်းလျှောက်မယ်ဆိုရင် မင်း ဘယ်လိုထင်မလဲ"

"မောင်နှမဝမ်းကွဲလဲ ဖြစ်နိုင်တာပါပဲ"

"ခွီး. . ကြောင်လိုက်တာ"

"ငါတော့ အခန်းလွတ်ထဲမှာ နှစ်ယောက်တည်း ထိုင်နေတာ မတွေ့ရသေးရင် ချစ်နေပြီလို့ မသတ်မှတ်နိုင်သေးဘူး"



"ငါ. . အကောင်းဆုံး အကြံပေးချင်တာကတော့ မင်းအကြံအစည်ကို ဖျက်လိုက်ဖို့ပဲ၊ ခုဟာက မင်းရဲ့ပထမဆုံး အတွေ့အကြုံ၊ အတွေ့အကြုံအမှတ်တစ်မှာတင် ဒိုင်းခနဲ၊ ဒိုင်းခနဲ အသည်းများလဲ ကွဲကျပြိုအက် ဆိုတာလိုဖြစ်နေဦးမယ်"

"ဟောကောင်. . ငါ မင်းကဗျာတွေ နားထောင်ဖို့ လာတာမဟုတ်ဘူး"

"အေးပါ. . ငါက စကားအကွက် ဝင်လာလို့ ငါ့ကဗျာတွေ ရွတ်ပြတာပါကွာ"

"ငါက ဘာလို့ ငါ့အကြံအစည်ကို ဖျက်ရမှာလဲ"

"ဒီလိုကွ၊ လတ်သခင်ကို စကားပြောတဲ့လူတွေ တော်တော်များပြီ၊ တက္ကသိုလ်ပေါင်းစုံကပဲ၊ ဘယ်သူ့ကိုမှ လတ်သခင်က စကားတစ်ခွန်းတောင် ပြန်မပြောခဲ့ဘူး၊ သူက သိပ်မာနကြီးတယ်ကွ"

သို့ရာတွင် ကျွန်တော် ထိုင်နေရာမှ ကြည့်လျှင် လမင်းကြီးသည် ဝါးရုံပင်ပေါ်၌ တင်နေသည်ဟု ထင်ရသည်။

"မဆိုင်ပါဘူးကွာ၊ ဒါဖြင့် ခုတွဲနေတယ်ဆိုတဲ့ လူကကော"

"သူက Y.T.U က . . ."

ဟိုလ်ဒင်ကားတစ်စီး အရှမ်းမောင်းရင်း ဖြတ်သွားသည်။

ကုံကော်ရွက်များ အလန့်တကြား ထခုန်ရင်း ကျန်ရစ်သည်။

"တောက်. . အရှမ်းမောင်းတာပဲကွာ"

"ဟ. . . သူ့ဟာသူ အရှမ်းမောင်းတာ မင်းနဲ့ဘာဆိုင်လို့လဲ"

"မဟုတ်ပါဘူးကွာ၊ ဒီလူတွေ ပိုက်ဆံရှိလို့သာ ချမ်းသာနေကြတာ"

"ဟောကောင်. . မင်းဟာမင်း အလိုမကျဖြစ်တိုင်း လျှောက်ဒေါကန်မနေနဲ့" စံရှားက ကျွန်တော့်ကို တွယ်သည်။

အကွက်ဝင်သွားသောကြောင့် ငြိမ်နေလိုက်ရ၏။

"ဘာပဲဖြစ်ဖြစ်ကွာ၊ အကြောင်းအမျိုးမျိုးကြောင့် ဟိုလူ့ကိုလက်ခံပြီး တွဲနေရတာလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ သူတို့နှစ်ယောက် ကျိန်းသေချစ်နေကြပြီလို့ ငါ လက်မခံနိုင်သေးဘူး"

"အေးပေါ့ကွာ၊ ငါကလဲ. . မင်းလိုပဲ အတွဲမရှိတဲ့ကောင်ဆိုတော့ ငါ့စကားကို မင်းက ဘယ်အရာသွင်းပါ့မလဲ"

"ဒါပေမယ့် . . တစ်နေ့မှာ မင်း ငါ့စားပွဲပေါ်မှာ မျက်နှာအပ်ပြီး ငိုနေတာကို မမြင်ပါရစေနဲ့လို့ ငါ ဆုတောင်းပါတယ်"

လက်ဖက်ရည်ဆိုင်မှ ထလာခဲ့သောအခါ ဆယ့်တစ်နာရီလောက် ရှိမည်ထင်သည်။ အပြန်လမ်းတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ တိတ်ဆိတ်စွာ လျှောက်ခဲ့ကြသည်။ စံရှားကတော့ ဘာတွေ တွေးနေသလဲ မသိ။ ကျွန်တော်ကဖြင့် ဘာကိုမှ မတွေးမိပါ။ တကယ့်တကယ် တွေးလျှင် တွေးစရာတွေက များလွန်းလှသောကြောင့် ဘာမှမတွေးဘဲ နေခြင်းက အကောင်းဆုံးဖြစ်လိမ့်မည်။

ဘာမှ မတွေးမိအောင် ကြိုးစား၍နေရခြင်းသည် တစ်ခုခုတွေးနေရခြင်းထက် ပို၍ စိတ်ပင်ပန်းသည်။ ဦးနှောက်ဆိုသည်မှာ ဟာလာဟင်းလင်းကြီး ထားလို့လည်း မရပါ။ အမှန်အားဖြင့်ဆိုရင် ခုလိုဘာမှ မတွေးမိအောင် ကြိုးစားနေခြင်းကပင် အတွေးစတစ်ခု ဖြစ်နေလေသည်။

"ကိုကိုမောင် . . ကွန်ဗုတ်ဘက်က လှည့်ပြန်ရအောင်"

"ဟင် . . ဘာဆိုင်လို့လဲ"

စံရှား၏စကားသည် ကြောင်စီစီနိုင်လှ၏။ ကျွန်တော်တို့ လျှောက်နေသောလမ်းသည် အင်းဝလမ်း၊ ဘယ်ဘက်ကိုကွေ့လျှင် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်မည်။ အဆောင်ကို ပြန်ချင်လျှင် ဘယ်ဘက်ကို ကွေ့လိုက်ရုံသာ ရှိသည်။ သူ့အကြံအစည်အတိုင်းဆိုလျှင် ညာဘက်ကို ကွေ့ရဦးမည်။ ဘွဲ့နှင်းသဘင်ခန်းမထိ လျှောက်ရဦးမည်။ ပြီးတော့မှ လာလမ်းအတိုင်းပြန်၍ အဆောင်ကိုသွားမည်။ တစ်ကွေ့တစ်ပတ်ကြီး။

"မင်းက ဘာသွားလုပ်မှာလဲ"

"ကွန်ဗုတ်နားက တရုတ်စံကားပင်ကို သွားကြည့်ချင်လို့"

"ဟ . . ကြောင်လှချေလား စံရှားရယ်"

"မဟုတ်ဘူး . . မင်း မယုံရင် လိုက်ကြည့်၊ မြက်ခင်းစိမ်းစိမ်းလေးပေါ်မှာ တရုတ်စံကားပွင့်ဖြူဖြူကလေးတွေ ပြန့်ကျဲပြီး ကျနေတာ၊ လရောင်နဲ့ဆိုရင် တကယ်ဆွတ်ပျံ့ဖို့ကောင်းတယ်"

"လခြမ်း . . ဒီနေ့ လကွယ်နေ့ကွ"

"ဒါဆိုရင် မီးရောင်ရှိသားပဲ၊ လာပါကွာ . . မင်းလိုက်ကြည့်စမ်းပါ"

"မလိုက်ဘူးကွာ၊ ငါ . . ပေါကြောင်ကြောင်အလုပ်တွေ မလုပ်ဘူး"

"လာပါကွာ . . လိုက်ခဲ့ပါ"

"မလိုက်ဘူးကွာ"

"ဘာလဲ . . ဟိုကျလို့ ဆွတ်ပျံ့လွမ်းမောဖွယ်ရှုခင်းကို မြင်လိုက်ရရင် လတ်သခင်ကို မင်းသတိရလာမှာ စိုးလို့လား၊ ဒါဆိုရင်လဲ ငါတစ်ယောက်ထဲပဲ သွားတော့မယ်"

စံရှား . . သွားမှာကို အေးအေးဆေးဆေးသွားပါလား။ ဘာဖြစ်လို့ ကျွန်တော့်ကို အတွေးစတစ်ခု ပေးထားခဲ့ရတာလဲ။ တကယ့်တကယ်ကျတော့ ဆွတ်ပျံ့လွမ်းမောဖွယ်မြင်ကွင်းတစ်ခုကို မြင်ရမှ မဟုတ်ပါ။ ဘာမှ မမြင်ရအောင် ပိန်းပိတ်မှောင်နေသော အကာလညအခါတွင် မျက်စိကိုမှိတ်ထားသည်ပင် ဖြစ်စေ သူ့ကို သတိရနေကြောင်း သိသင့်ပါသည် မိတ်ဆွေကြီးမောင်စံရှား။

စံရှားထွက်သွားသည်ကို ငေးကြည့်နေမိသည်။ သူ ကျွန်တော့်ကို ပြန်လှည့်မကြည့်တော့မှန်း သေချာသောအခါတွင်မှ ပဲခူးဆောင်ရှိရာ ဘယ်ဘက်သို့ မကွေ့တော့ဘဲ မာလာဆောင်ရှိရာ ရှေ့တူရူဆီသို့ ဦးတည်ချီတက်ခဲ့ပါတော့သတည်း။ ဝိဇ္ဇာပင်မဆောင်နှင့် မာလာဆောင်၊ သီရိဆောင်တို့၏ နောက်ဘက်အပေါက်များကို ဆက်သွယ်ထားသော စင်္ကြံရှိသည်။



ထိုစင်္ကြံနှင့် မာလာဆောင်နောက်ဘက် စည်းရိုးတို့၏ထောင့်တွင် ခုံတန်းရှည်တစ်ခု ရှိသည်။ ထိုခုံတန်းရှည်သည် စာသင်ခန်းထဲမှ ဖြစ်သည်။ ဘယ်သူ သယ်ယူလာပြီး ချထားမှန်းမသိ။ ၎င်းသည် မိုးရွာရွာ နေပူပူ နှင်းကျကျ ထိုနေရာမှာပင် အမြဲရှိသည်။

ခုံတန်းလျားပေါ် တက်ထိုင်လိုက်သည်။

မာလာဆောင်၏ အခန်းအများအပြားသည် မီးပိတ်ထားကြပြီး အခန်းအနည်းငယ်သာ မီးဖွင့်လျက် ရှိ၏။ စာကျက်နေကြသည်ဟုပင် ထင်ပါသည်။ အိမ်သာမီးများကား အားလုံးပင် ပွင့်နေကြလေသည်။

ကိုယ့်အဖြစ်ကို ပြန်စဉ်းစားကြည့်သောအခါ အလွန်ပင် ကြောင်တောင်တောင်နိုင်ကြောင်း သိရ၏။ လတ်သခင်ကို ညနေက တွေ့ခဲ့သည်။ မြင်မြင်ချင်းချစ်သွားသည်ဟု ဝန်ခံပါသည်။ ခုန စံရှားပြောပုံအရဆိုလျှင် သူ့မှာ ရှိပြီးသားတဲ့။ သို့ဖြစ်လျှင် ဒီနေရာမှာ ဘာလို့ လာထိုင်ဖို့လိုပါတော့သနည်း။

စံရှားသည် စကားကို ဗလွတ်ရွတ်တ ပြောတတ်သော်လည်း ခုနပြောခဲ့သော စကားမှာ အမှန်ပင်ဖြစ်သည်ကို ကျွန်တော် သိပါသည်။ သို့ရာတွင် မယုံချင်။ ကိုယ်တိုင်တွေ့မှပင် ယုံတော့မည်ဟု ဆုံးဖြတ်လိုက်သောအခါ စိတ်အနည်းငယ် သက်သာရာရလေသည်။

ကောင်းပြီ။ ခု . . ဒီနေရာမှာ လာထိုင်လို့ ဘာအကျိုးရှိပါသနည်း။ ကျွန်တော် မသိ။ လတ်သခင်၏အခန်းသည် ဘယ်အခန်းဖြစ်ပါသနည်း။

ကျွန်တော် မသိ။

သီရိဆောင်ရှေ့တွင် ဇွဲနဘဲကြီးစွာ သီချင်းအော်ဆိုနေကြသူများ၏ အသံကို ကြားရသည်။ ယုဒသန်ဘုရားကျောင်းမျှော်စင်ထိပ်မှ တောက်တဲ့ အော်သံကို ကြားရသည်။

မည်သို့ပင်ဖြစ်စေ ညအခါများ၌ ခုံတန်းလျားကလေးပေါ်တွင် ထိုင်၍ မာလာဆောင်ဆီသို့ ငေးမောကြည့်နေတတ်သော လူတစ်ယောက်ကို ဘယ်သူတွေကများ စောင့်ကြည့်နေကြပါသနည်း။

♥

"ညက . . မင်း ဘယ်သွားသလဲ၊ ဘယ်အချိန် ပြန်လာသလဲ"

အိပ်ရာမှ နိုးသောအခါ စံရှားမရှိတော့ချေ။

ကိုအောင်ရင် လက်ဖက်ရည်ဆိုင်ကို လိုက်ခဲ့ဆိုလို့ လိုက်သွားသည်။ စံရှားသည် လက်ဖက်ရည်ဆိုင်မှာ ရေနွေးကြမ်းထိုင်သောက်နေသည်။

ကျွန်တော် ရောက်သွားလျှင် ခရီးရောက်မဆိုက်မေးလေ၏။

"မင်း သောက်ပြီးပြီလား"

စကားလမ်းကြောင်းကို ပြောင်းရန် ကြိုးစားကြည့်သည်။

စံရှားက ခေါင်းခါပြရင်း . . .

"မသောက်ရသေးဘူး၊ မင်းမှာ ပိုက်ဆံပါလို့လား"

"ဟင့်အင်း. . မင်းမှာရှိလား"

"ညက ပိုက်ဆံကျန်သေးတယ်"

"လက်ဖက်ရည်နှစ်ခွက် မြန်မြန်ဟေ့" ဟု အော်ရင်းဝင်လိုက်သည်။

"ဟိုကောင်တွေများ လာကြဦးမလားမသိဘူး"

ဘယ်လိုပဲ စကားလှည့်လှည့် မရပါ။ စံရှားသည် ကျွန်တော့်ကို တည်တည်ကြီး စိုက်ကြည့်နေလေသည်။

"ပြောပါဦးကွ၊ ညက ဘယ်သွားသလဲဆိုတာ"

"အဟဲ"ဆိုပြီး သွားဖြဲလိုက်သော်လည်း စံရှားက လိုက်၍မရယ်ပါ။

သူ့ကို လှည့်ပတ်ရန် မဖြစ်နိုင်ကြောင်းသိသဖြင့် အမှန်ကို ဖွင့်ပြောလိုက်ရသည်။

"မာလာဆောင်သွားတယ်"

"ဘာသွားလုပ်တာလဲ"

"တရုတ်စံကားပွင့်တွေ သွားကြည့်တာ"

"ငါ့ကို မရှိနဲ့၊ မင်း သိပ်ကြောင်တယ်ကွာ"

"မင်းလဲကြောင်တာပဲ"

"အေး. . ဟုတ်တယ်"

ပြေလည်မှုရသွားသောကြောင့် ပြိုင်တူရယ်လိုက်ကြ၏။

လက်ဖက်ရည်တစ်ငုံသောက်ရင်း ဟိုဒီကြည့်မိသည်။

အလို. . . ဟိုက မားမားမားမားနဲ့ လာနေကြတာ ကင်းကောင်နဲ့ ထားဝယ်ပါကလား။ ရှေ့က လူတွေ ဖြတ်သွားနေကြသည့်ပင်ဖြစ်စေ သူတို့ကို အဝေးကပင် မြင်နိုင်သည်။ အားလုံးထက် သူတို့က ခေါင်းတစ်လုံးစီမြင့်နေကြတာကိုးလေ။

ထားဝယ်က သွားတက်ကလေးပေါ်အောင် ပြုံးပြသည်။ ကင်းကောင်က စေ့စေ့ပြုံးရင်း နှုတ်ခမ်းမွေးစစကို လက်ဖြင့်သပ်သည်။ ဒီနှစ်ကောင်က ထောင်ထောင်မောင်းမောင်း လူချောလူခန့်တွေ။ စက်မှုတက္ကသိုလ်တတိယနှစ်မှာ တက်နေသည်။ သူတို့ကို ချစ်ချင်ကြသော မိန်းကလေးတွေ အများကြီး။ သို့ရာတွင် သူတို့က မိန်းကလေးတို့၏ဆန္ဒကို မလိုက်လျောကြ။ ကင်းကောင်သည် သူ့မမအေးနှင့် တည်တည်တံ့တံ့။ ထားဝယ်ဆိုလျှင် တစ်ယောက်မျှပင် မရှိသေး။ ရွေးတုန်း။ သူတို့နှစ်ယောက် ခုံတစ်လုံးစီဆွဲယူထိုင်၏။

"စံရှား. . မင်းကို ငါ့မမအေးက လက်ဆောင်တစ်ခုပေးလိုက်တယ်"

"ဟေ. . တယ်ဟုတ်ပါလား၊ ဘာလဲကွ"

ကင်းကောင်သည် သူ့လွယ်အိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်ပေးသည်။ ကျွန်တော်က ဦးအောင်ယူကြည့်လိုက်သောအခါ . . .

"ဘာစကေဘီလိမ်းဆေးကြီး. . ဟား. . ဟား"

"ကင်းကောင်. . မင်း ငါ့အကြောင်းတွေကို မမအေးကို ဘာသွားပြောသလဲ"



"ဘာမှ မပြောပါဘူးကွာ၊ ဟိုနေ့က စကားစပ်မိလို့ သူ့အစ်မက ပြည်သူ့ဆေးဆိုင်မှာ အလုပ်လုပ်တယ်ဆိုလို့ ငါကလဲ မင်းကို သွားသတိရတာနဲ့ ဘာစကေဘီမရဘူးလားလို့ ဆိုတော့ သူက ဘယ်သူ ဘာဖြစ်လို့လဲ ဘာညာနဲ့ မေးရောကွာ၊ ငါလဲ ငါ့အတွက်လို့ ထင်သွားမှာစိုးလို့ မင်းယားနာတွေ ပေါက်နေတယ်လို့ ပြောလိုက်ရတယ်ကွာ"

"ငါ့မှာ ယားနာမှမရှိဘဲ၊ မင်းငါ့ကို သက်သက်အရှက်ခွဲတာ"

"မင်းလဲ ဟိုတစ်ခါတုန်းက မစံတို့၊ ခင်မြဇင်တို့ကို ကင်းကောင်က စိတ်မနှံ့လို့ စိတ်ကျန်းမာရေးဆေးရုံ သွားသွားပြနေရတယ်ဆိုပြီး မဟုတ်က ဟုတ်က ပြောသေးတယ် မဟုတ်လား"

ထိုအခါကျမှ စံရှားလည်း ထုံးစံအတိုင်း နှုတ်ခမ်းတစ်ဖက်ကို ရွဲ့၍ ပြုံးရင်း. . "အေးကွာ. . ကျေပြီ"

ထားဝယ်က နှစ်လိပ်တစ်မတ်တန် ကျားမသန်းဌေးဆေးပေါ့လိပ် လေးလိပ်သွားဝယ်လာသည်။ တစ်ယောက် တစ်လိပ် မီးညှိပြီး ဖွာနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြဘဲ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေမိကြပြန်သည်။

"ဗျို့. . ကိုသိန်းမောင်၊ ဟိုးက လာနေတဲ့ အမျိုးသမီးကို ဘယ်လိုသဘောရသလဲဗျ"

စံရှားက စကားစပြော၏။ ဆရာကြီးရွှေဥဒေါင်းရေးသည့် စုံထောက်ဦးစံရှားထဲက လေသံမျိုး။ ကင်းကောင်က ဦးသိန်းမောင်နေရာကို ဝင်ယူလိုက်သည်။

"စီးပွားရေးတက္ကသိုလ်က ကျောင်းသူကို ပြောတာလားဗျ"

"သူ့လက်ထဲက ဘောဂဗေဒစာအုပ်ကိုမြင်လို့ စီးပွားရေးကလို့ ပြောနိုင်တာလားဗျာ"

"မဟုတ်ဘူးကွ၊ ငါ ဟိုအရင်ကတည်းက သူ့ကိုသိနေတာ၊ နာမည်ကြီးလို့၊ သူက အိကိုကွင်းလေကွာ"

"ဘာ. . ."

အားလုံး၏နှုတ်ဖျားမှ အံ့ဩသံ ပြိုင်တူထွက်သွားလေသည်။ ကြည့်ပါဦးဗျာ. . ဒီလောက် ပုံဆိုးပန်းဆိုးကြီးများ စီးပွားရေးတက္ကသိုလ်ဘုရင်မတဲ့။

"မင်းနှယ်ကွာ. . ဒီပုံကြီးများ. . ဟင်း"

စံရှားက ပါးစပ်ကို ရွဲ့ပြသည်။

ကင်းကောင်က ရှင်းပြသည်။

"အဲဒါကြောင့် ကွင်းလို့ပြောတာပေါ့ကွာ၊ ငါ ပြောတာက အလှဘုရင်မကို ပြောတာမဟုတ်ဘူး၊ သူ့ကိုမြင်ရင် ယောကျ်ားလေးတွေက ကွင်းကွင်းပြီး ရှောင်သွားကြလို့ ကွင်းလို့ ပြောတာ"

"ရှင်းပါပေ့ကွာ"

"မျက်နှာထားကတော့ တော်တော်မာတယ်"

"ဒါက . . ဒီလိုကွ၊ ဥပမာပြောရရင်ကွာ. . သကြန်တွင်းမှာ အရုပ်ဆိုးဆိုး မိန်းမတစ်ယောက်က လူပျိုလေးတွေ ရေကစားနေတဲ့ ရှေ့ကဖြတ်သွားတယ်ထားပါတော့၊ သူ့ရုပ်က ဆိုးတော့ သူ့ကို ဘယ်သူမှ ရေပက်မှာမဟုတ်ဘူးဆိုတာလဲ သူက သိတယ်၊ ဒါပေမယ့် ရေပက်နေတဲ့လူတွေနားလဲ ရောက်ရော ဟင်းနော်. . ပက်ရဲရင်ပက်ကြည့်၊ အကြောင်းသိသွားမယ်လို့ ပြောလိုက်တယ်၊ ဟိုကလဲ အစကတည်းက မပက်ချင်တာဆိုတော့ မပက်ကြဘူးပေါ့ကွာ၊ အဲဒါကိုပဲ သူကောလိုက်လို့ သူ့မပက်ရဲကြတာလို့ သူ့ကိုယ်သူ စိတ်သက်သာအောင် လုပ်လိုက်သလိုပေါ့၊ ခု . . သူက မျက်နှာထားကြီး တင်းထားလို့ သူ့ကို ဘယ်သူမှ မလိုက်ရဲတာလို့"

"ဟော. . ဟိုက လာနေတဲ့ အမျိုးသမီးကကော. . ဗျို့"

စံရှားက ကျွန်တော့်နောက်တည့်တည့်သို့ လက်ညှိုးထိုးပြ၏။ ရုပ်ရှင်ဇာတ်ကားများထဲတွင် ကွစ်ပင်ခေါ် တစ်နေရာမှ တစ်နေရာသို့ ကင်မရာကို အမြန်ဆွဲ၍ ပြလိုက်သလို ကျွန်တော့်ဦးခေါင်းကို ချာခနဲ လှည့်၍ကြည့်လိုက်သောအခါ. . . အို. . . လတ်သခင်။

အင်္ကျီအဖြူ ထဘီခရမ်းရောင်။ မာလာမုန့်ဈေးတန်းဘက်မှ လျှောက်လာ၍ အခန်း အေအီး(၃)ဘက်သို့ ဖြတ်ဝင်သွားသည်။ အခန်းနှင့်ကွယ်ခါနီးမှာပင် မြင်နိုင်သလောက် ကြာကြာမြင်စေရန် ကျွန်တော့်ကိုယ်ကို စောင်းရင်း လိုက်ကြည့်မိသည်။ အခန်းထဲကို ခဏတစ်ဖြုတ်ဝင်ပြီးတော့များ ပြန်ထွက်လာဦးမလားဟု ဆက်ကြည့်နေမိပြန်၏။ နည်းနည်းကြာသွားသည်။

ကျွန်တော် ပြန်လှည့်လိုက်သော အချိန်မှာပင် . . .

"ဒီကောင် ခိုက်နေပြီ" ဟူသော သဘောဖြင့် စံရှားက ကျွန်တော့်ဘက် မေးငေါ့ပြပြီး သူ့လက်ဝဲရင်အုံကို လက်မဖြင့် ထောက်ပြသည်။ ကျွန်တော် အတန်ငယ် ရှက်သွားသောကြောင့် ရေနွေးကြမ်းငှဲ့သောက်ရင်း လမ်းသွားလမ်းလာများကို ကြည့်နေလိုက်ရသည်။

"အမှုကတော့ တော်တော်နက်တယ်ဗျို့၊ ခင်ဗျားအနေနဲ့ ညာဏ်မီနိုင်မယ် မထင်ပေဘူးဗျာ"

စံရှား၏ အဓိပ္ပာယ်နှစ်ခွထွက်သောစကား။

မှန်ပေသည်။ ဤအမှုကား ကျွန်ုပ်နှလုံးသား၏အနက်ရှိုင်းဆုံးနေရာတွင် ဖြစ်ပွားနေသောအမှုပင်တည်း။

"မင်းတို့ အတန်းမရှိဘူးလား"

"ဒီနေ့ ရှော့ရှိတယ်ကွ"

"ဒါဖြင့်လဲ သွားကြကွာ၊ ငါတို့လဲ ဆယ်နာရီမှာ ဆရာညီဝင်းမှန် အချိန်ရှိတယ်"

စက်မှုတက္ကသိုလ်က ကောင်တွေနှင့် လမ်းခွဲခဲ့ကြသည်။

"ကိုကိုမောင်. . အေအီး(၃)ရှေ့က ဖြတ်သွားရအောင်နော်"

"တောက်. . စံရှား. . . အဲဒါ ငါပြောရမယ့်စကားကွ"



စံရှားသည် ကျွန်တော် ပြောချင်နေသော စကားကို ဦးအောင်ပြောလိုက်လေသည်။

"ဟေ့ကောင်. . ငါ့ကိုမရိပါနဲ့ကွ"

"မင်း. . သွားချင်နေတာ မဟုတ်လား"

စံရှားကို ဘာမျှ ပြန်မပြောတော့။ ဟုတ်သားပဲ။ ကျွန်တော်ကလည်း လတ်သခင်တို့ အတန်းရှေ့က ဖြတ်သွားချင်နေတာပါပဲလေ။

အခန်း (အေအီး-၃)အရှေ့က ဖြတ်လျှောက်၏။ မျက်လုံးကို မသိမသာဝေ့၍ သူ့ကိုရှာသည်။ တချို့ကျောင်းသူများသည် ကျွန်တော်တို့ကို လှမ်းကြည့်၏။ နောက်မှ နှုတ်ခမ်းစူ၍ ပြန်လှည့်သွားကြသည်။ သူတို့ကို ကြည့်တာလည်းမဟုတ်ဘဲနဲ့များ။

လတ်သခင်ကို တတိယမြောက်ခုံတန်း၏အလယ်မှာ တွေ့သည်။

သူကတော့ ကျွန်တော်တို့ကို မကြည့်ချေ။

သင်ပြနေသော ဆရာမကိုသာ စိုက်ကြည့်နေသည်။

အကယ်၍သာ လတ်သခင်သည် အတန်းဘေးမှ ဖြတ်လျှောက်သွားကြသော ကျောင်းသားများကို ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းလှမ်းကြည့်တတ်သော ကောင်မလေးမျိုးဆိုလျှင် ကျွန်တော်နှင့် မျက်လုံးချင်းဆုံမိကြမည် အမှန်ပါ။ အို. . . မကောင်းပါဘူး။ နေပါစေတော့. . မကြည့်ပါနှင့်။ ဒီလိုသာ လှမ်းလှမ်းကြည့်နေရလျှင် သူ စာသင်ပျက်ပါလိမ့်မည်။

အမရဆောင်ရှိ ကျွန်တော်တို့ အတန်းထဲသို့ ဝင်လိုက်သောအခါ ဆရာရောက်နှင့်နေလေပြီ။ နောက်ကျသည့်အတွက် ဆရာ့ကို မတောင်းပန်တော့ပါ။ တောင်းပန်လို့လည်း ဘာမျှမထူးချေ။ "နောက်ကျတဲ့အတွက် တောင်းပန်ပါတယ်ဆရာ"ဟု ပြောလျှင် ဆရာက "ကိစ္စမရှိပါဘူး ထိုင်ပါ"ဟု ပြန်ပြောလိမ့်မည်။ "ဘာဖြစ်လို့ နောက်ကျတာလဲကွ"ဟု ကြိမ်းမောင်းလိမ့်မည် မဟုတ်ပါ။ ဆရာ့ကို တောင်းပန်ခြင်းဖြင့် ဆရာ စာသင်နေသော အချိန်ပျက်သွားခြင်းက လွဲ၍ ဘာမှ ထူးခြားသွားမည်မဟုတ်။ ထို့ကြောင့် ဘာမျှမပြောတော့ဘဲ ဝင်ထိုင်လိုက်ကြသည်။

ဆရာသည် အသင်အပြကောင်းလေစွ။ နိုင်ငံခြားပြန်ဆရာဖြစ်သော်လည်း အင်္ဂလိပ်လိုချည်းမပြောပါ။ မတတ်သာမှပင် အင်္ဂလိပ်စာကိုကြားညှပ်၍ သုံးသည်။ ဆရာသည် ဘယ်လောက်များ အသင်အပြကောင်းပါသလဲဆိုလျှင် ကျွန်တော်လို ကောင်မျိုးကိုပင် စာထဲ၌စိတ်ဝင်စားနေအောင် သင်နိုင်စွမ်းရှိ၏။ လတ်သခင်ကို မိနစ်ငါးဆယ်ခန့် မေ့နေလေသည်။ ဆရာရယ်. . နှစ်ဆယ့်လေးနာရီလုံးလုံးသာ စာသင်လို့နေပါတော့လား ခင်ဗျာ။

မိနစ်ငါးဆယ်ပြည့်၍ အတန်းထဲမှ ဆရာထွက်သွားသည်နှင့်တစ်ပြိုင်နက် လတ်သခင်ဝင်လာသည်။ ကျွန်တော့်အတွေးထဲကို ဝင်လာခြင်းကို ဆိုလိုပါသည်။ သူ့ကို အတွေးထဲမှ တွန်းထုတ်ရန် အခြားအကြောင်းတစ်ခုခုကို ရှာကြံစဉ်းစားရလေသည်။

"စံရှား . . ဘတ်ဂျက်အခြေအနေ ဘယ်လိုရှိသလဲ"

"ငါ့မှာတော့ မနေ့က နန္ဒဆီက ချေးလာတဲ့အထဲက ကျန်တာ သုံးကျပ်ပဲရှိတော့တယ်"

"မင်းအိမ်က ငွေမရောက်သေးဘူးလား"

"ရောက်မယ် မထင်သေးဘူးကွ"

"ငါတော့ အိမ်ကို စာထည့်ထားတာ ကြာပြီကွ၊ ရောက်ချင်ရောက်နေမှာ၊ စာတိုက်သွားကြည့်ရအောင်"

"ကောင်းသားပဲ"

ပိုက်ဆံမရှိတဲ့ကြားထဲ ဆေးလိပ်က သောက်ချင်ပြန်သည်။ အမရဆောင်ရှေ့ အမှတ် (၁၆)ဘတ်စ်ကားမှတ်တိုင်နားတွင် ဆေးလိပ်ဆိုင်ရှိသည်။ ဖန်ပုလင်းလေးများဖြင့် ထည့်ထားသော ဒူးယားနှင့် ခပေါင်းစီးကရက်များကား အလွန်တရာ လှပလေစွ။ သို့ရာတွင် မမှန်းရဲပါ။ ဆေးပေါ့လိပ်လောက်ဆိုလျှင် တော်ပါပြီ။

"စံရှား"

"ဘာလဲကွ"

"ငါ့ကို ဆေးလိပ်ဝယ်တိုက်ပါလား၊ ငါ့ငွေ ရောက်နေရင် မင်းကို ပေါ်ပြူလာမှာ ဆီချက်ကျွေးမယ်ကွာ"

"အောင်မာ . . မင်းပိုက်ဆံကဖြင့် ရောက်,မရောက် မသိသေးဘဲနဲ့"

"ရောက်တဲ့အခါကျရင်ပေါ့ကွာ"

"ဒါဆိုရင်လဲ ရပါတယ်ကွာ၊ မင်းစကားသာ မမေ့ပါနဲ့"

အမှန်မှာ စကားမရှိ စကားရှာပြီး လျှောက်ပြောနေကြခြင်းသာ ဖြစ်ပါသည်။ စံရှားနှင့် ကျွန်တော်တို့သည် အဆောင်မှာ တစ်ခန်းတည်းနေ ချစ်သူငယ်ချင်းများ ဖြစ်ကြလေသည်။ လင်မယားများထက်ပင် ပို၍ ရင်းနှီးချစ်ခင်သည်ဟု ဆိုရပါမည်။ ရှင်းပါအံ့။

တော်ရုံတန်ရုံ လင်မယားများဆိုလျှင် လင်သုံးဖို့ ပိုက်ဆံနှင့် မယားသုံးဖို့ ပိုက်ဆံကို ခွဲခြားထားလေ့ရှိပါသည်။ အလွန်တရာမှပင် ချစ်ခင်ကြသော လင်မယားများသာ လင်၏အင်္ကျီအိတ်ထဲမှ ပိုက်ဆံကို မယားကနှိုက်၊ မယား၏ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို လင်ကနှိုက်ခြင်းကို ပြုနိုင်ကြပါသည်။

ကျွန်တော်တို့က သူတို့ထက် ပိုပါသည်။

ကြည့်ပါဗျ . . လင်နှင့်မယားသည် တစ်ယောက်၏အဝတ်အစားများကို တစ်ယောက်က ယူဝတ်လို့မရကြပါ။ ကျွန်တော်တို့နှစ်ယောက်ဆိုလျှင် တစ်ယောက်အဝတ်အစားကို တစ်ယောက်က ယူဝတ်လို့ ဘာမှပြဿနာမရှိ။ ကိုယ်ခန္ဓာအရွယ်အစားချင်းကလည်းတူတူ။ တစ်ခုပဲ . . ကျွန်တော့်အဝတ်အစားတွေက သူ့အဝတ်အစားတွေထက် နည်းနည်းပိုကောင်းတာလေးပဲ။

ဒါလည်း ကိစ္စမရှိပါ။ ကျွန်တော်တို့တွင် ငွေရေးကြေးရေးပြဿနာလည်း မရှိ။ ပြဿနာမရှိဟု ဆိုခြင်းမှာ မပူပင်ရဟု မဆိုလိုပါ။



ငွေပြတ်သွားသော အကြိမ်ပေါင်းများစွာ ရှိပါသည်။

ကျွန်ုပ်ဆိုလိုသည်မှာ တစ်ယောက်၏ငွေကို တစ်ယောက်က ယူသုံးခြင်းအတွက် ပြဿနာမရှိခြင်းကိုသာ ဆိုလိုပါသည်။ ကျွန်တော်တို့နှစ်ယောက်မှာ ကိုယ်ပိုင်ငွေ မရှိပါ။ ကိုယ်ပိုင်ငွေ မရှိဆိုသောကြောင့် သူများပိုင်ငွေများဖြင့် သုံးသည်ဟု မထင်ကြပါနှင့်။ အို . . ပြောရင်း . . ပြောရင်း ရှုပ်ကုန်ပါပြီ။

ဒီလိုပါ . . စံရှားနှင့်ကျွန်တော်သည် ငွေကို သူ့ငွေကိုယ့်ငွေ မခွဲခြား။ အတူတကွ သုံးစွဲသည်။ သူ့အဝတ်အစား ကိုယ့်အဝတ်အစား မခွဲခြား။ ကိုယ်ကြိုက်ရာ ကိုယ်ယူဝတ်သည်။ ကျောင်းပိတ်၍ ကိုယ့်အရပ် ကိုယ်ပြန်တော့မှပင် ကိုယ့်အဝတ် သူ့အဝတ်ခွဲ၍ ပြန်ယူသွားကြသည်။

တက္ကသိုလ်စာတိုက်သို့ရောက်သောအခါ ကံအားလျော်စွာ ကျွန်တော့်ငွေ ရောက်နေလေသည်။ ကျပ်နှစ်ရာတိတိ။ အဆောင်ကြေး တစ်ရာ့နှစ်ဆယ်သွင်းလိုက်လျှင် ရှစ်ဆယ်ပိုမည်။ တစ်နေ့လျှင် ငါးကျပ်ကြီးများတောင် သုံးစမ်းပါဦး။ တစ်ဆယ့်ခြောက်ရက်တိတိသုံး။ ဒီကြားထဲမှာ စံရှား၏ငွေကလည်း ရောက်ရှိလာပေလိမ့်မည်။ အဲ . . ခုမှ သတိရသည်။ မနေ့က စံရှား နန္ဒဆီက ယူလာသောငွေ။

"စံရှား . . နန္ဒဆီက ချေးလာတဲ့ပိုက်ဆံ ပြန်ပေးရမလား"

"နန္ဒဆီက ယူလာတာမှ မဟုတ်ဘဲ"

"ဘယ်လိုကွ . . မင်းပြောတော့ . ."

"အေးလေ . . နန္ဒဆီကပဲ"

"မင်းဟာက ဘာလဲကွ"

"ဒီလိုကွာ . . ငါက နန္ဒဆီကို သွားချေးတာ၊ နန္ဒကလဲ သူ့ဆီမှာ မရှိလို့ဆိုပြီး ချိုတူးဆီက ယူပေးလိုက်တာ"

"ဘာပဲဖြစ်ဖြစ် ပြန်ပေးရမှာပေါ့"

"အေးပေါ့ကွ"

လျော့သွားပြီ . . ဆယ့်နှစ်ကျပ်။ သို့ရာတွင် ကိစ္စမရှိပါ။ ခြောက်ဆယ့်ရှစ်ကျပ်တောင် ကျန်ပါသေးသည်။ ဘာမှ မပူကြပါနှင့်။

"ဘယ်လိုလဲ သူငယ်ချင်း ဆီချက်ခေါက်ဆွဲ"

"အိုကေ . . ချီတက်ကြပါစို့"

တစ်ဝက်လောက်သာ သောက်ရသေးသော ဆေးပေါ့လိပ်များကို လွှင့်ပစ်ရင်း ဒူးယားတစ်ယောက်တစ်လိပ်စီ ခဲလိုက်ကြသည်။

"ပေါ်ပြူလာဆိုင်က အစ်မကြီးရေ . . ကျုပ်တို့လာပြီ၊ အသားများများထည့်ပါဗျို့"

♥♥♥

## (၃)

ရန်ကုန်တက္ကသိုလ် ပန်းချီခန်းမအတွင်းသို့ ဝင်လိုက်သည်။

**"ပန်းချီခန်းမ"**ဟုဆိုသောကြောင့် သိပ်ပြီး အထင်မကြီးကြပါနှင့်။

ဝိဇ္ဇာဆောင်၏နောက်ဘက်အခန်း (အေအီး ၁၊ ၂ နှင့်အေအီး ၃၊ ၄) ကြားရှိ ပေအစိပ်၊ ပေသုံးဆယ်ခန့်ရှိသော အခန်းကလေးပါ။

ထိုအခန်းကလေးကို ပန်းချီခန်းမအတွက် ရည်ရွယ်ပြီး ဆောက်လုပ်ခဲ့ခြင်းမဟုတ်ပါ။ လက်ဖက်ရည်ဆိုင်ဖွင့်ရန် ရည်ရွယ်၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုကြ၏။ နည်းနည်းတော့ နီးစပ်ပါသည်။ ပန်းချီဆရာဆိုသည်မှာလည်း လက်ဖက်ရည်ဆိုင် ထိုင်တတ်ကြသော အမျိုးအစားဖြစ်ပါသည် မဟုတ်လား။

သို့ရာတွင် ပန်းချီခန်းမကို သိပ်လည်း အထင်မသေးကြစေလိုပါ။ တက္ကသိုလ်တွင် နာမည်ကြီးနေသော ပန်းချီဆရာအတော်များများသည် ဤအခန်းမှ ဖြစ်ပါသည်။ အချို့ဆိုလျှင် အပြင်စာပေလောကမှာပင် နာမည်ရနေကြပါပြီ။ ကျွန်တော်ကဖြင့် တက္ကသိုလ်နယ်မြေတလွှား ကျော်ကြားသူလည်း မဟုတ်ပါ။ နာမည်လည်း သိပ်မကြီးပါ။ ပန်းချီသမားအချင်းချင်းက စုတ်ချက်ရဲသည်ဟု အပြောခံရရုံမျှသာ ရှိပါသည်။

စံရှားလား. . . ဒီကောင်က ပန်းချီသင်တန်းတက်နေသော်လည်း ပန်းချီဘက်မှာ သိပ်အဖြစ်ရှိလှသူ မဟုတ်ပါ။ တောင်ခြစ် မြောက်ခြစ်အဆင့်ထက် ကျော်ရုံမျှသာ။ စံရှား၏ ကဗျာများမှာမူ သူ့ကို ဘယ်တော့မှ အထင်မကြီးသော ကျွန်တော်ပင် အခါများစွာတို့၌ ချီးကျူးခဲ့ရကြောင်းကိုကား ဝန်ခံရပါမည်။

ဒီနေ့ ပန်းချီသင်တန်းရှိသည်။ စနေနေ့။ အခန်းထဲမှာ ကုလားထိုင်များပင် ချထားပြီးနေပြီ။ ကျွန်တော်တို့ ပန်းချီခန်းတွင် စားပွဲများ မရှိပါ။ စားပွဲထားနိုင်လောက်အောင်လည်း နေရာမရှိပါ။ ထို့ကြောင့် သင်တန်းသားများ စားပွဲမပါဘဲ ဘယ်လိုပန်းချီဆွဲသလဲဆိုလျှင် ပေါင်ပေါ်တွင် သုံးထပ်သားပြားကလေးများတင်၍ ပန်းချီဆွဲကြပါသည်။



ပန်းချီဌာနစိတ်တာဝန်ခံ ကိုမျိုးမြင့်သည် အလုပ်ရှုပ်လျက်ရှိသည်။

တင်မောင်ကြည်သည် သက်ငြိမ်ပန်းချီလေ့ကျင့်ရန် အထောက်အကူပစ္စည်းများဖြစ်သော ဗီးနပ်စ်ရုပ်တု၊ လိမ္မော်သီး၊ ငှက်ပျောသီးများကို နေရာချနေ၏။ ပန်းသီးတစ်လုံးလည်း ပါဝင်သည်။ တကယ့်ပန်းသီးဟု မထင်ကြပါနှင့်။ ဘယ်တော့မှ မပုပ်မသိုးနိုင်သော ပလတ်စတာ ကျောက်ပန်းသီးဖြစ်ပါသည်။ ဂျင်မီ၏လက်ရာဖြစ်လေသည်။

သင်တန်းသားများ တဖွဲဖွဲရောက်ရှိလာကြသည်။ ကိုယ့်နေရာ ကိုယ်ထိုင်၍ ခဲတံပုံဆွဲစက္ကူများ အသင့်ပြင်ဆင်နေကြပြီ။ ကျွန်တော်သည် လက်ဖက်ရည်ဆိုင်သို့ ထွက်လာ၍ ဆရာဦးသိန်းဟန်ကို သွားခေါ်ရလေသည်။

ကိုမျိုးမြင့်သည် ဆရာ့ကို လက်ဖက်ရည်မုန့်များဖြင့် ဧည့်ခံကျွေးမွေးနေလေသည်။ သူကတော့ ဆရာစားတာသောက်တာကို ဘေးမှထိုင်ကြည့်ရင်း သွားရည်ကျရုံလောက်သာ။ ဟုတ်ကဲ့. . သူပါဝင်တွယ်ရလောက်အောင် ငွေကြေး မပြည့်စုံ။ ပန်းချီဌာနစိတ်မှာ ငွေများများ မပိုင်ဆိုင်ပါ။

ဆရာဦးသိန်းဟန်သည် ပန်းချီပန်းပုကျောင်းမှ တကူးတကလာ၍ သင်ပေးရခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဆရာဦးလွန်းကြွယ်လာသည်။ ဆရာများကို ဧည့်ခံစရိတ်မှာ တစ်ခါတလေ ပန်းချီဌာနစိတ် ငွေပြတ်နေလျှင် ကိုမျိုးမြင့်က စိုက်ရသည်။ သူ့မှာမရှိလျှင် တခြားတစ်ယောက်ယောက်။

သင်တန်းစပါပြီ။

ဆရာသည် အလင်းအမှောင်အကြောင်းကို ပြောသည်။ အရိပ်အကြောင်း ထုထည်အကြောင်းကို ပြောသည်။ သက်ငြိမ်ခေါ် စတေလိုက်ဖ်ရေးဆွဲခြင်းမှာ ငြိမ်နေသော အရာဝတ္ထုများ (ဥပမာ. . ငှက်ပျောသီး၊ ဗီးနပ်စ်ရုပ်တု၊ သောက်ရေအိုး) ကို ရေးဆွဲရခြင်း ဖြစ်သည်။ ခုအဆင့်မှာ ခဲအဆင့်။ နောက်မှ ရေဆေး၊ ဆီဆေး။

ဆရာပြောပြီးသောအခါ လက်တွေ့ရေးဆွဲကြရသည်။ ကျွန်တော်တို့လို နှစ်ကြီးသမားများက လိုက်ဆွဲစရာ မလိုတော့။ သင်တန်းသားအသစ်များကို လိုက်လံကူညီရသည်။

ကိုမျိုးမြင့်သည် ပန်းချီအတော်ဆုံးဖြစ်သောကြောင့် တစ်ယောက်ပြီး တစ်ယောက် ရှင်းပြနေရသည်။ ဘာဘာကျော်က သင်တန်းသူအသစ်တစ်ယောက်ကို **တုံး**က ဘယ်လို၊ **ပရိုပိုးရှင်း**က ဘာဖြစ်ဟူ၍ ဂရုတစိုက် ရှင်းပြနေလေသည်။

ကျွန်တော်သည် ဆရာ့အတွက် ရေနွေးကြမ်းတောင်းရန် စားသောက်ဆိုင်တန်းဘက်သို့ ထွက်လာခဲ့သည်။ ဆိုင်ရှင်ကိုအောင်ရင်ကိုပင် ခွင့်မတောင်းတော့ဘဲ ဖန်ခွက်ထဲသို့ ရေနွေးကြမ်းငှဲ့ထည့်သည်။

ထိုအချိန်မှာပင် သူ့ကို လှမ်းတွေ့လိုက်လေသည်။

လတ်သခင်သည် နန်းကြီးမုန့်တီဆိုင်မှာ ထိုင်နေသည်။ ပါးတစ်ခြမ်းကို ဆံပင်များက ဖုံးအုပ်နေသော်လည်း သူ့ကို မမှတ်မိဘဲနေပါ့ရိုးလား။

သူသည် နန်းကြီးသုပ်စားပြီးနောက် အမေကြည့်ရေခဲဆိုင်မှ ရေခဲသုပ်ကို မှာသောက်နေခြင်း ဖြစ်လိမ့်မည်။

အကြံအစည်တစ်ခု ခေါင်းထဲ၌ ဖျတ်ခနဲပေါ်လာ၏။ ရုပ်ရှင် သို့တည်းမဟုတ် ဝတ္ထုဆန်ကောင်း ဆန်နေမည်။ သို့ရာတွင် ထိုအတိုင်းလုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ အမေကြည့်နားသို့ ကပ်သွား၏။

"ဟဲ. . ဟဲ"ဟု သွားဖြဲပြလိုက်သည်။

"ဘာလဲ. . ရေခဲရေ သောက်ချင်လို့လား၊ သောက်သွားလေ"

"ဟာ. . မဟုတ်ပါဘူး၊ ဟိုလေ. . ဟို. . "

လတ်သခင်ဆီသို့ တစ်ချက်လှမ်းကြည့်သည်။

အသံကို တတ်နိုင်သမျှ နှိမ့်ချလိုက်သည်။

"ဟိုမှာ ထိုင်နေတာ တွေ့တယ်မဟုတ်လား၊ အင်္ကျီအစိမ်းနဲ့"

"အဲဒါ ဘာဖြစ်သလဲ"

"သူသောက်တဲ့ ရေခဲသုပ်ဖိုးကို ကျွန်တော်ပေးခဲ့မလို့"

"သားနဲ့သိလို့လား"

"ဟင့်အင်း. . ဒါပေမယ့်. . "

"ကဲ. . ငါသိပြီ၊ ပေးခဲ့ပိုက်ဆံ"

ကြည့်. . . အမေကြည်သည် ဘယ်လောက်အကင်းပါးသနည်း။

ဒါကြောင့်လည်း ကျောင်းသားတွေက အမေကြည်. . အမေကြည်နဲ့ ချစ်နေကြရတာ။ အမှန်အားဖြင့်မူ မကြည်မှသည် မမကြည်။ ဒေါ်ဒေါ်ကြည်။ အမေကြည်အရွယ်အထိ တက္ကသိုလ်မှာ ဆိုင်ဖွင့်ခဲ့သည် မဟုတ်လား။

မကြည်အရွယ်က မောင်ကို ၏ဇာတ်လမ်း။ မမကြည်အရွယ်က အောင်ပြည့်၏ ဇာတ်လမ်း၊ ဒေါ်ဒေါ်ကြည်အရွယ်က မောင်ဝဏ္ဏ၏ဇာတ်လမ်းတွေ အမေကြည် အကုန်သိသည်။ သူတို့ခံခဲ့ရတာတွေ အမေကြည်က စကားကြုံတိုင်း ပြန်ပြောပြဖူးပါသည်။

"မင်းတို့လဲ သူတို့လို ဖြစ်နေဦးမနော်"ဟု ဆိုတတ်၏။

ခု. . အမေကြည်အရွယ်မှာ ကျွန်တော်တို့ဇာတ်လမ်း။

အို. . သူတို့နဲ့နှိုင်းရတာ နိမိတ်မကောင်းပါဘူး။

ဖွဟဲ့. . လွဲပါစေ၊ ဖယ်ပါစေ။

"ပေးလေ. . ပိုက်ဆံမရှိရင်လဲ နောက်နေ့မှပေး"

"ရှိပါတယ် အမေကြည်ရ. . ရော့. . ရော့"

ပိုက်ဆံတစ်ကျပ်ခွဲကို ပေးလိုက်သည်။ လှည့်ထွက်မည်အပြု. . .

"ဟဲ့. . သူက တကယ်လို့ ဘယ်သူပေးသွားတာလဲလို့ မေးရင် သားနာမည် ပြောရမှာလား"

"မပြောပါနဲ့ အမေကြည်၊ ပန်းချီဆရာတစ်ယောက် ပေးသွားတယ်လို့သာ. . "

ကျွန်တော် ထွက်လာခဲ့သည်။



သူ့ကို တစ်ချက်ငဲ့ကြည့်ခဲ့သေး၏။

သူသည် ရေခဲသုပ်တစ်ဇွန်းကို ခပ်သောက်သည်။ ကျောက်ကျောဖတ်ကလေးများသည် ကျွန်တော့်ထက် ပို၍ ကံကောင်းကြပါပေသည်။

ကျွန်တော် ရေနွေးကြမ်းဖန်ခွက်ကို စားပွဲပေါ်မှာ မေ့ထားခဲ့သောကြောင့် ကိုအောင်ရင်က လှမ်းခေါ်ပေးရသေးသည်။

ပန်းချီခန်းမထဲမှာ နေရတာ ရိုးတိုးရွတဖြစ်နေသည်။ သင်တန်းမှာ စိတ်မဝင်စားမိ။ ဆရာကြီးဦးသိန်းဟန်သည် ရေနွေးကြမ်းကို တစ်ငုံမော့သောက်လိုက်တိုင်း ပန်းရောင်သန်းနေသော ရေခဲသုပ်ဖန်ခွက်ကလေးကို သတိရနေသည်။

"ကိုကိုမောင် လာပါဦးကွ"

စံရှားက လှမ်းခေါ်သောကြောင့် သူ့နားသို့ သွားရသည်။ သူသည် ဒီနှစ်မှ သင်တန်းစတက်သူဖြစ်သောကြောင့် အခြေခံမှစ၍ သင်နေရခြင်းဖြစ်သည်။

"ကြည့်စမ်းပါဦးကွာ ငါ့ပုံ"

သူ ကူးဆွဲနေသော ဗီးနပ်စ်ရုပ်တုပုံကို ပြသည်။ အချိုးအစားက မကျ။ ခေါင်းကသေး၍ ကိုယ်က ကြီးနေသည်။ ပေါင်တံက တိုလွန်းသည်။

"မင်းပုံက ပရိုပိုးရှင်းအောက်နေတယ်ကွ"

"ဘယ်လို ပြင်ရင် ကောင်းမလဲ"

"ပြင်မနေနဲ့ အသစ်ပြန်ဆွဲ"

"ဟာကွာ. . . "

"ဟေ့ကောင် များများဆွဲမှ တိုးတက်မှာ"

ဒီကောင့်ကို ခပ်ချဉ်ချဉ်ရှိသောကြောင့် နှိပ်စက်ထားလိုက်ခြင်းဖြစ်၏။ စံရှားသည် ခေါင်းကုတ်ရင်းက ပုံဆွဲစာရွက်အသစ်ကို ထုတ်နေသည်။

ကျွန်တော်ကလည်း ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ပြီး အမေကြည့်ဆိုင်ဘက်သို့ အသာလစ်ထွက်လာခဲ့လေသည်။

နန်းကြီးမုန့်တီဆိုင်၌ လတ်သခင်မရှိတော့။ အမေကြည်သည် ကျွန်တော့်ကိုမြင်သောအခါ ပြုံးပြလေသည်။ သို့ရာတွင် အမေကြည့်အပြုံးသည် တစ်မျိုးပဲ။ "အမေကြည်. . . "

ကျွန်တော်က ဘယ်လိုလဲဆိုသောသဘောဖြင့် မေးငေါ့ပြလိုက်သည်။

"သားပိုက်ဆံကို ပြန်ယူသွားပေတော့"

"ခင်ဗျာ. . သူကရှက်ပြီးတော့ ပိုက်ဆံအတင်းပေးခဲ့လို့လား"

အမေကြည်က ခေါင်းကိုယမ်းသည်။

"ဒီလိုကွယ့်. . သားလဲထွက်သွားရော အဲဒီကောင်မလေးနားကို ကောင်လေးတစ်ယောက် လာထိုင်တယ်၊ ပြီးတော့ ဘာလီရည်တစ်ခွက်သောက်သေးတယ်၊ ပြန်ခါနီးကျတော့ အဲဒီကောင်လေးကပဲ နှစ်ခွက်ဖိုးစလုံး ငွေရှင်းသွားတာပဲ"

အမေကြည်သည် ကျွန်တော်ပေးခဲ့သော ပိုက်ဆံတစ်ကျပ်ခွဲကို ပြန်ပေးသည်။ ရှက်လိုက်လှသောကြောင့် အမေကြည့်မျက်နှာကို မကြည့်ရဲ။ ငွေတစ်ကျပ်ခွဲကို ယူလိုက်သည်။ ရေခဲတုံးကိုင်ထားသော အမေကြည့်လက်သည် အေးစက်၍နေသည်။

ကျွန်တော့်လက်များကကော. . . ရေခဲတုံးကို မကိုင်ခဲ့သော်လည်း အဘယ်ကြောင့် အေးစက်နေရပါသနည်း။ ကျွန်တော် လှည့်ထွက်လာသောအခါ လှမ်းပြောလိုက်သော အမေကြည့်အသံကို ကြားလိုက်ရသည်။

"သားက တစ်ခွက်ဖိုးပဲ ပေးခဲ့တာကိုးကွယ့်"

ပန်းချီခန်းမ၏အုတ်နံရံကို ခြေထောက်ဖြင့် ပိတ်ကန်လိုက်သည်။

မကျေနပ်စရာတစ်ခုခုတွေ့လျှင် လက်ဖက်ရည်ဆိုင်က စားပွဲကို လက်သီးဖြင့် ထိုးပါ။ အုတ်နံရံကို ခြေထောက်ဖြင့် ပိတ်ကန်လိုက်ပါ။ ထိုအရာများသည် ဘာမှ လက်တုံ့ပြန်လိမ့်မည်မဟုတ်ပါ။ ဒါ့အပြင် ဘာများကော လုပ်ချင်သေးလို့လဲ။

"မင်း. . . တော်တော်ကြောင်တယ်"

အရင်ကဆိုလျှင် စံရှား၏စကားကို "မင်းလဲကြောင်တာပဲ"ဟု ပြန်ပြောမိမည်ဖြစ်၏။

ခုတစ်ခါတော့ ဘာမှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

စံရှားသည် လက်ကိုနောက်ပစ်ထားရင်း လေးလေးနက်နက် စဉ်းစားသလိုလုပ်နေသည်။ သူသည် ကျွန်တော့်အပေါ် ပထမဦးဆုံးအကြိမ် ဆရာလုပ်ရတော့မည် ဖြစ်သောကြောင့် ထိရောက်သောစကားလုံးများ ရွေးချယ်နေဟန်တူ၏။ သက်ပြင်းကို အသံမြည်အောင် ချလိုက်ပြီးမှ . . .

"အင်း. . . မင်း. . တော်တော်ကြောင်တယ်"

"ဟော့ကောင်. . မင်း အဲဒီစကားပြောတာ ငါးခါရှိပြီ"

"အေးလေ. . မင်းကို ပြောစရာက ဒါပဲရှိတာပဲ"

"ဒါဆိုလဲ တော်တော့ကွာ"

"တော်လို့တော့ မရသေးဘူး၊ ဘယ့်နှယ်ကွာ. . ကိုယ်နဲ့လဲ သိသေးတာမဟုတ်ဘဲနဲ့ အအေးဖိုး ပေးရတယ်လို့၊ မင်း အောင်ပြည့်ရဲ့ 'နေရစ်တော့မြသီလာ' ကဗျာစာအုပ် ဖတ်ပြီး အဲဒီအတွေးရတာ မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"ဟိုဟာက ကဗျာကွ၊ အတိသယဝုတ္တိသဘော အလွန်အကျူး ဖွဲ့ဆိုတာမျိုးပါတယ်၊ မင်းဟာက. . ."

"ဒီမှာ စံရှား. . အလင်္ကာတွေ၊ ရသတွေ ငါလဲ ဆယ်တန်းတုန်းက သင်ဖူးတယ်၊ မင်း ထပ်ရှင်းပြစရာ မလိုဘူး"

"အေးပါ. . ငါ ပြောတာက မင်းလုပ်ပုံ ကြောင်တာကို ပြောတာ"

"လာပြန်ပြီလား. . ကြောင်တာ"

"မင်း မကြောင်ဘူးလား"



"မင်းကော ဘယ်နှတန်းရောက်လို့ ဘယ်အဆောင်မှာ နေမှန်းမသိတဲ့ ကောင်မလေးတစ်ယောက်ကို ရှာမယ်ဆိုပြီး ဘီအီးဒီကို တစ်နေ့တစ်ခေါက် လောက် သွားတာကျတော့ကော"

စံရှားကို ကျွန်တော် အာခံလိုက်လေပြီ။ စံရှားသည် ချက်ကောင်းကို ထိသွားသောကြောင့် ခဏမျှ ငြိမ်ကျသွား၏။

ပြီးမှ . . .

"ကဲပါလေ. . အဲဒါတော့ ငါလဲကြောင်တာပါပဲ၊ အချစ်ဆိုတာ တစ်ခါတလေတော့ ကြောင်စီစီနိုင်တာပေါ့ကွာ"

"ဒါဆိုလဲ ပြီးတာပဲ"

"မင်းကိစ္စကတော့ တစ်မျိုးကွ၊ အအေးဖိုးပေးတာကို ထားပါတော့၊ သူ့မှာ ရှိနေရက်သားနဲ့ မင်းက ဝင်ဖန်မယ်ဆိုရင် မင်းလူကြမ်းဖြစ်သွားမှာပေါ့"

မမြင်ဖူးသောလူတစ်ယောက်သည် ကျွန်တော့်စိတ်ကို အနှောင့်အယှက်ပေးလိုက်ပြန်၏။ လတ်သခင်၏လူ ဆိုသောသူ။ မောင်နှမဝမ်းကွဲ ဖြစ်နိုင်သည်။ သူငယ်ချင်းဖြစ်နိုင်သည်ဟူ၍ စိတ်ကို ဖြေကြည့်သော်လည်း သက်သာရာကို သိပ်မရ။ ဦးခေါင်းကို အလိုလိုယမ်းခါမိ၏။

"ကဲ. . ဒီတော့ . . မင်းဘာလုပ်မလဲ"

စံရှား၏မေးခွန်းသည် ထိုနေ့ဆွေးနွေးပွဲ၏ဆိုလိုရင်းဖြစ်၏။ သူ့ဝါကျသည် မဟုတ်ဝါကျဘက်မှာ ရှိနေကြောင်းကိုလည်း ကျွန်တော် သိသည်။

အင်းလျားကန်ကို ကျောခိုင်း၍ လျှောက်လာခဲ့ကြရာ မြေနီနီတောင်ကုန်းကလေးကို ကျော်ပြီးနောက် အင်းလျားလမ်းနှင့်ဆုံရာသို့ ရောက်လာသည်။ လမ်းဆုံတွင် ခဏရပ်သည်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်၏။

"ငါ သူ့ကို အဆက်ဖြတ်လိုက်တော့မယ်ကွာ"

စံရှား၏ နှုတ်ခမ်းတစ်ဖက်သည် တွန့်သွားလေ၏။

သို့ရာတွင် ကျွန်တော့်ကို သနား၍လား၊ အားနာ၍လား မသိ။ သူ မပြုံးလိုက်ချေ။ ကျွန်တော့်စကားကိုလည်း စဉ်းစားကြည့်ကြပါ။ လတ်သခင်နှင့် ကျွန်တော်သည် ခု ဘာဖြစ်နေကြပါသနည်း။ ဘာမျှ မဖြစ်နေကြပါ။

ကျွန်တော်က သူ့ကို ချစ်နေသည်ကတော့ သေချာပါသည်။ သူကမူ ကျွန်တော့်ကို သိလည်းမသိ၊ စကားလည်း မပြောဖူး။ မမြင်ဖူးသေးပါ။

ကျွန်တော်က သူ့ကိုချစ်နေကြောင်းကို သိဖို့ဆိုသည်ကား ဝေးလာဝေး။ ဤသို့ဆိုလျှင် ဘာမှန်းမသိသေးသော၊ ဘာမျှမဖြစ်သေးသော အခြေအနေတွင် ကျွန်တော်က သူ့ကို အဆက်ဖြတ်လိုက်ပြီဆိုသော စကားသည် ဟာသဖြစ်နေပါလိမ့်မည်။

ကျွန်တော့်စိတ်ထဲ၌ သူနှင့်ကျွန်တော် တော်တော်ခရီးရောက်ခဲ့လေပြီ။ စိတ်ကူးထဲ၌ သူနှင့်ကျွန်တော် တော်တော်ခရီးရောက်ခဲ့ပြီးကြောင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ကျွန်တော့်စကားသည် ကျွန်တော့်အတွက်တော့ မရယ်ရပါ။ စိတ်ကူးထဲမှာရော အပြင်မှာရော သူ့ကိုအဆက်ဖြတ်လိုက်ပြီဟုယူဆကြပါရန်။

"အေး. . အဲဒါအကောင်းဆုံးပဲ"

စံရှားသည် ဒီစကားကိုပင် ပြောမည်ဖြစ်ကြောင်းကိုလည်း ကျွန်တော် ကြိုတင်သိပြီးသားပါ။ စံရှားသည် စကားကို ဆက်ပြန်၏။

"မင်း စဉ်းစားကြည့်လေ၊ သူ့မှာက ရှိပြီးသား၊ ပြီးတော့ သူ့ကို ကြိုက်နေတဲ့ လူကလဲ အများကြီး၊ ဒီတော့ မင်းအနေနဲ့ ဘယ်လိုမှ . . ."

"ဟော့ကောင် ငါ မလိုက်တော့ဘူးလို့ ပြောထားပြီးပြီပဲ၊ မင်း ဘာထပ်ပြီး စကားရှည်နေရတာလဲ"

"အေးပါ၊ ငါက မင်းစိတ်ပြန်လည်သွားမှာစိုးလို့ သေသေချာချာ ရှင်းပြနေတာပါ"

စိတ်ပြန်လည်သွားမှာစိုးလို့တဲ့။ ကျွန်တော်က လတ်သခင်ကို ရဖို့မကြိုးစားတော့ပါဘူးဟု ပြောထားသောကတိကို "အလကားပြောတာပါ"ဆိုပြီး ပြန်ဖျက်ပစ်မည်ဟု သူ ထင်နေပုံရသည်။

ထားတော့. . ကျွန်တော်ကလည်း ကိုယ့်စိတ်ကိုယ်မပိုင်သေးတော့ သူ့ကို ဘာမျှပြန်မပြော။ ငြိမ်နေလိုက်သည်။ မှန်ပါသည်။ ကျွန်တော်သည် ယတိပြတ်ဆုံးဖြတ်ပြီးမှ ထိုကတိကို ပေးလိုက်ခြင်းမဟုတ်ပါ။ ကတိတည်ဖို့ကို အပြင်းအထန် ကြိုးစား၍ နေမည်ဟူ၍ကား ကတိပြုပါ၏။

မိုးနှောင်း၏ညနေခင်းသည် ဘယ်လိုကြီးမှန်းလဲ မသိပါ။ အင်းလျားကန်ရေပြင်နှင့် ကမ်းနားသစ်ပင်တစ်ပိုက်မှ မြူခိုးတို့သည်လည်းကောင်း၊ အင်းလျားလမ်းဘေးရှိ ကံကော်ပင်တန်းကို ဖြတ်သန်းတိုက်ခိုက်လာသော လူသေလက်နှင့်တူသည့် လေအေးသည်လည်းကောင်း စိတ်ကို လေးလံထိုင်းမှိုင်းစေသည်။

နေရောင်အားပျော့လာသည်နှင့်အမျှ မြင်ကွင်းသည် မှုန်မှိုင်းအုံ့ပျလာသည်။ အင်းလျားလမ်းကိုကြည့်၍ စိတ်ထဲက တစ်မျိုးကြီးခံစားလိုက်ရသည်။ လွန်ခဲ့သော တစ်ချိန်ချိန်က ဤနေရာတွင် တစ်သက်တာ မမေ့နိုင်လောက်သောအဖြစ်အပျက်တစ်ခုကို ကျွန်တော် ကြုံတွေ့ခဲ့ရဖူးသယောင် စိတ်ထဲက ထင်မိ၏။

အမှန်အားဖြင့်မူ . . .

နောင်လာလတ္တံ့သော တစ်ချိန်ချိန်တွင် ဤနေရာသည် အလွန်အရေးပါသော နေရာတစ်ခု ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ် မသိခဲ့လေတကား။

♥♥♥

## (၄)

"ကောလိပ်ကျောင်းက နောက်ထပ်ထုတ်တဲ့ ဇလုံပွဲရယ်၊ ပန်းကန်ပွဲရယ်၊ ကြက်သားပုပ်ကို ဝယ်ကာချက်တော့ ဟင်းရည်ကျဲလို့ နံတယ် နံတယ်၊ အဖေ့ကို တိုင်မယ်၊ အမေ့ဆီပြန်မယ်. . . မမျိုနိုင်ပေါင် စိတ်ကပျက်လှတယ်"

ဘယ်သူ ဘယ်က ရလာခဲ့သော သီချင်းမှန်းမသိ။ သီချင်းအလိုက်ကတော့ ခေတ်ဟောင်းသီချင်းပုံစံပဲ။ "လာမယ် လာမယ် မကြည်ရဲ့" ဟူသော သီချင်းနှင့် ခပ်ဆင်ဆင်တူသည်။

ထမင်းစားခန်းထဲမှ တစ်ယောက်ယောက်က ဆိုလိုက်သောကြောင့် လိုက်ဆိုကြခြင်းဖြစ်လိမ့်မည်။ ထမင်းစားခန်းထဲက ထွက်လာသူတိုင်း ထိုသီချင်းကို ညည်း၍ ထွက်လာတတ်ကြသည်။

အမှန်အားဖြင့်တော့ ဒီနေ့ ကြက်သားဟင်း မဟုတ်ပါ။ ငါးဟင်းဖြစ်ပါသည်။ ဘာငါးမှန်းတော့ မသိ။ သိဖို့လည်း မလို။ ငါးအမျိုးအစားခွဲခြားရန်မှာ မစ္ဆဗေဒကျောင်းသားတို့အလုပ်။ ကျွန်တော်တို့အဖို့တော့ ဟင်းဖတ်များသော၊ သို့တည်းမဟုတ် ဟင်းဖတ်ကြီးသော ခွက်ကိုရဖို့သာ ပဓာနဖြစ်သည်။ ဒီနေ့ ထမင်းတော်တော်စားလို့ ကောင်းသည်။ မြိန်ရာဟင်းကောင်းဆို။ ပြီးတော့ ဆာနေတုန်း အချိန်မှာ စားသောဟင်းသည် အကောင်းဆုံးဆို မဟုတ်လား။

ထားပါတော့. . ဘာဟင်းပဲဖြစ်ဖြစ် ဗိုက်ပြည့်ဖို့က ပဓာန။ အခန်းသို့ပြန်ပြီး ထမင်းလုံးစီရင်း ခဏနှပ်မည်။ ပြီးလျှင် ပန်းချီခန်းမသို့ သွားရဦးမည်။ နှစ်ပတ်လည်ပန်းချီပြပွဲကိစ္စ။

တနင့်တပိုးကြီးစားထားသောကြောင့် ဗိုက်လေးနေသည်။ အဆောင်လှေကားထစ်များကို ဖြည်းလေးစွာတက်နေရ၏။ စံရှားသည် စောစောက သီချင်းကိုညည်းရင်း တစ်လှမ်းချင်းတက်နေသည်။

"ကောလိပ်ကျောင်းက နောက်ထပ်ထုတ်တဲ့ ဇလုံပဲရယ်. . ပန်းကန်ပွဲရယ်. . ကြက်သားပုပ်ကို ဝယ်ကာချက်တော့ ဟင်းရည်ကျဲ. . အ. . ဆရာ"

လှေကားအချိုးကို ကွေ့တက်လိုက်ရာ အပေါ်မှဆင်းလာသော အဆောင်မှူး ဆရာနှင့် သွားဆုံ၏။ စံရှား၏သီချင်းသည် တန့်ခနဲရပ်သွားပြီး ဆရာ့ကို ပါးစပ်အဟောင်းသားကြည့်နေသည်။ ကျွန်တော်က ဝင်၍နှုတ်ဆက်လိုက်ရသည်။

"အဟဲ. . ဆရာ နေကောင်းရဲ့လား"

ဆရာသည် တစ်ချက်ပြုံးလိုက်ပြီး . . .

"ကောင်းပါတယ်ကွာ၊ ထမင်းစားပြီးကြပြီလား"

"ဟုတ်. . . ဟုတ်ကဲ့ဆရာ"

"စားလို့ကောင်းရဲ့လားကွ"

"ဟာ. . သိပ်ကောင်းတယ်ဆရာ"

စံရှားက ပျာပျာသလဲ ဝင်ဖြေလေ၏။ ဆရာသည် ပြုံး၍ ခေါင်းတစ်ချက်ဆတ်ပြီး ဆင်းသွားလေသည်။

"ပြဿနာပဲ၊ ငါ ဆိုတာ ဆရာများကြားသွားလား မသိဘူး"

"ကြားချင်ကြားမှာပေါ့ကွာ"

အခန်းသို့ပြန်ရောက်သောအခါ ထမင်းလုံးစီရင်း တရေးတမောနှပ်ဖို့ အစီအစဉ်ကို ဖျက်လိုက်ရသည်။ စံရှားက အခန်းသို့ ဆရာရောက်လာပြီး ကောမှာစိုးသည်ဟုဆိုပြီး အဝတ်အစား အမြန်လဲနေသည်။ ကျွန်တော်လည်း တန်းပေါ်မှာ တွေ့သော အင်္ကျီတစ်ထည်ကို ကောက်ဝတ်ပြီး နှစ်ယောက်သား ထွက်လာခဲ့ကြလေသည်။

ပန်းချီခန်းမတွင် နှစ်ပတ်လည်ပန်းချီပြပွဲအတွက် အစည်းအဝေး ထိုင်ကြသည်။ အစည်းအဝေးဆိုသောကြောင့် "သဘာပတိကြီးက မိန့်ခွန်းမြွက်ကြားပြီးနောက်" စသည်ဖြင့် အထင်မကြီးကြပါနှင့်။ စားပွဲလေးလုံးကို ဆက်လိုက်ပြီး ခေါက်ကုလားထိုင်များဖြင့် ဝိုင်းထိုင်လိုက်ကြခြင်းသာ ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်မှာ စည်းဝေးနေလျှင် လူမြင်၍ မသင့်တော်သောကြောင့်လည်းကောင်း၊ မိန်းကလေးများပါဝင်နေသဖြင့် အားနာသောကြောင့်လည်းကောင်း ပန်းချီခန်းမထဲမှာပင် ကျင်းပကြခြင်း ဖြစ်ပါသည်။

လူစုံသလောက်ရှိသောအခါ အစည်းအဝေးစတင်လေသည်။ အတွင်းရေးမှူး ကိုမျိုးမြင့်သည် စားပွဲကို စန္ဒယားတီးသလို လက်ဖြင့်ခေါက်နေရာမှ-

"ကဲ. . စကြရအောင်"

"လုပ်လိုက်လေ"

ကာတွန်းဖိုးတိုး၏အသံ စီခနဲထွက်လာသဖြင့် ကိုမျိုးမြင့်က မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်သည်။ ဖိုးတိုးသည် သွားဖြဲနေရာမှ မျက်နှာပိုး သတ်လိုက်ရ၏။ ကိုမျိုးမြင့်သည် စကားကိုဆက်လိုက်သည်။

"ပြပွဲရက်ကတော့ သိပြီးကြတဲ့အတိုင်းပဲ၊ ဒီနေ့ ပြောရမှာက ပန်းချီကားတွေကို စာရင်းပေးထားတဲ့အတိုင်း အရေအတွက်တိတိကျကျ အချိန်မီအောင် ဆွဲကြဖို့. . ပြီးတော့. . ."



စံရှားက ကျွန်တော့်ကိုကြည့်ရင်း နှုတ်ခမ်းတွန့်၍ပြုံးပြသည်။

မှန်၏။ ကိုမျိုးမြင့်သည် သူများကို အချိန်မီအောင်ဆွဲဖို့ ပြောနေသော်လည်း သူ့ကျတော့ ဆယ့်တစ်ကားစာရင်းပေးထားပြီး ခု ဆီဆေးနှစ်ကားသာ ပြီးသေးတယ်၊ သူ့အကျင့်က ဒီလိုပဲ၊ အလွန်အေးဆေးသည်။ ကျွန်တော်တို့ကသာ သူ့ကိုယ်စား ဘာမဆိုင်ညာမဆိုင် စိတ်ပူနေကြတာ။ သူကတော့ အချိန်နီးတော့မှ "ဝုန်းမယ်ဟေ့"ဆိုပြီး နေ့မအား ညမအား အပြင်းအထန်ဆွဲတော့သည်။ နောက်ဆုံး ပြပွဲပြီးသွားတော့လည်း အချိန်အကြာကြီးယူပြီး ဆွဲသူတွေထက် ကိုမျိုးမြင့်၏ပန်းချီကားတွေက ပိုပြီးရောင်းရသည်။ တစ်ခု အံ့သြစရာကောင်းပြန်သည်မှာ သူ့ပန်းချီကားများသည် ဝုန်းဒိုင်းကြဲ၍ရေးရသော်လည်း ပစ်စလက်ခတ်မဟုတ်။ ပန်းချီရှုထောင့်မှကြည့်လျှင် စံမီသည်ဟု ဆိုနိုင်သော ပန်းချီကားများသာ ဖြစ်နေတတ်သည်။

အင်း. . လူကတော့ လူတော်လူသွက်တစ်ယောက်ပဲ။ ပန်းချီဘက်ကသာ ဖိဖိစီးစီးကြိုးစားသွားရင် တစ်နေ့နိုင်ငံကျော်ဖြစ်မယ့် သူငယ်ပေပဲဟု ဆရာဦးသိန်းဟန်က ပြောသည်ဟု တင်မောင်ကြည်က ပြောကြောင်း စံရှားက ကျွန်တော့်ကို ပြန်ပြောဖူးပါသည်။

ကတ်တလောက်ရိုက်ဖို့ကိစ္စ။ ကျောင်းဝင်းအတွင်း ကပ်ရန် ပြပွဲပိုစတာ ရေးဖို့ကိစ္စ။ ပြပွဲတွင် အလှည့်ကျတာဝန်ယူကျဖို့ကိစ္စ။ ပြပွဲတွင် နှစ်ဆယ့်လေးနာရီလုံးလုံး တာဝန်ယူကြမည့်သူများကို ကျွေးမွေးရန်ကိစ္စ။

"ကဲ. . ဘာပြောစရာရှိသေးလဲ"

ကိုမျိုးမြင့်က စကားကို အဆုံးသတ်သည်။

ဖိုးတိုးက . . .

"ကိုမျိုးမြင့်. . ကိုမျိုးမြင့်" ဟု လှမ်းခေါ်၏။

ကိုမျိုးမြင့်က . . .

"မင်း ဘာနောက်ဦးမလို့လဲ"ဟူသော သဘောဖြင့် မေးငေါ့ပြသည်။

"ဟုတ်ပါဘူးဗျာ၊ အကောင်းပြောမလို့ပါ"

"ပြောလေကွာ"

"ကျွန်တော်တို့ကာတွန်းသမားတွေက ဘယ်လိုလုပ်ရမှာလဲ"

"ဆွဲလေကွာ၊ ပန်းချီပြပွဲပါဆိုမှ ကာတွန်းလဲပါတာပေါ့ဟ"

"မဟုတ်ဘူးလေ"

ဖိုးတိုးသည် မဝံ့မရဲဖြစ်နေပြီးမှ . . .

"မဟုတ်ဘူးလေ၊ ကျွန်တော် ပြောချင်တာက ကာတွန်းအဖြစ် နေရာသပ်သပ်ပေးဖို့"

"အေးကွ. . အဲဒါစဉ်းစားသင့်တယ်"

ဟုတ်တော့လည်း ဟုတ်သည်။ သူတို့၏ ကာတွန်းလက်ရာများကို သီးသန့်တစ်နေရာထားပေးလျှင် ကဏ္ဍလေးတစ်ခုဖြစ်သွားမည်။ ပြပွဲတွင်လည်း ပို၍ အထောက်အကူ ဖြစ်လာနိုင်မည်။

ထို့ကြောင့် ကာတွန်းလက်ရာများအတွက် နေရာသီးသန့်ပေးမည်ဟု ကိုမျိုးမြင့်က ကတိပေးလိုက်သည်။

"ကဲ. . ဘာပြောကြဦးမလဲ"

တင်မောင်ကြည်က မတ်တတ်ရပ်လိုက်သည်။

"ကျွန်တော် ပြောချင်တာကတော့ အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးတဲ့အနေနဲ့ ကိုမျိုးမြင့်က လက်ဖက်ရည်တိုက်ဖို့ပါပဲ"

ကိုဇေယျက "ကောင်းသားပဲ"ဟု တိုးတိုးကလေးပြော၏။

ဖိုးတိုးက "ဂီး" ဟု ထအော်၏။

စံရှားက "ပိုင်တာပဲ"ဟု ဆို၏။

သို့ရာတွင် ကိုမျိုးမြင့်က မျက်နှာကို ရှုံ့မဲ့လိုက်လေသည်။

". . ဒီလူ ဆယ့်ငါးယောက်လောက်ကိုသာ လက်ဖက်ရည်တိုက်ရရင် ရှိတာလေး ကုန်ရောပေါ့ဗျ"

ဘာဘာကျော်က သူ နှစ်ကျပ်စိုက်ပါမည်ဟု ဆိုလေသည်။ ခင်မောင်လွင်က တစ်ကျပ်။ ခင်မြဇင်က နှစ်ကျပ်။ ကျွန်တော်က နှစ်ကျပ်။ ကိုဇေယျက တစ်ကျပ်။ ကျန်တာကို ကိုမျိုးမြင့်က စိုက်။

လက်ဖက်ရည်တစ်ခွက်စီသောက်ရင်း ဟိုအကြောင်း ဒီအကြောင်း မဟုတ်ကဟုတ်က လျှောက်ပြောနေဖြစ်ကြသည်။

"ကိုကိုမောင် မင်း . . ဘယ်နှကားပြီးပြီလဲ"

"လေးကား"

"မင်း . . စာရင်းတင်ထားတာ ခြောက်ကားဆိုတော့ ပြီးခါနီးပြီပေါ့"

"ဒါပေါ့ဗျ. . ကျွန်တော်က အပျင်းမှ မကြီးဘဲ"

သူ နှစ်ကားတည်းပြီးသေးသည်ကို ရည်ရွယ်၍ ကိုမျိုးမြင့်ကို ရိလိုက်သည်။ ကိုမျိုးမြင့်ကတော့ ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ "ကြည့်ကြသေးတာပေါ့ကွာ"ဆိုသော ပုံမျိုး။

"ဒါနဲ့ မင်းကားတွေက ထုံးစံအတိုင်း ဆာရီယယ်လစ်ဇင်ပဲလား"

"အင်း. . ."

ပုံတူပန်းချီကားတစ်ချပ်ဆွဲဖို့ စိတ်ကူးထားကြောင်း မပြောဖြစ်လိုက်။

လက်ဖက်ရည်ဆိုင်မှ ထလာပြီး ပန်းချီခန်းဘေးမှ ဖြတ်လျှောက်ချိန်တွင် အခန်းအမှတ် (အေအီး-၃)ဘက်သို့ မသိမသာ ခိုးကြည့်မိသည်။ အတန်းမရှိတော့။ အာရုံပြောင်းလဲသွားစေရန် စံရှားကို စကားလှည့်ပြောလိုက်၏။

"မင်း. . သုံးကားတင်မယ်ဆို၊ ဘာမှလဲ မလုပ်သေးပါလား"

"ကင်းဗတ်နဲ့ ဆေးမရှိဘူးကွ"

"ဝယ်ပေါ့ကွ"

"ပိုက်ဆံမှ မရှိတာ"

"ကင်းဗတ်နဲ့ဆေး မရှိဘူးဆိုတော့ စုတ်တံကော ရှိလို့လား"

"မရှိဘူး"



"ဆေးတို့ စုတ်တံတို့က အရေးမကြီးပါဘူး၊ ပန်းချီခန်းသွားပြီး တစ်ယောက်ယောက်ဆီက ယူရေးရင် ရပါတယ်၊ ကင်းဗတ်သာ အရေးကြီးတာ"

ကင်းဗတ်ဆိုသောကြောင့် အပြေးပြိုင်ပွဲဝင်ရန် ဖိနပ်ဝယ်ရမည်ဟု ပထင်ကြပါနှင့်။ ကင်းဗတ်ဖိနပ်ကို မဆိုလိုပါ။ ရွက်ဖျင်ကို ဆိုလိုပါသည်။ ဆီဆေးကားများဆွဲရာတွင် စက္ကူပေါ်မှာ မဆွဲရပါ။ ကင်းဗတ်ခေါ် ရွက်ဖျင်ပေါ်မှာ ဆွဲရပါသည်။ ယင်းကို ဆိုလိုပါ၏။

"ငါ့မှာရှိတဲ့ ပိုက်ဆံကလဲ ငါ့ကားတွေအတွက် ကင်းဗတ်ဝယ်လိုက်တာ နည်းနည်းပဲကျန်တယ်၊ အဲဒါယူသုံးလိုက်ရင် လက်ဖက်ရည်ငတ်နေလိမ့်မယ်ကွ"

စံရှားသည် မေးစေ့ကို ပွတ်သပ်နေပြီး . . .

"အေးကွ. . အိမ်ကငွေကလဲ မရောက်သေးဘူး"

"မင်း . . ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး"

"ဟင်. . မင်း မဆွဲတော့ဘူးလား"

"ဆွဲမှာပေါ့ကွ"

"ဘယ်လိုလဲဟ"

စံရှားသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"ကိုကိုမောင်ရေ. . မင်း တုံးလှချေလား၊ ငါဆွဲမှာက ရေဆေးလေကွာ၊ ဆီဆေးမှ ငါ မဆွဲတတ်တာ၊ အဲဒါ ကင်းဗတ်မှမလိုဘဲ၊ ကိုမျိုးမြင့်ဆီက ကတ်ပြားတွေယူပြီး ဆွဲမှာပေါ့ဟ"

"အေး. . ဟုတ်သားပဲ"

ပြိုင်တူရယ်လိုက်ကြသည်။ သို့ရာတွင် ထိုအရာကို မြင်သောအခါ ကျွန်တော့်ပါးစပ်လည်း အရယ်ရပ်သွားသည် ထင်၏။

ဝိဇ္ဇာဆောင်မြက်ခင်းပြင်ကို ဖြတ်လျှောက်လာနေသော လတ်သခင်ဟု ပြောဖို့ပင် မလိုပါ။ တခြား ဘယ်မိန်းကလေးသည် ကျွန်တော့်ရင်ကို လှုပ်ခနဲ ဖြစ်သွားစေလို့လဲ။

"လှုပ်ခနဲ"

"လှုပ်ခနဲ"

သုံးကြိမ်မြောက် လှုပ်ခနဲ ဖြစ်သွားပြီးလျှင် မျက်နှာကို ချာခနဲလှည့်ပစ်လိုက်သည်။ ဒဿနိကဗေဒဌာနထောင့်ရှိ ညောင်မုတ်ဆိတ်ပင်ကြီးမှ ဖွာကျနေသော အမြစ်မွေးဖွားများသည် လိမ်ယှက်ရှုပ်ထွေးလျက်။ ပင်ခြေရှိ ခုံတန်းလျားကလေးသည် ကျွန်တော် တစ်ခါမျှ မထိုင်ဖူးခင်ကပင် ပျက်စီး၍ နေခဲ့လေပြီ။

ဦးခေါင်းကို လက်ယာဘက်သို့ အတင်းလှည့်ထားရသည်။ ခေါင်းကို ထိန်းလို့ရသည်။ စိတ်အစဉ်ကမူ အချိန်မီ ဖမ်းဆုပ်၍ မထားနိုင်လောက်အောင် မြန်၏။

သူ့ကို လှည့်မကြည့်သော်လည်း ခုလောက်ဆိုလျှင် သူသည် ဝိဇ္ဇာဆောင် ဆင်ဝင်အောက်သို့ ရောက်နေလေပြီဟု ခန့်မှန်းနေမိလေသည်။

"ပြတ်သားလှချေလား သူငယ်ချင်း"

ကျွန်တော့်စိတ်ကို မမြင်နိုင်သောကြောင့် စံရှားက ကျွန်တော့်ကို ချီးကျူးသည်။ ကျွန်တော်ကမူ အဆောင်သို့ ပြန်ရောက်လျှင် ဖျတ်ခနဲမြင်ပြီး လှုပ်ခနဲဖြစ်ခဲ့ရသော အဖြစ်ကို စိတ်ထဲက ဖျောက်ဖျက်ပစ်ရန် အပြင်းအထန် ကြိုးစားရဦးမည့်အကြောင်းကို တွေးရင်း ရင်လေးနေမိလေ၏။

ပဲခူးဆောင်လှေကားထစ်များကို တက်နေစဉ် အတွင်းဝိဇ္ဇာဆောင် ဆင်ဝင်ရှိ ကျောက်သလင်းလှေကားထစ်များကို မြင်ယောင်မိပြန်သည်။

ဟယ်. . စိတ်ရှုပ်လိုက်တာကွာ။

အပေါ်ထပ်သို့ ပြေးတက်သွားသည်။ "ဘာဖြစ်တာလဲဟ" ဟု စံရှားက လှမ်းအော်၏။ ပြေးလွှားခြင်းကို ပြုလိုက်သော်လည်း သူသည် မျက်စိထဲက ထွက်၍မသွားချေ။ မျက်နှာသစ်လိုက်မည်ဟု ကြံစည်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ ရေချိုးခန်းထဲရောက်မှ ရေမလာသေးကြောင်း သိရသဖြင့် ပြန်ထွက်လာခဲ့သည်။ ကျွန်တော်တို့ အခန်းရှိသောဘက်၏စင်္ကြံသို့ ကွေ့လိုက်စဉ်မှာပင် စံရှားသည် စာရွက်တစ်ရွက် လာပြလေသည်။

"အခန်းသော့မှာ လာချိတ်သွားတာကွ"

စာကို ဖတ်ကြည့်တော့. . .

"စံရှားနှင့် အောင်ကိုကိုမောင် ပြန်ရောက်လျှင် အဆောင်မှူးအခန်းသို့ လာခဲ့ပါရန်"တဲ့။

"မနက်က သီချင်းဆိုတဲ့ ကိစ္စထင်တယ်"

"ဟုတ်မှာပေါ့"

"မင်းကတော့ သီချင်းဆိုတဲ့လူ မဟုတ်တော့ အေးအေးဆေးဆေး နေနိုင်တာပေါ့ကွ"

"ခုခေါ်တာ ငါလဲပါတာပါပဲ"

အဆောင်မှူးအခန်းသို့ ထွက်လာခဲ့ကြသည်။ စံရှားသည် မျက်နှာငယ်ကလေးနှင့် ဒါမျိုးကျတော့ ကြောက်သား။ ဒီကောင့်မျက်နှာကိုကြည့်ပြီး ရယ်ချင်လာသောကြောင့် သီချင်းတစ်ပုဒ်ကို တိုးတိုးလေးညည်းနေမိသည်။

ဘာသီချင်းလဲ သိလား. . . .

"ကောလိပ်ကျောင်းက နောက်ထပ်ယုတ်တဲ့ ဇလုံပွဲရယ် ပန်းကန်ပွဲရယ်၊ ကြွက်သားပုပ်ကို ဝယ်ကာချက်တော့ ဟင်းရည်ကျဲလို့ နံတယ်နံတယ်"

"တိတ်စမ်းကွာ"

အဆောင်မှူးသည် သူ့အခန်းရှေ့နားက စင်္ကြံမှာ ပက်လက်ကုလားထိုင်ဖြင့် ထိုင်ရင်း စာဖတ်နေသည်။ သူ့နားသို့ ကျွန်တော်တို့ ရောက်သွားသောအခါ မျက်လုံးကို တစ်ချက်လှန်ကြည့်ပြီး စာတစ်ပုဒ်ဆုံးအောင် ဆက်ဖတ်နေပြန်သည်။



ကျွန်တော်တို့နှစ်ယောက်ကတော့ လက်ကလေးတွေ နောက်ပစ်ပြီး ကုပ်ကုပ်ကလေး။

ဆရာသည် ဖတ်လက်စစာမျက်နှာကြားတွင် လက်ညှိုးကို ညှပ်၍ စာအုပ်ကို ပိတ်လိုက်သည်။ ထို့ကြောင့် ဆရာသည် ကျွန်တော်တို့ကို စကားအကြာကြီး ပြောလိမ့်မည် မဟုတ်ကြောင်း ခန့်မှန်းရသဖြင့် စိတ်နည်းနည်း အေးသွား၏။

"ဒီလိုကွာ. . ."

ဆရာ့လေသံသည် ပျော့ပျောင်းနေသောကြောင့် ကျွန်တော်တို့ကို ဟောက်မည်မဟုတ်ကြောင်း သေချာသွားပါပြီ။

"ဒီလိုကွာ. . ဆရာတို့ အဆောင်က ထမင်းစားခန်းထဲမှာ 'သန့်ရှင်းမှုဖြင့် ကူညီပါ' ဆိုတဲ့ စာလုံးလေးရေးပြီး ကပ်ချင်လို့၊ အဲဒါ မင်းတို့က ပန်းချီဆရာတွေဆိုတော့ အကူအညီတောင်းချင်လို့"

"ဟာ. . ရပါတယ်ဆရာ၊ ကျွန်တော်တို့ ခုရေးပြီး လာပို့ပါ့မယ်"

ဆရာက ရိုးရိုးအကူအညီတောင်းခြင်းလည်း ဖြစ်ချင်ဖြစ်မည်။

သို့တည်းမဟုတ် စံရှားဆိုသော သီချင်းကို ကြားသွားသောကြောင့် "မင်းတို့ဘက်ကလဲ စည်းကမ်းရှိရှိနေ" ဟု ပြန်လည်ပညာပေးနေခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ခုအချိန်မှာ ကျွန်တော်တို့က ဆရာခိုင်းတာ လုပ်ပေးဖို့ အသင့်ပဲ။

"ဒါပါပဲကွာ. . သွားနိုင်ပါပြီ"

ဟူး. . တော်ပါသေးရဲ့၊ မနက်က စံရှားဆိုသော သီချင်းနှင့်ပတ်သက်၍ ဆရာက ဘာမှမပြောလို့။ သို့ရာတွင် ကျွန်တော်တို့ ခပ်လှမ်းလှမ်းအရောက်တွင် ဆရာလှမ်းအော်ပြောလိုက်သောစကားကြောင့် ကျွန်တော်တို့နှစ်ယောက် ပခုံးကို ပြိုင်တူတွန့်လိုက်မိကြသည်။

"ဟေ့. . မောင်စံရှား၊ မနက်က မင်းဆိုတဲ့သီချင်းက ဆရာတို့ကျောင်းသားဘဝက ဆိုခဲ့တဲ့ သီချင်းပဲကွ"

♥♥♥

## (၅)

ရှေ့တည့်တည့်ရှိ အောက်ခံဆေးအဖြူ သုတ်ထားသော ရွက်ဖျင်စကြီးကို ငေးကြည့်နေမိသည်။ ဆေးတစ်စက်မျှ မတို့မထိရသေး။ ခဲရာပင် မပေးရသေး။ အဖြူသက်သက်။

**“အိပ်မက်ထဲမှာ”**

ပန်းချီကားအမည် ဖြစ်ပါသည်။ ဆဋ္ဌမမြောက်ကား။ ကျွန်တော်သည် ခြောက်ကား စာရင်းတင်ထားရာ ငါးကားမှာ လုံးဝပြီးစီးသွားခဲ့ပြီ။ ဒါနောက်ဆုံးကားဖြစ်၏။ ဒီည အပြီးဆွဲရမည်။ နက်ဖြန် မနက်ဆိုလျှင် ပန်းချီကားများကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်စစ်ဆေးကြလိမ့်မည်။ ထို့ကြောင့် ပန်းချီခန်းမှာလာပြီး ညမအိပ်ဘဲ ဆွဲဖို့ကြိုးစားနေခြင်းဖြစ်ပါသည်။

ကျွန်တော်ကား ပန်းချီသမားတစ်ယောက်အဖို့ အကြောင်ဆုံးအလုပ်၊ သို့တည်းမဟုတ် အခက်အခဲအနက်နဲဆုံး အလုပ်တစ်ခုကို လုပ်ရန် ကြံစည်နေခြင်းပင် ဖြစ်လေသည်။

ခုဆွဲမည့် ပန်းချီကားသည် ကျွန်တော့်လိုင်း မဟုတ်။

ကျွန်တော့်လိုင်းမှာ **ဆာရီယယ်လစ်ဇင်** ဖြစ်သည်။ ယင်းကို အဓိပ္ပာယ်အမျိုးမျိုး ပြန်ဆိုကြမည်ဖြစ်သော်လည်း ကျွန်တော်ကမူ **အိပ်မက်ပန်းချီ** ဟူသော မြန်မာပြန်ဆိုချက်ကို အနှစ်သက်ဆုံးဖြစ်သည်။

**ဆာရီယယ်လစ်ဇင်** နှင့် **အက်ဘ်စထရက်** နှင့်လည်း မတူ။ **အရာဝတ္ထု**တို့ကို ပီပြင်အောင် ဆွဲရသည်။ သို့ရာတွင် **အရာဝတ္ထုတို့သည် သူ့နေရာနှင့်** သူ ပုံမှန်ရှိချင်မှ ရှိမည်။ ဥပမာ. . လူပုံကို အပီဆွဲသော်လည်း **ထိုသူ၌** မျက်စိသုံးလုံး ဖြစ်ချင်ဖြစ်နေလိမ့်မည်။ အိပ်မက်ထဲတွင် **တွေ့ဖူးကြ**သော ပုံစံမျိုး။ သို့ရာတွင် ဆောင်းတွင်းအိပ်မက် ကယောက်ကယက်လို **အဓိပ္ပာယ်တစ်ခုခု**ရှိရမည်။ ကျွန်တော် တစ်ခါက ***စည်ပင်သာယာ*** ဟူသော ပန်းချီကားတစ်ချပ်ဆွဲဖူးသည်။



မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေးလုပ်သားတစ်ဦး၏ပုံ။ ပုံထဲတွင် ထိုလူ၌ လက်နှစ်ချောင်း မပါရှိချေ။ လက်များနေရာတွင် တံမြက်စည်းများဖြစ်နေသည်။

ထားတော့. . .

ခု. . ကျွန်တော်ဆွဲမည့် ကားမှာ ဆာရီယယ်လစ်ဇင်နှင့် ဘာမျှမဆိုင်။

ပုံတူပန်းချီကား။

မည်သူ၏ပုံဖြစ်မည်ကို ပြောဖို့ပင် မလိုပါ။

ပုံတူရေးဆွဲရာတွင် ကျွန်တော်သည် ပုံဆွဲဝိဇ္ဇာ ကိုမျိုးမြင့်လောက်မတော်သော်လည်း ပုံဆွဲရေးဆွဲခြင်း၏ အခြေခံအချက်များကို သိသည်။ စည်းမျဉ်းဥပဒေသများကို နားလည်သည်။ ပန်းချီသင်တန်း တက်ခါစကလည်း လေ့ကျင့်ခဲ့ဖူးသည်။

သို့ရာတွင်. . ပုံတူရေးဆွဲရာ၌ မရှိမဖြစ် လိုအပ်သောအရာ။

မိုဒယ်ခေါ် ပုံစံ။

သက်ရှိ လူ၊ သို့တည်းမဟုတ် ဓာတ်ပုံ။

လတ်သခင်၏ပုံကို ဆွဲမည်ဆိုပါစို့။

(အမှန်မှာလည်း သူ့ပုံကိုပင် ဆွဲပါမည်)

လတ်သခင်ကိုယ်တိုင် ကျွန်တော့်ရှေ့မှာ လာထိုင်ပေးရမည်။

သို့တည်းမဟုတ် သူ၏ဓာတ်ပုံကို ကြည့်၍ဆွဲရမည်။

ခု. . ကျွန်တော့်မှာ သူ့ဓာတ်ပုံလည်း မရှိ။ သူလည်း မရှိ။

ဘယ်လိုလုပ် ဆွဲမည်နည်း။ ထို့ကြောင့် ရှေ့က ပိတ်ဖြူစကြီးကို ငေးကြည့်နေခြင်း ဖြစ်ပါသည်။

ပန်းချီခန်းမှာ လာနေကြသူများအားလုံး အိပ်ကုန်ကြပြီ။

ပင်နယ်လ်ခေါ် ပန်းချီကား ချိတ်ဆွဲသည့် ဘုတ်ပြားများကို ခင်း၍အိပ်ကြသည်။ ညိုဝင်းမောင်သည် လုံချည်ကို ခြုံ၍ကွေးနေ၏။ ကိုဇေယျကား စောင်ပိုင်းကလေးတစ်ခုကို ခြုံထားသော်လည်း အရပ်ကရှည်သောကြောင့် ဒူးအောက်ပိုင်းသည် စောင်အပြင်သို့ထွက်နေသည်။ ဟိုဘက်မှာ စောင်မပါဘဲ စန့်စန့်ကြီးအိပ်နေသူ စံရှားသည် သူ၏လက်ရာဖြစ်သော ***“လက်သီးကို ဆုပ်လိုက်ပါ”*** ပန်းချီကားကို တစိမ့်စိမ့်ကြည့်ရင်း အိပ်ပျော်သွားရှာဟန် တူလေသည်။ သူ့နဖူးပေါ်မှာ ခြင်တစ်ကောင်နားနေသောကြောင့် လက်ဖြင့်ယပ်ပြီး မောင်းထုတ်လိုက်ရသည်။ ဘာဘာကျော်နှင့် တင်မောင်ကြည်ကား စောင်သေးသေးကလေးတစ်ထည်ကို နှစ်ယောက်ပူး၍ ခြုံထားကြလေသည်။

ဩော်. . . သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ။

ပန်းချီဆွဲနေသူဟူ၍ ကိုမျိုးမြင့်နှင့် ကျွန်တော်တို့နှစ်ယောက်သာ ရှိသည်။ ကိုမျိုးမြင့်မှာ သူ့ကိုကြည့်လိုက်လျှင် သာမန်အားဖြင့် လူပျင်းကြီးဟုထင်ရသော်လည်း အလုပ်တစ်ခုခုကို လုပ်လျှင် မပြီးမချင်း မထဘဲ လုပ်တတ်သော ဇွဲရှိသည်။

ပန်းချီကား၏အဆင့်တစ်ဆင့် မပြီးမချင်း ဆေးလိပ်ပင်ကောက် မသောက်။ တစ်ဆင့်ပြီးသွားပြီဆိုမှ ဆေးလိပ်ကလေးမီးညှိ၍ ဇိမ်ဖြင့်ဖွာရင်း ဆွဲလက်စပန်းချီကားကို ပြန်လည်စစ်ဆေးနေတတ်၏။ ပြီးလျှင် ဆေးလိပ်တိုကို ချပြီး ဆက်ဆွဲပြန်သည်။ ဤသို့လျှင် ပန်းချီကားပြီးသည်အထိ မထတမ်းဆွဲနိုင်သည်။

ခုတော့မူ သူသည်လည်း ကျွန်တော့်လိုပင် ဆေးလိပ်ကို တစ်ဖွာပြီး တစ်ဖွာရှိုက်ရင်း သူ့ရှေ့က ပန်းချီကားကို ငေးကြည့်နေလေသည်။ ပန်းချီကားမှာ အောက်ခံအပြာရောင်ပြင်ကြီး သုတ်ထားရုံကလွဲပြီး ဘာမျှမလုပ်ရသေး။ သူကကော ကျွန်တော့်လိုပင် ပုံတူဆွဲမည်ကြံပြီး မိုဒယ်မရှိဘဲ ဖြစ်နေပါသလား၊

"ကိုမျိုးမြင့် ဘာဝိုင်နေတာလဲဗျ"

"ဘာလုပ်ရမှန်း မသိလို့ကွ"

"ခင်ဗျား ပို့ထရိတ်ဆွဲမလို့လား"

"မဟုတ်ပါဘူးကွာ"

"ဒါဖြင့် ဘာဆွဲမှာလဲ"

"ဘာဆွဲရမှန်း မသိလို့ပေါ့ကွ"

"ဟောဗျာ. . ဘယ်လိုဖြစ်တာလဲ"

"ဒီလိုကွာ၊ ကတ်တလောက်ရိုက်ဖို့အတွက် ပန်းချီကားတွေ စာရင်းပေးတော့ အပြာထဲက အပြာဆိုတဲ့ နာမည်တစ်ခုပေးလိုက်တယ်၊ အဲဒီနာမည်ကလေးကြိုက်လို့ ပေးလိုက်တာပဲ၊ ခု အဲဒီနာမည်အတွက် ဘာပုံဆွဲရမှန်း မသိဘူး၊ ပြောစမ်းပါဦးကွ၊ ဘာဆွဲရင် ကောင်းမလဲ"

"ကျွန်တော့်ကားအတွက်တောင် ဘာလုပ်ရမှန်း မသိသေးဘူး"

"ခက်တာပဲကွာ"

ကိုမျိုးမြင့်သည် ခေါင်းကို ကုတ်၍နေ၏။ ကျွန်တော့်ပန်းချီကားကို လှမ်း၍ကြည့်သည်။

"မင်းကကော ဘာလို့မဆွဲသေးတာလဲ"

"ကျွန်တော်လဲ ခင်ဗျားလိုပဲ"

"ဘာဆွဲမှာလဲ"

"ပို့ထရိတ်"

"ဘယ်သူ့ပုံလဲ"

"အမျိုးသမီးပုံ"

"ဒါဆိုလဲ သွားဆွဲကွာ"

ကိုမျိုးမြင့်သည် ဆေးလိပ်ကို မီးညှိပြီး သူ့ကားပြာကြီးကို ငေးစိုက်ကြည့်နေပြန်သည်။ ကျွန်တော်ကလည်း ကိုယ့်နေရာ ကိုယ်ပြန်ထိုင်ပြီး ကျွန်တော့်ကားဖြူကြီးကို ငေးစိုက်ကြည့်နေလိုက်သည်။

ဘာဆက်လုပ်ရမှန်းမသိ။

စုတ်တံကို ကောက်ကိုင်လိုက်သည်။



စုတ်တံမှ အမွေးဖွားကလေးကို အဓိပ္ပာယ်မရှိ ကိုင်ကြည့်နေမိသည်။ ပြီးတော့ ပြန်ချထားလိုက်သည်။ ဆေးအပြာဘူးတစ်ဘူးကိုယူ၍ အဖုံးကို ဖွင့်သည်။ ပြီးတော့ ပြန်ပိတ်သည်။ ဆေးလိပ်မီးညှိသည်။ ဖွာသည်။

လတ်သခင်ပုံတူကို ဆွဲသောကြောင့် စံရှားကို ပေးထားသောကတိကို ဖျက်ရာမရောက်ဟု ထင်သည်။ "သူ့ကို မလိုက်တော့ပါဘူး"ဟူ၍သာ ကတိပေးထားသည်။ "သူ့ပုံတူကို မဆွဲပါဘူး"ဟု ကတိပေးမထားချေ။ သို့ရာတွင် ဒီပုံကြီးပြီးသွားလျှင် စံရှားသည် ကျွန်တော့်ကို တစ်ခုခုတော့ ပြောပါလိမ့်မည်။ လက်ရာကောင်းသည်ဟု ပြောလိမ့်မည် မဟုတ်ကြောင်းကိုကား သိပါသည်။

ညသည် တဖြည်းဖြည်းနက်လာပြီ။ ဆယ်နာရီခွဲ။ ကျွန်တော့်ပန်းချီသမားသက်တမ်းတွင် ပန်းချီကားတစ်ချပ်ကို အချိန်အတိုတောင်းဆုံးဖြင့် ဆွဲရပေတော့မည်။

ဘယ်လိုဆွဲမည်နည်း။

တစ်နည်းပဲ ရှိပါသည်။

သူ့ကို စိတ်ကူးထဲက မှန်းပြီး ပုံဖော်ကြည့်။ ထိုပုံကို အလွတ်ကျက်မှတ်ပြီးတော့ ပြန်ဆွဲလေ။

စိတ်ကို သူ့အားစတင် တွေ့ရှိခဲ့ရာ ဘောလီဘောကွင်းဆီသို့ လွှတ်လိုက်သည်။ ရှာမရ။ စာသင်ခန်း (အဆောင်-၃)ထဲမှာ ဝင်ရောက်ရှာဖွေသည်။ မတွေ့။ အမေကြည့်အအေးဆိုင်မှာလည်း သူ့ရုပ်သွင်သည် မရှိ။ ဝိဇ္ဇာဆောင်မြက်ခင်းပေါ်၌လည်း သူသည် ကွယ်ပျောက်၍ နေလေသည်။

သူ့ရုပ်ပုံကို ဖမ်း၍မရ။ မှန်း၍မရ။ အလွန်တရာ စွဲလမ်းခဲ့သော မျက်နှာသည် အဘယ်ဆီသို့ ရောက်၍နေပါသနည်း။ ကိုမျိုးမြင့်ဆီသို့ လှည့်ကြည့်လိုက်သည်။ သူသည် ဆေးရောင်များ စပ်၍နေပေပြီ။

"ကိုမျိုးမြင့် မာလာဆောင်နောက်ဘက်မှာ သွားထိုင်ရအောင်"

"ဟာကွာ. . မင်းကလဲ ငါ့ကားကို စဆွဲတော့မလို့"

"ခင်ဗျား. . အိုင်ဒီယာရပြီလား"

"အေးကွ၊ ကောင်းကင်ပြာကြီးထဲမှာ ကမ္ဘာကြီးပုံဆွဲမယ်၊ ကမ္ဘာကိုလဲ ဂြိုဟ်ပြာလို့ခေါ်တယ် မဟုတ်လား၊ ပြီးတော့ ကမ္ဘာပေါ်မှာရှိတဲ့ သမုဒ္ဒရာတွေထဲက ရေတွေက စကြဝဠာထဲကို လွှင့်စဉ်ဖိတ်ကျနေတဲ့ပုံကွ"

"ကောင်းသားပဲ"

"မင်းကော. . ပို့ထရိတ်ဆွဲမလို့ဆို၊ ဆွဲလေကွာ၊ အချိန်မရှိတော့ဘူး"

"ဆွဲလို့ မရဘူးဗျ"

"ဘာဖြစ်လို့လဲဟ"

"မိုဒယ်မရှိဘူး၊ ဓာတ်ပုံတောင် မရှိဘူး"

"ဟော. . ."

သူ အံ့သြသွားလေ၏။

သူလိုလူတောင်မှ ပုံတူတစ်ခုကို အလွတ်ဆွဲရန် မဖြစ်နိုင်။

တကယ်တော့ ကျွန်တော်သည် အာဂကျွန်တော်။

"ဟေ့ကောင်ရ၊ မင်း အရူးလား၊ မော်ဒယ်မရှိဘဲနဲ့"

"စိတ်ကူးထဲမှာတော့ ရှိတယ်ဗျ၊ ဒါပေမယ့် . . ."

"မကြောင်နဲ့ကွာ၊ မဖြစ်နိုင်ဘူး"

"ဖြစ်အောင်လုပ်မယ်ဗျာ"

"ဟာ . . သွားကွာ၊ မင်းဟာမင်း သွားလုပ်"

"နေဦး . . ခင်ဗျားကို တစ်ခုမေးစရာရှိလို့၊ ခင်ဗျား အမျိုးသမီးရဲ့ . . . မျက်နှာကို ခုချိန်မှာ စိတ်ကူးထဲမှာ မြင်ကြည့်စမ်းပါ"

ကိုမျိုးမြင့် တွေသွား၏။ သူသည် မျက်မှောင်ကို ကုပ်သည်။ မျက်လုံးကို အတန်ငယ်မှေးသည်။ သူ့မျက်နှာမှာ အားမလိုအားမရ ဖြစ်နေပုံရသည် အထင်းသား။ တစ်ခုခုကို စူးစူးစိုက်စိုက် ကြည့်နေသလို။ ဦးခေါင်းသည် ရှေ့ကို စိုက်ခနဲ စိုက်ခနဲ ဖြစ်သွား၏။ ခေါင်းယမ်းလိုက်သည်။

"အေးကွ တစ်မျိုးပဲ၊ သူ့မျက်နှာကို မှတ်တော့မှတ်မိတယ်၊ ဒါပေမယ့် စိတ်ကူးထဲမှာ ပီပီပြင်ပြင် ဖြစ်ပေါ်မလာဘူး"

"အဲဒါ ဘာဖြစ်လို့လဲ"

"ငါလဲ မသိဘူးကွ"

"ကျွန်တော်လဲ မသိပါဘူးဗျာ"

အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ကိုမျိုးမြင့်သည် "ဟာကွာ . . မင်း တော်တော် ဒုက္ခပေးတဲ့ကောင်ပဲ"ဆိုပြီးလျှင် ခေါင်းကုတ်ရင်း ကျန်ရစ်ခဲ့လေသည်။

မာလာဆောင်နောက်ဘက်စည်းရိုးရှိ ခုံတန်းလျားဆီသို့ လာခဲ့သည်။ ပန်းချီခန်းမမှ အထက်တွင် အကျင့်ပါနေသောကြောင့် အခန်း (အေအီး-၃) ဆီသို့ တစ်ချက်လှမ်းကြည့်မိသေးသည်။

ခုံတန်းလျားကလေးသည် ကျွန်တော့်စိတ်များလိုပင် ထိုင်းမှိုင်း၍နေသည်။ ထို့ကြောင့် စကြိန်ပေါ်မှာပင် အုတ်တိုင်ကို မှီရင်းထိုင်ချလိုက်သည်။ မာလာဆောင်ဆီသို့ ငေးကြည့်နေ၏။ မီးပိတ်ထားသော အခန်းများ၊ မီးဖွင့်ထားသော အခန်းများ။ လင်းထိန်နေသော ထမင်းစားခန်း။ သံတိုင်ကို ရစ်ပတ်တွယ်တက်နေသော နွယ်ပင်များ၊ သူ့မျက်နှာ မပါဝင်။

*မျက်စိကို မှိတ်ထားလိုက်သည်။*
*ခက်လိုက်တာ။*
*အလွန်စွဲလမ်းသော မျက်နှာဖြစ်ပါလျက်ကနဲ့။*
*ကျိန်းသေမှတ်မိပါတယ်၊*
*သို့ပေမယ့် ပီပြင်စွာ ပေါ်မလာ။*
*မျက်စိအနားတွင် . . .*
*နီးလွန်းအားကြီးလျှင်*
*ထင်ထင်ရှားရှား မမြင်နိုင်။*



ကဗျာဆရာမြင့်ကောင်း၏ အတွေး။

လတ်သခင်သည် ကျွန်တော့်မျက်စိအနားတွင် နီးလွန်းအားကြီးရုံမျှမက မျက်စိကို ဖောက်ထွင်းဝင်ရောက်ပြီးလျှင် နှလုံးသားဆီသို့ . . .

သူ့ရုပ်ပုံသည် အာရုံထဲတွင် ဖျတ်ခနဲပေါ်လာ၏။ နှလုံးသားက မြင်လိုက်ရပြီ ထင်သည်။ သူ အမှန်ပါပဲ။ ထိုပုံကို လွတ်ထွက်မသွားရန် ကြိုးစားရမည်။ သမာဓိအားကို တည်ဆောက်၏။ စိတ်အစဉ်ကို စူးစိုက်၍ထားရသည်။ ပင်ပန်းလွန်း၍ တစ်ချက်တစ်ချက် မှုန်ဝါးသွား၏။ စိတ်ကို တောင့်တောင့်ထား။ မှန်ဘီလူးဖြင့် ဆုံတာရှာရသလိုပင်။ ပြတ်သားလိုက် မှုန်ဝါးလိုက်၊ မဟန်နိုင်တော့ဘူး။ ပျောက်ကွယ်သွားလေပြီ။

ဆုပ်ထားသော လက်သီးများ ပြေသွားသည်။ ကြိတ်ထားသော အံသွားများ လျော့ကျသွားသည်။ မျက်လုံးထဲမှာ မြင်ကွင်းကျယ်ဖြစ်သွားသည်။ စိတ်ကူးအာရုံထဲတွင် ဟာလာဟင်းလင်း။

*မော်ဆရာရယ်*
*ညအခါမှာ*
*မာလာသူလေးကို*
*ဘယ်မှာ ဝှက်ထားသလ*
*ငါ့ကို ပြောပြပါလား*
*ကံ့ကော်တစ်ပွင့် ခူးပေးမယ်။*

ဆရာအောင်ပြည့်သည် ထိုကဗျာကို ဘယ်သူ့အတွက် ရေးခဲ့ပါသနည်း။ အားလျော့လိုက်ပြီ။ ဦးခေါင်းသည် နံရံပေါ်သို့ မှီလျက်ကျသွားသည်။ မာလာဆောင်အခန်းမီးများ အားလုံးပိတ်ထားကြပြီ။ ထိုအချိန်မှာပင် အခန်းတစ်ခန်းမှ ဖျတ်ခနဲမီးလင်းလာသည်။

သူ့ရုပ်သွင်သည် အာရုံထဲ၌ ဖျတ်ခနဲပေါ်လာလေသည်။ ရေခဲသုတ်စားနေစဉ် လှမ်းမြင်လိုက်ရသောပုံ။ ဆံပင်များသည် မျက်နှာတစ်ခြမ်းကို အုပ်လျက်ဝဲနေသည်။ မျက်နှာကို မမြင်ရ။ သို့ရာတွင် သူမှသူ။ ဘယ်သူ ငြင်းနိုင်ပါမည်နည်း။

ပန်းချီခန်းရှိရာသို့ အမြန်ပြေးသွားသည်။

ခဲတံကိုကောက်၍ ပုံကြမ်းဆွဲသည်။

ကိုမျိုးမြင့်သည် ကျွန်တော့်ကို လှည့်၍ပင်မကြည့်ဘဲ သူ့ပန်းချီကားပေါ်၌ အာရုံစိုက်နေသည်။ ကျွန်တော်ကလည်း ကိုယ့်အလုပ်မှလွဲ၍ ဘာကိုမှ အာရုံမစိုက်ပြီ။

*အပြာရောင် များများသုံးမည်။*
*အစိမ်းရောင် မပါဝင်စေရ။*
*ပထမအဆင့် အရောင်သွင်းပြီးပြီ။*

အမယ် . . ပုံကြမ်းအဆင့်မှာတောင် တော်တော်တူနေပြီ။

စုတ်တံကလေးများသည် ပန်းချီကားပေါ်၌ တစ်ယောက်တစ်လှည့်စီ ပျော်ရွှင်စွာ ပြေးလွှားနေကြ၏။

ကိုယ်တစ်စောင်း အနေအထား။

ခေါင်းငုံ့ထားသည်။

မျက်နှာတစ်ခြမ်းပေါ်တွင် ဆံပင်များဝဲလျက်။

မျက်တောင်ကော့ကလေး။

နှာတံအဖျားပိုင်းကလေး၊

နှုတ်ခမ်း၏ တစ်စွန်းတစ်စ . . .

. . . . . . . . . . . . . . . .

. . . . . . . . . . . . . . . .

သူမဟုတ်ဘူးလို့ ဘယ်သူက ငြင်းချင်ပါသေးသလဲ။

"အောင်ပြီ . . အောင်ပြီ"ဟု ထအော်လိုက်ချင်တော့သည်။

သတိရ၍ ကြည့်လိုက်သောအခါ ကိုမျိုးမြင့်သည် ဘယ်အချိန်က ဝင်အိပ်သွားမှန်း မသိလိုက်။ သူ့ကားလည်း ပြီးနေပြီ။

သူ့ကားကို မကြည့်လိုသေးပါ။ သူသည် ကျွန်တော့်ကို အနှောင့်အယှက် မပေးလိုသောကြောင့် အသိမပေးဘဲ ဝင်ခွေသွားခြင်း ဖြစ်လိမ့်မည်။ ကျေးဇူးတင်ပါသည် အတွင်းရေးမှူးခင်ဗျား။

ကြည့်လို့မဝ။ မျက်နှာလွှဲလို့ မရ။ တစ်မှေးမျှ မအိပ်ရသေးသော်လည်း စိတ်ထဲက ကြည်လင်နေ၏။ ကိုယ်ခန္ဓာသည် အကြီးအကျယ်လန်းဆန်းနေသည်။ ခြင်တစ်ကောင်သည် ပန်းချီကားပေါ်မှ သူ့ပါးပြင်နေရာမှာ လာနားသည်။ ဒီကောင့်ကို ဒေါသဖြင့် ရိုက်ပစ်မည်ကြံသော်လည်း သူ့ပါးပြင်ကို ရိုက်ရာကျမည်စိုးသဖြင့် လေနှင့်မှုတ်ပြီး မောင်းထုတ်လိုက်ရသည်။

ဘယ်လောက်ကြာအောင် ငေးကြည့်နေမိမှန်း မသိ။ နောက်ဘက်ဆီမှ သက်ပြင်းချသံကိုကြား၍ လှည့်ကြည့်လိုက်သည်။ စံရှားသည် ကျွန်တော့်ပန်းချီကားကို ငေးကြည့်နေလေသည်။ ခေါင်းကိုယမ်းသည်။ သူ ပြော၏။

"မင်းတော့ဖြင့် ဒီတောင်က ကျော်နိုင်မယ် မထင်တော့ဘူးကွာ"

♥♥♥

(၆)

"မင်း ငါ့ကို ပေးထားတဲ့ကတိကို ဖျက်တော့မယ် မဟုတ်လား"

"ခုထိတော့ မဖျက်သေးပါဘူး"

"မကြာခင် ဖျက်တော့မယ် မဟုတ်လား"

စံရှားကို တစ်ချက်စိုက်ကြည့်ပြီး ငြိမ်နေလိုက်သည်။

ပန်းချီပြပွဲ ဝင်ပေါက်ဝသို့ အကြောင်းမရှိဘဲ လှမ်းကြည့်နေမိ၏။

ပန်းချီပြပွဲ၏နောက်ဆုံးနေ့သည် စည်ကားပါသည်။ အပန်းဖြေခန်းမထဲတွင် ဧည့်ပရိသတ်များတို့ များပြားလှ၏။

ကျွန်တော်တို့နှစ်ယောက်သည် ပန်းချီကားများချိတ်ဆွဲထားသော ဘုတ်ပြားများ၏ကျောဘက်ရှိ ပွဲကြည့်စင်ခုံတန်းများပေါ်တွင် ထိုင်နေကြခြင်းဖြစ်သည်။ ကျွန်တော်တို့နေရာမှကြည့်လျှင် ပြပွဲလာကြည့်သူတို့ကို ဘုတ်ပြားများ၏ အဆက်ကြားမှ မြင်ရသည်။ ယောကျ်ားကလေးအုပ်စု၊ မိန်းကလေးအုပ်စု၊ ချစ်သူစုံတွဲ၊ ပန်းချီကားလာကြည့်သူတွေ၊ ပန်းချီကားလာကြည့်သူတွေကို လာကြည့်သူတွေ၊ ခံစားလို၍ လာသူတွေ၊ ဝေဖန်လို၍ လာသူတွေ၊ ဟားတိုက်လို၍ လာသူတွေ။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့ ရှေ့တည့်တည့်မှာ လာကြည့်သူတွေကို ခြေမျက်စိအထက်ပိုင်းကို မမြင်ရ။ ဘုတ်ပြားတွေက ကာနေသည်။ အောက်ခြေက လွတ်နေသော နေရာ၌သာ ခြေထောက်များကို မြင်နေရသည်။ အမျိုးသမီးတို့၏ခြေထောက်များကို ကြည့်ရသည်မှာ စိတ်ဝင်စားစရာကောင်းသည်။ မျက်နှာကို မမြင်ရဘဲ ခြေထောက်များကို ကြည့်၍ လှမည်,မလှမည်ကို ခန့်မှန်းရသည်မှာ ပျော်စရာကလေးတစ်မျိုးကောင်းသည်။

ဖောင်းဖောင်းကလေးတွေ၊

သွယ်သွယ်ကလေးတွေ၊

တုတ်တုတ်ကလေးတွေ၊

ရှည်ရှည်ကလေးတွေ၊

တိုတိုကလေးတွေ၊

ဖြူဖြူကလေးတွေ၊

ညိုညိုကလေးတွေ၊

နီနီကလေးတွေ။

"လတ်သခင်ကိစ္စနဲ့ပတ်သက်ပြီး မင်းကို ငါ ဘာမှမပြောတော့ဘူးကွာ"

စံရှားသည် ကျွန်တော့်ကို နားလည်သွားပြီထင်၏။

သူ့ကို ဘာမျှ ပြန်မပြောမိ။

"ငါက တားပေမယ့်လဲ မင်း လုပ်ချင်ရာ လုပ်မှာပဲ မဟုတ်လား"

ဆက်လက်၍ နှုတ်ဆိတ်နေမိသည်။ ကျွန်တော် လုပ်ချင်တာ လုပ်မလား၊ မလုပ်ဘူးလားဆိုသည်ကိုတော့ ကျွန်တော့်ဖာသာ မသိ။

"အေးပေါ့ကွာ၊ မင်းထိုက်နဲ့ မင်းကံပေါ့၊ ကျန်စစ်သားက စောလူမင်းကို ကယ်ဖို့ ကြိုးစားခဲ့ပေမယ့် စောလူမင်းက အကောင်းမထင်တော့၊ ကျန်စစ်သားက ပြောလိုက်သလို **မင်းဆိုးမင်းညစ် ရန်သူတို့လက်မှာ ခွေးသေဝက်သေ သေရစ်ပေတော့လို့** ပြောရတော့မှာပဲ"

"မင်း ဘာမှ မပြောတော့ဘူးဆိုပြီး ဘာတွေလေရှည်နေရတာလဲ"

"နောက်ကို မပြောတော့ဘူးလို့ ပြောတာကွ၊ ခုတော့ ဝအောင်ပြောရဦးမယ်"

သို့ရာတွင် စံရှား ဘာမှမပြောနိုင်ခင်မှာပင် ညိုဝင်းမောင်သည် ကျွန်တော့်ကို လာခေါ်လေသည်။

"ကိုကိုမောင် မင်းပန်းချီကားကို ဝယ်ချင်လို့တဲ့"

ထိတ်ခနဲဝမ်းသာသွားသည်။ ကျွန်တော်ကဲ့သို့ မထင်မရှား ပန်းချီဆရာတစ်ယောက်အဖို့ ပထမဦးဆုံးအကြိမ် ပန်းချီကားရောင်းရခြင်းသည် ဘယ်လောက်ဝမ်းသာစရာကောင်းပါသနည်း။ သို့ရာတွင် ယခု လာဝယ်သည်ဆိုသော ပန်းချီကားသည် ကတ်တလော့ထဲတွင်"N.F.S" (ရောင်းရန်မဟုတ်ဟု) ရိုက်နှိပ်ထားသော ပန်းချီကားဖြစ်လိမ့်မည်ကို မသိခဲ့။

အရောင်းကောင်တာဆီသို့ လျှောက်လာခဲ့သည်။ အမျိုးသမီးတစ်ယောက်သည် ကောင်တာတွင် ထိုင်နေသော ကိုအောင်ကျော်မိုးနှင့် စကားပြောနေသည်။ သူ့လက်ထဲမှာ ပန်းချီကားကတ်တလောက်စာအုပ်။

"အဲဒါကတော့ ပန်းချီဆရာရဲ့ သဘောပဲဗျာ၊ သူ ရောင်းချင်ရင်တော့ ရောင်းမှာပေါ့"

ကိုအောင်ကျော်မိုး၏အသံကို ကြားရသည်။

ကျွန်တော် အနားသို့ရောက်သွားသောအခါ ကိုအောင်ကျော်မိုးက . .

"ပန်းချီဆရာ အောင်ကိုကိုမောင်ဆိုတာ သူပဲ" ဟု ပြောသည်။

အမျိုးသမီးသည် ကျွန်တော့်ကို ကြည့်ပြီး . . .

"ကျွန်မ အီကိုသာ့တ်ရီးယားက ဖြူဖြူပါ"

"ဟုတ်ကဲ့ ခင်ဗျာ"

"ကျွန်မ ကိုအောင်ကိုကိုမောင်ရဲ့ ပန်းချီကားတစ်ချပ်ကို ဝယ်ချင်လို့"

ကျွန်တော့်မျက်နှာပေါ်မှ ဝမ်းသာမှုအရိပ်အယောင်ကို အတင်းဖုံးဖိ၍ နေရသည်။ ပြီးတော့ အံ့ဩမှု၊ ဆာရီယယ်လစ်ဇင်ကားကို အမျိုးသမီးတစ်ယောက်က ဝယ်လိုသည်ဆိုခြင်းမှာ အံ့ဩစရာ။



"အဲဒါ . . ကျွန်မ စျေးသိချင်လို့"

ပန်းချီပြပွဲတွေအကြောင်းကို သိပ်နားမလည်သေးဘူးဟု ထင်သည်။

"ကတ်တလောက်ထဲမှာ ပန်းချီကားနံပါတ်၊ နာမည်နဲ့ စျေးနှုန်းကို တွဲပေးထားပါတယ်"

"မဟုတ်ဘူးရှင့်၊ ကျွန်မဝယ်ချင်တဲ့ကားက စျေးနှုန်းမပါဘူး၊ နော့တ်ဖော်ဆေးလ်လို့ ရေးထားတယ်၊ ကားအမှတ် (၁၇၆) ပန်းချီကားနာမည်က. ."

"မရောင်းဘူး"

ကျွန်တော့်အသံသည် ပြတ်သားမာကျောစွာ ထွက်လာသောကြောင့် သူ လန့်သွားသည်။ ကြည့်ပါတော့၊ သူ ဝယ်ချင်သောကားသည် ကျွန်တော့်အသက်၊ **အိပ်မက်ထဲမှာ** . . . ပရိသတ်တစ်ယောက်ကို ဒီလို မဆက်ဆံသင့်ဟု ယူဆမိပြန်သောကြောင့် စိတ်ကို ထိန်းထားလိုက်သည်။

"ဒီလိုပါဗျာ. . ဒီကားက ရောင်းဖို့ မဟုတ်ပါဘူး၊ ပြရုံ ပြထားတာပါ၊ ပြပွဲပြီးရင် သိမ်းထားဖို့ပါ"

"ဖြစ်နိုင်ရင်တော့ ရောင်းပါရှင်"

"မဖြစ်ပါဘူး ခင်ဗျာ"

သူသည် ပြောသင့် မပြောသင့် စဉ်းစားနေဟန်တူ၏။ ပြီးမှ . . .

"ဒီလိုပါရှင့်. . ဒီပုံက ကျွန်မအချစ်ဆုံး သူငယ်ချင်းနဲ့ တူလွန်းလို့"

"ဗျာ. ."

"ဟုတ်ပါတယ်၊ သူနဲ့တူလွန်းလို့ သူ့ကို လက်ဆောင်ပေးချင်လို့"

"ပုံက မျက်နှာကိုမှ မမြင်ရဘဲ၊ နှာခေါင်းတို့ ပါးစပ်တို့တောင် တစ်စွန်းတစ်စပဲပါတာ"

"ဒါပေမယ့် ဟန်ကသိပ်တူတယ်၊ သူ့ဟန်အတိုင်းပါပဲ၊ အို၊ ဒါသူ့ပုံပါပဲ"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်"

"မဟုတ်ဘူး၊ မရောင်းဘူး"

ကျွန်တော် လှည့်ထွက်လာခဲ့သည်။

ကိုအောင်ကျော်မိုးကမူ သူ့ကို နားလည်အောင် ရှင်းပြရင်း တောင်းပန်နေပါလိမ့်မည်။

"မင်း. . ဘယ်လိုထင်သလဲ"

"ဘယ်လိုမှ မထင်ဘူး"

စိတ်တိုလက်စမို့ စံရှားကို အပြတ်ပြောမိသည်။

"ငါတော့ သူဟာ လတ်သခင်ရဲ့ သူငယ်ချင်းလို့ ထင်တယ်၊ ဘာလို့ဆို မင်းပုံက လတ်သခင်နဲ့ တကယ်တူတာကိုးကွ"

"ငါ မသိပါဘူးကွာ၊ စိတ်ရှုပ်တယ်"

"စိတ်ရှုပ်လို့ မရဘူးကွ၊ မင်းစတဲ့ဇာတ်ကို မင်းနိုင်အောင် က,ရမှာပေါ့၊ တော်ကြာ ဇာတ်မျောပါပြီဆိုတာလို ဖြစ်နေဦးမယ်"

"ဘာဇာတ်မျောတာလဲ"

"သြော် မန်းတင်ရေးတဲ့ သတင်းဆိုးထဲက စကားလုံးကို သတိရလို့ပါ"

"ဒါနဲ့ လတ်သခင်ကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ထပ်မပြောတော့ဘူးဆို"

"အေးကွာ. . ဆောရီးပဲ၊ မေ့သွားလို့ မပြောတော့ဘူး"

သူက ထပ်မပြောတော့သော်လည်း ကျွန်တော်က မတွေးတော့ဘဲ မနေနိုင်။ ခုနက ပန်းချီကားလာဝယ်သော ဖြူဖြူသည် လတ်သခင်၏သူငယ်ချင်းများ ဖြစ်နေရော့သလား။ သို့တည်းမဟုတ် လတ်သခင်နှင့်အလွန်တူသော သူတစ်ယောက် ရှိနေလေသလား။

ကိုမျိုးမြင့်ရောက်လာသောကြောင့် ကြာကြာတွေးခွင့်မရလိုက်။

"ကိုကိုမောင်. . ငါ ခုန နိုင်ငံခြားသားတစ်ယောက်ကို ပညာပေးလိုက်တယ်"

"ဘယ်လိုလဲဗျ"

"စကားပြောကြည့်ရတာကတော့ အင်္ဂလိပ်၊ ဒါမှမဟုတ် အမေရိကန်လို့ ထင်တာပဲ၊ သူက ငါ့ကားတစ်ကားကို အဓိပ္ပာယ်ရှင်းပြခိုင်းတယ်"

"ဟာဗျာ. . ပန်းချီကားတစ်ကားကို ကုန်ပစ္စည်းတစ်ခုလို ရှင်းပြရတာ မနိပ်ပါဘူးဗျာ၊ ပန်းချီပြပွဲပဲဟာ၊ ကုန်စည်ပြပွဲမှ မဟုတ်တာ၊ စက်ကိရိယာတစ်ခုရဲ့အစိတ်အပိုင်းတွေလို တစ်ခုချင်းလိုက်ရှင်းနေရရင် ပေါ့ပျက်ကုန်မှာပေါ့ဗျ၊ ပြီးတော့ ခင်ဗျားကားတွေကလဲ သိပ်ရှုပ်ရှုပ်ထွေးထွေးမှ မဟုတ်တာ"

"မဟုတ်ဘူးကွ၊ ငနဲကြီးက သံရုံးအမှုထမ်းလား၊ တိုးရစ်လားတော့ မသိဘူး၊ ငါ့ကို ချာတိတ်ကလေးဆိုပြီး ပညာစမ်းချင်တဲ့ ပုံစံမျိုးကွ"

"နေပါဦး. . ဘယ်ကားကို ရှင်းခိုင်းတာလဲ"

***"အပြာထဲက အပြာလေကွာ"***

"သူက ဘာမေးလို့လဲ"

"ကမ္ဘာပေါ်က သမုဒ္ဒရာရေတွေ ဘာဖြစ်လို့ စကြဝဠာထဲကို လွင့်စဉ်ဖိတ်ကျနေတာလဲတဲ့"

"ခင်ဗျားက ဘာဖြေလိုက်လဲ"

"ကမ္ဘာကြီးဟာ အလွန်မြင့်မားတဲ့အလျင်နဲ့ လည်ပတ်နေတယ်၊ တကယ်လို့သာ ကမ္ဘာကြီးဟာ လည်နေရာက ရုတ်တရက် ရပ်တန့်သွားမယ်ဆိုရင် သမုဒ္ဒရာထဲက ရေတွေဟာ အင်နားရှားသတောအရ အရှိန်မသေဘဲ စကြဝဠာထဲကို လွင့်စဉ်ထွက်ကုန်မှာပဲလို့ ဖြေလိုက်တယ်"

"ဟုတ်သားပဲ"

"မဟုတ်နဲ့ ကိုယ့်လူ၊ ငနဲကြီးက ထပ်မေးသေးတယ်၊ အဲဒါ ဘာရည်ရွယ်ချက်နဲ့ ဆွဲတာလဲတဲ့"

"စကားနှိုက်ကြည့်တာနဲ့တူတယ်၊ ခင်ဗျားက ဘာပြောလိုက်လဲ"

"ငါက ဘာရည်ရွယ်ချက်လဲဆိုတာ ခင်ဗျား ပိုပြီးသိမှာပေါ့၊ ခင်ဗျားတို့က ပိုပြီးအမြင်ကျယ်တာပဲလို့ ငေါ့လိုက်တယ်"



"ကောင်းတယ်. . ကောင်းတယ်"

ရှေ့တည့်တည့်ရှိ ညိုဝင်းမောင်၏ ပန်းချီကားကို လှမ်းကြည့်သည်။ ပလတ်စတစ်ကောက်သော ကောင်လေးတစ်ယောက်ပုံ။ စုတ်စုတ်ပြတ်ပြတ်။

ညိုဝင်းမောင် ရေးချက်ကတော့ အသင့်အတင့်မျှသာ ရှိသည်။

သို့ရာတွင် အတွေးကောင်းသည်။

ပန်းချီကားနာမည်ပေးပုံတွေကလည်း ထူးခြားသည်။

***"စုတ်စုတ်ပြတ်ပြတ်၊ ပစ်စလက်ခတ်၊ ဇရုတ်သုတ်ခ"***

ကိုမျိုးမြင့်၏ပန်းချီကားတစ်ချပ်ကို ဝယ်ချင်သူတစ်ယောက် ရောက်နေသည်ဆိုသောကြောင့် သူ လိုက်သွားသည်။ "အနီငွေ့"ဆိုသောကားကို တစ်ရာ့ငါးဆယ်ဖြင့် ရောင်းလိုက်ရသည်။ ဒီနေ့အဖို့ ကိုမျိုးမြင့်ကတစ်ကား၊ ကိုအောင်ကျော်မိုးက တစ်ကား၊ ကိုစိုးလှိုင်က တစ်ကား၊ ကိုဝင်းအောင်က တစ်ကား ရောင်းရသည်။ အရောင်းရဆုံးနေ့ပင် ဖြစ်၏။ ဒါတောင် ကျွန်တော့်ပန်းချီကားကို မရောင်းလိုက်လို့၊ ရောင်းလိုက်လျှင် အမယ်. . ဒါတော့ မရောင်းနိုင်ပါဘူး။

"မင်း ရောင်းလိုက်ဖို့ကောင်းတယ်"

စံရှားသည် ဟိုအကြောင်းကို စကားစပြန်သည်။

"တော်စမ်းကွာ၊ စိတ်ရှုပ်ရတဲ့အထဲ"

"မဟုတ်သေးဘူးကွ၊ မင်းရောင်းလိုက်လို့ရှိရင် ပိုက်ဆံရမှာ၊ ဒါဆို ငါတို့နှစ်ယောက် သုံးဖို့စွဲဖို့ မပူရတော့ဘူး"

"ဟော့ကောင်. . တိတ်. . မရောင်းပါဘူးဆိုမှ"

"အေးကွာ. . မင်းမရောင်းပေမယ့် ဒီညအတွက်တော့ မပူရတော့ပါဘူး၊ ကောင်းကောင်းထုရမှာပါ"

ဒီနေ့ညသည် ပြပွဲအပိတ်ည ဖြစ်သည်။ နောက်ပြီး ဟိုလူတွေ ပန်းချီရောင်းရငွေတွေလည်း ရှိပေသည်။ ပန်းချီခန်းက ထုတ်ပေးသောငွေနှင့် ကိုမျိုးမြင့်တို့ စိုက်သောငွေနှင့်ပေါင်းလိုက်လျှင် ကောင်းကောင်းပျော်ရတော့မည်။

♥

"ကိုကိုမောင်. . ဧည့်သည်ရောက်နေတယ်ဟေ့"

တင်မောင်ကြည်သည် စပ်ဖြဖြမျက်နှာဖြင့် လာပြောသည်။

"ဘယ်သူလဲကွ"

"နေ့လယ်က မင်းပန်းချီကား လာဝယ်တဲ့ အမျိုးသမီးလေ"

"ဟာ. . ငါ မရှိဘူးလို့ ပြောလိုက်၊ လာ. . စံရှား လက်ဖက်ရည်ဆိုင်သွားရအောင်"

သို့ရာတွင် တင်မောင်ကြည် ဆက်ပြောသောစကားကြောင့် ခြေလှမ်းသည် တုံ့ခနဲရပ်သွားသည်။

"နေဦး. . မင်းပန်းချီကားထဲက ပုံနဲ့တူတယ်ဆိုတဲ့ အမျိုးသမီးလဲ ပါတယ်"

ကိုယ်သည် ဆတ်ခနဲ ပြန်လှည့်ပြီးသား ဖြစ်နေသည်။

"ဟင်. . ဘယ်မှာလဲ"

. . ဟု ပြောမိမည်ပြုပြီးမှ နှုတ်ကို ထိန်းထားလိုက်ရသည်။

ခြေလှမ်းများကို ထိန်း၍မရ။ လျှောက်နေလိုက်လေပြီ။

အရောင်းကောင်တာဆီသို့ . . .

"တကယ်တူတာပဲကွ"ဟု စံရှားကို ပြောနေသော တင်မောင်ကြည့်အသံသည် နောက်မှာ ကျန်ရစ်၏။

အရောင်းကောင်တာတွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်။

လတ်သခင် မဟုတ်ချေ။

နေ့လယ်ကလာသော ဖြူဖြူဖြစ်သည်။ ကျွန်တော့်ကို မြင်သောအခါ ဖြူဖြူသည် မမှတ်သေးဘဲ ပြုံးပြလေသည်။

"ကျွန်မ နောက်တစ်ကြိမ်လာပြီး ကြိုးစားကြည့်တာပါ"

"မရောင်းနိုင်ပါဘူးဗျာ" ဟု ပြောမည်ကြံနေစဉ်မှာပင် ဖြူဖြူက စကားကို ဆက်သည်။

"ဟိုမှာလေ. . ကားထဲက ပုံနဲ့တူတယ်ဆိုတဲ့ ကျွန်မသူငယ်ချင်း"

ဖြူဖြူ ညွှန်ပြရာတွင် လတ်သခင်။ ကျွန်တော်၏ အိပ်မက်ထဲမှာ ပန်းချီကားကို စိုက်ကြည့်နေသည်။ သို့တည်းမဟုတ် သူ့ပုံတူကို စိုက်ကြည့်နေသည်။ ကျွန်တော့်နေရာမှကြည့်လျှင် သူတို့နောက်ဘက်ကျကျ ခပ်စောင်းစောင်းမြင်ရသည်။

"ကြည့်ပါဦးနော်၊ ဒီနေရာက ကြည့်ရင် ပန်းချီကားထဲက ဟန်အတိုင်း တစ်ထပ်တည်းပဲ၊ နှစ်ကိုယ်ခွဲလို ဖြစ်နေတယ်"

ဖြူဖြူ့အသံကို ဘေးမှကြားရသည်။ အံ့ဩဟန်ကို ကြိုးစား၍လုပ်ကြည့်သော်လည်း မရ။ ဘယ်ရပ့်မလဲဗျာ. . ဒီပုံက သူနဲ့မတူတူအောင် ကျုပ်ကိုယ်တိုင် အပြင်းအထန် ကြိုးစားပြီးဆွဲခဲ့ရတာပဲ။

"အေးဗျာ. . သိပ်အံ့ဩဖို့ကောင်းတာပဲ" ဟု. . ပြောလိုက်သော ကျွန်တော့်လေသံသည် သာမန်အတိုင်းဖြစ်နေသည်။

"ဟုတ်ပါရဲ့ဗျာ" ဟု. . ဝင်ပြောလိုက်သော တင်မောင်ကြည့်အသံက အလွန်တရာ အံ့ဩဟန် ဖြစ်နေသည်။

"ဟေး. . ခင်. . ဒီမှာ ပန်းချီဆရာရောက်ပြီ"

ဖြူဖြူက လှမ်းခေါ်သောကြောင့် သူ လှည့်ကြည့်ပြီးလျှင် ကျွန်တော့်ဆီသို့ လျှောက်လာသည်။ ကျွန်တော်၊ ကိုမျိုးမြင့်၊ တင်မောင်ကြည့်နှင့် စံရှားတို့ကို ဘယ်သူက အောင်ကိုကိုမောင်မှန်းမသိ ဖြစ်နေဟန်တူသည်။

ကျွန်တော်တို့အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးလျှင် ဖြူဖြူ့ကိုသာ ကြည့်ရင်း လျှောက်လာနေသည်။

"ဒိုင်းခနဲ. . ဒိုင်းခနဲ"မြည်သံသည် သူ့ခြေသံများ မဟုတ်ကြချေ။

ဘာသံလဲကွယ်. . သြော်. . ကျွန်တော့်နှလုံးခုန်သံပေကိုး။



သူ ကျွန်တော်တို့နားမှာ လာရပ်သောအခါ ဖြူဖြူက မိတ်ဆက်ပေးလေသည်။

"ဒါ. . ကျွန်မ သူငယ်ချင်း လတ်သခင်ပါ၊ ကျွန်မနဲ့ တစ်တန်းတည်းပါပဲ၊ ဒါက ပန်းချီဆရာ ကိုအောင်ကိုကိုမောင်လေ ခင်ရဲ့ ဟိုပန်းချီကားကို ဆွဲတာ"

သူ ကျွန်တော့်ကို ပြုံးပြသည်။ သူ၏ ပထမဦးဆုံးအကြိမ် စိုက်ကြည့်ခြင်းကို ခဏမျှခံလိုက်ရသည်။

လတ်သခင်ရယ်. . . ခင်ဗျားမျက်လုံးတွေနဲ့ စိုက်ကြည့်တာကို ခံလိုက်ရတဲ့အခါ ညအချိန် အဆောင်ရှေ့မှာ သီချင်းဆိုနေတုန်း မျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ အထိုးခံလိုက်ရသလို အနေရခက်လှပါတယ်ဗျာ။

"ခင်. . မအံ့ဩဘူးလား"

"ဟုတ်တယ်. . တို့လဲ ဘာပြောရမှန်းတောင် မသိဘူး"

သူတို့နှစ်ယောက် အမေးအဖြေလုပ်နေတုန်း ပန်းချီကားကိစ္စကို တွေးနေမိသည်။ ပန်းချီနှင့်ပတ်သက်၍ သူတို့ ဘာဆက်ပြောကြမည်ကို ကျွန်တော် သိပါသည်။ ထိုအခါ ရောင်းမယ်ဟု ပြောရမလား၊ မရောင်းဘူးဟု ပြောရမလား ဆုံးဖြတ်နိုင်ခင်မှာပင်. . .

"ဘယ်လိုလဲရှင်. . ဒီလောက်တောင် ထူးထူးခြားခြား တိုက်ဆိုင်ပြီး လာတူနေတာကို၊ ရောင်းလိုက်ဖို့ ကောင်းပါတယ်"

"အေးကွာ. . ရောင်းလိုက်ပါ"

ဖြူဖြူ၏စကားကို ကိုမျိုးမြင့်က ထောက်ခံသည်။ လတ်သခင်ကမူ သူနှင့်အလွန်တူသော ပန်းချီကားကိစ္စကို ပြောနေကြသော်လည်း ရှက်ရွံ့နေပုံ သိပ်မရှိ။ သူ သတ္တိကောင်းပုံရသည်။

"ကဲပါလေ. . ရောင်းလိုက်ပါနော်၊ ဘယ်လောက်ပေးရမလဲ. . ဟင်"

"ထောင့်ငါးရာ"

နှုတ်မှ လွှတ်ခနဲထွက်သွားသည်။ ကျွန်တော် ရှက်သွား၏။

မျက်နှာထူပူသွားသည်။ လတ်သခင်ကို မကြည့်ရဲတော့။

သူတို့ အံ့ဩသွားမည်ထင်သော်လည်း တစ်ယောက်မျှ မအံ့ဩကြ။ ကိုမျိုးမြင့်တို့ကလည်း ကျွန်တော် မရောင်းချင်သောကြောင့် မတန်တဆဈေးကို ပြောခြင်းဖြစ်သည်ဟု ထင်ကြလိမ့်မည်။ ဖြူဖြူနှင့် လတ်သခင်တို့ကလည်း ပန်းချီဆရာတို့သည် မာနကြီးတတ်ကြသောကြောင့် ဤသို့. . ပြောခြင်းဟု ထင်ကြလိမ့်မည်။

"ဒီလောက် ဈေးကြီးတာကိုတော့ ကျွန်မ မဝယ်နိုင်ပါဘူးရှင်"

"ဒါဆိုရင်လဲ အလကားယူသွားပါ"

"ရှင်. . ."

ထိုအခါကျမှပင် သူတို့အားလုံးသည် ကျွန်တော့်ကို တအံ့တဩ ဝိုင်းကြည့်လိုက်ကြပေသည်။

စံရှားကမူ နှုတ်ခမ်းကို အနည်းငယ်တွန့်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်။

အားလုံးအံ့သြနေရာမှ ဖြူဖြူက စကားစသည်။

"မဟုတ်တာပဲရှင်၊ အလကားတော့ မယူပါရစေနဲ့၊ ထိုက်သင့်တဲ့ ဈေးကို. . ."

"ကျွန်တော့်ကားကို ဘယ်လောက်ပေးပေး မရောင်းဘူးလို့ ဆုံးဖြတ်ထားပါတယ်၊ ထိုက်သင့်တဲ့ဈေး မရှိပါဘူး၊ ဒါကြောင့် ကျွန်တော် မေတ္တာလက်ဆောင်အဖြစ် ပေးတာပါ"

လတ်သခင်ကို ကျွန်တော် ကြည့်မနေသော်လည်း သူ့မျက်လုံးသည် လက်ခနဲဖြစ်သွားသည်ကို တွေ့လိုက်ရသောကြောင့် ကျွန်တော့်ကို ဖျတ်ခနဲကြည့်လိုက်ကြောင်း သိလိုက်ရသည်။ ရင်သည် ဒိန်းခနဲ ခုန်သွားပြန်၏။ ဤသို့လျှင် ဒိန်းခနဲပေါင်း ဘယ်နှခါလောက် ထပ်ခုန်ရဦးမည်မသိ။

ခဏခဏ ခုန်ချင်ပါသည်။

"စိတ်မရှိပါနဲ့နော်၊ သိပ်အံ့သြလို့ မေးတာပါ၊ မေတ္တာလက်ဆောင်ပေးမယ်ဆိုတာ တကယ်လား"

"ကျွန်တော်က ပန်းချီနဲ့ပတ်သက်ပြီး မနောက်ပြောင်တတ်ပါဘူး"

ဖြူဖြူ့အမေးကို ကျွန်တော် ဖြေသည်။

"အို. . . ဝမ်းသာစရာပဲ၊ သိပ်ကျေးဇူးတင်ပါတယ်၊ ခင်တို့ကတော့ ကုသိုလ်ထူးတာပဲနော်"

လတ်သခင်က ပြုံးသည်။

ရှက်ပြုံး. . .

ကျွန်တော့်ပန်းချီကားကို လက်ဆောင်ရလို့ သူက ကုသိုလ်ထူးပါသတဲ့။

ကျွန်တော်ကကော. . ထိုပန်းချီကားကို ဆွဲမိသည့်အတွက်၊ သို့တည်းမဟုတ် သူ့ကို လက်ဆောင်ပေးမိသည့်အတွက် ကုသိုလ်ထူးမလား၊ ကံဆိုးမိုးမှောင်ကျမလားဆိုတာကို စောင့်ကြည့်ကြသေးတာပေါ့ဗျာ။

"သွားကြရအောင်ဖြူ၊ ကျွန်မ ကျေးဇူးတင်ပါတယ်"

သူသည် ဖြူဖြူကို ပြောပြီး ကျွန်တော့်ကိုပါ ဆက်ပြောရင်း တစ်ချက်ကြည့်သည်။

ထို့ကြောင့် ဒိန်းခနဲ တစ်ခါ။

"ဧည့်သည်တွေကို တစ်ခုခု လိုက်ကျွေးဦးမှပေါ့ကွ"

ကိုမျိုးမြင့်က ဝင်ပြောသည်။ ဖြူဖြူသည် ခုမှ သတိရသွားဟန်ဖြင့်-

"အို. . . မဟုတ်တာ၊ ပန်းချီကားလဲ အလကားပေးရသေးတယ်၊ ကျွေးလဲကျွေးရဦးမယ်လို့ ကျွန်မတို့က ကျွေးရမှာပါ"

"ဒီကောင်က ကျွေးရုံနဲ့ မရဘူး"

"ဒါဆို အအေးပါ တိုက်ပါ့မယ်"



"နေပါစေဗျာ. . ကိစ္စမရှိပါဘူး"

ကျွန်တော်က ဝင်၍ ငြင်းလိုက်ရသည်။

"ဟာကွာ. . မင်းကလဲ ဟိုက စေတနာနဲ့ခေါ်တာကို မငြင်းပါနဲ့"

"ဟုတ်ပါတယ်ရှင်၊ တစ်ခုခုလိုက်စားပါ၊ အားလုံးကို ဖိတ်ပါတယ်၊ ကျွန်တဲ့ဆရာတွေကော လိုက်ခဲ့ကြပါ"

"အားလုံးဟုတ်လား၊ ကျွန်တော်တို့ပြပွဲမှာ တာဝန်ကျနေတာ အားလုံးပေါင်း ငယ့်ရှစ်ယောက်ရှိတယ်"

တင်မောင်ကြည်က ဝင်ပြောသောကြောင့် ရယ်မိကြသည်။

"အလကားပြောတာပါဗျာ၊ ကျွန်တော်တို့က တာဝန်ရှိနေသေးလို့ လိုက်နိုင်တော့ဘူး၊ ကိုကိုမောင်ကိုသာ အဝကျွေးလိုက်ပါ၊ ဟေ့ကောင် လိုက်သွားလေ၊ ဟိုက ခေါ်နေတာ အားနာစရာကောင်းတယ်"

ဒီကလည်း လိုက်ချင်နေတာပါပဲလေ။ သိပ်သိသာနေမှာစိုးလို့ ဟန်ဆောင်ပြီး ငြင်းနေရတာ။ ကျွန်တော်သည် မလိုက်ချင်လိုက်ချင် ပုံစံမျိုးလုပ်ပြီး ကလာဆောင် စားသောက်ဆိုင်များဆီသို့ စိတ်ပါလက်ပါ ကောက်ကောက်ပါ အောင် လိုက်သွားလေတော့သတည်း။

အအေးဆိုင်တွင်ထိုင်လိုက်သောအခါ အမေကြည်က "တယ်, ဟုတ်ပါလား"ဟူသော အပြုံးမျိုး ပြုံးပြသည်။

"ကဲ. . သားတို့ သမီးတို့ ဘာစားကြမလဲ၊ ဘာသောက်ကြမလဲ၊ ဘာမှာပေးရမလဲ"

အမေကြည်ကတော့ **ဂရိတ်**ပဲ။ ကြည့်လေ. . . ကျွန်တော်တို့ကို ခေါ်တာ "သားတို့ သမီးတို့"တဲ့။ ဒါ သူနဲ့ကျွန်တော့်ကို ဘာဂလိုတိုတို ပြောလိုက်တာ မဟုတ်လား"

"ကိုအောင်ကိုကိုမောင် ဘာစားမလဲ"

"ကျွန်တော် ဘာဖြစ်ဖြစ် စားပါတယ်"

ဖြူဖြူက ပျဉ်းမနားခေါက်ဆွဲသုတ် သုံးပွဲမှာသည်။ ကျွန်တော်က သူတို့နှစ်ယောက်အတွက် သံဘူးရည်နှစ်ခွက်။

ကျွန်တော့်အတွက် လက်ဖက်ရည်တစ်ခွက် မှာသည်။

"ခင်. . တိတ်လှချေလား၊ စကားလေးဘာလေး ပြောဦးလေ"

ဖြူဖြူကား အသွက်ကလေးပင် ဖြစ်လေသည်။ သူ ရှိနေလို့သာ အဆင်ချောနေခြင်း ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်တည်းဆိုလျှင်ဖြင့် အကြီးတွေလို ဘာမှမပြောဘဲ နေမိကြမည်လား မသိ။

စုံထောက်ကြီးဦးစံရှား၏လေမျိုးဖြင့် ပြောရလျှင် "ဒီလိုလူသွက်မျိုးနဲ့ အလုပ်လုပ်ရတာ ခရီးတွင်သဗျို့"

***"ဘယ်မေဂျာကလဲ"***

သူ၏ပထမဦးဆုံးသောစကား။

"ကျွန်တော် စိတ်ပညာ တတိယနှစ်ကပါ"

ကျွန်တော်တို့နှစ်ယောက်၏ ပထမဆုံး အပြန်အလှန်စကားများဖြစ်လေသည်။ စိတ်ကူးထဲမှာ အိပ်မက်ထဲမှာ ပြောခဲ့သောစကားများကတော့ တရားမဝင်လို့ ထားလိုက်ပါတော့။

"သူနာမည်ကလဲ ခေါ်ရတာ ရှည်လိုက်တာ ကိုအောင်ကိုကိုမောင်တဲ့"

လတ်သခင်က ပြောခြင်းမဟုတ်ပါ။ ဖြူဖြူက ပြောခြင်းဖြစ်ပါသည်။

"သူများတွေခေါ်သလို ကိုကိုမောင်လို့ ခေါ်ရင်လဲ ရပါတယ်"

"ကဲ. . စားကြဦးလေ. . ကိုကိုမောင်ကော စားပါဦး"

ခေါက်ဆွဲများကို စားကြလေသည်။ အမေကြည်ကလည်း ခေါက်ဆွဲကုန်ခါနီးလောက်ကို မှန်း၍ သံဘူးရည်နှစ်ခွက် လာပေးသည်။ ကိုအောင်ရင့်ဆိုင်မှ ရွှေဆိုင်လာပို့သော လက်ဖက်ရည်သည် အပေါ်ယံကြောများပင် တင်း၍နေပြီ။

"ကျွန်မတို့ကို ပန်းချီကားမေတ္တာလက်ဆောင် ပေးတာတကယ်နော်"

"ကျွန်တော် ပန်းချီနဲ့ပတ်သက်ပြီး မနောက်ပြောင်တတ်ပါဘူးလို့ ပြောပြီးပြီပဲ"

"ဆောရီး. . ဆောရီး. . စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"ဟင်, ခုတိုင်းဆိုရင်. . ဒီပန်းချီကားက ကျွန်မနဲ့ မဆိုင်တော့ဘူးပေါ့"

"ဘာဖြစ်လို့လဲ"

"အစကတော့ ကျွန်မက ဝယ်ပြီး ခင့်ကိုပေးဖို့ဟာ၊ ခု ကိုကိုမောင်က မေတ္တာလက်ဆောင် ပေးမယ်ဆိုတော့ ကျွန်မနဲ့ မဆိုင်တော့ဘူးပေါ့၊ ကိုကိုမောင်က ခင့်ကို တိုက်ရိုက်ပေးတဲ့သဘော ဖြစ်သွားပြီပဲ ဟုတ်လား"

"ဟို. . ဟို. . ဥစ္စာ"

ကျွန်တော် ဘာပြောရမှန်း မသိ။ တကယ့်တကယ်တော့လည်း ကျွန်တော်က လတ်သခင်ကို တိုက်ရိုက်ပေးတာအမှန်ပါပဲ။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီပန်းချီကားကို ခင်ရဖို့သာ အဓိကပါ"

သူ့စကားကို သူပြန်ဖြေသွားလို့ တော်ပါသေးပါရဲ့။

စားလို့သောက်လို့ ပြီးကြသောအခါ ကျွန်တော်သည် နောက်ဆုံးကျန်ရှိနေသေးသော အစိတ်တန်ကလေးကို ထုတ်လိုက်သည်။

"ကိုကိုမောင် ဘာလုပ်တာလဲ၊ ကျွန်မ ပေးပါ့မယ်"

"ရပါတယ်"

ဖြူဖြူက အတင်းထုတ်ပေးသော်လည်း စားသောက်ဆိုင်က ကျွန်တော့်ကို သိနေကြသောကြောင့် ကျွန်တော့်စကားကို နားထောင်ကြသည်။

"သိပ်အားနာဖို့ ကောင်းနေပြီ၊ ပန်းချီကားလဲ ပေးရ၊ မုန့်လဲကျွေးရ"

"ကိစ္စမရှိပါဘူးလေ၊ နောက်ပိုင်း ကျွန်တော် ပိုက်ဆံပြတ်သွားတဲ့အခါ ကျွေးရင်သာ ပစ်မထားကြပါနဲ့"

ရယ်မောပျော်ရွှင်စွာ လမ်းခွဲလိုက်ကြသည်။



"ကျွန်တော်လဲ ပြပွဲမှာ တာဝန်လေးတွေရှိလို့ သွားပါဦးမယ်"

"ဟုတ်ကဲ့ ကျွန်မတို့လဲ သွားပါဦးမယ်"

"သွားမယ်"

သူ၏ဒုတိယစကား။

ကျွန်တော်သည် ဟိုယခင်အခါဆီက လတ်သခင်အတွက် ရေခဲသုတ်ဖိုးကို အမေကြည်အား သူမသိအောင် ပေးခဲ့ခြင်းအကြောင်းကို သတိရနေမိလေသည်။

♥

ပန်းချီခန်းမှ ထုတ်ပေးသောငွေ၊ ကိုမျိုးမြင့်၊ ကိုအောင်ကျော်မိုး၊ ကိုစိုးလှိုင်၊ ကိုဝင်းအောင်တို့ စိုက်ထည့်သောငွေများကို ပေါင်းလိုက်သောအခါ အတော်ပင် ပြည့်စုံသွားလေသည်။

တက္ကသိုလ်ကျောင်းသားများ၊ တက္ကသိုလ်နယ်မြေတွင် အရက်သောက်ခွင့်မရှိ။ သို့ရာတွင် ခုလို ပြပွဲပိတ်ပွဲမျိုးမှာတော့ အထူးအခွင့်အရေးရသည်။ တရားဝင်ခွင့်ပြုချက်မဟုတ်သော်လည်း ပြဿနာမတက်ချေ။

လူသုံးဆယ်. . ပုလင်းဆယ့်နှစ်လုံး။

ဒီနေ့ညတော့ အပန်းဖြေခန်းကို ကျွန်တော်တို့ပန်းချီအဖွဲ့ ပိုင်သည်။ တံခါးကို အသေအချာပိတ်ပြီးတော့မှ ဘာဘာကျော်က ခွက်လှည့်တာဝန်ခံလုပ်ပြီး အခမ်းအနားကို စတင်သည်။ ထိုညက မိတ်ဆွေသစ်နှစ်ယောက်ကို တွေ့ရ၏။ ကင်းကောင်၊ ထားဝယ်တို့နှင့်အတူ စက်မှုတက္ကသိုလ်မှ ပါလာသော ကိုကြီးကျော်နှင့် လောက်ဖျား။

လောက်ဖျားသည် ပြုံးစိစိနေတတ်ပြီး မပွင့်တစ်ပွင့်ရယ်တတ်သောကြောင့် လူကြွားတစ်ယောက် မဟုတ်သော်လည်း လုပ်စရာရှိသည်ကို လှစ်ခနဲ လှစ်ခနဲ လျင်မြန်စွာ လုပ်တတ်သော လူသွက်ကလေးတစ်ယောက်ဟု ထင်သည်။ ကိုကြီးကျော်ကမူ. . ရယ်လျှင် အံကြိတ်ပြီး ရယ်တတ်သောကြောင့် ခံဘက်ကချည်း နေရသော လူအ,ကြီးဟု ကောက်နုတ်ချက်ချမိသည်။

(နောက်ပိုင်းတွင် ကျွန်တော့်အထင် မှန်ပါသည်ဟု စံရှားကပြောပြ၏)

အရှိန်ကလေးရလာသောအခါ ဆူဆူညံညံ ဖြစ်လာကြသည်။ ညိုဝင်းမောင်သည် ကက်ဆက်ကိုဖွင့်၍ "ကရင်ဩသံ"ဖြင့် က,လေသည်။ ကိုမျိုးမြင့်ဆွဲထားသော သူ့အမျိုးသမီးပုံတူ "မရောင်းဘူး၊ မပေးဘူး၊ အသည်းနှလုံးနဲ့လဲမယ်"ပန်းချီကားကို တစ်ယောက်တစ်လှည့်စီ ဝိုင်းနမ်းကြသည်။ တင်မောင်ကြည်ကမူ ထိုပန်းချီကားကို ကိုင်၍ "မရောင်းဘူး၊ မပေးဘူး၊ ပဲလှော်နဲ့လဲမယ်" ဟုအော်ရင်း လျှောက်ပြေးနေလေသည်။

"ဟော့ကောင်တွေ မင်းတို့နဲ့ တန်လို့လား"

ကိုမျိုးမြင့်က လှမ်းအော်သည်။ တင်မောင်ကြည်က ပြန်အော်သည်။

"ခင်ဗျား မကျေနပ်ရင် ကျွန်တော်ဆွဲတဲ့ကားကို ပြန်နမ်းပါလား"

တင်မောင်ကြည်ဆွဲထားသော ကားမှာ **ဖိနပ်ကလေးတစ်ရန်**။

ကျွန်တော် ပျော်သည်။

မထင်မှတ်ဘဲနှင့် လတ်သခင်နှင့် သိကျွမ်းခွင့်ရခဲ့ပြီးပြီ။ အမယ်. . ပြန်ခါနီးတောင် "သွားပါဦးမယ်"လို့ နှုတ်ဆက်သွားသေးသည်။

နောက်တစ်ခါ တွေ့ကြမည်ဆိုလျှင် "အဆောင်ကိုလာလည်ပါ၊ မာလာဆောင် အခန်း (. . .)ဆိုတာ ပြောလိမ့်မည်ထင်သည်။

သူ့မှာ ချစ်သူရှိသည်ဆိုသောအချက်ကို ကျွန်တော် လုံးဝမယုံကြည်။ ဟိုငနဲက အရှိန်အဝါသုံးပြီး အတင်းဝင်ကပ်နေလို့ မလွှဲသာ မရှောင်သာ လက်ခံစကားပြောနေရတာ ဖြစ်ပါလိမ့်မည်။

ကြည့်. . . ထိုငနဲသည် လတ်သခင်နှင့်အတူ အအေးသောက်သောကြောင့် လတ်သခင်၏ချစ်သူ ဖြစ်ပါသည်ဟုဆိုလျှင် ညနေက လတ်သခင်နှင့် အတူတူ စားသောက်ဆိုင်မှာ ထိုင်ခဲ့သော ကျွန်တော်သည်လည်း လတ်သခင်၏ချစ်သူဟုသာ ဆိုနိုင်ပါလိမ့်မည်။

ကျွန်တော်နှင့် လတ်သခင်သည် ဘာမျှ မဖြစ်ကြသေးသလို၊ ထိုငနဲနှင့် လတ်သခင်သည်လည်း ဘာမျှ မဖြစ်ကြသေးဟု ဆိုနိုင်ပါသည်။ ပြီးတော့လည်း လတ်သခင်၏ပုံစံသည် ချစ်သူရှိသော မိန်းကလေးတစ်ယောက်၏ပုံစံနှင့် လုံးဝမတူခြင်းသည်လည်းတစ်ကြောင်း။

"ကိုကိုမောင် မင်း ကံကောင်းသွားတယ်"

စံရှားသည် ရီဝေသော မျက်လုံးများဖြင့် ကြည့်ရင်းပြောသည်။

"ဘာကံကောင်းတာလဲ"

"ဩော်. . မင်းပန်းချီကားကို ပြပွဲပြီးချိန်မှာ ဖြူဖြူက လာယူသွားပေလို့၊ နို့မို့ဆိုရင် အနမ်းခံရဦးမှာ"

"အောင်မာ. . နမ်းရင် ဆွဲထိုးပစ်လိုက်မှာပေါ့"

"ဂလောက်တောင်ပဲလား သူငယ်ချင်း"

"ဂလောက်ပဲကွ၊ ဂလောက်ပဲ"

"အေးပါကွာ၊ မင်းကို ငါ နားလည်ပါတယ်"

"ဘာလဲ"

စံရှားသည် ကျွန်တော့်ပခုံးကို ဖက်လိုက်သည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကို ငါ မတားတော့ဘူးကွာ၊ အစကတော့ မင်းခံသွားရမှာစိုးလို့ တားတာ၊ အခုတော့ မင်းက တားလို့ ရမယ့်ကောင်လဲ မဟုတ်တော့ပါဘူး၊ ဒီတော့ ငါလဲ မင်းကို အတတ်နိုင်ဆုံး ကူညီပါ့မယ်ကွာ"

ကျွန်တော်တို့နှစ်ယောက်သည် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဟေ့ကောင် မာလာဆောင်နောက်ဘက်မှာ သီချင်းသွားဆိုရအောင်"

"အေး. . ကောင်းတယ်"

"လာကြဟေ့. . မာလာဆောင်မှာ သီချင်းသွားဆိုကြရအောင်"

"ဟေး. . ."



အားလုံးရှစ်ယောက် ထွက်လာခဲ့ကြသည်။ ညိုဝင်းမောင်သည် "ငါလဲ လိုက်မယ်"ဟု အော်၍ ဒယိမ်းဒယိုင်လျှောက်လာပြီး တံခါးပေါက်နားအရောက်တွင် ဖုတ်ခနဲ လဲကျကျန်ရစ်ခဲ့သည်။

မာလာဆောင်နောက်ဘက် စည်းရိုးတွင် အဖွဲ့တစ်ဖွဲ့ ရောက်နေနှင့်သည်။ လူလေးယောက်၊ ဂစ်တာတစ်လက်။ သို့ရာတွင် ကိစ္စမရှိပါ။ တက္ကသိုလ်မှာက ကျောင်းသားချင်း နားလည်မှုရှိပြီးသား။ ခုလိုအဆောင်ရှေ့မှာ နှစ်ဖွဲ့လာဆုံနေသော်လည်း ပြဿနာမတက်နိုင်။

သူ တစ်လှည့်ဆို၊ ကိုယ် တစ်လှည့်ဆို။

"ခုချိန်ကစပြီး ကျွန်တော်တို့ ပုလင်းဘွိုင်း အဖွဲ့က နေ တေးသံသာများနှင့် ဖျော်ဖြေကြတော့မှာမို့ အခန်းတံခါးများကို လုံအောင် ပိတ်ထားကြပါရန်နှင့် နားများကိုဂွမ်းများဆို့ထားကြပါရန် ကြိုတင်သတိပေးအပ်ပါသည်ခင်ဗျား"

စံရှား၏အသံသည် အောင်မြင်ခံ့ညားစွာ ထွက်ပေါ်လာသည်။

အဆောင်က အမျိုးသမီးတွေကလည်း ကျွန်တော်တို့ ပုလင်းဘွိုင်းအဖွဲ့ကို သိပြီးသား။ ပြတင်းတံခါးများကို အချိန်မီပိတ်လိုက်ကြသည်။

တချို့ ကျွန်တော်တို့လို "ငလောင်"တွေကိုမှ သဘောကျသူတွေကလည်း တံခါးမပိတ်ကြချေ။

"ခု. . စတင်ဖျော်ဖြေမယ့်သူကတော့ အီလက်ထရွန်းနစ် စံရှားဖြစ်ပါတယ်၊ သီဆိုမယ့်သီချင်းကတော့ တစ်လောက မင်္ဂလာဒုံမှာ ပြသသွားတဲ့ နာမည်ကျော် ရုပ်ရှင်ကားတစ်ကားထဲက ဇာတ်ဝင်သီချင်းဖြစ်ပါတယ်၊ အဲဒီသီချင်းဟာ ကျောင်းသားကျောင်းသူအားလုံးရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ သီချင်းပါပဲ"

ပြတင်းပေါက်တံခါးအချို့ ပြန်ပွင့်လာကြသည်။

စံရှားသည် ပြုံးစိစိ လုပ်လိုက်ပြီး . . .

"ကျွန်တော် အခုသီဆိုမယ့်သီချင်းကတော့ နာမည်ကျော် ***ပန်းတွေနဲ့လောင်*** သီချင်းဖြစ်ပါတယ်ခင်ဗျား"

ပြတင်းပေါက်အချို့ ပြန်ပိတ်သွားကြသည်။

စံရှားသည် သီချင်းစဆိုလေသည်။

***"ပန်းတွေနဲ့လောင် ကိုယ့်အချစ်ဦးခေါင်းမှာ ပန်းကလေးတွေလောင်၊ ပန်းတွေနဲ့လောင်. . ကိုယ့်အချစ်ပန်းကလေးတွေ တယုတယမပန်ပေါင်. မတွေ့မြင်ရလို့ မောသယောင်. . ချစ်သဝန်တေးတွေကြောင် . . ညောင်"***

ကျွန်တော်တို့အလှည့်ပြီးသောအခါ ဟိုဘက်အဖွဲ့က စတီရီယိုသီချင်းတစ်ပုဒ် ဆိုသည်။ ထိုအခါ တံခါးများ ပြန်ပွင့်လာကြလေသည်။

သူတို့ပြီးပြန်တော့. . .

"အခု ဆက်လက်ပြီး ပုလင်းဘွိုင်းအဖွဲ့ရှိ သံပြိုင်တေးတစ်ပုဒ်နဲ့ ဖျော်ဖြေပါ့မယ်၊ အဲဒီတေးကတော့ လူငယ်တွေရဲ့ အားမာန်ကို ဖွဲ့ဆိုထားတဲ့ သီချင်းဖြစ်ပါတယ်၊ နားသောတ ဆင်ကြပါခင်ဗျာ"

*"သောက်တော်ဘူးရယ်နဲ့. . အိုမကွာ. . အိုမကွာ. . မင်းကျော်စွာမို့ မကျော်လား. . ဝေးရာကရှား. . လောင်းစရာ ငွေမရှားပါဘု. . ကြက်ကျား ကိုတဲ့ တိုက်မယ်ပြင်. . မြင်းစိုင်းကျော့ရှင်. . ချစ်လို့ရယ်တဲ့ခင်မင်. . လင်ရှာ ရှော့လား. . ကိုကြီးကျော်ရေ. . ."*

"ဗျိုး. . ဗျိုး. ."

"ဘယ်ကောင်လဲကွ၊ ငါ့ကိုခေါ်တာ"

ကိုကြီးကျော်သည် ရေတမာပင်ကို မှီ၍လဲနေရာမှ ထအော်သည်။

ကျွန်တော်တို့က ပြန်အော်သည်။

"မူးလဲ မူးပေ့၊ ရူးလဲရူးပေ့၊ တို့ကိုကြီးကျော်. . ဟေ့"

ကိုကြီးကျော်သည် ". . . ."ဟုဆိုပြီးလျှင် ပြန်မှီကျသွားသည်။

ဟိုတစ်ဖက်အဖွဲ့က ဂစ်တာဖြင့် သီဆိုဖျော်ဖြေပြီးလျှင် ကိုမျိုးမြင့်က ထအော်လေသည်။

"ခုတစ်ခါ. . ကျွန်တော်တို့ တကယ်ကောင်းကောင်းလေး ဆိုပါ့မယ်၊ တံခါးတွေ ပြန်ဖွင့်ကြပါ"

တံခါးများ ပွင့်မလာချေ။

"မြန်မြန်ဖွင့်ကြနော်၊ မဖွင့်ဘူးလား၊ ဒါဆို ဗွေးတုတ်သီချင်း ဆိုလိုက် ရမလား"

သူတို့သည် "ဟေ. . ဗွေးတုတ်ရေ"ဟု အော်တော့မည်ကိုလန့်၍။

ထိုအချိန်မှာပင် အဆောင်စောင့်သည် ဟိုဘက်အဖွဲ့အတွက် ငှက် ပျောသီးနှင့် ရေပုလင်းတွေ လာပို့သည်။

ကျွန်တော်တို့အဖွဲ့အတွက်တော့ ဘာမျှ မပါ။

တင်မောင်ကြည်သည် ခွေးသေးပန်းပွင့်တွေ လျှောက်ခူးပြီး အဆောင် စောင့်ကြီးကို ပေးလိုက်သည်။

"ဦးလေး. . ကျွန်တော်တို့ကို သူတို့က ဘာမှ မကျွေးပေမယ့် ကျွန်တော် တို့က လက်ဆောင်ပေးလိုက်တယ်လို့ ပြောလိုက်ပါ"

အဆောင်စောင့်ကြီးလည်း ခွေးသေးပန်းပွင့်များကို ကြောင်တောင် တောင်ကိုင်ပြီး ပြန်သွားလေသည်။

"ကိုကိုမောင်. . မင်း ဆိုပါလား"

စံရှားက တိုက်တွန်းသည်။ ကျွန်တော်ကလည်း ဆိုချင်ချင်ပါပဲ။

ဒီတစ်ခါတော့ ခါတိုင်းလို မဟုတ်ဘဲ. . ကောင်းကောင်းလေး ဆိုချင် သည်။ စံရှားက ကြေညာလိုက်သည်။

"ခု. . ဆက်လက်ဖျော်ဖြေမယ့်သူကတော့ အောင်ကိုကိုမောင်"

"ဟေ့ကောင်. . ."

စံရှား၏ပါးစပ်ကို လှမ်းပိတ်လိုက်သည်။ စံရှားက. . .

"အဲ. . ခု . . သီဆိုမယ့်သူကတော့ ခုန ကျွန်တော့်ပါးစပ်ကို လှမ်းပိတ် တဲ့သူ ဖြစ်ပါတယ်"



ဘာသီချင်းဆိုရင် ကောင်းမလဲဟု စဉ်းစားမိသည်။

သီချင်းတစ်ပုဒ်သည် ဖျတ်ခနဲ ပေါ်လာ၏။ ချောင်းဟန့်လိုက်သည်။

သီချင်းကို စသည်။

*"နဝရတ်ရည်ဖြူ ပတ်လည်ငယ်သွန်းပြန်တော့၊ နက္ခတ်တည်နတ်ပြည် ဖြို့ဆီက၊ ပြည်စိုးစိုး ရွှေလငယ်မှောင်၊ မှာလိုက်မယ်ပ ရွှေခွန်း၊ စန်းယုန်လယ်၊ လမ်းကြုံရင် ညာညာမယ်သို့၊ ချာချာလည် . . မယ့်မောင်ဖြင့် ရှူးပြီးပေါ့. . . ဟိမ်ဦးရယ် ဝေယံစွန်းက၊ တစ်ခွန်းသူ့ကို ပြောလိုက်ပါ စန္ဒာရယ်၊ မောလှပြီလို့ သူ စတဲ့အပူရယ်၊ သူ မ,လို့ ယူစေဖွယ်. . .*

*ဩော်. . ဆုခြွေကာ ပန်းပါပေ့၊ ဆိုးတော် မူစမ်းပါဗျ၊ ငွေစန်းသော် တာက မအေးစရာတွေ မတွေးပါဘူး၊ မဆွေးပါဘူး၊ မချစ်တော့ဘူးရယ်လို့ ဘယ်လိုပင်ပြောသော်လဲ၊ တွေးလိုက်ရင် လွမ်းမိတော့တာ သက်ထားရယ်. . . သက်ထားရယ်. . တစ်ဖက်သားမှာ လွမ်းလှပေါ့ဗျာ၊ သည်းမှာမြဲစွာ ခင့်နာမည် ကလေးရေးတော့တာ. . ."*

"ဟ. . ကောင်းလှချေလား၊ ဘာသီချင်းလဲ"

"ခေတ်ဟောင်းသီချင်းကွ၊ တယောကိုဟန်ဝင်း ဆိုတာ၊ ငွေစန်းသော် တာတဲ့"

"စာသား သိပ်မိတယ်ကွာ၊ ဟိုအပိုဒ်ကလေး ပြန်ဆိုပါဦး"

ဆိုမှာပါ။ ကျုပ်ကလည်း ဟိုအပိုဒ်ကလေးကိုပင် ဆိုချင်နေတာပါပဲ။

*မအေးစရာတွေ မတွေးပါဘူး၊ မဆွေးပါဘူး မချစ်တော့ဘူးရယ်လို့ ဘယ်လိုပင်ပြောသော်လဲ၊ တွေးလိုက်ရင် လွမ်းမိတော့တာ သက်ထားရယ် သက်ထားရယ်. . တစ်ဖက်သားမှာ လွမ်းလှပေါ့ဗျာ"*

ဒီနေ့ ကျွန်တော့်အသံသည် ဆိုခဲ့ဖူးသမျှထဲတွင် အကောင်းဆုံးဖြစ် သည်ထင်၏။ အသံသည် လျှာဖျားလေးမှ မလာ။

ဟိုး . . . ရင်ထဲက လာသည်။

"မင်းအသံက တကယ်ကောင်းတာပဲကွာ၊ ငြိမ့်နေတာပဲ"

ဗိုကယ်ကော့ဒ်ခေါ် အသံဖြစ်ပေါ်ရာ အစိတ်အပိုင်းကလေးများသည် လည်ချောင်းထဲမှာသာမဟုတ်၊ နှလုံးသားထဲ၌လည်းရှိနေကြောင်းကို မင်းတို့ မသိကြဘူးလား။

လတ်သခင်ရယ်. . .

တစ်ဖက်သားမှာ လွမ်းလှပေါ့ဗျာ။

♥♥♥

## (၇)

"ဟော. . . လတ်သခင်"

"ဩော်. . ကိုကိုမောင်"

သူတို့က အေအီး(၃)က အထွက်၊ ကျွန်တော်က ပန်းချီခန်းကအထွက် ဆုံမိကြခြင်း ဖြစ်သည်။ အမှန်တော့ သူတို့အတန်းက အထွက်ကို ပန်းချီခန်းထဲက ချောင်းကြည့်နေပြီးမှ တမင်တကာဆုံအောင် ဖန်တီးခြင်းဖြစ်ပါသည်။

သူတို့နှစ်ယောက်အတူတူ လာပါလျက် လတ်သခင်တစ်ယောက်တည်း၏နာမည်ကို ကွက်၍ ခေါ်မိသည်။ ထို့ကြောင့် ကျွန်တော် ရှက်သွား၏။

အရှက်ပြေသဘောဖြင့် . . .

"ဖြူဖြူနေကောင်းတယ်နော်"

"ဟုတ်ကဲ့"

"ဘယ်သွားကြမလို့လဲ"

သူတို့မဖြေ ပြုံးနေကြသည်။

"အအေး သွားသောက်မလို့လား"

"မဟုတ်ပါဘူး"

"ဘာလဲ၊ အအေးတိုက်ရမှာစိုးလို့ မဟုတ်ဘူးလို့ ပြောတာလား"

သူတို့နှစ်ယောက်စလုံး ရယ်၏။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သွားမလို့လဲ"

"အိမ်သာသွားမလို့"

"ဟာ. . ဆောရီး. . ဆောရီ. . သွားမယ်နော်"

ရှက်ရှက်နှင့် ထွက်လာခဲ့ရသည်။

နောက်မှ လှမ်းပြောလိုက်သော ဖြူဖြူ့အသံကို ကြားရ၏။

"ကိုကိုမောင်က တော်တော်အသံကောင်းတာပဲနော်"

♥



ပန်းချီခန်းထဲမှာ ထမင်းဘူးတစ်ဘူးကို ဖွင့်၍ အကျနှိပ်နေသော စံရှားကို တွေ့ရသည်။

"အောင်မာ. . မင်း ဘယ်သူ့ ထမင်းဘူး ခိုးစားနေတာလဲ"

"တင်တင်ဝင်းဟာကွ"

"ဟာ. . သူများထမင်းဘူးကို"

"ဟော့ကောင် ချိုတူးက ဒီထမင်းဘူးကို ဂရုမစိုက်နိုင်တော့ဘူး၊ နန္ဒနဲ့ ရုပ်ရှင်ကြည့်ဖို့ ပါသွားပြီ"

"ဟော့. . ဒါဆို ငါလဲ စားမယ်ကွာ"

ထမင်းတစ်ဘူးကို တစ်ယောက်တစ်ဇွန်းစီ စားကြသည်။

လတ်သခင်နှင့် တွေ့ခဲ့သည့်အကြောင်းကို မပြောဘဲမနေနိုင်။

"စံရှား၊ ငါ သူနဲ့ တွေ့ခဲ့တယ်ကွ"

"ဘယ်သူလဲ ဒေါ်အုန်းမြလား၊ မုန့်ဟင်းခါးအကြွေး စားထားတာတွေ အကြွေးတောင်းနေလို့လား"

"ချီးတဲ့မှပဲ၊ လတ်သခင်နဲ့ တွေ့ခဲ့တာပြောတာကွ"

"ဩော်. . . မသိပါဘူး"

စံရှားသည် စိတ်မဝင်စားသလို လုပ်ပြီး၊ ထမင်းကိုသာ ငုံ့စားနေ၏။

"ဟော့ကောင် မင်းပုံက ချဉ်လှချေလား၊ ငါပြောတာ နားမထောင်ချင်ဘူးလား"

"နားမထောင်ချင်ဘူး"

"မင်းကလဲကွာ"

"မင်းပြောတာ နားထောင်စေချင်ရင် ငါသွားချင်တဲ့ဆီကိုလဲ မင်းလဲ လိုက်ခဲ့ရမယ်"

"ဘီအီးဒီကိုလား"

"အေး. . ."

စံရှားသည် လွန်ခဲ့သော ဆယ်နှစ်ခန့်ကလေးဘဝက သူငယ်ချင်းဖြစ်ခဲ့ပြီး ကွဲသွားကြသော မိန်းကလေးတစ်ယောက် ပညာရေးတက္ကသိုလ်မှာ ရောက်နေသည်ဆိုသောကြောင့် သွားသွားရှာနေခြင်း ဖြစ်သည်။

"အေးကွာ. . လိုက်ခဲ့မယ်"

"ဒါဆိုထကွာ. . သွားရအောင်"

"ငါပြောတာလဲ နားထောင်ဦးလေ"

"သွားရင်းနဲ့ နားထောင်မယ်ကွာ"

ပန်းချီခန်းကို ခင်အေးသန်းနှင့် အပ်ထားခဲ့ပြီး ထွက်လာခဲ့ကြသည်။

"စံရှား. . ငါ လတ်သခင်နဲ့ တွေ့ခဲ့တယ်"

"ဘယ်တုံးကလဲ"

"ခုနပဲကွ၊ သူက အတန်းထဲကအထွက်၊ ငါက ပန်းချီခန်းက အထွက် တွေ့ကြတာ"

"အဆင်ပြေရဲ့လား"

"သိပ်ပြေတာပေါ့၊ ငါ့နာမည်ကို သူက ကောင်းကောင်းမှတ်မိတယ်၊ ငါ့ကိုလဲ တွေ့ရော သြော်. . ကိုကိုမောင်တဲ့"

"လွန်ခဲ့တဲ့ သုံးရက်လောက်က ပြောထားတဲ့နာမည်ကို ခုထိမမေ့သေးဘူးဆိုတာ တော်တော်စွဲလမ်းနေလို့ပေါ့နော်"

"ခွီးတဲ့မှပဲ၊ မင်းက မငြေ့ပါနဲ့"

"ကဲပါ. . ဆက်ပြောပါဦး"

"အဲဒါကွာ. . နေကောင်းလား၊ ဘာလား ပြောကြတာပေါ့"

"ပြီးရောလား"

"အေး. . ဒါပေါ့. . "

"ဟင်. . မင်းဟာကလဲ"

"အစပိုင်းတော့ ဒီလိုပေါ့ကွာ"

"အတော် တိုးတက်လာတာပဲ"

စကားပြောရင်း လျှောက်လာကြရာ အဓိပတိလမ်းထိပ်သို့ ရောက်လာသည်။ ကျွန်တော့်ကို နှိပ်ထားသော စံရှားကို ပြန်နောက်ချင်စိတ် ပေါက်လာလေသည်။

"စံရှား"

"ဘာလဲ"

"ငါ ဘီအီးဒီ မလိုက်တော့ဘူး၊ ပြန်တော့မယ်"

"ခွေးမသား. . . အဲဒီလို လူလည်မကျနဲ့ ခုနတော့ မင်းပြောတာ နားထောင်ရင် လိုက်မယ်ဆို"

"ခု ငါပြောချင်တာ ပြောပြီးပြီ၊ ပြန်တော့မယ်"

"ဟေ့ကောင် မချဉ်နဲ့နော်"

"ငါ ညောင်းနေပြီကွာ၊ ပြန်မယ်"

"မင်းကလဲကွာ"

"ဟိုကျရင် လက်ဖက်ရည်တိုက်မယ်ဆိုရင် လိုက်မယ်"

"အေးပေါ့ကွာ၊ မင်းက တစ်ကွက်သာပြီဆိုတော့လဲ တိုက်ရတာပေါ့"

တက္ကသိုလ်ဘောလုံးကွင်း၊ ဘီအိုစီကောလိပ်၊ ဆေးတက္ကသိုလ်တို့ကို ဖြတ်၍ လာခဲ့ကြသည်။ ဟိုရောက်တော့လည်း ဘာမှမဟုတ်။ ဟိုအတန်းသွားကြည့်၊ ဒီအတန်းသွားကြည့်၊ ဟိုလျှောက်ဒီလျှောက် ဒါပဲ။

စံရှားကား တော်တော်ကြောင်သည့် အကောင်ပေပဲ။

"ဟေ့ကောင်. . လွန်ခဲ့တဲ့ ဆယ်နှစ်လောက် ကလေးဘဝက တွေ့ခဲ့တဲ့ ကောင်မလေးကို မင်းအခုမြင်ရင် မှတ်မိနိုင်ပါ့မလားဟ"

"မှတ်မိတာပေါ့ကွ"

"မနိုင်ပါဘူးကွာ"

"ဖြစ်နိုင်တယ်၊ ငါ့အမှတ်အသားနဲ့ငါ"



"သူ့မှာ ဘာအမှတ်ရှိလို့လဲ"

"ခြေသလုံးမှာ အမှတ်ကြီးတစ်ခု ရှိတယ်ကွ၊ မတ်စေ့အဝိုင်းလောက်ရှိတယ်"

"ဟင်. . ဒါဆို. . တွေ့သမျှ ကောင်မလေးတွေ ခြေသလုံးလှန်ကြည့်ရမလို ဖြစ်နေပြီ၊ ရိုက်ပေါက်ပဲ"

"ငယ်ငယ်တုန်းကတော့ စကတ်ကလေးနဲ့ကိုးကွ၊ မြင်ရတာပေါ့"

"တော်ပါတော့ကွာ၊ မင်းကောင်မလေးကို ရှာရတာ မီးပျက်နေတဲ့ ညဘက်မှာ မျဉ်းကျားက လမ်းဖြတ်ကူးဖို့ ကြိုးစားရသလိုပါပဲလား"

"ဟာ. . အဲဒီစကားလေးကောင်းတယ်၊ ကဗျာတစ်ပုဒ်တော့ရပြန်ပြီ"

"ဟင်း. . မင်းကိုနှိမ်ကာမှ ကဗျာတစ်ပုဒ် ဖြစ်သွားရပြန်ပြီ၊ ဒါနဲ့မင်း လက်ဖက်ရည်တိုက်မယ်ဆို"

"ငါ့မှာ တစ်ကျပ်ပဲပါတယ်"

"ဒါနဲ့ ခုနတော့. . . "

"ငါလဲ မင်းလိုပဲ၊ မင်းလိုက်လာအောင် လိမ့်ရတာ"

"ဒါဖြင့် ဒူးယားတိုက်"

"ဒီလောက်တော့ ရပါတယ်"

♥

အတန်းနှစ်ချိန် ဆက်တိုက်တက်လိုက်ရသဖြင့် တော်တော်ထိသွားသည်။ ပြီးတော့လည်း ဒီနေ့အတန်းမှာ ရေးရမှတ်ရခြင်းများသည်။ အချက်အလက်တွေ မေ့မကျန်ရစ်အောင် ဂရုတစိုက် နားထောင်မှတ်သားခဲ့ရသည်။ **စမ်းသပ်မှုစိတ်ပညာအတန်း**။ ခါတိုင်းလို ဆရာက ဟိုဘက်လှည့်နေချိန်တွင် အပြင်သို့ လှစ်ခနဲ ထွက်၍ ဆေးလိပ်တစ်ဖွာ နှစ်ဖွာ အမြန်ဖွာပြီး လှစ်ခနဲ ပြန်ဝင်လာဖို့ပင် အချိန်မရှိ။

အတန်းပြီးသောအချိန်တွင် ဆယ့်နှစ်နာရီ ငါးမိနစ်။

မနက် ရှစ်နာရီ မထိုးခင်က စားခဲ့သော မနက်စာသည် မရှိတော့ပြီ။

"စံရှားရေ. . ဝမ်းထဲ ဟာတာတာ ရှိလိုက်ပါဘိတော့ကွာ"

"ဟုတ်ပ မင်းကြီးရေ"

"ဟေ့ကောင်. . ငပေ၊ ငါ လက်ဖက်ရည်သောက်ချင်တယ်"

"ငါလဲ သောက်ချင်တယ်"

တောင်ငူ စားသောက်ဆိုင်၊ စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်တို့တွင်လည်း အရင်စားသောက်ထားသော အကြွေးများရှိနေ၍ ထပ်ပြီးမသောက်ချင်။ ထိုဆိုင်များသည် ကျွန်တော်တို့ ပန်းချီသမားများကို သိနေ၍ အကြွေးရသည်။ ဘယ်တော့မှလဲ မတောင်း။ ကျွန်တော်တို့က ပေးမှ ယူသည်။

ကျွန်တော်တို့ကလည်း ဘယ်တော့မှ မပေးဘဲမနေ။ ငွေရှိသည်နှင့် အကြွေးတွေ အကုန်ရှင်းပစ်လိုက်သည်သာဖြစ်၏။

အဲ. . . . ငွေကုန်ပြီဆိုလျှင်တော့ ကြွေးစာရင်းအသစ် ထပ်ပြီး ပြုစုတာပေါ့။ ဒီကိစ္စမျိုးမှာတော့ ကျောင်းသားများနှင့် ဆိုင်ရှင်များသည် အလွန်သစ္စာရှိကြသူများ ဖြစ်ကြလေသည်။

ခုဟာက သွားသောက်ပြီးမှ မှတ်ထားလိုက်ဆိုလျှင်လည်း ရပါသည်။ "ဟာ. . ဆရာတို့ အကြွေးသောက်တာများပြီ"ဟု ပြောလိမ့်မည် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်တို့ဘက်ကလည်း အလိုက်သိတတ်ရသည်။ သူတို့လည်း စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရတာ။

"အကြွေးတော့ မသောက်ချင်ဘူးကွာ"

"အေးကွာ. . အားနာဖို့ကောင်းတယ်"

"ပန်းချီခန်းက ကောင်တွေလဲ ပြတ်နေကြမှာပဲ"

"ကြံစမ်းပါဦးကွ"

"မကြံတတ်ပါဘူးဟ"

ကျွန်တော်သည် စိတ်ကူးတစ်ခုရသဖြင့် စံရှားကို ဖွင့်ဟတိုင်ပင်သည်။

"ဟော့ကောင်. . ဒီလိုလုပ်မယ်၊ လတ်သခင်တို့ကို တွေ့အောင်ရှာမယ်"

"ဟာကွာ. . အရမ်းကြီး ရင်းနှီးသေးတာမှမဟုတ်တာ၊ သူတို့ကို တိုက်ခိုင်းလို့ ဖြစ်ပါ့မလား"

"တိုက်ခိုင်းမယ်တော့ မဟုတ်ဘူးလကွာ၊ ဟိုတစ်ခါ ပန်းချီကားပေးလိုက်တဲ့နေ့က သူတို့ကျွေးမယ်ဆိုပြီး ခေါ်သွားတာ ငါက ငွေရှင်းခဲ့တယ်မဟုတ်လား၊ ဒီတစ်ခါကျတော့ သူတို့က ကျွေးမှာပေါ့ကွ၊ ဒီတစ်ခါတော့ ကျွန်မတို့အလှည့်ပဲ ဘာညာနဲ့ သူတို့ပြောတဲ့အခါ ငါတို့က 'ဟာ. . နေပါစေ ဘာညာပြောပြီး အသာငြိမ်နေလိုက်တာပေါ့. . ရှိုးဖိန့်ပေါ့ကွာ"

"အေးကွာ. . မင်းတာဝန်ယူတယ်ဆိုရင်တော့ လုပ်ပေါ့"

ကျွန်တော်တို့နှစ်ယောက်သည် စီမံကိန်းကို အကောင်အထည်ဖော်ရန် စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်များဆီသို့ ချီတက်ခဲ့ကြသည်။ တကယ်တော့ မနေ့တစ်နေ့ကမှ သိကျွမ်းခဲ့ရသော မိန်းကလေးတစ်ယောက်ကို ညာတာပါတေးနှင့် လက်ဖက်ရည်တိုက်ခိုင်းရတာ ကောင်းတော့ မကောင်းလှချေ။ သို့ပေမယ့် တတ်နိုင်ဘူးလေ။ သိပ်သောက်ချင်နေတော့လည်း ဒီလိုပဲလုပ်ရတော့မပေါ့။ ပြီးတော့လည်း လတ်သခင်နှင့် တွေ့ဆုံစကားပြောရမှာ ကောင်းသောကိစ္စပေပဲ။

အအေအီး(၃)တွင် သူတို့အတန်း မရှိတော့။ စီးပွားရေးတက္ကသိုလ် အပန်းဖြေခန်းထဲ ရောက်နေလျှင် ပြဿနာ။ ထိုအခန်းသည် ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံက အပန်းဖြေခန်းများနှင့် မတူ။ ကျွန်တော်တို့ဆီမှာက အပန်းဖြေခန်းဘေးမှ ဖြတ်လျှောက်ရင်း ကြည့်သွားလို့ရသည်။ မရှိလျှင် ဆက်လျှောက်သွားရုံပဲ။ စီးပွားရေးတက္ကသိုလ်ကတော့ ဒီလိုမဟုတ်။ အမျိုးသမီးအပန်းဖြေခန်းသည် ထောင့်ချိုးအခန်းမှာ၊ ဘေးက ဖြတ်လျှောက်သွားရင်းကြည့်၊ မရှိလျှင် ဆက်လျှောက်လို့မရ။ ရှေ့က အပိတ်ကြီး။ နောက်ပြန်လျှောက်ရမည်။



နှစ်ခေါက်ဆိုတော့ လူရှာမှန်း သိသာသည်။ သွားရဲသည်ထားပါတော့၊ လတ်သခင်တို့ကို အခန်းထဲမှာ တွေ့သည်ထားပါတော့၊ အပြင်ကိုခေါ် ထုတ်ဖို့မသင့်တော်။ သူသည် ကျွန်တော့်ရည်းစား မဟုတ်သေး။ နောက်ပိုင်းအဆင်ပြေသွားကြပြီဆိုလျှင်တော့ ထားပါတော့။

"ကင်တင်းထဲမှာ ရှိချင်ရှိမယ်"

ကံများ ကောင်းချင်တော့ အမေကြည့်အအေးဆိုင်မှာပင် သူ့ကို တွေ့ရသည်။ မာလာစည်းရိုးနှင့်ကပ်လျက် ဇာဒ်ပင်ကလေးအောက်၊ ဟိုးတစ်နေ့က ကျွန်တော်နှင့် တူတူစားသောက်ခဲ့သော ခုံကလေးမှာပင် ထိုင်လို့။ ကျွန်တော်နှင့် တူတူထိုင်ခဲ့ဖူးသော ခုံကလေးမို့ အမှတ်တရ လာထိုင်နေတာများလားဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိသေးသည်။

"ဟာ. . ဟာ. . ဟိုမှာ. . ဟိုမှာ"

"ဟော့ကောင် ကြွေရရနေစမ်းပါကွာ"

ဝမ်းသာအားရ အော်လိုက်သော စံရှားကို ဟောက်လိုက်ရသည်။

သူတို့ထိုင်နေရာနားသို့ သွားပြီးနောက် ခုမှတွေ့ဟန်ပုံစံမျိုးဖြင့် . . .

"ဟော. . . လတ်သခင်တို့ ဖြူဖြူတို့ပါလား"

"ကိုကိုမောင်ပါလား၊ အအေးသောက်မလို့လား"

"မဟုတ်ပါဘူး၊ လက်ဖက်ရည်သောက်မလို့ပါ၊ ဒီစားပွဲက ကျွန်တော်တို့ထိုင်နေကျလေ"

"ဟုတ်လား၊ ကျွန်မတို့လဲ ဒီမှာထိုင်နေကျပဲ၊ တစ်ခါမှ မဆုံမိတာ အံ့သြစရာပဲ"

အမှန်မှာ ဒီစားပွဲသည် ကျွန်တော်တို့ ထိုင်နေကျ မဟုတ်ပါ။ ကျွန်တော်တို့သည် လမ်းသွားလမ်းလာ ကျောင်းသူများကို ကောင်းစွာမြင်နိုင်သော ကိုအောင်ရင့်လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကျ။

ခုဟာက ဝင်ထိုင်လို့ကောင်းအောင် ပြောတာ။

"ခုလဲ ထိုင်လို့ ရပါတယ်၊ ကျွန်မတို့ကို အားမနာပါနဲ့"

ကျွန်တော်တို့နှစ်ယောက်သည် အားနာသလို လုပ်၍ ဝင်ထိုင်ကြသည်။

စံရှားက လက်ဖက်ရည်နှစ်ခွက် လှမ်းမှာ၏။

"ကိုကိုမောင် ကျွန်မတို့ကို ဘာကျွေးမှာလဲ"

ဟိုက်. . ပြဿနာပဲ။ သွားပြီထင်တယ်။

ရင်ထဲက ထိတ်ခနဲ ဖြစ်သွား၏။

သို့ရာတွင် ဟန်ကိုယ့်ဖို့။

"စားလေ. . ဘာစားမလို့လဲ"

စံရှားသည် ကျွန်တော့်ခြေထောက်ကို မသိမသာ လှမ်းကန်လိုက်၏။ ဖရေးထဲမှာ ဒီကောင်က ဟန်ပျက်နေသည်။ ကျွန်တော်က အားကိုတင်းရင်းဟဲဟဲဆိုပြီး သွားဖြဲပြလိုက်သည်။

"အလကားပြောတာပါနော်၊ ကျွန်မတို့ ထမင်းစားပြီးပါပြီ၊ ရေခဲသုပ်လဲ စားပြီးပါပြီ၊ ဘာကျွေးမလဲဆိုတာက နောက်တာပါ၊ ခင်က ကိုကိုမောင့် အသံကို ကောင်းတယ်လို့ ဘာကျွေးမှာလဲလို့ ပြောတာ"

ဟူး. . တော်ပါသေးရဲ့။ စံရှား၏မျက်နှာသည်လည်း အတန်ငယ်ကြည်လင်လာ၏။ သို့ရာတွင် စိတ်ချလက်ချ မနေနိုင်သေး။ သူတို့သောက်ထားသော ရေခဲသုပ်ဖိုးရှိသေးသည်။

"မကောင်းပါဘူး၊ အမယ်. . ဘယ်တုံးက ကြားဖူးလို့လဲ"

"ပန်းချီကားပေးတဲ့ညက အဆောင်နောက်ဘက်မှာ လာဆိုတာလေ"

"ကျွန်တော် မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ အောင်ကိုကိုမောင်လို့ ကြေညာလိုက်တာ ကြားသားပဲ၊ ဟုတ်တယ် မဟုတ်လားခင်"

လတ်သခင်သည် ပြုံး၍ခေါင်းညိတ်သည်။ ပြီးတော့ . . .

"ကိုကိုမောင့်အသံက တကယ်ကောင်းတာပါ" ဟုပြော၏။

"ဟာဗျာ"

ကျွန်တော် ခေါင်းငုံ့နေလိုက်ရသည်။

အောင်ကိုကိုမောင် ရှက်နေပုံ။

"ဒီတစ်ခါတော့ ကျွန်မတို့က ကျွေးရမယ့်အလှည့်ပါ"

ဝမ်းမြောက်ဖွယ်သတင်းပါတကား။

သို့ရာတွင် နည်းနည်းတော့အိုက်တင်ခံရဦးမည်။

"ဟာ. . . ကိစ္စမရှိပါဘူး"

"ဘယ်ဟုတ်မလဲ ကိုကိုမောင်ရဲ့၊ ဟိုတစ်ခါက ကိုကိုမောင်ကျွေးသွားတယ်မဟုတ်လား"

လတ်သခင်က . . .

"ဟုတ်သားပဲ"ဟုပင် ပြောသည်။

"ဟုတ်ပါတယ်ကွာ၊ မင်းကလဲ ဟိုကစေတနာနဲ့ ပြောတဲ့ဟာပဲ၊ နောက်တစ်ခါကျတော့ မင်းကကျွေးပေါ့"

ဒီနေရာမျိုးကျတော့ စံရှားတို့က လူသွက်။ သူ့အဖို့ မိန်းကလေးတွေဆီက ညာစားသောအလုပ်သည် ရိုးနေပြီ။ ကျွန်တော်ပင် သူ့အထာတွေကို အတန်ငယ်သိနေပြီ။ ခုပဲကြည့်. . .

"အေးလေ. . ဒီတစ်ခါတော့ ဖြူဖြူတို့ လတ်သခင်တို့ ကျွေးတာကို စားပါ့မယ်"

"ဟာ. . . မင်းကလဲ၊ ကျွေးတာမဟုတ်ပါဘူး၊ တိုက်တာသောက်ပါ့မယ်လို့ ပြောပါဟ၊ ခုဟာက လက်ဖက်ရည်ပဲ"

ဒါတော့ စံရှားနည်းနည်းလွန်ပြီထင်သည်။ သူက ခုလို ပြောလိုက်တော့ ဟိုက ဘယ်နေသာတော့မလဲ၊ ဖေ ကပ်ပါအတိုင်း ပြန်ပြောရတော့တာပေါ့။

လတ်သခင်က . . .



"စားတာလဲရပါတယ်၊ ဘာစားမလဲ"

"ဟာ. . မစားပါဘူး၊ ဒီကောင် စံရှား. . မင်းကလဲ"

"အောင်မာ မင်းကျွေးရတာ ကျနေတာပဲ၊ ဝင်ပြီးနှမြောနေရပြန်ပြီ"

စံရှား၏စကားအဓိပ္ပာယ်သည် အတန်ငယ်လွန်ကဲသွားကြောင်း သိလိုက်သည်။ ထို့ကြောင့် စကားကိုလွှဲရန် ကြိုးစားရ၏။

"ဒီကောင်က ဒီလိုပဲ သိပ်နောက်ဝာတ်တာ"

"နောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာ"

"တော်ကွာ. . စကားကောင်းကောင်းကို မပြောရတော့ဘူး"

"ဒါနဲ့ကြည့်စမ်း. . ပြောနေလိုက်ကြတာ၊ မိတ်မဆက်ပေးရသေးဘူး၊ သူက စံရှားတဲ့၊ ကျွန်တော်နဲ့ တစ်တန်းတည်း၊ အဆောင်မှာလဲ တစ်ခန်းတည်း အတူတူနေကြတာ"

လတ်သခင်နှင့်ဖြူဖြူတို့က ပြုံးပြရင်း စံရှားကို အသိအမှတ်ပြုသည်။ စံရှားကလည်း . . .

"သောက်ရတာ ဝမ်းသာပါတယ်"ဟု ပြန်ပြော၏။

"စံရှား. . သူက လတ်သခင်၊ သူက ဖြူဖြူ၊ အီကိုသဲ့တ်ရီးယားက၊ မာလာမှာနေတယ်၊ ဩော်. . ပြီးတော့ ဒီကောင်က ကဗျာလဲရေးတယ်၊ **ရှားသူ** ဆိုတာ ဒီကောင်ပေါ့"

"ဩော်. . ပန်းချီခန်းမက နံရံကပ်စာစောင်မှာ ဖတ်ဖူးပါတယ်"

စံရှားသည် သူ့ကို ကဗျာဆရာအဖြစ် တလေးတစား အသိအမှတ်ပြုကြောင်း သိရသဖြင့် ကျေနပ်သွားပုံရသည်။ ဘာမျှ ဆက်မပြောဖြစ်ဘဲ ခဏမျှ ငြိမ်နေမိကြသည်။ အားလုံးသည် ဘာဆက်ပြောရင် ကောင်းမလဲဟု စဉ်းစားနေကြခြင်း ဖြစ်ပါလိမ့်မည်။ ပြောစရာစကားကို စဉ်းစားကြည့်ရာ မရဘဲဖြစ်နေသည်။ ပြောချင်နေသောစကားတွေတော့ ရှိသည်။ သို့ရာတွင် ခုပြော၍ မဖြစ်။ နောက်မှလေ. . . နောက်မှ။

"ဒါနဲ့ ကိုကိုမောင်"

"ခင်ဗျာ. . ခင်ဗျာ. ."

ဖြူဖြူက ဖြန်းခနဲ လှမ်းခေါ်လိုက်သောကြောင့် . . .

ကျွန်တော် လန့်သွား၏။ ဖြူဖြူက ရယ်သည်။

စံရှားက . . .

"ဘယ်လိုဖြစ်တာလဲ"ဟု ပြောသည်။

လတ်သခင်ကတော့ ပြုံးရုံကလေး။ ကျွန်တော့်ကို အားနာသောကြောင့်သာ ဝိုင်းမဟားကြခြင်း ဖြစ်မည်ထင်သည်။

"ဟိုဥစ္စာလေ. . ဟိုနေ့ညက ဆိုတဲ့သီချင်းက ဘာလဲဟင်၊ အနှစ်နှစ်ဆယ် သီချင်းလား"

"ခေတ်ဟောင်း သီချင်းပါ၊ တယော ကိုဟန်ဝင်းဆိုတာ၊ ငွေစန်းသော်တာတဲ့၊ ရေဒီယိုက ခဏခဏလာသားပဲ"

"စာသားကောင်းတယ်နော်၊ ဘယ်သူရေးတာလဲ"

"သီချင်းစာအုပ်ထဲမှာတော့ ရေးတဲ့လူနာမည်ကို ကြည့်မထားဘူး၊ ကျွန်တော့်အမေ ပြောတော့ ကိုဟန်ဝင်းကိုယ်တိုင် ရေးတာလို့ ပြောတယ်၊ ကိုဟန်ဝင်းနဲ့ သိတာကိုး"

ကျွန်တော်သည် စကားစတစ်ခုကို ရသဖြင့် ဆက်ပြောနေမိသည်။

"ဒီလိုဗျ . . အမေနဲ့ ကိုဟန်ဝင်းတို့က ရပ်ဆွေရပ်မျိုးတွေ၊ နောက် စစ်အတွင်းက စစ်ပြေးကြတော့ လသာကုန်းဘက်ကို ပြေးကြတာ၊ အမေရဲ့ အစ်မအကြီးတစ်ယောက်က ကိုဟန်ဝင်းတို့ မိသားစုကိုပါ အဲဒီကိုခေါ်သွားတယ်၊ အဲဒီအချိန်မှာ ကိုဟန်ဝင်းရဲ့ မိန်းမက ဆုံးသွားရှာပြီး လသာကုန်းမှာနေကြရင်းက လသာတဲ့ ညဘက်တွေကျရင် . . ကိုဟန်ဝင်းက တယောလေးကို ကိုယ်တိုင်ထိုးပြီး ငွေစန်းသော်တာသီချင်းကို ဆိုလေ့ရှိတယ်၊ သူ့မိန်းမဆုံးခဲ့တဲ့အကြောင်း တခြားလူတွေကလဲ သိနေကြတာကိုး၊ သူ သီချင်းဆိုရင် သိပ်လွမ်းဖို့ကောင်းတာပဲတဲ့၊ အမေကတော့ ကိုဟန်ဝင်းဟာ သူ့မိန်းမကို အလွမ်းပြေအဖြစ် အဲဒီသီချင်းကို စပ်ပြီးဆိုတာလို့ ထင်နေတာပဲ"

"ကိုကိုမောင်ကကော ဘယ်သူ့ကို လွမ်းလို့ဆိုတာလဲ"

အနောက်အပြောင်သဘောမျိုး ပြောခြင်းဖြစ်သော်လည်း ဖြူဖြူ့စကားသည် ချက်ကောင်းကို ထိမှန်၏။

ကျွန်တော့်အတွက်မူ ထိုမေးခွန်းကို သတိထား၍ ဖြေရမည်။

"လွမ်းမှပဲ သီချင်းဆိုရတော့မှာလားဗျာ"

ထိုသို့ပြောလိုက်သော ကျွန်တော့်စကားသည် အလွမ်းသံပါနေသလားဟု စိုးရိမ်မိသည်။ လတ်သခင်ကမူ ကိုဟန်ဝင်း၏အကြောင်းကို တွေး၍သနားနေသလား။ ကျွန်တော့်ကိုပင် သနားနေသလား မသိ။ တစ်နေရာသို့ ငေးစိုက်၍ကြည့်နေသည်။

ကျွန်တော့်အကြောင်းကိုမူ မသိသေးသောကြောင့် ကျွန်တော့်ကို သနားတာမဖြစ်နိုင်။ သို့ရာတွင် တစ်နေ့နေ့မှာတော့ သူ ကျွန်တော့်ကိုသနား၍ လာလိမ့်မည်ဟု ထင်သည်။

ကြွေကျလာသော ဗာဒံရွက်တစ်ရွက်သည် ဝင်းခတ်ထားသော သံဆူးကြိုးတွင် လာ၍ ငြိနေ၏။

လတ်သခင်တို့နှင့် တွေ့ခဲ့သောအရှိန်သည် အဆောင်ပြန်ရောက်သည်အထိ မသေသေး။ အိပ်ရာပေါ် ပက်လက်လှန်ပြီး ငွေစန်းသော်တာ အလိုက်အတိုင်း လေချွန်နေလိုက်သည်။ စံရှားကမူ "ပင်ပန်းလိုက်တာကွာ"ဆိုပြီး စန့်စန့်ကြီး လှဲနေလေသည်။ သူ အိပ်ပျော်သွားပြီ ထင်၏။

ကျွန်တော်ကဖြင့် မအိပ်ချင်ပါ။

အိပ်လိုက်လျှင် သူ့အကြောင်းကို အိပ်မက် မက်မည် . . . မမက်မည် ဆိုသည်မှာ မသေချာ။ ခုဆိုလျှင် သူ့အကြောင်းကို အေးအေးဆေးဆေးစဉ်းစားလို့ရသည်။



သူက ကျွန်တော့်အသံကို ကောင်းတယ်တဲ့။ ဒါ တမင်သက်သက် မြှောက်ပြောတာ မဖြစ်နိုင်။ တကယ် အသံကောင်းလို့သာ ပြောခြင်းဖြစ်ကြောင်း သူ့အမူအရာကို ကြည့်၍သိနိုင်သည်။

အဆိုကောင်းသည်ဟု ပြောလျှင် ပို၍သင့်တော်ပါမည်။

"ဝေဒနာ"ဆိုသော ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးသည်။

သီချင်းတစ်ပုဒ် ကောင်းခြင်း မကောင်းခြင်း ဆိုသည်မှာ အသံကောင်းခြင်းထက် အဆိုကောင်းခြင်းအပေါ်မှာ ပို၍မူတည်သည်။ အဆိုကောင်းဖို့အတွက် အရေးအကြီးဆုံးမှာ **ဝေဒနာ**။

သို့ဖြစ်လျှင် ကျွန်တော်သည် အသံကောင်းသူလည်း မဟုတ်။ အဆိုကောင်းသူလည်း မဟုတ်။ ဝေဒနာကောင်းသူသာ ဖြစ်ပါလိမ့်မည်။

လတ်သခင်ရယ် . . .

ဝေဒနာ သေချာပါတော့မှာပါကလားဗျာ။

♥

ရေချိုးလိုက်လျှင် ရှင်လန်းပေါ့ပါးသွားမည်ဟု ထင်သည်။

ထိုအခါကျမှ တွေးစရာတွေကို ဆက်၍ တွေးရဦးမည်။ ရေခွက်နှင့် အဝတ်လျှော် ဆပ်ပြာကိုယူ၍ ထွက်ခဲ့သည်။ အဝတ်လျှော်ဆပ်ပြာဆိုရခြင်းမှာ ဆပ်ပြာမွှေးမရှိခြင်းကို သိသာစေရန် ဖြစ်ပါသည်။ ခုရက်ပိုင်းမှာ ဘတ်ဂျက်အခြေအနေ အလွန်ဆိုးနေသောကြောင့် ဆပ်ပြာမွှေး မဝယ်နိုင်။ ရှိနှင့်ပြီးသားဖြစ်သော ရွှေဒင်္ဂါးလား ရွှေဝါလား မသိ၊ အဝတ်လျှော်ဆပ်ပြာကိုပင် ဘက်စုံအသုံးချရသည်။ အဝတ်လျှော်လျှင်လည်း ဒီဆပ်ပြာပဲ။ မျက်နှာသစ်လည်း ဒီဆပ်ပြာပဲ။ ခြေထောက်ဆေးလည်း ဒီဆပ်ပြာပဲ။ ထားတော့ . . မွှေးဖို့ မမွှေးဖို့ သစ်ဖို့ ဟောင်းဖို့က အရေးမကြီး။ ချေးညှော်ကင်း၍ သန့်ရှင်းစင်ကြယ်ဖို့သာ အရေးကြီးသည်ဟု ပြည်သူ့နီတိမှာ ငယ်ငယ်က သင်ဖူးသည် မဟုတ်လား။

သုံးနာရီသာ ရှိသေးသဖြင့် ရေမလာသေးချေ။ ရေချိုးခန်းမှာ ချိုးလို့မရ။ ထို့ကြောင့် အောက်ဘက်က ရေချိုးကန်ဆီသို့ ဆင်းလာခဲ့သည်။ ကန်ထဲမှာလည်း ရေက သိပ်များများ မရှိ။ တစ်ထွာသာသာကလေးသာ ရှိသည်။ ရေညှိတွေကလည်း ရေထဲမှာ မျော၍နေသည်။ ဟယ် . . မတတ်နိုင်ပါဘူးလေ၊ ဒီရေကိုပဲ ချိုးရတော့မှာပဲ၊ အပေါ်ထပ်မှာ ရေလာဖို့က တစ်နာရီလောက် လိုသေးသည်။

ရေကို တစ်ဝကြီး ချိုးပစ်လိုက်သည်။ ခုမှပဲ ပေါ့ပါးလန်းဆန်းသွားတော့၏။ ရေလဲလုံချည်ကို ဆပ်ပြာဖြင့်တိုက်ပြီး လျှော်မည်ပြုပြီးမှ ဆပ်ပြာကုန်မည်စိုး၍ ရေနှင့်ပင် ဆေးပြီး ညှစ်လိုက်ရသည်။

လေကလေးတချွန်ချွန် လျှောက်လာခဲ့ရာ လေ့ကားခြေရင်းသို့ အရောက်တွင် အကြောင်းထူးရှိမည် မထင်သော်လည်း ကြော်ငြာသင်ပုန်းဆီသို့ လှမ်းကြည့်မိသည်။ ရင်ထဲက ထိတ်ခနဲ ဖြစ်သွား၏။

ဟုတ်မှဟုတ်ရဲ့လားဟု အနားကိုကပ်၍ ကြည့်သည်။ ဟုတ်ပါသည်။

***"အောက်ပါ ကျောင်းသားများသည် ထပ်မံတိုးမြှင့်ပေးထား သောရက်များထက် ကျော်လွန်သည့်တိုင်အောင် အဆောင် အကြွေးငွေများကို အပြေအလည်ပေးသွင်းခြင်း မပြုသဖြင့် (၂၂. ၁၀. ၇၆)နေ့မှစ၍ အဆောင်မှ ထမင်းကျွေးတော့မည် မဟုတ်ကြောင်း"***

***အခန်း (၈၅). . .   မောင်အောင်ကျော်ဆင့်***

***အခန်း (၁၃၁) . . .   မောင်ညိုလေး***

***အခန်း (၇၁) . . .   မောင်အောင်ကိုကိုမောင်***

ရေချိုးပြီးခါစပင် ဖြစ်သော်လည်း ချွေးများစို့၍လာသည်။ ကျွန်တော့်မှာ ငွေက တစ်ပြားမျှ မရှိတော့။ စံရှားဆီမှာလည်း မရှိ။ နေ့လယ်ကပင် လတ်သခင်တို့ဆီ ကပ်ပြီး လက်ဖက်ရည်သောက်ခဲ့ရတာလည်း အသိပါပဲ။ ကျွန်တော့်မှာ ဒီအဆောင်ထမင်းကလေးကိုပင် အားကိုးတကြီး မှီဝဲနေရပါသည်။ ခုတော့ ဝတ်ပါပြီ။ ကြေညာချက်ပါ နေ့စွဲအရဆိုလျှင် နက်ဖြန်မှစ၍ ထမင်းဝတ်ပါပြီ။ ဒီနေ့ညစာသည် နောက်ဆုံးတစ်နပ်။ ပြောရင်းဆိုရင်းကပင် ထမင်းဆာလာပြန်ပါပြီ။ ရင်ထဲက တလှပ်လှပ်ဖြစ်လာခြင်းကို ထမင်းဆာခြင်း ဟုထင်တာ ဖြစ်ကောင်းဖြစ်မည်။

တက်နေကျ လှေကားပင်ဖြစ်သော်လည်း လက်ရန်းကို အားပြု၍တက်ရသည်။ လောလောဆယ်မှာတော့ ရိက္ခာအဖြတ်ခံရခြင်းသည် အထိနာ၏။

အခန်းထဲဝင်လိုက်သောအခါ စံရှားမနိုးသေးချေ။ သူကတော့ ငွေသွင်းပြီးသားလူဆိုတော့ စိတ်ချနိုင်ပေမပေါ့။ ကျွန်တော်နှင့်ပတ်သက်၍ သတင်းကောင်းပင်ဖြစ်စေ၊ သတင်းဆိုးပင်ဖြစ်စေ အရင်ဆုံး သိသင့်သူမှာ စံရှားသာ ဖြစ်သောကြောင့် သူ့ကို လှုပ်နှိုးလိုက်ရသည်။ စံရှားသည် "ဟင်. . ဟင်"ဆိုပြီး ကယောင်ကတမ်းဖြစ်နေ၏။

နောက်တော့မှ . . .

"ထမင်းစား သွားတော့မလို့လား" ဟု မေးသည်။

"ထစမ်းပါဦးဟ"

"ဘာဖြစ်တာလဲကွ"

"ငါ့ကို ထမင်းဖြတ်လိုက်ပြီကွ"

"ဟေ. . ."

"ဟုတ်တယ်၊ ခုပဲ နို့တစ်ဘုတ်မှာ ကြည့်လာတာ"

ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ပြီးမှ အင်္ကျီဝတ်ရန် သတိရသဖြင့် ထဝတ်လိုက်သည်။

"အဲဒီတော့ မင်း ဘာလုပ်မလဲ"

"ဘာလုပ်ရမလဲ၊ ဝတ်ရုံပေါ့"

"ဒါပေမယ့် ကြံကြည့်သေးတာပေါ့ကွာ"



"ပိုက်ဆံမှ မရှိတာ၊ ဘာလုပ်လို့ရမှာလဲ"

ကျွန်တော်က ခေါင်းကို ကုတ်၏။

စံရှားက မေးစေ့ကို ပွတ်ရင်းစဉ်းစားနေသည်။

ကျွန်တော် ဝင်လာစဉ်က စိတ်ပျက်လက်ပျက်ပစ်ချလိုက်သော ရေခွက်ကြီးကို သူ စိုက်ကြည့်နေရာမှ . . .

"အိုကေ. . ငါ့အတွက်ရမယ့် ထမင်းကို ဟိုမှာ မစားဘူး၊ ဒီကိုယူစားမယ်၊ နှစ်ယောက်မျှစားတာပေါ့"

"ဘယ်ဝမလဲကွ"

"ဖြစ်တယ် သူငယ်ချင်း၊ နည်းနည်းတော့ မျက်နှာပြောင်တိုက်ရမှာပဲ"

စံရှားသည် ရေခွက်ကြီးကို ကောက်ကိုင်လိုက်သည်။

"ထမင်းကို ရနိုင်သလောက် ဒီထဲကိုထည့်မယ်၊ ဟင်းကတော့ တစ်ယောက်စာပဲ၊ အခြေအနေအရ ဟင်းပိုရရင်လဲ ထည့်ခဲ့မယ်၊ အရေးကြီးတာက ဟင်းမဟုတ်ပါဘူးကွာ၊ ထမင်းပါ"

"အေးကွာ၊ ဒီလိုပဲ လုပ်ရတော့မှာပဲ၊ ဒါပေမယ့် ကြာကြာတော့ လုပ်လို့ မကောင်းဘူး"

"လေးငါးရက်တော့ ဒီလိုပဲ လုပ်ရမှာပဲ၊ ဒီကြားထဲမှာ မင်းအိမ်ကဖြစ်ဖြစ်၊ ငါ့အိမ်ကဖြစ်ဖြစ် ငွေရောက်ချင်ရောက်မှာ၊ မရောက်ရင်တော့"

ငွေမရောက်လျှင် ဘာလုပ်ရပါမည်နည်း။ ကျွန်တော့် မျက်စိများသည် စားပွဲပေါ်မှ တင်ထားသော ပစ္စည်းကလေးဆီရောက်နေ၏။ အဝိုင်းကလေး မျက်နှာပြင်ပေါ်မှာ အတုံးကလေး ဆယ့်နှစ်တုံးရှိသည်။ လက်တံကလေး သုံးခုအနက် တစ်ခုသည် တစ်ချက်ချက် ရွေ့လျားနေသည်။

***နာရီကို ကြည့်၊ လုံ့လရှိ တိကျမှန်ကန်စေ*** ဟု ကလေးတွေဆိုသော လက်ပတ်နာရီကလေး ဖြစ်ပါသည်။

"ငါ့နာရီ လျှော့လိုက်မယ်ကွာ"

"ဟာ. . မဖြစ်သေးပါဘူး၊ အရေးတကြီး သွားလျှော့ရင် ဈေးနှိမ်ခံရလိမ့်မယ်၊ ပြီးတော့ ငါတို့နှစ်ယောက်ပေါင်း နာရီတစ်လုံးတော့ ရှိသင့်တယ်"

" Y.T.U က ကောင်တွေဆီမှာများ ရှိမလား မသိဘူး"

"မရှိနိုင်ဘူးကွ၊ ခါတိုင်း ဒီကိုချောင်းပေါက်အောင် လာနေတဲ့ကောင်တွေ ခုမလာတာကြာပြီဆိုတော့ ဒီကောင်တွေဆီမှာ လမ်းစရိတ်တောင် မရှိဘူးထင်တယ်"

"အေးကွ. . ပန်းချီခန်းက ကောင်တွေဆီမှာလဲ ရှိမှာမဟုတ်ဘူး၊ အလွန်ဆုံး ရှိတဲ့ကောင်မှ တစ်ဆယ် ဆယ့်ငါးကျပ်လောက်ပဲရှိမယ်"

"ဒီနေရာမှာ မင်းညံ့သွားတယ်၊ စောစောစီးစီးကသာ လတ်သခင်နဲ့ ကြည်အောင်လုပ်ထားရင် ခုလိုအချိန်မျိုးမှာ မင်းကိုပစ်ထားမှာ မဟုတ်ဘူး"

လတ်သခင်ကို ဖျတ်ခနဲ သတိရမိပြန်သည်။ ခုအချိန်မှာသာ သူနဲ့ ကျွန်တော် ချစ်နေကြပြီဆိုလျှင် သူက ကျွန်တော့်ကို ကူညီလိမ့်မည်အမှန်။

သို့တည်းမဟုတ် . . .

ဖြူဖြူပြန်းချီကားကို ဝယ်စဉ်တုန်းကသာ ငွေကြေးဖြင့် ရောင်းခဲ့မည် ဆိုလျှင် ***အို. . မရောင်းဘူး၊ မပေးဘူး၊ အသည်းနှလုံးနဲ့လဲမယ်။***

ကျွန်တော်သည် အကျပ်အတည်း အတွင်းမှာပင် သူ့အကြောင်းကို စိတ်ကူးယဉ်နိုင်စွမ်း ရှိနေပါကလား။

"ဟူး. . ပိုက်ဆံများ ထားစရာတောင် မရှိပါလားနော်"

"ဟင်. . ကိုကိုမောင်၊ သတိထားမှပေါ့ကွ၊ ငါ စံရှားလေ"

"ချီးတဲ့မှပဲ၊ ငါ မရူးသေးပါဘူးကွာ၊ ငါ ပြောတာက ပိုက်ဆံတွေထား စရာ နေရာမရှိတာကို ပြောတာမဟုတ်ဘူး၊ ထားစရာ ပိုက်ဆံတစ်ပြားမှ မရှိ တာကို ပြောတာ"

"ဟင်း. . တော်ပါသေးရဲ့၊ ငါက မင်းစိတ်ဖောက်ပြန်သွားပြီမှတ်လို့"

"အရေးထဲ နောက်နေပြန်ပါပြီ၊ ဘာလုပ်ရင် ကောင်းမလဲကွာ၊ အိမ်က ငွေကလဲ ဒီအတောအတွင်း ရောက်ဖို့မလွယ်ပါဘူးကွာ"

အိပ်ရာပေါ် သို့ ပြန်လှဲချလိုက်သည်။ စံရှားကလည်း သူ့အိပ်ရာပေါ် သို့ လှဲချလိုက်သည်။ အခြေအနေသည် ကိုယ့်အား ကိုယ်ကိုးဖို့သာ ရှိတော့သည်။ သူငယ်ချင်းတွေကလည်း တောင်မင်းမြောက်မင်း မကယ်နိုင်။ တစ်ခုတည်းကို သာ စဉ်းစားတော့၊ ရှိပစ္စည်းတွေထဲက ဘာကိုရောင်းမလဲ။

"ဟေ့ကောင်. ."

"ဟေ့ကောင်. ."

ကျွန်တော်တို့နှစ်ယောက်သည် ငေါက်ခနဲ ပြိုင်တူထထိုင်လိုက်ကြပြီး ပြိုင်တူပြောမိကြသည်။

"ဒီလိုကွ. ."

"ဒီမှာ. . ."

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူဖြစ်နေပြန်သည်။

ထို့ကြောင့် စံရှားက ကျွန်တော့်ကို ဦးစားပေးလိုက်သည်။

"ကဲ. . မင်းအရင်ပြော"

"ငါ့မှာ ဘောင်းဘီတစ်ထည်ရှိတယ်၊ ပြင်ချုပ်ပြီးမှ ဝတ်ရမှာ၊ ရှက်လို့ သိမ်းထားတာ၊ အသစ်ကြီးပဲ၊ အဲဒါ လျှောလိုက်မယ်"

"ငါးဆယ်တောင် ရပ့ါမလား"

"အဟောင်းဈေးမှာ ဆိုရင်တော့ အဲသလောက်ပဲရမယ်၊ ဒါပေမယ့် ရော်ဖို့ကိုရောင်းလိုက်ရင် ပိုရမှာပဲ"

"ဒီကောင်က ဝယ်ပ့ါမလား"

"ဝယ်မယ်ထင်တယ်၊ ဟိုတစ်ခါတုန်းက ဒီကောင် ငါ့ဘောင်းဘီ ယူဝတ် ကြည့်ပြီးတော့ ပုံကောင်းတယ်၊ ဘယ်မှာ ချုပ်တာလဲလို့ မေးတယ်ကွ၊ ငါကလဲ မင်းနဲ့သိပ်လိုက်တာပဲ ဘာညာဆိုပြီး ဒီကောင့်ကို မြှောက်ထားဖူးတယ်၊ အဲဒါ ဒီကောင့်ကို ခုနစ်ဆယ့်ငါးကျပ်နဲ့ သွားရောင်းမယ်"



"ကဲ. . ခုနစ်ဆယ့်ငါးကျပ်တော့ ရပါပြီ၊ ထားပါတော့၊ ကျန်တာကို ဘယ်လို လုပ်မလဲဆိုတော့ သန်ဘက်ခါကျရင် ငါတို့အတွက် နို့ဆီ သကြား ထုတ်ပေးမယ်တဲ့၊ မင်းကတော့ ငွေမသွင်းလို့ မရသေးဘူး၊ ငါ့အတွက်ရတာကို လျှောလိုက်ရင် သုံးဆယ့်ငါးကျပ်လောက်ရမယ်"

"ဟာ. . . ရပ့ါမလား"

"ရတာပေါ့ကွ၊ ဒီမှာ ငါ ပြောပြမယ်၊ အဆောင်နေ ကျောင်းသားတို့ သည် သကြား နို့ဆီ ပေါက်ဈေးကိုလဲ သိရမည်၊ အင်္ကျီ လုံချည် ဘောင်းဘီတို့ သည် မည်သည့်အခြေအနေရှိလျှင် အဟောင်းဈေး မည်မျှရနိုင်သည်ကိုလဲ ခန့်မှန်းတတ်ရမည်၊ ယုတ်စွအဆုံး ဗလာစာအုပ်အဟောင်းများကို ဘော်တယ် ကုလားထံတွင် ပိဿာချိန်ဖြင့် ရောင်းလျှင် မည်မျှရနိုင်မည်ကိုလည်း သိရမည် တဲ့. . မှတ်ထား"

စံရှား ပြောသော နို့ဆီ သကြားကိစ္စမှာ ဤသို့ ဖြစ်ပါသည်။

အဆောင်စားသောက်ကြေးငွေများကို စနစ်သစ်အရ တစ်ရာ့နှစ်ဆယ် ကျပ်ကောက်ခံသော အချိန် မှစ၍ အဆောင်တွင် ခါတိုင်းလို လက်ဖက်ရည် ကော်ဖီ မတိုက်တော့ချေ။ ယင်းအစား တစ်လတစ်ကြိမ်ခန့် နို့ဆီနှင့် သကြား ထုတ်ပေးသည်။ ကျောင်းသား ကိုးဆယ့်ရာခိုင်နှုန်းလောက်မှာ ထိုနို့ဆီနှင့် သကြားတို့ကို လှည်းတန်းဈေးမှာ ပြန်ရောင်းပြီး သုံးစရာရှိတာသုံး၊ ဝယ်စရာ ရှိတာ ဝယ်ကြရလေသည်။

"ဒီတော့ ခုနစ်ဆယ့်ငါးကျပ်နဲ့ သုံးဆယ့်ငါးကျပ်ပေါင်းရင် တစ်ရာ့တစ် ဆယ်ရမယ်၊ တစ်ဆယ် လိုသေးတာပေါ့ကွ"

"တစ်ဆယ်လောက်ကတော့ ဟိုကနည်းနည်း ဒီကနည်းနည်းဆွဲလိုက် တာပေါ့ကွာ၊ နောက်ဆုံးမရရင် ဦးဆောင်ဆီ သွားချေးမယ်ကွာ၊ တစ်ဆယ် လောက်တော့ ဆရာလဲ ချေးနိုင်မှာပါ"

ဦးဆောင်သည် ကျွန်တော်တို့ ပဲခူးဆောင်မှ လက်ထောက်အဆောင် မှူး (ဟောလ်ကျူတာ) ဖြစ်ပါသည်။

"နောက်ပြီးတော့ မင်း ငွေသွင်းပြီးပြီဆိုရင် မင်းအတွက် နို့ဆီနဲ့ သကြား ရမှာပဲ၊ အဲဒါကို လျှောလိုက်ရင် သုံးဆယ့်ငါးကျပ်ရမယ်၊ အဲဒါကို ငါတို့ လက် ဖက်ရည်ဖိုးအဖြစ် သတ်မှတ်လိုက်"

"အေး. . ဟုတ်တယ်. . ဇေပဲ"

ဒါနဲ့ နေဦး၊ မင်းကို ထမင်းဖြတ်တာ ဘယ်နေ့က စ,တာလဲ"

"နက်ဖြန်"

"ဒါဆို ဒီနေ့ညနေစာ စားလို့ရသေးတာပေါ့"

"ဒါပေါ့"

"သွားကြစို့. . ဆာပြီကွာ"

ရိက္ခာအကျပ်အတည်းကို ဖြေရှင်းဖို့ စီစဉ်ပြီးဖြစ်သဖြင့် စိတ်လက်ပေါ့ ပါးစွာ ထွက်လာခဲ့ကြသည်။

အဆောင်ကြေးမပြေလည်သဖြင့် ထမင်းဖြတ်ခံရသူတစ်ယောက်သည် နောက်ဆုံးအခွင့်အရေးဖြစ်သော ထမင်းတစ်နပ်ကို စားရန် ရှက်ရွံ့နေလိမ့်မည် ဟုထင်လျှင် မှားပါလိမ့်မည်။

ကျွန်တော်တို့ ကျောင်းသားများမှာ ဒီလိုအားငယ်တတ်သော စိတ်မျိုး မရှိကြပါ။ ရနိုင်သလောက်တော့ စားရမည်ပင် ဖြစ်ပါသည်။

ကိုယ့်မှာ ပိုက်ဆံမရှိလို့ အဆောင်ကြေးမပေးနိုင်သေးတာ ရှက်စရာ မဟုတ်ပါ။ ပိုက်ဆံတွေအများကြီးရှိပြီး မပေးရက် မကျွေးရက်ဖြစ်နေလျှင်တော့ ထားပါတော့။

ထမင်းစားခန်းထဲအဝင်တွင် ကျွန်တော့်ထက်ဦးသူများနှင့် သွားတွေ့ ရသည်။ ကျွန်တော်နှင့်အတူတူ ထမင်းဖြတ်ခံကြရသော အောင်ကျော်ဆင့်နှင့် ညိုလေး။ သူတို့ကား စားလို့ပြီး၍ ပြန်ထွက်လာကြပြီ။

"နောက်ဆုံးတစ်နပ်မို့ အပြတ်နှိပ်လိုက်တာ တစ်ယောက်တစ်ဇလုံ ကုန်သွားတယ်ဟေ့"

ကိုဆင့်က ကျွန်တော့်ကို နှုတ်ဆက်အားပေးလိုက်သည်။

ကျွန်တော်ကလည်း ပြန်နှုတ်ဆက်လိုက်၏။

"ခင်ဗျားတို့ ဘယ်လိုလုပ်ကြမှာလဲ"

ကိုအောင်ကျော်ဆင့်က . . .

"ကျွန်တော့်မှာ အင်္ကျီတွေပိုနေလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ခုမှ အဆင်ပြေသွားတယ်"

ကိုညိုလေးက လက်မှနာရီကို လှုပ်ပြရင်း . . .

"ဒီနာရီကြီး ပတ်ထားရတာ လက်သိပ်လေးတာပဲဗျာ"

ကျွန်တော်ကလည်း အားကျမခံ . . .

"ကျွန်တော့်ဆီမှာ ဘောင်းဘီတစ်ထည်ရှိတယ်၊ အနောက်တိုင်းဝတ်စုံ ကို မဝတ်ချင်တာနဲ့ အတော်ပဲ"

မိတ်ဆွေကြီးမောင်စံရှားကမူ . . .

"အဆောင်က နို့ဆီနဲ့သကြားပဲ ပေးတာ၊ လက်ဖက်ခြောက်မှ မပေးဘဲ၊ လက်ဖက်ရည်ဖျော်သောက်လို့ ဘယ်ရတော့မလဲ၊ လှည်းတန်းကို ပို့လိုက်တာ အေးပါတယ်"

တစ်ဦးနှင့်တစ်ဦး ပဋိသန္ဓာရစကားဆိုကြပြီးနောက် သူတို့က ထွက် သွား၍ ကျွန်တော်တို့က ထမင်းစားကြသည်။ ကြည့်ကြပါဦးဗျာ၊ နောက်ဆုံး တစ်နပ်ဆိုကာမှ ဟင်းက ကောင်းလိုက်တာ။ ငါးနှစ်တုံးစီ၊ တစ်တုံးကလည်း အတန်ငယ်ကြီးသည်။ ပြီးတော့ . . ခရမ်းချဉ်သီးသုပ်ကလေးကလည်း အစပ် အဟပ် တည့်လိုက်လှပါဘိ။ အောင်ကျော်ဆင့်တို့ တစ်ဇလုံကုန်ဘာ ဖြစ်နိုင် သည်။ ကျွန်တော်ပင် ဇလုံတစ်ဝက်ကျော်ကုန်သွားသည်။

ထမင်းစားနေစဉ် မွတ်သိပ်နေကြသောကြောင့် တစ်ယောက်နှင့်တစ် ယောက် စကားမပြောကြဘဲ အပြင်းအထန် စားသောက်နေကြသည်။



စားပြီး လို့ အပြင်ထွက်လာတော့မှ အာဟာရဓာတ်ကလေးကလည်း ပြည့်စုံသွားပြီမို့-

"ကိုကိုမောင် . . မင်း လတ်သခင်တို့ အဆောင်ကို သွားမလည်သေး ဘူးလား"

"ဟာကွာ. . တက္ကသိုလ်မှာ ဒီလောက်ဆို ရပါပြီကွ၊ ကျောင်းသား ကျောင်းသူတွေပဲဟာ၊ အပျိုကြီး လူပျိုကြီးတွေမှ မဟုတ်တာ"

"အဆောင်ကို သွားလည်လို့ ထွက်မတွေ့မှ ရှက်စရာကြီးဖြစ်နေမယ်"

"ဒီလောက်တော့ မရိုင်းပါဘူးကွာ၊ တချို့ဆို ဘာမှမဆိုင်ဘဲနဲ့ အတင်း ဝင်ပြီး ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တဲ့လူတွေတောင် ရှိသေးတာပဲ၊ ခုတိုင်းဆို တော့ သူတို့ အတန်းပြီးချိန်၊ တို့စားသောက်ချိန်တို့မှာ သွားဆုံသလိုလို ဘာလို လိုလုပ်ပြီး တမင်ရှာနေရတာ ကြောင်တယ်ကွ"

"မင်းပြောတာလဲ စဉ်းစားစရာပဲ"

ကျွန်တော်သည် လတ်သခင်၏အဆောင်သို့ သွားလည်လျှင် ဘာ အင်္ကျီဝတ်သွားလျှင် ကောင်းမလဲဟူ၍ပင် ကြိုတင်စဉ်းစား၍နေမိလေသည်။

## (၈)

ကံများကောင်းချင်တော့ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ပြောလေ့ရှိကြသည်။ ကျွန်တော်လည်း ကံကောင်းချင်၍လား မသိပါ။ လတ်သခင်တို့အဆောင်သို့ သွားရောက်ခွင့်ရရှိရန် အကြောင်းတစ်ခု ဖန်လာပါတော့သည်။

မာလာဆောင်၏ စာပေအဖွဲ့ တာဝန်ခံများဖြစ်ကြသော ခင်မြဇင်နှင့် မစံတို့၏ ဖိတ်ကြားချက်အရ သူတို့အဆောင်၏ နံရံကပ်စာစောင်အတွက် ကူညီရန် ဖိတ်ကြားခြင်းကို ခံရလေသည်။

ကျွန်တော်ရယ်၊ ကိုမျိုးမြင့်ရယ်၊ တင်မောင်ကြည်ရယ်၊ ဘာဘာကျော်ချယ်က ပန်းချီဆွဲဖို့၊ ဖိုးတိုးက ကာတွန်းဆွဲဖို့၊ ကိုဇေယျနဲ့ စံရှားက စာမူတွေဘည်းဖြတ်ဖို့။

"ခင်ဗျားတို့ ပန်းချီအဖွဲ့နဲ့ ဦးစံရှားနဲ့ ကိုဇေယျတို့ ကျွန်တော်တို့အဆောင်နံရံကပ်စာစောင်အတွက် ကူညီကြပါ"

. . ဟု ခင်မြဇင်က ကမ်းလှမ်းလာသောအခါ ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လေသည်။

ခင်မြဇင်တို့၊ မစံတို့ကလည်း အတွင်း ရေးမှူး ကိုမျိုးမြင့်ကို တိုက်ရိုက်အကူအညီမတောင်းဘဲ ကျွန်တော့်ကို ဦးစွာလာပြောရခြင်းမှာ ဂစ- ကျွန်တော်သည် ခြွင်းချက်မရှိ လက်ခံကူညီမည့်သူဖြစ်ကြောင်း သိနေသောကြောင့် ဖြစ်မည်ထင်ပါသည်။

မာလာဆောင်၏ဧည့်ခန်းကို ကျွန်တော်တို့ ပန်းချီဆွဲဖို့နေရာအဖြစ် သတ်မှတ်ပေးထားသည်။ မှန်၏။ စကားအဖြစ်ပြောရလျှင် ယင်ဖိုမသန်းသောသူတို့အဆောင်တွင် ကျွန်တော်တို့အတွက် အသင့်တော်ဆုံးနေရာသည် ဒီဧည့်ခန်းပင်ဖြစ်သည်။ ဒီနေ့အဖို့တော့ ဒီဧည့်ခန်းတွင် အခြားဧည့်သည်များ နေရာမရနိုင်တော့ပြီ။

သို့ရာတွင် သိပ်တော့အရေးမကြီးပါ။ အဆောင်တို့၏ ဧည့်ခန်းဟူသည် မိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အစ်ကိုမောင်၊ အစ်မ၊ ညီမများနှင့် အသိအကျွမ်းဖြစ်ခါစ ဘာဂလိုတိုတိုဖြစ်ခါစ လူများကို ဧည့်ခံဖို့သာ ဖြစ်သည်။



တော်ရုံတန်ရုံ အခြေအနေကောင်းသူလောက်ဆိုလျှင်ပင် အဆောင်ရှေ့က ဘူးစင်အောက်တို့၊ ကံ့ကော်ပင်ကြီးအောက်တို့မှာ ဧည့်ခံလိမ့်မည်။ ထို့ထက်ပို၍ အခြေအနေကောင်းလျှင် သစ်ပုတ်ပင်နားက ခုံတန်းလျားမှာ။ ထို့ထက်ပို၍ အခြေအနေကောင်းလျှင် အခန်းလွတ်များမှာ။ ထို့ထက်ပို၍ အင်းလျားကန်စောင်းမှာ။ ဟိုး. . . ဆရာရေ. . ထို့ထက်တော့ ပို၍အခြေအနေမကောင်းသင့်တော့ဘူးဟု ထင်သည်။

ကျွန်တော်ကျတော့ အခြေအနေ ဘယ်လောက်ကောင်းသည်ကို ခန့်မှန်း၍မရ။ ပထမဦးဆုံး ဧည့်ခံခြင်းခံရသော နေရာသည် စားသောက်ဆိုင်မှာ။ တော်ရုံတန်ရုံ လူဆိုလျှင် ဒီအဆင့်ကိုရောက်ဖို့ အနည်းဆုံး တစ်လလောက်တော့ စောင့်ရမည်။ ကျွန်တော်ကတော့ တွေ့ပြီဟေ့ဆိုသည်နှင့် စားသောက်ဆိုင်ဆီသို့ တန်းခနဲရောက်သွားသည်။ ပြီးတော့မှ အဆောင်ဧည့်ခန်းကိုပြန်ရောက်။ အထက်က ဆိုခဲ့သော ဧည့်ခံရေးအစီအစဉ်အတိုင်း စနစ်တကျမဖြစ်။ ကိုးလိုးကန့်လန့်ကြီး။

ထားတော့. . စားသောက်ဆိုင်ကိုပဲ တန်းရောက်ရောက်။ ခုံတန်းလျားပဲတန်းထိုင်ထိုင်။ ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် ဆတက်ထမ်းပိုး ပိုမို၍ရင်းနှီးဖို့သာ ပဓာန။

စာမူဖိုင်ကြီး ရောက်လာသည်။ တစ်ထပ်ကြီး။ ဒါတောင် ပထမတစ်ကြိမ် စိစစ်ပြီးသားတဲ့။ အဆောင်မှူး ဆရာမက အလွန်တရာညံ့သော စာမူမှလွဲ၍ ကျန်စာမူအားလုံးပါအောင် ထည့်ချင်သည်တဲ့။ ရှိတဲ့စာရွက်က ပုံဆွဲစက္ကူအချပ်ကြီး ခြောက်ချပ်တည်း။

ပြီးတော့ အဖွင့်က နေရာတော်တော်များများ ယူလိမ့်ဦးမည်။

ခု ပေးထားသော စာမူတွေအားလုံးအတွက် နေရာမဆံ့။ ထို့ကြောင့် မစံနှင့် ခင်မြဇင်တို့ကို ဆရာမထံ သွားပြောခိုင်းရပြန်သည်။ ဆရာမက "သင့်တော်သလို စီမံချေ"ဟု ဆိုသောကြောင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး ပြုလုပ်ရန် စီစဉ်ရသည်။ စာမူများကို ထပ်မံစိစစ်ရန် ပန်းချီခန်းမနံရံကပ် စာစောင်အယ်ဒီတာ အဖွဲ့ဝင်များဖြစ်ကြသော ကိုဇေယျ၊ စံရှား၊ ခင်မြဇင်၊ မစံတို့ အလုပ်ရှုပ်ကြလေသည်။

"အနီမောင်တို့၊ ဆလိုင်းမိုးနောင်တို့ မရှိတာ နာသကွာ"

"အေး. . သူတို့ရှိရင် အလုပ်ပိုသွက်မှာပဲ"

သူတို့ စာမူတွေ ရွေးနေတုန်းမို့ ကျွန်တော်တို့ ပန်းချီအဖွဲ့ အနားရနေသည်။ ကိုမျိုးမြင့်ကတော့ အဖွင့်ပုံ တာဝန်ယူရေးဆွဲရမည်ဖြစ်သောကြောင့် အလုပ်စနေပြီ။ ကျွန်တော်က ကဗျာသရုပ်ဖော်ပုံ ဆွဲမည်။ တင်မောင်ကြည်က ဝတ္ထုသရုပ်ဖော်ပုံ။ ဘာဘာကျော်က ဆောင်းပါး၊ ဖိုးတိုးကတော့ ကာတွန်းဆွဲဖို့ အကြံထုတ်နေလေသည်။

လတ်သခင်သည်. . ဘယ်ကိုရောက်နေပါသနည်း။ ကျွန်တော်တို့ရောက်နေသည်ကို မသိသလော။ သို့တည်းမဟုတ် ရှက်နေလို့များလား မသိ။

စာမူတွေ ရွေးပြီးသောအခါ ကျွန်တော်က စံရှားကို . . .

"စာရေးဖို့ လူလိုနေတယ်"

ဟု. . . တိုးတိုးကလေး ပြောသည်။

စံရှားက နားလည်ဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြ၏။

"စာရေးဖို့ လူလိုသေးတယ်လေ၊ လက်ရေးလှတဲ့ ကျောင်းသူသုံးယောက်လောက်"

"လာပါလိမ့်မယ် ခေါ်ထားပါတယ်၊ ရေချိုးနေကြတယ် ထင်ပါရဲ့"

လတ်သခင်သည် လက်ရေးလည်း လှလိမ့်မည်ထင်သည်။

သူ့လက်ချောင်းကလေးတွေက သွယ်သွယ်လျလျကလေးတွေ မဟုတ်လား။ သူ စာရေးလျှင် မြန်မြန်ရေးတတ်သလား။ နှေးနှေးရေးတတ်သလား။ များသောအားဖြင့် လက်ရေးလှသော မိန်းကလေးတို့သည် စာမြန်မြန်ရေးတတ်ကြသည်။ ကျွန်တော်ကိုယ်တိုင် ကြုံဖူး၍ သိခြင်းမဟုတ်ပါ။ ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးခြင်းဖြစ်ပါသည်။

ခြေသံကြားတိုင်း မသိမသာ လှမ်းကြည့်ရသည်မှာ အမော။ ခြေသံများမှာ သူ မဟုတ်ချေ။ ပန်းချီဆရာတွေ၊ ပန်းချီလာဆွဲကြမည်ဆို၍ ပန်းချီဆရာမမြင်ဖူးသောကြောင့် အခန်းဘေးမှ ဖြတ်လျှောက်ရင်း လာကြည့်ကြသူများသာ ဖြစ်ကြပါသည်။

ဟော. . . ခြေသံတွေ ကြားရပြန်ပြီ။ ဒီတစ်ခါတော့ ဖြတ်လျှောက်၍ မသွားကြ။ ဧည့်ခန်းထဲသို့ ဝင်လာသည်။ ဘာကြောင့်မှန်းမသိ။ ကျွန်တော် မကြည့်ရဲ။ မျက်လုံးကို စားပွဲပေါ်က ပိုစတာဆေးပုလင်းဆီသို့သာ ကြည့်ခိုင်းထားလိုက်သည်။

ခြေသံတရှပ်ရှပ်သည် တဖြည်းဖြည်း နီးလာပြီး ရပ်သွားသည်။

ကျွန်တော်တို့အနီးမှာ မရဲတရဲလာရပ်နေခြင်း ဖြစ်လိမ့်မည်။ သူတို့ကို အရင်မကြည့်ဝံ့ဘဲ စံရှားကို ကြည့်သည်။ စံရှားသည် သူတို့ကိုကြည့်၍ ပြုံးပြလိုက်သည်။ ထိုအခါကျမှ မျက်လုံးကို ကစားကြည့်လိုက်ရာ. . .

ဟင်. . သုံးယောက်။ လတ်သခင်နဲ့တူတဲ့ လူဆိုလို့ နည်းနည်းကလေး လှတဲ့လူတောင် မပါ။ ကြည့်ပျော်ရှုပျော်ရှိသည်ဟုတော့ ဆို၍ရကောင်းသည်။ လတ်သခင်နှင့်ယှဉ်၍ ပြောရလျှင်တော့ ခုနပြောတဲ့အတိုင်းပဲ။ နည်းနည်းလှတဲ့လူတောင် မပါ။ ကျွန်တော်က စိတ်ခါတ်ကျသွားသော်လည်း စံရှားက မလျှော့ပါ။

"မခင်မြဇင်ရဲ့ စာရေးတဲ့လူက ရေးတာတော့ ဟုတ်ပါပြီ၊ ဒီအတိုင်း ရေးရင် ညီမှာမဟုတ်ဘူးဗျ၊ ပုံဆွဲစက္ကူတွေပေါ်မှာ လိုင်းတားပြီးမှရေးရင် ကောင်းမယ်၊ အဲဒါ လိုင်းတားဖို့ လူတစ်ယောက်လောက်"

"လိုင်းတားတာတော့ ကျွန်တော်ပဲ တားပါ့မယ်၊ အားနေတာပဲဟာ"

မိန်းကလေးဖြစ်ပါလျက်နဲ့ သူ့ကိုယ်သူ အညာလေသံနဲ့ ကျွန်တော်တဲ့၊ အလိုက်ကန်းဆိုး မသိတတ်တဲ့ ကဗျာဆရာမ ခင်မြဇင် အပျိုကြီးဖြစ်ပါစေဗျာ။



စိတ်ဝင်စားခြင်း သိပ်မရှိလှသော်လည်း တာဝန်အရ ဖြစ်သောကြောင့် ပုံတွေကို ဆွဲနေရသည်။ သူသာ ကျွန်တော့်ဘေးမှာရှိနေလျှင် အပြင်းအထန် လက်စွမ်းပြမိလိမ့်မည် အမှန်။

နံရံကပ်စာစောင်အပေါ် စေတနာတကယ်ရှိပါသည်။ သို့ရာတွင် သိပ်စိတ်မဝင်စားဘဲ ဖြစ်နေသည်ကို ဘယ်လိုမှ မတတ်နိုင်။ လက်ရာကတော့ လျှော့၍မနေပါ။ ကဗျာတစ်ပုဒ်ကို ဘယ်လိုသရုပ်ဖော်လျှင် ကောင်းမလဲဆိုသည်ကို စဉ်းစား၍ မရနိုင်တာက ခက်သည်။ ပုံတစ်ပုံအတွက် အကြာကြီး စဉ်းစားရသည်။ ဈာန်မဝင်စားနိုင်ခြင်းပင် ဖြစ်လေသည်။

ခြေသံတရှပ်ရှပ် ကြားရသော်လည်း အခန်းအပြင်မှ ဖြတ်လျှောက်သွားသူများဟုသာ ထင်နေစဉ်. . .

"ဆာနေကြပြီလား. ."

ဆိုသော ဖြူဖြူ့အသံကို ကြားလိုက်ရသည်။ ဆတ်ခနဲ လန့်သွားသောကြောင့် လက်တုန်သွား၏။ ရေးနေသော အသည်းပုံကလေးပင် နည်းနည်းတွန့်သွားလေသည်။

ဖြူဖြူနှင့်လတ်သခင်တို့သည် လက်ဖက်ရည်ဗန်း၊ ငှက်ပျောသီးနှင့် လက်ဖက်သုပ်ပန်းကန်များကို ကိုင်လျက် ရောက်ရှိလာကြသည်။ "မျှော်တုန်း မျှော်ဆဲ ပျိုလဲရောက်လာ" ဆိုသော သီချင်းကလေးကိုဆိုရင်း ဝင်လာခဲ့ဖို့ပင် ကောင်းသည်။

"ကဲ. . စားပြီးသောက်ပြီးမှပဲ အလုပ်ဆက်လုပ်ကြပေါ့၊ တော်ကြာ လက်ဖက်ရည်တွေ အေးကုန်မယ်"

အချိန်ကလည်း အချိန်ကောင်း။ လက်ဖက်ရည်ချိန်။ ပြီးတော့လည်း လက်ဖက်ရည်ဆိုလျှင် ဒီကကောင်တွေက ကြွေဆည်လို့ မရ။ စုတ်တံကလေးတွေကို စွပ်ခနဲ စွပ်ခနဲ ရေခွက်ထဲ ပစ်စိုက်လိုက်ကြသည်။

"လက်ဖက်ရည်က နည်းနည်းအချိုပေါ့သွားသလား မသိဘူး"

လတ်သခင်က ပြောသည်။ ကျွန်တော်သည် စားသောက်ဆိုင်မှာ လက်ဖက်ရည်မှာလျှင် အချိုပေါ့ဟု ပြောနေကျဖြစ်ကြောင်းကို သူသိနေလို့များ တမင်တကာ အချိုပေါ့ပေါ့ဖျော်လာတာလားဟု ထင်မိသေးသည်။

"အိမ်မှာက အချိုပေါ့ပေါ့ ဖျော်နေကျဆိုတော့ လက်က အကျင့်ပါနေလို့"

သူက အထက်ပါအတိုင်း ထင်သွားမည်စိုး၍ ပြောလိုက်ခြင်းများလား မသိ။

"ဟာ. . အတော်ပါပဲ၊ ကျွန်တော်တို့ကလဲ အချိုပေါ့ပေါ့သောက်နေကျပဲ"

သူများတွေ မပြောခင် ကျွန်တော်က အရင်ဦးအောင် ပြောလိုက်၏။

"လက်ဖက်ကတော့ ကျွန်မ သုပ်တာ"

ဟု. . ဖြူဖြူက ဝင်ပြောသည်။

ကိုမျိုးမြင့်သည် လူကြီးပီပီ ခပ်တည်တည်မနေဘဲ . . .

"လက်ဖက်ကကော အချိုပေါ့ပေါ့ပဲလား"

"ကျွန်မတို့ အိမ်မှာဆိုရင် လက်ဖက်ကို ပုစွန်ခြောက်နည်းနည်းပဲ ထည့်တတ်တာ အကျင့်ပါနေလို့"

ဖြူဖြူက ကိုမျိုးမြင့်ကို ပြန်နောက်ရင်း လတ်သခင်ကိုပါ စသည်။

စံရှားကတော့ သိတဲ့အတိုင်းပဲ။

"ဟဲ. . ဟဲ. . ငှက်ပျောသီးကကော ဘယ်သူစိုက်တဲ့အပင်ကလဲ၊ အချိုပေါ့ပဲလား"

"လှည်းတန်းဈေးက ဝယ်လာတာလေ"

"ဒေါ်မမကြီးဆိုင်ကလား"

"နာမည်တော့ မသိဘူး၊ မိန်းမဝဝကြီးပဲ"

"ဩော်. . ဒေါ်ဒေါင်းရင်ထင်တယ်"

"ဩော်. . ကိုစံရှားက အဲဒီဆိုင်က အဒေါ်ကြီးတွေ သိလို့လား"

"မသိပါဘူးဗျာ၊ ပါးစပ်ထဲတွေ့တဲ့ နာမည်တွေ လျှောက်ပြောနေတာပါ"

"ဟော့ကောင်တွေ စကားချည်းပြောမနေနဲ့၊ အလုပ်ပြန်စကြရအောင်၊ အချိန်မရှိဘူး"

ကိုမျိုးမြင့်သည် စောစောတုန်းကတော့ ပေါတောတောလုပ်နေပြီးမှ ခုမှ လူကြီးပုံ ပြန်ဖမ်းလိုက်သည်။ သူက အတွင်းရေးမှူးဖြစ်နေတော့လည်း သူ့စကားကို နားထောင်ရတော့တာပေါ့လေ။

"တို့. . ဘာလုပ်ပေးရဦးမလဲ"

လတ်သခင်က ခင်မြဇင်ကို မေးရာ . . .

"ကိစ္စမရှိပါဘူးကွာ၊ စားပြီးသောက်ပြီးတဲ့ ပန်းကန်တွေသာ သွားဆေးလိုက်ပါတော့" လို့များ ပြန်ပြောလေမလားဟု စိုးရိမ်သွားမိသေးသည်။

သို့ရာတွင် . . .

"ကူညီချင်လဲ. . ဟောဒီမှာ လိုင်းတွေလာတားပေးပါလား၊ တို့အပေါ်ခဏသွားဦးမယ်"

. . ဆိုပြီး ထွက်သွားလေသည်။

ဒီလိုကျပြန်တော့လည်း ခင်မြဇင်က အလိုက်သိတတ်သားပဲ။

ကဗျာဆရာမ ခင်မြဇင် လိုရာဆန္ဒပြည့်ဝပါစေသော၀်။

လတ်သခင်သည် ကျွန်တော့်နောက်ဘက်မှ ဖြတ်လျှောက်ပြီး ကုလားထိုင်မှာ ဝင်ထိုင်၏။ ရေချိုးပြီးခါစ ဖြစ်ဟန်တူသော သူ၏ကိုယ်မှ ကိုယ်သင်းနံ့ကလေးသည် ကျွန်တော်၏အနံ့အာရုံကြောများကို လာ၍ထိခတ်သည်။

သနပ်ခါးနံ့ဖြစ်သော်လည်း တော်ရုံတန်ရုံ မဟုတ်ချေ။ သနပ်ခါးကို သွေးပြီးနမ်းကြည့်လျှင် မွှေးတယ်ဆိုရုံသာ ရှိသည်။ ဒီထက်ပို၍ ထူးခြားမှုမရှိ။ သူ၏ကိုယ်နှင့် သနပ်ခါးတို့ ပေါင်းစပ်မိသောအခါ ထွက်ပေါ်လာသော ကိုယ်သင်းနံ့မှုကား ရင်ကို လှိုက်ခနဲ ဖြစ်သွားစေလေသည်။



ထို့ကြောင့်ပင် စာရေးဆရာကြီးသာခုက သနပ်ခါး၊ ပေါင်ဒါစသော အမွှေးနံ့သာတို့မည်သည် မိန်းမများ လိမ်းကျံခြယ်သအပ်သော အရာဖြစ်သော်လည်း အမှန်အားဖြင့်မူ ယောကျ်ားများအတွက်သာ ဖြစ်၏ဟု သူ့ဝတ္ထုတစ်ပုဒ်တွင် ရေးထားခြင်း ဖြစ်ဟန်တူသည်။

စောစောတုန်းက ပြောခဲ့သော သူသာ ကျွန်တော့်ဘေးမှာ ရှိနေလျှင် အလွန် အလုပ်တွင်လိမ့်မည်ဟူသောစကားကို အမှားပြင်ဆင်လိုပါသည်။

ယခုအခါ သူသည် ကျွန်တော့်ဘေးတွင် ရှိနေပါသည်။ သို့ရာတွင် အလုပ်မတွင်ပါ။ စောစောတုန်းက သူ့ကို မျှော်ရသောကြောင့် အလုပ်မတွင်။ ခုတော့လည်း သူ အနားမှာ ရှိနေသောကြောင့် အလုပ်မတွင်ပြန်။ ကဲ. . ဘယ့်နှယ်လုပ်ကြမလဲ။ ကျွန်တော်လည်း ဘာမျှမတတ်နိုင်။ ကျွန်တော့်စိတ်များသည် ကောက်ကြောင်းများ၊ အရောင်များ စုတ်တံများဆီသို့ မရောက်ရှိ။

သူ့ကို ခါတိုင်းတုန်းက ကျောင်းတက်ရာတွင် ဝတ်ဆင်သော အဝတ်အစား သစ်သစ်လွင်လွင်တို့ဖြင့်သာ မြင်ဖူးခဲ့သည်။ ခုတော့ အိမ်နေရင်း၊ သို့တည်းမဟုတ် အဆောင်နေရင်း ဝတ်သော အဝတ်အစားဖြင့် တွေ့ရသောအခါ စိတ်ထဲက တစ်မျိုးကြီးဖြစ်နေပြန်သည်။ ဘာသားမှန်း မသိသော်လည်း အပေါ်စား ခပ်နွမ်းနွမ်းအသားဖြင့် ချုပ်ထားသည့် ဘလောက်စ် အင်္ကျီလက်ပြတ်ကြောင့် တစ်ခါမျှ မမြင်ဖူးသေးသော သူ၏လက်မောင်းကလေးများကို မြင်သာလေသည်။

သူများတွေ ပြောနေကျစကားမျိုးဖြင့် ပြောရလျှင် လူ့စိတ်သည် အလွန်ဆန်းကြယ်၏။ ခါတိုင်း တောက်ပသစ်လွင်သော အသွင်ဖြင့် မြင်နေကျသူ့ကို အဝတ်အစားခပ်နွမ်းနွမ်း၊ မျက်နှာကို အရောင်ခြယ်သထားခြင်းလည်း မရှိ၊ သနပ်ခါးရေကျဲကလေးဖြင့် တွေ့လိုက်ရသောအခါ စိတ်လှုပ်ရှားမိပြန်သည်။

အမှန်အားဖြင့် သူ့ကို ဘယ်လိုပုံစံမျိုးဖြင့် တွေ့ရသည်ပင်ဖြစ်စေ၊ ကျွန်တော် စိတ်လှုပ်ရှားမိလိမ့်မည်သာ ဖြစ်ပါသည်။

ခုပဲ . . . ကြည့်လေ. . .

သူသည် မျဉ်းကြောင်းများ တားနေသောအခါ စက္ကူနှင့်ခဲတံတို့ ပွတ်ဆွဲရာမှ ထွက်ပေါ်လာသောအသံ တရှီရှီသည် ကျွန်တော့်နှလုံးသားကို ကလိထိုးနေလေသည်။

♥♥♥

## (၄)

"လတ်သခင်ရဲ့ နာမည်က ထူးခြားတယ်နော်"

"ဟုတ်တယ်"

"ဒီနာမည်ကို ဘာလို့မှည့်တာလဲ၊ မင်းမျိုးမင်းနွယ်မို့လို့လား"

"မဟုတ်ပါဘူးရှင်၊ ဖေဖေက သခင်လေ၊ အရင်က နိုင်ငံရေးသမား ပေါ့၊ ခုတော့ နိုင်ငံရေးမလုပ်တော့ပါဘူး၊ ဒါပေမယ့် ကျွန်မကို အမျိုးချစ်တဲ့ စိတ်ရှိအောင် ကျွန်မတို့ဟာ သခင်မျိုးဆိုတာ အမြဲစိတ်ထဲမှာ စွဲနေအောင် ဆိုပြီး ဒီနာမည်ကို မှည့်တာတဲ့"

"ကောင်းတာပေါ့၊ ဟော. . ကြည့်စမ်း တိုက်ဆိုင်လိုက်တာ၊ ကျွန်တော့် အမေကလဲ ဗိုလ်အောင်ကျော် သပိတ်တုန်းက ဝင်ပြီး သပိတ်မှောက်ခဲ့ဖူးတယ်၊ အဲဒီတုန်းက မေမေက ကိုးတန်းပဲရှိသေးတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ မေမေတောင် အရိုက်ခံရတဲ့အထဲ ပါသေးတယ်၊ စစ်ပုလိပ်က မေမေ့ကို ရိုက်ဖို့ပြေးလာတော့ မေမေက တုတ်စာမိရင်တော့ မသက်သာဘူးဆိုပြီး တုတ်နဲ့လဲ လှမ်းရိုက်ရော စစ်ပုလိပ်ရင်ခွင်ထဲကို ခေါင်းကို အတင်းထိုးလိုက်တော့ ရိုက်လို့မထိတော့ဘူးပေါ့၊ ဒါပေမယ့် တုတ်ရဲ့အရင်းနားက မေမေ့နားသယ်ကို ထိသွားလို့ မေမေလဲ ပုံလျက်လဲကျသွားတယ်တဲ့၊ ကွဲတော့ မကွဲဘူး၊ စစ်ပုလိပ်က လဲနေတဲ့မေမေ့ကို နောက်တစ်ချက် ရိုက်မယ်လဲလုပ်ရော ကျောင်းသားတစ်ယောက်က မေမေ့အပေါ် ကနေအုပ်ပြီး ခံလိုက်တာ ခွပ်ခနဲ ကွဲပြီး သွေးတွေဖြာကျလာတယ်တဲ့"

"အဲဒီကျောင်းသားကကော ဘယ်သူလဲ"

"မေမေလဲ မသိလိုက်ဘူးတဲ့"

"ကိုကိုမောင့်အမေကလဲ သတ္တိခဲနော်"

"မေမေက အဲဒီအကြောင်းတွေ ပြန်ပြန်ပြောပြရင် သူတို့ငယ်ငယ်က ဆိုခဲ့တဲ့ သီချင်းတွေတောင် ပြန်ဆိုပြသေးတယ်"



"ကိုကိုမောင်က ဘယ်မြို့ကလဲ"

"ကျွန်တော် မြို့လှကပါ၊ လတ်သခင်ကကော"

"ကျွန်မက ပြည်ဇာတိလေ"

"ဩော်. . ပြည်မှာ ကျွန်တော့်သူငယ်ချင်းတွေရှိတယ်၊ ခု ဒီကိုရောက်နေကြပြီ၊ ဆိုက်ကိုက အောင်ကျော်ဆင့်နဲ့ ဖလော်က ညီလေးလေ၊ သိမလား မသိဘူး"

"ပြည် ဘယ်နားကလဲ"

"ကမ်းနားလမ်းလို့ပြောတယ်"

"ကမ်းနားလမ်းက အရှည်ကြီးပဲ"

"ကျွန်တော် ငယ်ငယ်ကတော့ ပြည်ဘက်ကို ရောက်ဖူးတယ်၊ ခု သိပ်တော့ မမှတ်မိတော့ဘူး၊ ရေးတေးတေးပဲ"

"ကျွန်မတို့မြို့က သာယာပါတယ်"

"ဟုတ်တယ်၊ ရေခံမြေခံလဲ ကောင်းတယ် ထင်တယ်နော်"

"ကျောင်းတွေ ပိတ်တော့မယ်နော်"

"ဟုတ်တယ်"

"စာမေးပွဲ မစစ်ဘဲ ကျောင်းရက်ရှည်ပိတ်တာ တစ်မျိုးကြီးပဲနော်"

"ဘာဖြစ်လို့လဲ"

"ခါတိုင်းဆိုရင် စာမေးပွဲစစ်ပြီးမှ ကျောင်းပိတ်တတ်တာ မဟုတ်လား"

"အင်းလေ. . ."

"စာမေးပွဲစစ်မယ်ဆိုရင် စာကျက်ရတာနဲ့ စာမေးပွဲကို ကြိုးစားပြီးဖြေရတာနဲ့ တခြားဟာတွေ မစဉ်းစားအားဘူး၊ စိတ်လဲ မလေဘူး၊ ခုတော့ စာမေးပွဲကလဲ မရှိတော့ စိတ်ကလဲ ပေါ့နေတယ်၊ ပြီးတော့ ယောင်ချာချာနဲ့နေရင်း အချိန်တန်တော့ အိမ်ကိုပြန်ရမှာ"

"အဲဒီတော့လဲ ခွဲနေရတဲ့မိဘနဲ့ ပြန်တွေ့ရတာပေါ့"

"ဒါလဲ ဟုတ်တယ်လေ၊ ဒါပေမယ့် စိတ်ထဲကတော့ တစ်မျိုးကြီးပဲဗျာ၊ စာမေးပွဲ ဖြေရမယ်ဆိုရင် ဘယ်သူမှ စောပြန်လို့ မရဘူး၊ ခုတော့ တစ်ယောက်ပြန်လိုက်၊ နောက်တစ်ယောက်က ပြန်လိုက်နဲ့ နောက်လေးငါးရက်ဆိုရင် အဆောင်မှာ လူတော်တော်ကုန်သွားမှာပဲ"

"ကိုကိုမောင်က ဘယ်တော့ပြန်မှာလဲ"

"ကျွန်တော် နောက်အပတ်လောက် ပြန်မှာပါ၊ လတ်သခင်ကော ဘယ်တော့ပြန်မလဲ"

"ကျွန်မ စနေနေ့ပြန်မယ်"

"ပြည်အမြန်ရထားနဲ့ပေါ့နော်"

"ဟုတ်ကဲ့"

"ကျွန်တော် လိုက်ပို့ဖို့ လိုသေးသလား"

"ကိစ္စမရှိပါဘူးရှင်၊ အားနာစရာကြီး"

"ရပါတယ်၊ ကျွန်တော်လဲ အားနေတာပဲ၊ ပြီးတော့ ပစ္စည်းတွေဘာတွေနဲ့"

"ရန်ကုန်က သူငယ်ချင်းတချို့ လိုက်ပို့မယ်ထင်တယ်"

"ကျွန်တော်က အခမဲ့ကူလီထမ်းခြင်း လုပ်မလို့ပါ"

"ကျွန်မက အားနာလို့ပါ"

"ကျွန်တော်က သူငယ်ချင်းတစ်ယောက်အနေနဲ့ နှုတ်ဆက်ရင်း လိုက်ပို့သင့်တယ် ထင်လို့ပါ"

အထက်ပါစကားများကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နှစ်ယောက်သည် အတော်ပင်ရင်းနှီးနေကြပြီဖြစ်ကြောင်းကို ပြောဖို့ပင်မလို။

ပွင့်လင်းစွာ ရယ်မောတတ်သော်လည်း ရယ်ပြီးသည်နှင့် နှုတ်ခမ်းကို အမြန်ဆုံးပြန်စေ့တတ်သောအကျင့်၊ ခါးပေါ်နေမည်စိုး၍ အင်္ကျီကိုအောက်သို့ မကြာခဏ ဆွဲချတတ်သောအကျင့်။ မျက်နှာပေါ်သို့ ဝဲကျလာသော ဆံပင်တို့ကို လက်ဖြင့်သပ်၍မတင်ဘဲ ဦးခေါင်းကို ဆတ်ခနဲခါ၍ တင်တတ်သောအကျင့်။ ယင်းတို့ကို ကျွန်တော် စွဲစွဲမြဲမြဲ မှတ်မိနေပါပြီ။

သူကလည်း ကျွန်တော့်အကြောင်းကို တော်တော်လေး သိနေလောက်ပြီဟု ထင်သည်။ ကျွန်တော့်တွင် ဘယ်လိုအမူအကျင့်တွေ ရှိနေသည်ကို သူအမှတ်ထားကောင်း ထားနေလိမ့်မည်။ သူတစ်ပါးတို့၏ အမူအရာအလေ့အထများကို သတိပြု၍ ကြည့်တတ်ခြင်းမှာ မိန်းကလေးများ ပို၍ ဖြစ်တတ်သည်။ ထို့ကြောင့်ပင် သူတို့သည် အတန်းသား ယောကျ်ားကလေးများကို ဝဲကုတ်၊ သမ်းဝေ၊ ဟတ်ချိုး၊ မြွေကြီး. . .စသော ပြုလုပ်ရှိသော အမူအရာကိုလိုက်၍ နာမည်ပြောင်များ ပေးတတ်ကြသည် မဟုတ်လား။

ဆရာများကိုပင် ဘယ်ဆရာက ခေါင်းခဏခဏကုတ်သည်။ ဘယ်ဆရာက တိုက်ပုံအင်္ကျီလက်ကို ခဏခဏပင့်တင်တတ်သည်။ ဘယ်ဆရာက လမ်းလျှောက်လျှင် ဘာဖြစ်သည်ဟူ၍ မှတ်ထားတတ်ကြသည် မဟုတ်လား။ လတ်သခင်သည် ထိုသို့သော မိန်းကလေးမျိုး ဟုတ်၊မဟုတ်ကိုဖြင့် ကျွန်တော်မသိ။ ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် သူလည်းလေ မိန်းကလေးပဲ။ တခြားဟာမတွေ မသိသည့်ကိုင် သူ့ကို အရောင်လက်နေသော မျက်လုံးများဖြင့် တစ်ချက် တစ်ချက် ဖျတ်ခနဲ ကြည့်တတ်ကြောင်းကိုတော့ သိလိမ့်မည်ထင်သည်။

မျက်လုံး၏အကြည့်များသည် မတူကြချေ။ မျက်လုံးတို့သည် သာမန်အချိန်များ၌ အရောင်တဖိတ်ဖိတ် မတောက်ပကြ။ တစ်စုံတစ်ခုသော စူးစိုက်မှု၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော ဆန္ဒနှင့် ယှဉ်၍ ကြည့်မိသောအခါ အရောင်လက်ခနဲ ထွက်လာသည်။ လတ်သခင်ကို စကားပြောရင်း ကြည့်သော ကျွန်တော့်မျက်လုံးများသည် ယေဘုယျအားဖြင့်တော့ သာမန်။ တစ်ခါတစ်ရံ ပြင်းပြသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာသောအခါ တစ်ချက်တစ်ချက် လက်ခနဲဖြစ်သွားတတ်သည်ဟု ထင်၏။



ကိုအရောင်သည် သူ့မျက်နှာပေါ်၌ ရောင်ပြန် ဟပ်ခြင်း မရှိသော်လည်း သူ့ပါးပြင်တို့ကို ပန်းနုရောင်သို့ အတန်ငယ်သန်းသွားစေသည်။

လူ၏မျက်နှာတွင် လိမ်လို့ ညာလို့ မရဆုံးသည် မျက်လုံးဖြစ်သည်။ နှာခေါင်းသည် လိမ်ညာမှုကို ဖုံးကွယ်၍ ရနိုင်သည်။ နားရွက်များသည် ထူးခြားမှုကို မတုံ့ပြန်နိုင်ဘဲ နေနိုင်သည်။ အလွယ်တကူ လှုပ်ရှား၍ ရနိုင်သော နှုတ်ခမ်းများသည်ပင် ဟန်ဆောင်၍ရလေသည်။ မျက်လုံးကျတော့ ဘယ်လိုမှ မညာနိုင်။

ကျွန်တော်က ပန်းချီသမားဆိုတော့ ပိုသိတာပေါ့။ ပန်းချီတွင် မျက်လုံးသည် အသက်၊ မျက်နှာအမူအရာကို ဆွဲရာတွင် နှုတ်ခမ်းက ဘယ်လောက်ပြုံးနေနေ၊ မျက်လုံးများက မဲ့နေလျှင် ထိုပုံသည် ပြုံးနေသောပုံ မဟုတ်။

ထို့အတူ ကျွန်တော်၏နှုတ်ခမ်းများမှ "သူငယ်ချင်း"ဟူသောစကားကို ဘယ်လောက်ပင် ပြောနေနေ. . ကျွန်တော့်မျက်လုံးများက မရိုးသားနိုင်သောအခါ၊ သူသည် ကျွန်တော့်မျက်လုံးများကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်လောက်ပြီဟု ကျွန်တော် ထင်ပါသည်။

ပြီးတော့. . . ကျွန်တော်၏စကားများ။

ကျွန်တော့်စကားတို့သည် တစ်နေရာရာသို့ ဦးတည်၍သွားတတ်ပြီး ရည်ရွယ်ချက်သို့ မရောက်ခင် ဝေ့ကာဝိုက်ကာ ကွေ့ရှောင်သွားတတ်သည်။ သူသည် ကျွန်တော့်စကား၏ရည်ရွယ်ချက်ကို ဖွင့်မပြောသော်လည်း သိနေလိမ့်မည်ထင်သည်။

အမှန်တော့ အဆောင်သို့ မကြာခဏလာလည်ခြင်း၊ အတန်းဖော်သူငယ်ချင်း မဟုတ်ပါဘဲလျက်နှင့် အကူအညီပေးလိုခြင်း၊ သွေးမတော်သားမစပ်ပါဘဲလျက် ဂရုစိုက်ခြင်းတို့ကို ကြည့်လျှင်ပင် သူ့အပေါ်၌ထားသော ကျွန်တော်၏သဘောထားသည် ***ပေါ်တင်ကြီး***ဟု ဆိုရလောက်အောင် ထင်ရှားနေပါပြီ။

သူ့အဆောင်သို့ ကျွန်တော် ဘယ်လောက်တောင် သွားသလဲဆိုလျှင် ချောင်းပေါက်လောက်အောင်ပင် မသွားပါ။ သို့ရာတွင် ခုအချိန်မှာ ကျွန်တော်၏မျက်လုံးများကို မမြင်အောင်အဝတ်နက်ဖြင့် စည်းနှောင်ပိတ်ဖုံးပြီး ပန်းချီခန်းမရှေ့မှစ၍ ထွက်ခိုင်းပါ။

ဤနေရာသည် အဖုံးမရှိသဖြင့် သစ်ကိုင်းဝါးကိုင်းတို့ဖြင့် ဖုံးအုပ်ထားရသော မြေအောက်မြောင်းပေါက်ကြီး။ ဤနေရာသည် ချိုင့်ဝှမ်းဖြစ်နေ၏။

ဤနေရာမှာ ကျောက်ခဲစွန်းတို့ ပြွမ်းသောလမ်း။

ဤနေရာရောက်လျှင် ညာဘက်သို့ကွေ့။

ဤနေရာတွင် လှေကားသုံးထစ်ဆင်း။

ဤနေရာက သီရိဆောင်နှင့် မာလာဆောင်ကူးသော စင်္ကြံ။

ဟော, ဆင်ဝင်အောက် ရောက်လာပြီ. . . စသဖြင့် ခလုတ်ကန်သင်းများကို အလွယ်တကူ ရှောင်ရှား၍ သူ့အဆောင်သို့ရောက်အောင် သွားနိုင်ပါသည်။

မာလာဆောင်၏နောက်ဘက်အပေါက်သို့သွားရာ စင်္ကြံလမ်းရှိ အုတ်တိုင်များတွင် မြေဖြူခဲ၊ မီးသွေးခဲတို့ဖြင့် လက်ဆော့ထားကြသော ရုပ်ပုံများ၊ စာသားများကိုပင် မှတ်မိနေပါပြီ။ အကယ်၍ ထိုအုတ်တိုင်များတွင် ပုံအသစ်တစ်ပုံ၊ စာအသစ်တစ်ကြောင်း တိုးလာပါလျှင် ကျွန်တော် ချက်ချင်းသိနိုင်လောက်အောင် မှတ်မိနေပါပြီ။

သူကကော ကျွန်တော့်အပေါ် ဘယ်လိုသဘောထားမည်ကို ကြိုတင်ခန့်မှန်း၍မရ။ ခုထိတော့ ကျွန်တော့်ကို ပစ်ပစ်ခါခါ မပြုသေးပါ။ သူ့အဆောင်သို့ သွားလည်လျှင် ကောင်းမွန်စွာဧည့်ခံစကားပြောပါသည်။ စားသောက်ဆိုင်များမှာဆုံမိလျှင် ကျွန်တော်က ကျွေးမွေးသည့်အခါ မငြင်းဆန်ဘဲ စားသောက်တတ်ပြီး၊ သူက ကျွေးချင်သည့်အခါ စေတနာသဒ္ဓါတရားရှေ့ထား၍ ကျွေးမွေးပါသည်။ လမ်းသွားရင်း ဆုံမိသည့်အခါတိုင်း ပြုံးရယ်နှုတ်ဆက်ပါသည်။

ကျွန်တော်က တိတိကျကျ ဖွင့်မပြောသေးသောကြောင့်သာ ကျွန်တော့်ကို ပုံမှန်ဆက်ဆံနေခြင်းလည်း ဖြစ်ကောင်းဖြစ်ပါမည်။ ဖွင့်မပြောသေးဘဲ စဉ်းစားပါရစေဦး၊ သို့တည်းမဟုတ် အဆောင်ကို လုံးဝမလာပါနဲ့တော့ဟု၍ သူက စတင်ပြောဖို့ မသင့်ပါ မဟုတ်လား။ တရားဥပဒေစကားဖြင့်ပြောရလျှင် အမှုတစ်ခုကို ကြားနာစစ်ဆေးခြင်း မပြုရသေးဘဲ ကြိုတင်၍ စီရင်ချက်ချရန် မဖြစ်နိုင်သလိုမျိုး ဖြစ်ပါသည်။

ခုလောလောဆယ် ပုံစံအရဆိုလျှင်ဖြင့် အခြေအနေကောင်းပါသည်။ သို့ရာတွင် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်စရာ တစ်ခုတော့ ရှိလေသည်။ ကြားထဲတွင် အဆက်ပြတ်နေသော ကွင်းဆက်တစ်ခုဖြစ်သည်။ မေ့နေကြလျှင် အစဖော်ပေးပါမည်။

***စက်မှုတက္ကသိုလ်ကလူ . . .***

စံရှား၏ပထမသတင်းပေးချက်အရ ထိုသူသည် လတ်သခင်နှင့်တွဲနေသည်ဆို၏။ အမေကြည်၏ပြောပြချက်အရဆိုလျှင်လည်း သူသည် လတ်သခင်နှင့် အတူတူစားသောက်ဆိုင်မှာ ထိုင်ခဲ့ဖူးသည်။

သို့ရာတွင် သူ့ကို ကျွန်တော် တစ်ခါမျှမမြင်ဖူးခဲ့။ စက်မှုတက္ကသိုလ်မှာရှိသော ကျွန်တော့်သူငယ်ချင်းတွေကလည်း သူ့ကိုမသိ။ အမှန်တော့နာမည်နှင့် အဆောင်အမှတ်၊ သို့တည်းမဟုတ် အတန်းကိုသိလျှင်လည်း ရှာလို့လွယ်သည်။ စံရှားသည် သူ့ကို တစ်ခါနှစ်ခါ မြင်ဖူးသော်လည်း စက်မှုတက္ကသိုလ်ကျောင်းသားတွေကြားထဲမှာ တစ်ယောက်စီ၏မျက်နှာတွေကို ကြည့်ပြီး၊ တရားခံလိုက်ရှာသလိုမျိုး ရှာလို့လည်း မဖြစ်နိုင်။

ပြောသာ ပြောနေရသည်။ တကယ့်တကယ်တော့ သူ့ကို လိုက်ရှာပြီး ဘာလုပ်ရပါမည်နည်း။ သူ့ကို မြင်ဖူးခြင်း မမြင်ဖူးခြင်းသည် ကျွန်တော်နှင့် မဆိုင်။ ကျွန်တော်နှင့်ဆိုင်သောကိစ္စမှာ လတ်သခင်နှင့် သူနှင့် ဘယ်လိုအခြေအနေမှာရှိသလဲဆိုခြင်းသာ ကျွန်တော်နှင့်ဆိုင်သည်။ သို့ရာတွင် ထိုအကြောင်းတို့ကို ကျွန်တော်မသိ။



လတ်သခင်ကိုဖွင့်မေးရန်မှာလည်း အတွင်းရေးကိစ္စ ဖြစ်သောကြောင့် မသင့်တော်။ ဟိုလူကို လိုက်ရှာပြီး "ခင်ဗျားနဲ့ လတ်သခင်နဲ့ ကြိုက်နေကြပြီလား"လို့ မေးလျှင်လည်း ဆွဲထိုးခံရဖို့သာ ရှိသည်။

သူ့အကြောင်းကို သတင်းအဖြစ်သာ ကြားရသည်။ ဗိုလ်မှူးကြီးတစ်ယောက်၏သား၊ စက်မှုတက္ကသိုလ်ကျောင်းသား အဖြစ်သာ တစ်ဆင့်စကားကြားသိရ၏။ လတ်သခင်နှင့် တွဲနေသည်ဟု ထင်ရကြောင်း ကြားသိရသည်။ ဒီလောက်ပဲ။

အထူးခြားဆုံးအချက်မှာ သူသည် လတ်သခင်နှင့် တွဲနေသည်ဆိုသော သတင်းသန့်သန့် ဖြစ်ပေါ်နေသော်လည်း ပန်းချီပြပွဲတွင် လတ်သခင်နှင့် ကျွန်တော် စတင်သိကျွမ်းခဲ့သည့်အချိန်မှစ၍ သူ့ကို တစ်ခါမျှ မတွေ့ခဲ့ခြင်းပင်ဖြစ်လေသည်။ ကျွန်တော်နှင့် လွဲနေတတ်သည်ဟု ဆိုရအောင်ကလည်း ကျွန်တော်သည် လတ်သခင်ထံ ဂရိုးဂရိုး ရောက်နေတတ်သူ ဖြစ်သောကြောင့် တစ်ကြိမ်မဟုတ် တစ်ကြိမ် တွေ့သင့်သည်။ လတ်သခင်သည် သူ့ကို ခါထုတ်လိုက်ပြီလား။ သူကပင် လတ်သခင်ကို စိတ်ခုစရာရှိ၍ မလာဘဲနေလေသလား။

မည်သို့ပင်ဖြစ်ပါစေ. . .

သူသည် ပျောက်ချက်သားကောင်း၍ နေလေသည်။

♥♥♥

## (၁၀)

တွေ့မယ့်တွေ့တော့လည်း ဝုန်းဒိုင်းဆိုသလိုပါပဲလား။

ကျွန်တော်တို့ ဘကြီးတစ်ယောက်သည် တစ်နေရာရာသို့ လမ်းညွှန်ပြီဆိုလျှင် "ဒီကနေ အရှေ့ဘက်တည့်တည့်သွား၊ ပြီးတော့ တောင်ဘက်ကို ချိုးလိုက်ရင်. . ဟော. . ဆိုင်းဘုတ်ကြီးတိုးရောဗျာ"ဟု ဆိုတတ်ပါသည်။

ကျွန်တော်သည်လည်း ယနေ့တွင် ဆိုင်းဘုတ်ကြီးနှင့် တန်းတိုးမည့်နေ့ဖြစ်ကြောင်း ကြိုတင်၍ မသိခဲ့။

မာလာဆောင်ရှေ့ ပြည်လမ်းပေါ်တွင် ဟိုဘက်ကမ်းကူးလိုက်၊ ဒီဘက်ပြန်လာလိုက်၊ လာသမျှ သုံးဘီးကားတွေ၊ လေးဘီးကားတွေကို တားလိုက်၊ ငှားမရသောအခါ ခေါင်းကုတ်လိုက်၊ ဟိုပြေးဒီပြေး ပျာယာခတ်နေသူကား ကျွန်ုပ်အောင်ကိုကိုမောင်ပင် ဖြစ်သည်။

"အရေးကောင်းလျှင် ဒိန်းဒေါင်းဖျက်" ဆိုသော စကားကြားဖူးသည်။ ***ဒိန်းဒေါင်း***ဆိုသည်မှာ ဘာကိုဆိုလိုကြောင်း မသိပါ။ ကျွန်တော့်အဓိပ္ပာယ်နှင့် ကျွန်တော် ပြောရလျှင် ဒိန်းဒေါင်းဆိုသည်မှာ ကျောင်းပိတ်လိုက်ခြင်းပင်ဖြစ်လေသည်။

ကျောင်းကို တရားဝင်ပိတ်လိုက်သောနေ့မှာ ဒီဇင်ဘာလ (၃)ရက်နေ့ဖြစ်သော်လည်း နိုဝင်ဘာလကုန်နီးကပင် တဖွဲဖွဲပြန်ကုန်ကြသည်။ အချို့သည် မိဘကို လွမ်းဆွတ်သောကြောင့်၊ အချို့မှာ ဆက်နေရန် ပိုက်ဆံမရှိတော့သောကြောင့်။

ကျွန်တော်ကဖြင့် ရန်ကုန်တွင် တတ်နိုင်သလောက် ကုပ်ကပ်၍နေသည်။ လတ်သခင်ကို တစ်ရက်ပိုတွေ့ရလျှင် အသက်တစ်ရက်ပိုရှည်မည်၊ မရှည်မည်ကိုကား မပြောတတ်။ သူ့ကို မြင်ခွင့်ရသလောက်တော့ မြင်ချင်သေးသည်။ နောက်ဆုံး သူလိုက်ပါစီးနင်းသွားသော မီးရထားကြီး ထွက်ခွာသွားလျှင်ပင် တဖြည်းဖြည်းဝေးဝေးသွားသော ရထားနောက်မြီးကို ငေးမောကြည့်ရှုရင်း "ဟင်း"ဟု သက်ပြင်းရှည်ကြီးကို ချလိုက်ချင်သေးသည်။

သုံးဘီးကားတစ်စီး ငှား၍ရသည်။ အိပ်ရာလိပ်တစ်လိပ်။ သံသေတ္တာတစ်လုံး၊ သားရေအိတ်တစ်အိတ်။ ပလတ်စတစ်ခြင်းတောင်းတစ်လုံး။



ကျွန်တော်က အိပ်ရာလိပ်ကြီးနှင့် သံသေတ္တာကို လက်တစ်ဖက်စီဖြင့် မ,လိုက်သည်။

"သေတ္တာကြီး ကျွန်မကိုပေးလေ"

"ဟာ. . . ရပါတယ်၊ လတ်သခင် နိုင်မှာမဟုတ်ဘူး၊ အလေးကြီး"

သူ့ကို လိုက်ပို့ကြမည်ဖြစ်သော ကောင်မလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြုံးသည်။ ထားပါတော့လေ. . ကျုပ်အဖြစ်ကလည်း ပြုံးစရာပေကိုး။ သေတ္တာကြီးက တော်တော်လေးသည်။ ဧကန္တအထဲမှာ ကျောက်ပျဉ်ကြီးပါတယ်ထင်သည်။ ထဘီတွေ ဘာတွေလဲ ပါချင်ပါမည်။ ကိစ္စမရှိပါ။ တချို့များ မိန်းမခိုးကြပြီဆိုလျှင် ပစ်စလက်ခတ်ထုပ်ထားသော ထဘီထုပ်ကြီးကိုပင် ထမ်းကြရသေးတာပဲ။

သူနှင့် သူငယ်ချင်းနှစ်ယောက်က ကားနောက်ဘက်မှာ ထိုင်လိုက်သည်။ ကျွန်တော်လည်း နောက်မှာပင် ထိုင်မည်ဟု ဟန်ပြင်လိုက်သေးသည်။ နောက်မှ သူ့သူငယ်ချင်းနှစ်ယောက်၏ ပြုံးစိစိမျက်နှာများကိုမြင်သဖြင့် ရှေ့ခန်းမှာပင် ဝင်ထိုင်လိုက်သည်။ ထို့ကြောင့် ကားခကို ကျွန်တော် ပေးရန်မှာ သေချာသွားလေသည်။

ပိုက်ဆံနည်းနည်းရှိနေသေး၍ သိပ်မပူပင်မိပါ။ မသကာ မြို့ကို ပြန်ဖို့လမ်းစရိတ်မရှိလျှင်လည်း ချေးတန်ချေး၊ ရောင်းတန်ရောင်းပေါ့လေ။

ကားသည် တော်တော်ပင် မြန်၏။ နောက်ခန်းသို့ မသိမသာ ခိုးကြည့်သောအခါ သူ့သူငယ်ချင်းနှစ်ယောက်သည် တစ်စုံတစ်ခုကို ရယ်မောပြောဆိုနေကြသည်။ ကျွန်တော့်အကြောင်း ဖြစ်ချင်လည်းဖြစ်မည်။ သို့တည်းမဟုတ် သူတို့ရည်းစားတွေကို ဘယ်လိုနိုင်ရကြောင်း၊ ဘယ်နေ့က ဘယ်လိုဟောက်လိုက်ကြောင်း ပြောနေတာလည်း ဖြစ်ချင်ဖြစ်မည်။

လတ်သခင်က သူတို့နှင့်စကားမပြော။ ကားလမ်းဘေးကို ငေးကြည့်နေသည်။ သူက ဆွေးနေတာလား။ "ဪ. . ကိုကိုမောင်. . ကိုကိုမောင် တစ်လလောက်ကြာအောင် ခွဲနေရဦးမှာပါလားကွယ်"လို့များ တွေးနေလျှင် ဘယ်လောက်များ ကောင်းလိုက်လှပါမည်နည်း။

သူသည် လက်ကလေးကို ကားနောက်မှီပေါ်မှာ တင်ထား၏။ လေတိုက်သောကြောင့် သူ့ဆံပင်ကလေးများသည် တလွင့်လွင့်ဖြစ်နေသည်။ မျက်နှာကို လေတိုးနေသဖြင့် မျက်လုံးကလေးများကို မှေးစင်းထားသည်။

***"လတ်သခင်ရယ်. . တစ်လလောက်တောင် ခွဲနေရခါနီးမှ ပိုလို့တောင် လှနေပါပေါ့လားဗျာ. . . "***

ရန်ကုန်ဘူတာကြီးရှေ့တွင် ကားရပ်လိုက်သောအခါ ကားခတစ်ဆယ်ကျပ်ကို ကျွန်တော်ပင် ရှင်းလိုက်ပါ၏။ တံခါးကိုဖွင့်၍ လျှင်မြန်စွာဆင်းလိုက်ပြီး ကျွန်တော်၏တာဝန်ဖြစ်သော အိပ်ရာလိပ်နှင့် သံသေတ္တာကြီးကို သယ်လိုက်သည်။ လတ်သခင်သည် ကားခရှင်းရန် ပိုက်ဆံအိတ်ကလေးကို ဖွင့်၏။

"ကားခ ကျွန်တော် ပေးလိုက်ပြီ"

"အို. . . မဟုတ်တာ"

"ရပါတယ်"

ရန်ကုန်ဘူတာကြီးတွင် ပစ္စည်းတော်ထမ်း တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း ရထားဆိုက်ထားမည့်နေရာသို့ ဦးဆောင်ချီတက်ခဲ့သည်။

ပစ္စည်းတွေ တန်ဆာလုပ်တာလည်း ကျွန်တော့်တာဝန်။ တွဲနံပါတ်ရှာတာလည်း ကျွန်တော့်တာဝန်။ ဒါ ကိုယ့်တာဝန်ဆိုပြီး သူ့ကောင်မလေးအတွက် နို့ပ်ကြွယ်သီးကအစ ဝယ်ပေးသော ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို သတိရမိသည်။

"စောပါသေးတယ်၊ ရထားပေါ် မတက်ပါနဲ့ဦး၊ တော်ကြာ တို့ချည်းကျန်နေဦးမယ်"

သူ့သူငယ်ချင်းတစ်ယောက်က ပြောသည်။

"ဖြူဖြူက ဘယ်နေ့က ပြန်တာလဲ"

"တစ်နေ့ကပဲ"

"ဟုတ်တယ်နော်၊ ဖြူဖြူ့ခမျာ ပစ္စည်းတွေ မနိုင်မနင်းနဲ့"

တစ်ယောက်က ဝင်ပြောပြန်သည်။ သူပြောပုံက ဖြူဖြူကျတော့ လိုက်မပို့ဘူးပေါ့။ လတ်သခင်ကျတော့ လိုက်ပို့တယ်ပေါ့။

"ကျွန်တော် မသိလိုက်ဘူးဗျာ၊ သိရင်လိုက်ပို့တာပေါ့"

သူတို့စကား၏အနှောင့်အသွားကို လွတ်အောင်ရှောင်ရသည်။

"ကိုကိုမောင် ပြည်ကို ဘာမှာဦးမလဲ"

"ပြည်မှာ ဘာတွေပေါသလဲ"

"သနပ်ခါး"

ပြောလည်းပြော ရယ်လည်းရယ်သည်။

"သနပ်ခါးလက်ဆောင် ဝယ်လာရင်လဲ ရပါတယ်၊ ကျွန်တော်တော့ မလိမ်းဘူး၊ ဖလော်က ကိုတင်မြင့်ကြီးကတော့ ညတိုင်းလိမ်းတာပဲ"

သူသည် ရယ်မောနေရာမှ တည်ငြိမ်သွား၏။ ခွဲခွာရမည့်ကိစ္စကို ဖျတ်ခနဲ သတိရသွား၍လား မသိ။ သို့ရာတွင် ထိုသို့မဟုတ်ချေ။

သူ ပြုံးလိုက်ပြန်သည်။ ကျွန်တော့်ကို ပြုံးပြနေသည်ဟု ရုတ်တရက်ထင်လိုက်သော်လည်း သူ့မျက်လုံးများသည် ကျွန်တော့်ကို ကျော်လွန်၍ ခပ်လှမ်းလှမ်းသို့ ကြည့်နေပုံရသည်။ သူ့အကြည့်များသည် ကျွန်တော့်ပခုံးမှဖြတ်ကျော်၍ နောက်ကျောဘက်ဆီသို့ သွားသည်။

သူ ကြည့်နေရာဆီသို့ ယောင်ယမ်း၍ ကြည့်မိသည်။

လူတစ်ယောက်သည် တည်ငြိမ်စွာပြုံးပြရင်း လျှောက်လာသည်။

အသားဖြူဖြူ၊ လူပုံက ခပ်သွယ်သွယ်၊ ကျွန်တော့်စိတ်ကူးများထဲ၌ သတ်မှတ်ထားသော ဆံပင်ရှည်ရှည်၊ ဂျင်းရှပ်၊ တက်ထရပ် ဖလဲဘောင်းဘီနှင့် မဟုတ်ချေ။ ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။ တိုက်ပုံအင်္ကျီ မီးခိုးရောင်၊ ရခိုင်လုံချည်နှင့်။



သူ၏အကြည့်များသည်လည်း ကျွန်တော့်ပခုံးပေါ်မှပင် ဖြတ်ကျော်သွားကြသည်။ ဘယ်ဘက်ပခုံးပေါ်မှ ဖြတ်ကျော်သွားသော အကြည့်များ။ ညာဘက်ပခုံးပေါ်မှ ဖြတ်ကျော်သွားကြသော အပြုံးများ၏အလယ်တွင် အနေရခက်လာသည်။

"အရုက်"ဆိုသောစကားကို အင်္ဂလိပ်ဘာသာဖြင့် "ရှိမ်း"ဟုခေါ်သည်။ ဤနေရာတွင် အင်္ဂလိပ်စကားဖြင့်ပင် ပြောလိုက်ချင်တော့သည်။ ကျွန်တော့်တစ်ကိုယ်လုံးသည် ရှိမ်းခနဲဖြစ်သွားသောကြောင့်ပင် ဖြစ်လေသည်။

သူ့ကိုလည်း မကြည့်။ လတ်သခင်ကိုလည်း မကြည့်တော့ဘဲ အခြားတစ်နေရာသို့ မျက်နှာကို လှည့်ထားလိုက်သည်။ စလွယ်သိုင်းထားသော ကျည်ကပ်တွေ၊ အထုပ်အပိုးတွေနှင့် သေနတ်ကို လွယ်လျက် ရထားတွဲပေါ် တက်သွားသော တပ်မတော်သားတစ်ဦး၏ဦးထုပ်တွင် ကြိုင်အမှတ်အသားကို တွေ့လိုက်သည်။

"လိုက်မပို့တော့ဘူးလို့ ထင်နေတာ"

လတ်သခင်၏အသံကို ကြားရသည်။

"ဆောရီးပဲ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်၊ အဆောင်ကို ဝင်သေးတယ်၊ သွားကြပြီဆိုလို့ လိုက်လာတာ"

သူ့အသံကို ကြားရသည်။ သူသည် ထိုသို့ပြောပြီး ကျွန်တော့်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်မည်ဟု ထင်သည်။ လတ်သခင်နှင့်စကားပြောရာတွင် သူ့ကိုယ်သူ ကျွန်တော်ဟုပြောသောကြောင့် နည်းနည်းဝမ်းသာသွားသည်။ လတ်သခင်ကို သူ သိပ်ပိုင်ပုံမရ။ လူစိမ်းတစ်ယောက်ဖြစ်သော ကျွန်တော့်ရှေ့မှာမို့ သူ့ကိုယ်သူ ကိုယ်. . ကိုကို. . မောင် . . စသဖြင့် မသုံးဘဲနေခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။

လတ်သခင်၏သူငယ်ချင်း အမျိုးသမီးနှစ်ယောက်သည် ပွဲကြီးပွဲကောင်းကို မကြည့်ရဲ၍လား မသိ။ "ကိုယ်တို့ ကိစ္စလေးတွေရှိလို့"ဆိုပြီး ပြန်ကုန်ကြသည်။

"သုံးလုံးတောင်ထွတ်၊ ယုဉ်ပြိုင်ကာရယ် ဖိုခနောက်ဆိုင် တည်နေပါတယ်" ဆိုသော တောင်တော်ရွှေပုပ္ပား သီချင်းလိုပင် ကျွန်တော်တို့သုံးယောက်တည်း ဖိုခနောက်ဆိုင်ရပ်ရင်း ကျန်ခဲ့ကြသည်။

ကျွန်တော့်စိတ်သည် ယမ်းမီးခြစ်ဘူးထဲ ရောက်နေသလိုပင် ကျဉ်းကျပ်လှသည်။ ထိုသို့ သိမ်ငယ်နေသည်ကပင် ထိုသူ့အပေါ် အထင်ကြီးရာရောက်သည်။ ရှေ့က မိတာတစ်ရာလောက် ကျောနေသော်လည်း သူ ပန်းမဝင်သေးသမျှ သူ့ကို ကျွန်တော် အရှုံးမပေးသင့်ဟု စိတ်ကို ပြန်တင်းလိုက်သည်။

လတ်သခင်ကို ရဲရင့်စွာကြည့်ဖို့ ကြိုးစားလိုက်သည်။ လတ်သခင်သည်လည်း စိတ်၏အကျဉ်းအကျပ်ကို ဖြေရှင်းဖို့ နည်းလမ်းရှာနေဟန်တူသည်။ သူ့ပိုက်ဆံအိတ်ကိုဖွင့်ပြီးမှ ဘာဆွဲထုတ်ရမှန်းမသိဖြစ်သွားပြီး ပြန်ပိတ်လိုက်၏။

ဟိုလူကတော့ ထွက်ပေါက်ရသွားပြီ။

တိုက်ပုံအင်္ကျီအိတ်ထဲက စီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ခြင်းဖြင့် သူ့အကျပ်အတည်းကို ဖြေရှင်းခွင့်ရသွားသည်။ ပြီးတော့ "ဆေးလိပ်သောက်ပါ"ဆိုပြီး ကျွန်တော့်ကို စီးကရက်ဘူးကမ်းပေးသည်။ ငြင်းဆန်ဖို့ သတိမရလိုက်ဘဲ စီးကရက်တစ်လိပ်ကို ဆွဲယူမိသည်။ ဓာတ်ငွေ့မီးခြစ်ကို သူ ခြစ်ပေးသည်။ သူ့စိတ်များသည်လည်း မီးခြစ်ထဲ၌ ပိတ်လှောင်ခြင်း ခံနေရသော ဓာတ်ငွေ့များလိုပင် ဖြစ်နေလိမ့်မည်ထင်သည်။

လတ်သခင်သည် ခုမှ သတိရသွားဟန်ဖြင့် . . .

"ဟော ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ. . ကိုအောင်ကိုကိုမောင်တဲ့၊ ဆိုက်ကိုသာ့တ်ရီးယားက၊ ပန်းချီလဲဆွဲတယ်၊ ဒါကတော့ ကိုဝင်းလွင်ကျော်၊ ဝိုင်တီယူ၊ ကယ်မစ်ကယ်လ် ဖစ်သ်ရီးယားက"

ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ပြုံးတူပြုံးလိုက်ကြသည်။ ပြုံးပြီးကြလျှင် ဘာဆက်လုပ်ရမှန်းမသိသဖြင့် စီးကရက်များကို ကိုယ်စီပြန်ဖွာနေလိုက်ကြပြန်၏။ စူးစမ်းသောအကြည့်များကို မထုတ်လွှင့်မိစေရန် မျက်လုံးများကို ထိန်းချုပ်ထားကြရသည်။

ကိုဝင်းလွင်ကျော်ဆိုသူက စတင်လှုပ်ရှားလိုက်၏။

"ရာဇူးမဂ္ဂဇင်းထဲမှာ ခင်ဗျားဆွဲတဲ့ ကဗျာသရုပ်ဖော်ပုံတွေ တွေ့ဖူးပါတယ်"

သူ့ဘက်က စကားရသွားသောကြောင့် သူ ဝမ်းသာသွားဟန်တူသည်။ ကျွန်တော်ကဖြင့် ဘာဆက်ပြောရမှန်း မသိ။ "စက်မှုတက္ကသိုလ်က ဓာတ်ခွဲခန်းထဲမှာ ခင်ဗျား စမ်းသပ်ချက်လုပ်ထားတဲ့ ဆပ်ပြာတွေ တွေ့ဖူးပါတယ်"ဟု ပြန်ပြောလို့လည်း မဖြစ်။

"ကိုစံရှားတစ်ယောက်ကော လိုက်မလာဘူးလား"

လတ်သခင်က မေးသည်။ အစောကြီးထဲက မေးသင့်သော စကားဖြစ်ပါလျက် ခုမှမေးခြင်းသည် အံ့သြစရာမကောင်းချေ။

"စံရှားလား၊ ဟိုဟာဖြစ်နေလို့ နေခဲ့တယ်"

ဘယ်ဟာဖြစ်သည်ဟု ဆက်မပြောဖြစ်။ ပြောဖို့လည်း မလို။ စံရှား ဘာကြောင့် လိုက်မလာသလဲဆိုသော ကိစ္စကို သူ စိတ်မဝင်စားပါ။

စကား တစ်ခုခုပြောလိုက်ရဖို့သာ ပဓာနဖြစ်သည်။

"ပြည်က အခြေအနေကော"

"နေကောင်းပါတယ်၊ ဟိုတစ်နေ့က ကျွန်တော် ဖုန်းဆက်သေးတယ်"

သူတို့နှစ်ယောက် အမေးအဖြေလုပ်ကြသည်။ လျှို့ဝှက်သင်္ကေတများဖြင့် ပြောသောစကားများ မဟုတ်သော်လည်း အဆက်အစပ်ကို ကျွန်တော် နားမလည်ချေ။

လတ်သခင်သည် ဟိုဘက်လည်း မနာရအောင်၊ ဒီဘက်လည်း မသာရအောင် တန်းတူအခွင့်အရေး ပေးနေရသည်။

စီးကရက်တစ်လိပ်စီ ကုန်သွားကြပြီ။



ကိုဝင်းလွင်ကျော်သည် စီးကရက်တိုကို ပစ်ချလိုက်ပြီး ဖိနပ်ဦးဖြင့် နင်းခြေလိုက်သည်။

ကျွန်တော်ကလည်း စီးကရက်တိုကို ပစ်ချပြီး ဖနောင့်ဖြင့် နင်းချေလိုက်သည်။ ဒုတိယ စီးကရက်တစ်လိပ် မီးညှိကြပြန်၏။

ကျွန်တော်တို့ သုံးယောက်စလုံးသည် ဆက်ပြောရန်စကားစကို အပန်းတကြီး ရှာဖွေနေကြရသည်။ တစ်ခု အံ့သြစရာကောင်းသည်မှာ လတ်သခင်သည် နှုတ်ဆွံ့နေသည်ကလွဲ၍ ကျွန်တော်တို့နှစ်ယောက်ကြားတွင် အမုအရာအကြီးအကျယ် ပျက်၍မနေ။ အမှန်တော့ ပျက်စရာလည်း မလိုပါ။ သူနှင့်ကျွန်တော်သည် ဘာမှဖြစ်ကြသေးသည်မဟုတ်။ ကိုဝင်းလွင်ကျော်နှင့် သူသည်လည်း ဘာမျှ ဖြစ်ကြသေးဟန်မတူ။ သူတို့ ပြောဆိုဆက်ဆံကြပုံကို ကြည့်၍ ခန့်မှန်းရခြင်းဖြစ်ပါသည်။ ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် လတ်သခင်သည် နှုတ်ဆွံ့နေသည်တော့အမှန်။

"ဘယ်နေ့ပြန်မလဲ"

ကျွန်တော့်ကို မေးတာလား။ ကိုဝင်းလွင်ကျော်ကို မေးတာလား မသိ။ နှစ်ယောက်စလုံးကို တစ်လှည့်စီကြည့်ပြီးမှ ဘယ်သူ့ကိုမှမကြည့်ဘဲ မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ဘာမျှမဖြေ။ ကိုဝင်းလွင်ကျော်ကလည်း ဘာမျှမဖြေ။ ကျွန်တော်တို့နှစ်ယောက်၊ တစ်ယောက်နှင့်တစ်ယောက် ဦးအောင် မဖြေရဲကြခြင်းကိုလည်း လတ်သခင်က သိဟန်တူသည်။ သူကလည်း ထပ်မမေးတော့။ ကျွန်တော်တို့ကလည်း ထပ်မဖြေတော့။

တစ်ခုခုတော့ ဖြစ်ဖို့ကောင်းပြီ။ ကျွန်တော်တို့သုံးယောက်၏ အခြေအနေမှာ သိပ်မလွယ်တော့ပြီ။ စကားတစ်ခွန်းပြောဖို့ကို မလွယ်။ ပြောလိုက်လျှင် အမှားပါသွားမည်ကို စိုးရိမ်နေမိကြသည်။ လတ်သခင်ကလည်း တစ်ယောက်ယောက်ကို ပို၍ မျက်နှာသာပေးမိမည်ကို စိုးရိမ်နေသည်။

ကျွန်တော်နှင့်ကိုဝင်းလွင်ကျော်တို့ကလည်း တစ်ယောက်ကိုတစ်ယောက် ကျော်မိကြမည်ကို စိုးရိမ်နေမိကြသည်။ လမ်းသရဲတွေဆိုလျှင်လည်း အကောင်းသား။ ဂျစ်ရှူ ရှူလိုက်။ ကိုယ့်လူက မကြည်ဘူးလား ရင့်လှချေလား၊ အပေါင်းအသင်း။ ပြီးတော့ အပြတ် ဖိုက်လိုက်ရုံပဲရှိသည်။

ကျွန်တော်တို့ကျတော့ တက္ကသိုလ်ကျောင်းသားတွေ။ ဘယ်လောက်ပင် ပွင့်လင်းရိုးသားသည်ဆိုပါသော်လည်း နည်းနည်းတော့ ဟန်ဆောင်ရမည်။ ပြိုင်ဘက်တစ်ယောက်ဖြစ်သော သူ့အပေါ်တွင် ခင်မင်ရင်းနှီးလိုသောစိတ်သည် အလွန်ခေါင်းပါးနေမည်မှာ သေချာသည်။ သို့ရာတွင် ပညာရှိတို့အမျက် အပြင်မထွက်စေနှင့်။

"ဒိန်းဒေါင်. . ဒိန်းဒေါင်"ဟူသော သံချောင်းခေါက်သံ ထွက်ပေါ်လာသည်။ အဖြူရောင်ဆိုင်းဘုတ်အတွင်းမှ အဝါရောင်မီးဖြင့် စာတန်းကလေး ပေါ်လာလိုက် ပျောက်သွားလိုက်။

***"ရထားထွက်တော့မည်"***

"ဟော. . ."

"ဟော. . ."

"ဟော. . ."

သုံးယောက်စလုံး ပြိုင်တူ အသံထွက်သွားသည်။

အမှန်အားဖြင့် ထိုသံချောင်းသံသည် ခွဲခွာကြဖို့ အချက်ပေးသော အသံ။ သို့ရာတွင် လောလောဆယ်၌ ကျွန်တော်တို့သည် ထိုအသံကို ကျေးဇူးတင်မိကြသည်။ တဒင်္ဂအကျပ်အတည်းကို ဖြေရှင်းရန်အတွက် အလွန်ဝမ်းနည်းဖွယ်ကောင်းသော ခွဲခွာခြင်းကိုပင် လက်ခံအသုံးပြုနေကြလေပြီ။

**"ရထားထွက်တော့မယ်၊ သွားမယ်နော်"**

ဘယ်သူ့ကို နှုတ်ဆက်တာလဲ။ သို့ရာတွင် ကျွန်တော်တို့နှစ်ယောက်စလုံး ခေါင်းညိတ်ပြလိုက်သည်။ လတ်သခင်သည် ရထားတွဲပေါ်သို့ ခပ်သွက်သွက်တက်သွားသည်။ ဖြစ်ချင်တော့ သူ ထိုင်ရမည့်ခုံနေရာသည် ကျွန်တော်တို့နှစ်ယောက် ရပ်နေရာအနီးမှ ပြတင်းပေါက်နားတွင် လာကျနေပြန်၏။

သူသည် ကျွန်တော်တို့ကို တစ်ချက်မျှပြုံးပြသည်။ ခုမှပင် တစ်လတာမျှ ခွဲခွာနေရမည့်ကိစ္စသည် အတွေးထဲသို့ ဝင်ရောက်လာလေသည်။

"ကျွီခနဲ"မြည်သံနှင့်အတူ ရထားတွဲများသည် စတင်လှုပ်ခါသွား၏။ သူ၏ကိုယ်လေးသည် ရှေ့သို့ဆတ်ခနဲ ငိုက်သွားသည်။ ရထားထွက်ပြီ။

လတ်သခင်သည် ရထားပြတင်းပေါ်တွင် လက်တင်ထားရာမှ ကျွန်တော်တို့ဆီသို့ ပြုံး၍ကြည့်သည်။ သူ့အပြုံးသည် မပီပြင်ချေ။ တစ်ခုခုကို လုပ်သင့်မလုပ်သင့် ဝေခွဲနေဟန်တူသည်။ သူသည် ရထား၏လားရာဘက်ကို ကျောပေး၍ထိုင်နေသောကြောင့် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ဖြစ်နေသည်။ ရထားရွေ့နေသောကြောင့် မြင်ကွင်းသည် အတန်ငယ်စောင်းသွားပြီ။

သူသည် သွားပေါ်အောင်ပြုံးသည်။

လက်ကိုမြှောက်လိုက်၏။

ဝှေ့ယမ်းသည်။

လက်ပြနှုတ်ဆက်ခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ကိုဝင်းလွင်ကျော်၏ အရိပ်အခြည်ကို မသိမသာ ကြည့်သည်။ အားကိုတင်း၍ လက်ကိုမြှောက်လိုက်သည်။ ကိုဝင်းလွင်ကျော်ကလည်း လက်ကိုမြှောက်လေ၏။ သို့ရာတွင်. . ဝှေ့ယမ်းသည့်အဆင့်သို့ မရောက်ကြဘဲ လက်ကို ပြန်ချလိုက်ကြသည်။

တရွေ့ရွေ့ထွက်ခွာသွားသော ရထားကြီးပေါ်မှ လတ်သခင်သည် မားမားကြီးရပ်လျက် ငေးမျှော်ကြည့်ရှုရင်း ကျန်ရစ်ခဲ့ကြသော ကျွန်တော်တို့နှစ်ယောက်ကို မြင်ရပေလိမ့်မည်။ ဂျပန်ရုပ်ရှင်ကားများထဲကလို ရထားထွက်ခါစတွင် မင်းသမီးက ရထားပေါ်မှ ဆင်းပြီးပြေးလာခြင်း၊ မင်းသားက ရထားပေါ် ပြေးတက်သွားခြင်းတို့သည် ဖြစ်မလာခဲ့ချေ။ ကျွန်တော်တို့၏နေရာမှ ကြည့်လျှင် ရထားကြီး၏ နောက်မြီးကိုသာ မြင်ရတော့သည်။



လေးကန်သော သက်ပြင်းရှည်ကြီးတစ်ခုကို ကိုဝင်းလွင်ကျော် မကြားအောင် ချမိသည်။

နောက်ထပ်ဖြစ်ပေါ်လာသော အကျပ်အတည်းမှာ ယူနှင့်ကျွန်တော် လမ်းခွဲကြဖို့ပင် ဖြစ်သည်။ အမှန်တော့ "သွားပါဦးမယ်ဗျာ" ဆိုပြီး လမ်းခွဲကြဖို့ပင် ဖြစ်၏။ သို့ရာတွင် ကျွန်တော့်အဆောင်က ကမာရွတ်လှည်းတန်းမှာ။ သူ့အဆောင်က အင်းစိန်မှာ။ တစ်လမ်းတည်းဖြစ်နေသည်။

ထို့ကြောင့် "သွားဦးမယ်"ဟု နှုတ်ဆက်ပြီးမှ လမ်းမခွဲဘဲ အတူတူပြန်ရမလို ဖြစ်နေသည်။ "သွားကြစို့"ဆိုပြီး အတူတူပြန်ကြဖို့ ဆိုတာကလည်း သူနှင့်အတူတူ မပြန်ချင်။ သူကလည်း ကျွန်တော်နှင့်အတူတူ ပြန်ချင်လိမ့်မည် မဟုတ်။ လူချောင်သော နံပါတ်(၉)ကား သွားစီးမည်ဆိုပြီး ခွဲထွက်သွားလျှင် တော့ရသည်။ သို့ရာတွင် တမင်ရှောင်ထွက်သွားကြောင်း သိသာသွားမည်ကိုလည်း စိုးရိမ်ရသည်။

စိတ်ပညာရှင် ပန်းချီဆရာတစ်ယောက်နှင့် အင်ဂျင်နီယာတစ်ယောက်တို့သည် နှုတ်ဆက်စကားစတင်ဖို့ ခက်နေကြ၏။

ဤနေရာတွင် အင်ဂျင်နီယာက ပန်းချီဆရာထက် ပို၍သွက်သွားသည်။ သူက ပြော၏။

"ကိုအောင်ကိုကိုမောင်က အဆောင်ကို ပြန်မှာလား"

"ဟုတ်ကဲ့"

"ဘာကားစီးမှာလဲ"

"ကျွန်တော် ပန်းဆိုးတန်းကပဲ ရှစ်ကားစီးတော့မယ်၊ ကိုဝင်းလွင်ကျော်ကကော"

"ကျွန်တော် အိုင်အမ်တူးသွားရဦးမယ်၊ မင်္ဂလာဒုံဆိုတော့ ကိုးကားစီးရမှာပေါ့"

ဖြစ်ပုံကတော့ တလွဲတချော်ချည်းပဲ။ ကျွန်တော်က ကိုးကားစီးလိုသော်လည်း ရှစ်ကားဖြင့် ပြန်မည်ဟုပြောသည်။ သူက ရှစ်ကားစီး၍ ပြန်သင့်သော်လည်း မင်္ဂလာဒုံသွားရမှာမို့ ကိုးကားစီးရမည်။

"ဒါဆို. . သွားပါဦးမယ်ဗျာ"

"ဟုတ်ကဲ့. . နောက်တွေ့ကြသေးတာပေါ့ဗျာ"

မတွေ့မှာ မပူပါနှင့်။ နောက်ဆိုလျှင် ခဏခဏ တွေ့ရမည် ဖြစ်ပါသည်။ လတ်သခင်ရဲ့ရှေ့မှာ တစ်ယောက်နှင့်တစ်ယောက် ဟန်ဆောင်ပြုံးပြဖို့၊ ကိုယ့်ထက်သာသွားမည်ကို အလွန်အမင်းစိုးရိမ်သော်လည်း တစ်ယောက်ကိုတစ်ယောက် မကျော်မိလေအောင် တမင်တကာလူကြီးလူကောင်း ဆန်ပြဖို့ တွေ့ကြသေးတာပေါ့ဗျာ။

တကယ့်ဇာတ်လမ်းအစစ်သည် ယနေ့ပင် စတင်ခဲ့လေသည်။

♥♥♥

## (၁၁)

အိပ်ရာမှ နိုးသောအခါ ချမ်းစိမ့်စိမ့်ဖြစ်နေသည်။ ခုတင်ကြမ်းပြင်ပေါ်မှာ ခင်းထားသည့် တစ်ထည်တည်းသော အညာစောင်ကလေးသည်လည်းကောင်း၊ ဂွမ်းစောင်ပါးပါးကလေးသည်လည်းကောင်း ဖိမ်နှင့်ဆက်လက်ကွေးနေရန် အခွင့်အရေးမပေးချေ။ ယနေ့နံနက်မှာပင် ပီပြင်သောဆောင်းသည် ချဉ်းနင်းဝင်ရောက်လာခဲ့သည် ထင်သည်။ ပြန်အိပ်၍လည်း ပျော်မည်မထင်တော့ချေ။

ထို့ကြောင့် အိပ်ရာမှ ထလိုက်သည်။ ကျွန်တော်၏ အနွေးထည်ဖြစ်သော ပင်နီအင်္ကျီကလေးကို ဝတ်သည်။ တံခါးကို ဖွင့်လိုက်သောအခါ ထိုမြင်ကွင်းကို မြင်ရလေသည်။ အပြင်ဘက်မှာ နှင်းကျနေသည်။

မျက်နှာမသစ်သေးဘဲ ဆေးလိပ်တိုကို ကောက်ကိုင်လိုက်သည်။ ယမ်းမီးခြစ်ဘူးကို လှုပ်ကြည့်ရာ မီးခြစ်ဆံ မရှိတော့။ အခန်း (၈၅)က ကိုအောင်ကျော်ဆင့်ဆီမှာ မီးရှိနိုင်သည်။ သူသည် မနက်ငါးနာရီလောက်ထပြီး အခန်းပြင်ဝရန်တာမှနေ၍ ဆေးပေါ့လိပ်ကြီးတဖွားဖွား ဖွာရင်း အပြင်ကို ငေးမောကြည့်နေတတ်သည်။

သူ့အခန်းရှိရာသို့ လျှောက်လာခဲ့ရာ ကျွန်တော် ထင်သည့်အတိုင်းပင် သူ့ကိုတွေ့ရသည်။ သူသည် ဝရန်တာအုတ်ခုံပေါ် ထိုင်ရင်း အပြင်သို့ ငေးကြည့်နေသည်။

"ကိုဆင့်. . မီးရှိလားဗျို့"

"ရှိတယ်ဗျ"

သူက တစ်ကျပ်ခွဲတန် မီးခြစ်ကလေးကို လှမ်းပေးသောကြောင့် ယူ၍ ဆေးလိပ်မီးညှိလိုက်သည်။

"ကိုဆင့် ဘယ်နေ့ပြန်မလဲ"

"ရန်ကုန်မှာ ကိစ္စလေးတွေ ရှိသေးလို့ သန်ဘက်ခါမှ ပြန်မယ်၊ ခင်ဗျားကော. . ."



"ကျွန်တော် ညနေပြန်မယ်"

ကိုဆင့် မြင်မှပင် ကျွန်တော့်ပျော့ညံ့ချက်ကို သိလိုက်ရသည်။

လတ်သခင်၏လိပ်စာကို ကျွန်တော် တောင်းမထားမိလိုက်ခြင်းပင်ဖြစ်သည်။ ကိုဝင်းလွင်ကျော်တော့ လိပ်စာသိနိုင်သည်။ သို့ရာတွင် သူ့ဆီက ဘယ်ဖြစ်ပါမည်နည်း။

"ကိုဆင့်ကြီး"

"ခင်ဗျား. ."

"ခင်ဗျား. . ဟို. . လတ်သခင်ကို သိလား၊ ပြည်ကပဲလေ"

"ဒီမှာ တစ်ခါတော့ မြင်ဖူးတယ်ဗျ၊ ပြည်မှာတော့ မတွေ့ဖူးဘူး၊ ကျွန်တော်က ပြည်သားဆိုပေမယ့် ပြည်မှာ သိပ်နေရတာ မဟုတ်ဘူး"

စာရေးပြီး ကိုဆင့်ကို ပေးခိုင်းဖို့ စိတ်ကူးသေးသည်။ သို့ရာတွင် မဖြစ်နိုင်။ ကိုဆင့်ကတောင် သူ့ကို တစ်ခါတည်း မြင်ဖူးတာဆိုတော့ လူကြုံသဘောမျိုး စာပေးခိုင်းလို့ မဖြစ်။

"သွားမယ်ဗျာ ကိုဆင့်"

"ဦးစံရှားကော မနိုးသေးဘူးလား"

"မနိုးသေးဘူးဗျ၊ ညက ကဗျာရေးနေရလို့ ညဉ့်နက်မှအိပ်တယ်"

ကျွန်တော်တို့ အခန်းရှေ့ဝရန်တာအုတ်ခုံပေါ်သို့ တက်ထိုင်လိုက်သည်။ အပြင်ဘက်တွင် နှင်းတို့ မှုန်ဝေလျက် ရှိသည်။ ကျွန်တော့်နေရာမှ ကြည့်လျှင် အဓိပတိလမ်းဆီသို့ပင် ကောင်းစွာမမြင်ရ။ နေရောင်သည် ကုက္ကိုပင်ကြီး၏ထိပ်ဖျားကို လာ၍ထိသည်။ သိပ်သည်းသော နှင်းထုကိုမူ ခြောက်လှန့်မောင်းထုတ်ရန် မတတ်နိုင်သေး။ နှင်းထုသည် မင်းမူဆဲ။ တရုတ်စံကားရွက်တို့၏ထိပ်ဖျားတွင် နှင်းမြုပုလဲတို့သည် ဆင်းကျတွဲခို၍နေကြလေသည်။

ဆောင်းသစ်ပြာရည်၏ ပထမဆုံးနံနက်ခင်းပင် ထင်သည်။ ထူးခြားတိုက်ဆိုင်မှုပေလား မသိ။ သူ ပြန်သွားပြီးသည့် နောက်တစ်နေ့မှာပင် ရာသီဥတုသည် ရုတ်ခြည်းပြောင်းလဲသွားခဲ့လေသည်။ သိသိသာသာ ချမ်း၍လာသည်။ ဆောင်း၏အဖွင့်မျက်နှာစာဖြစ်သော နှင်းတို့သည် ယနေ့ပင်စတင်၍ ကျရောက်လာသည်။

မြင်ကွင်းသည် လုံးဝပြောင်းလဲနေသည်။

ခါတိုင်းနံနက်ခင်းများလို ကြည်ကြည်လင်လင် မရှိ။ နေရောင်ခြည်သည် မြေပြင်သို့ အတားအဆီးမရှိ ဖြာဆင်း၍ မလာနိုင်။ ယနေ့နံနက်သည် ကျွန်တော့်စိတ်များလိုပင် ပီပြင်ပြတ်သားမှုမရှိဘဲ မှုန်မှိုင်းဝိုးဝါးလျက်ရှိနေလေသည်။

မျက်နှာသစ်လိုက်လျှင် လန်းဆန်းသွားမည်ဟုထင်သည်။ အစီခံထိခါနီးဆေးပေါ့လိပ်တိုကို နောက်ဆုံးတစ်ရှိုက်ဖွာလိုက်သည်။ ဆေးလိပ်တိုကလေးကို အောက်သို့ပစ်ချလိုက်သည်။ မီးမသေသေးဘဲ မီးခိုးငွေ့ကလေးတွေ အူထွက်နေ၏။

တံစက်မြိတ်ပေါ်မှ ကျလာသော နှစ်ရည်တစ်စက်သည် ဆေးလိပ်တိုပေါ်သို့ ကျသွားရာ ရှဲခနဲမြည်သွားလေသည်။

ညက ပလတ်စတစ်ပုံးဖြင့် ခံထားသော ရေကို တစ်ခွက်ယူလိုက်သည်။ ဆေးကုန်သဖြင့် ပြားကပ်နေသော သွားတိုက်ဆေးဘူးကို အတင်းဖျစ်ညှစ်သည်။ သွားတိုက်ဆေးအနည်းငယ် ထွက်လာ၏။

သွားတိုက်ပြီး မျက်နှာသစ်လိုက်သောအချိန်မှာပင် ကုက္ကိုပင်အကိုင်းကြားကို ဖြတ်၍ နေခြည်တစ်တန်းသည် အရဲစွန့်လျက် ထိုးဖောက်ကျရောက်လာသည်။ နှင်းရည်လိမ်းကျံလျက်ရှိသော မြက်ခင်းပေါ်တွင် နေခြည်ထိခတ်သောကြောင့် လက်ခနဲဖြစ်သွားသည်။

လမ်းထွက်လျှောက်ချင်သောစိတ် ပေါက်လာပြန်သည်။ အမှန်မှာ တစ်နေရာတည်း၌ ကြာရှည်မနေနိုင်ဘဲ စိတ်ဂနာမငြိမ်ဖြစ်နေခြင်းပင်။ အခန်းတံခါးကို ပြန်စေ့ထားခဲ့ပြီး အောက်သို့ဆင်းလာခဲ့သည်။ ဆင်ဝင်အောက်မှ ထွက်၍ နှင်းတောထဲသို့ရောက်လျှင်ပင် လေအေးသည် မျက်နှာကိုလာထိ၏။ ဆေးလိပ်ဖွာရင်း လျှောက်ရလျှင် ပိုကောင်းမည်ဟု တွေးမိသည်။ အဆောင်ဝင်ပေါက်ဝက ဆိုင်ကိုဝင်၍ ဆေးလိပ်ဝယ်သည်။

ဒီဆိုင်သည်လည်း ကျွန်တော်တို့ အကြွေးနှင့်မကင်းချေ။ ကျွန်တော်တို့က ပေးရမည့်အကြွေးကို ဆိုလိုပါသည်။ ခုတော့ အိမ်ပြန်ခါနီးမို့ ကြွေးတွေရှင်းပြီးပါပြီ။

"မပြန်သေးဘူးလားဟဲ့"

"ပြန်မယ် အဒေါ်၊ ညနေကျရင်. ."

"မင်းတို့အဆောင်က လူတော်တော်ပါးနေပြီနော်"

"ဟုတ်တယ် အဒေါ်၊ လူတွေရှင်းတော့ နေရတာ ပျင်းခြောက်ခြောက်ကြီးပါဗျာ"

အဓိပဓိလမ်းပေါ်သို့ ရောက်သောအခါ ကျွန်တော့်လိုပင် လမ်းလျှောက်ထွက်လာသူများကို တွေ့ရသည်။ တစ်ခုကွဲသည်မှာ သူတို့သည် ကျွန်တော့်လို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ၍ ယောင်ချာချာထွက်လာသူများ မဟုတ်။ အချိန်မှန်မှန် ဝတ္တရားမပျက် ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်လာကြသူများ။ စာသင်ချိန်များတွင် ရုံးခန်းထဲ၌ မြိန့်မြိန့်ကြီးထိုင်နေတတ်သော ပါမောက္ခကြီးများကိုပင် ကင်းဗတ်ဖိနပ်၊ ဘောင်းဘီတို၊ စပို့ရှပ်၊ ကက်ဦးထုပ်၊ လည်ပင်းတွင် မာဖလာ စသည်တို့ ဆင်မြန်းပြီး တုတ်ကောက်ကြီးတွေ တဝင့်ဝင့် လျှောက်နေကြသည်ကို တွေ့နိုင်သည်။ သူများတွေ ကျန်းမာရေးအတွက် လမ်းလျှောက်နေချိန်တွင် ကျန်းမာရေး၏ရန်သူဖြစ်သော ဆေးလိပ်ကို တွင်တွင်ဖွာလျက် ကုပ်ချောင်းချောင်းလျှောက်နေသူကား မိတ်ဆွေတို့၏ ဇာတ်လိုက်ကြီး အောင်ကိုကိုမောင်ပင် ဖြစ်ပေသည်။

အပန်းဖြေရိပ်သာသည် အိပ်မောကျနေတုန်းပင် ဖြစ်သည်။

သစ်ပုပ်ပင်ကြီးသည် ဆံပင်ဖားလျားချထားသည်ဟု ဆင်သည်။



ဘွဲ့နှင်းသဘင်ကိုစောင့်သော ခြင်္သေ့ညီနောင်တို့သည် ငိုက်မျဉ်း၍နေကြလေသည်။ ဘွဲ့နှင်းသဘင် နောက်ဘက်အပေါက်မှ ထွက်သည်။ အင်းလျားလမ်းအတိုင်း လျှောက်လာခဲ့စဉ် ရတနာဆောင်ရှေ့ရောက်သောအခါ သုံးဘီးကားတစ်စင်း ထွက်လာသည်ကို တွေ့ရ၏။ ကားနောက်ခန်းမှာ ဝန်စည်စလယ်တွေနှင့်။ ပြီးတော့ ကျောင်းသူတစ်ယောက်နှင့် ကျောင်းသားတစ်ယောက်။ နေရပ်ပြန်သော ကျောင်းသူကို သူ့အမျိုးသားက လိုက်ပို့ဟန်တူသည်။ ဘူတာရုံကိုရောက်မှ နောက်ထပ်အမျိုးသားတစ်ယောက် ရောက်လာပြီး ဘာပြောရမှန်းမသိဘဲ နှုတ်ဆွံ့နေခြင်းမျိုး မဖြစ်ကြပါစေနှင့်။

အင်းလျားကန်စပ်သို့ဆင်းသော မြေနီလမ်းကလေးသို့ ရောက်လာသည်။ အကြော်တဲကလေးဆီမှ မီးခိုးတလူလူထွက်၍နေသည်။ နှင်းကွဲစပြုလေပြီ။ နေရောင်သည် အင်းလျားကန်မျက်နှာပြင်ပေါ်မှ မြူနှင်းတို့၏တစ်စိတ်တစ်ဒေသကို ဖယ်ရှားလိုက်နိုင်သည်။ ကန်ရေပြင်ပေါ်သို့ နေရောင်ဖြာကျလာသော်လည်း ကြည်ကြည်လင်လင်မရှိ။ အင်းလျားကန်မျက်နှာပြင်သည် မျက်မှောင်ကုပ်ထားသည်။ ထို့ကြောင့် ကန်စပ်သို့ မဆင်းတော့ဘဲ လှည့်ထွက်လာခဲ့သည်။

စီးပွားရေးတက္ကသိုလ် နောက်ဘက် ဝင်းထရံရှိ ကျိုးပြတ်နေသော သံတိုင်များကြားမှ ဝင်ခဲ့သည်။ စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်တန်းရှိ ကိုအောင်ရင်လက်ဖက်ရည်ဆိုင်မှ ကိုရွှေဆိုင်သည် စမူဆာများကြော်ရန် ပြင်ဆင်လျက်ရှိသည်။ သူ အလုပ်လုပ်နေပုံမှာ လေးကန်ထိုင်းမှိုင်းလွန်းလှသည်ဟု ထင်မိပြန်သည်။

ရွှေမန်းခေါက်ဆွဲ၊ နန်းကြီးမုန့်တီဆိုင်မှ အဒေါ်ကြီးသည် ခြင်းတောင်းကြီးကို ဆွဲ၍လာနေသည်။ ကျွန်တော့်ကိုမြင်သောအခါ ပြုံးပြ၏။ သူ့အပြုံးသည် ကျွန်တော့်စိတ်များကို လန်းဆန်းသွားစေခြင်းငှာ မစွမ်းသာနိုင်ရှာ။

စကြံလမ်းကလေးကို ဖြတ်ကျော်လိုက်သောအခါ မာလာဆောင်နောက်ဘက်ကို လှမ်းမြင်နေရလေသည်။ ခါတိုင်းက သမ္မတရုံနှင့်တူသော မာလာဆောင်သည် ယခုအခါ ရဲတိုက်ကြီးနှင့် တူနေပြန်၏။

နေရောင်သည် ကောင်းစွာဖြာကျလာသည်။ မြူနှင်းတို့ လုံးဝကင်းစင်သွားပြီ။ မြက်ဖျားနှင်းတို့ပင် မကြာမီ ခြောက်သွေ့ကွယ်ပျောက်ကြရတော့မည်။ လောကဓာတ်တစ်ခုလုံး ကြည်ကြည်လင်လင်ဖြစ်လာသည်။

သို့ရာတွင် ကျွန်တော့်စိတ်တို့သည် လန်းဆန်း၍မလာခဲ့။

ရင်ထဲက ဟာ၍နေသည်။ တစ်ခုခု လိုနေ၏။

တက္ကသိုလ်နယ်မြေတွင် သူ ရှိနေလျှင် ကြက်ပျံမကျ စည်ကားမည်ဖြစ်သော်လည်း၊ သူမရှိသောအခါ သုသာန်တစပြင်လိုပင် ခြောက်သွေ့နေသည်ဟု ထင်မိသည်။ အချိန်အတော်ကြာ ကွယ်ပျောက်နေသည့် မိဘရပ်ထံပြန်လိုသောစိတ်သည် ပထမဦးဆုံးအကြိမ် ပြန်လည်ဝင်ရောက်လာလေသည်။

♥

ဘူတာရုံသို့ ဆင်းသောအခါ သတိရလာသော ကိစ္စမှာ အမေ့ဖို့ လက်ဖက်တစ်မတ်ဖိုး ဝယ်သွားဖို့ မဟုတ်ပါ။ ပြည်သူ့မုန့်တိုက်မှ ကိတ်မုန့်တစ်ဘူး ဝယ်သွားရန် ဖြစ်ပါသည်။ ပစ္စည်းတွေကို စံရှားနှင့် ဘူတာရုံမှာ ထားခဲ့ပြီး ပြည်သူ့မုန့်တိုက်သို့ လာခဲ့သည်။ ကျစ်ကျစ်ပါအောင် ချန်ထားသော ငွေဆယ့်ခြောက်ကျပ်ကိုကိုင်၍ ဝင်သွားသည်။ မုန့်တွေကဖြင့် မျိုးစုံရှိသည်။ အချိုလိပ်ဆိုသော ကိတ်မုန့်တစ်ဘူးဝယ်သည်။ တစ်ဆယ်ပေးရသည်။ ကျန်ငွေခြောက်ကျပ်မှာ လမ်းခရီးမှာ သုံးဖို့။

ဘူတာရုံသို့ ပြန်ရောက်သောအခါ ရထားပင် ထွက်ခါနီးနေပြီ။

ကျွန်တော့်ပစ္စည်းတွေရော၊ သူ့ပစ္စည်းတွေကိုပါ စံရှားက ရထားတွဲပေါ်တင်ထားပြီး ဖြစ်သည်။ သူသည် ကျွန်တော့်အား စိတ်ပူပူပင်ပင်စွာ စောင့်နေသည်။ "ငါက မင်း လမ်းမှာ ကားတိုက်လို့ သေပြီမှတ်နေတာ"ဟု ဆီး၍ပြောသည်။

မကြာမီပင် ရထားထွက်လေသည်။ ကျွန်တော်တို့နှစ်ယောက်ကို လိုက်ပို့မည့်သူ မရှိ။ ရထားထွက်သွားသည်ကို ငေးမျှော်ကြည့်ရှုရင်း သက်ပြင်းရှည်ကြီးချလျက် ကျန်ရစ်မည့်သူလည်း မရှိ။ လက်ပြနှုတ်ဆက်စရာလည်း မလိုပါ။ သို့ရာတွင် စကြိုအမှတ် (၂)ဆီသို့ ယောင်ရမ်းငေးမျှော်ကြည့်မိသည်။

မနေ့က လတ်သခင်ကို လိုက်ပို့ခဲ့သော စကြိုပေါ်တွင် လူရှင်း၍နေသည်။ မနေ့ကဆိုလျှင် ကိုယ်ကလိုက်ပို့ နှုတ်ဆက်ရသူ။ ဒီနေ့တော့ ကိုယ်ကိုယ်တိုင် ထွက်ခွာရသူ။

ဒီတစ်ခါ အပြန်ခရီးသည် ပျော်စရာမကောင်းချေ။ အရင်နှစ်တွေတုန်းကဆိုလျှင် အလွန်ပျော်စရာကောင်းသည်။ ခုတော့ စံရှားအဖို့ မထူးခြားသော်လည်း ကျွန်တော့်အဖို့ ပျင်းရိဖွယ်အတိ ပြီးသောခရီး။ ရထားထွက်ခါစကတော့ စံရှားက စကားပြောဖို့ ကြိုးစားသေးသည်။ ကျွန်တော်က လိုလိုလားလား မရှိကြောင်း သိသွားသောအခါ သူမပြောတော့ချေ။ ပဲခူးဘူတာကျော်သည့်အချိန်မှာပင် သူ အိပ်ပျော်သွားလေသည်။

ပြတင်းပေါက်မှ ငေးမောကြည့်နေသော်လည်း အပြင်က ရှုခင်းတွေကို စိတ်မဝင်စားမိ။ ကြည့်မောစရာ သာယာမှုလည်း မရှိ။ မှည့်ဝင်းစပြုပြီဖြစ်သော လယ်ကွင်းပြင်ကြီးများသည် ကျွန်တော့်စိတ်ကို ရွှင်လန်း၍မလာစေပါ။ မြို့လှဘူတာမှာ ကျွန်တော်ဆင်းသည်။ စံရှားသည် ပစ္စည်းတွေကို ကူညီသယ်ချပေးရင်းက နှုတ်ဆက်စကားဆိုသည်။

"ငါ့ဆီကို စာမရေးနဲ့ကွ၊ ငါ တောင်တွင်းကြီးဘက် သွားဦးမှာ"

ကျွန်တော်က ပစ္စည်းတွေနှင့် အောက်ကိုရောက်၊ စံရှားက ရထားထိုင်ခုံပေါ် ပြန်ထိုင်မိသောအချိန်တွင် ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသည်။

ခုမှပင် ရထားပေါ်မှာတုန်းက စကား နည်းခဲ့ခြင်းကို နှမြောတသနေသည်။ အဆောင်မှာတုန်းက တစ်ခန်းတည်း အတူတူနေ တစ်ဘန်းတည်း အတူတူတက်ခဲ့ကြတာကလား။



တစ်လလောက် ခွဲခွာနေရမည့် ချစ်သူငယ်ချင်း နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြစဉ်မှာပင် ရထားစတင်ရွေ့လျားသည်။

ဒီတစ်ခါတော့ ကျွန်တော်က လိုက်ပို့သူ၊ စံရှားက ထွက်ခွာသူ။

ရထားက တရွေ့ရွေ့ဝေးသွားသောအခါ ရထားနောက်မြီးကိုကြည့်ရင်း ကျွန်တော် သက်ပြင်းရှည်ကြီး ချမိပြန်သည်။ လတ်သခင်ကို သတိရခြင်း၏ သုံးပုံတစ်ပုံလောက်တော့ စံရှားကို သတိရနေလိမ့်မည်ဟု ထင်သည်။

အမေ့ဆီသို့ အမြန်ဆုံး ရောက်လိုစိတ် ဖြစ်ပေါ်လာပြန်၏။

ကျွန်တော် ပြန်ရောက်လာခြင်းအတွက် အမေ ဝမ်းသာလိမ့်မည် အမှန်။ ကျွန်တော့်အတွက် ဟင်းကောင်းကောင်းချက်ရသောကြောင့် ငွေပိုကုန်ခြင်း၊ ကျွန်တော် လပေါင်းအတော်ကြာ မလျှော်မဖွပ်ဘဲ နေခဲ့သောကြောင့် ချေးအထပ်ထပ်ဖြစ်နေသောစောင်၊ ခြင်ထောင်တွေကို လျှော်ဖွပ်ရမည့်အတွက် ပင်ပန်းခြင်းတို့ ဖြစ်လာလိမ့်မည်ကို အမေဂရုစိုက်မည် မဟုတ်။

အမေသည် ကျောင်းပိတ်၍ ပြန်လာလျှင် လက်ချည်းသက်သက် ပြန်မလာစေချင်ပါ။ ထိုသို့ဆိုသောကြောင့် လက်ဆောင်ပစ္စည်းတစ်ခုခု (ဥပမာ ကိတ်မုန့်)ဖြင့် ပြန်လာစေချင်သည်ဟု မဆိုပါ။ ပညာတွေ ရသလောက် သယ်ယူခဲ့စေချင်သည်။ ကျောင်းပညာတော့ ဘယ်လောက်တောင် တတ်နေပြီလဲ မသိ။ လူမှုရေးပညာတော့ဖြင့် တော်တော့်ကို တတ်မြောက်နေပါပြီ။ ပေါင်းသင်းဆက်ဆံရေး၌ ညက်လာခဲ့သည်လည်း အမှန်။ သိစရာတွေ မှတ်စရာတွေ တစ်ပုံကြီး။

ထို့ထက်ကား ဒီတပ်ခေါက်တွင် နှလုံးသားနှင့် ပတ်သက်သော ခံစားမှုပညာကိုပါ အတော်အတန် တတ်မြောက်လာခဲ့သည်။ ခုထိတော့ သင်တန်းဖွင့်ပွဲမျှလောက်သာ ရှိသေးသည်။ နောင်တွင် ကြည်နူးဆွတ်ပျံ့ခြင်း သို့တည်းမဟုတ် လွမ်းမောတသခြင်းပညာကိုပါ တစ်ဖက်ကမ်းခတ်တတ်မြောက်လိမ့်မည်ဟု ယုံကြည်သည်။

♥♥♥

## (၁၂)

အဆောင်မှာ အနေဆင်းရဲသမျှ အိမ်ရောက်မှ အတိုးချ၍ချမ်းသာတော့သည်။ အဆောင်မှာလို ကိုယ့်အဝတ်ကိုယ် မလျှော်ရတော့။ အမေက အကုန်လျှော်သည်။ အမေသည် အဝတ်အစားတွေ စစ်ဆေးကြည့်ရင်း "ဘောင်းဘီကော"ဟုမေးသည်။ အဆောင်ကြေးမပေးသွင်းနိုင်၍ ရောင်းလိုက်ရကြောင်း မပြောဖြစ်။

"အဆောင်က သူငယ်ချင်းတစ်ယောက်အမေရာ၊ အဝတ်အစားတွေ လူခိုးခံရလို့ အဲဒါ သူကလဲ ဘောင်းဘီပဲ အမြဲဝတ်တဲ့လူဆိုတော့ ကျွန်တော့် ဘောင်းဘီကို ပေးခဲ့တယ်၊ သနားပါတယ် အမေရာ၊ သူ့နာမည်က ရော်ဖီတဲ့"

ရော်ဖီမှာ အချောင်အသနားခံလိုက်ရသည်။ အမှန်တော့ ဘာမှလဲ အခိုးမခံရ။ ငွေကြေးလည်းမချို့တဲ့။ ကျွန်တော်တို့ကပင် သူ့ဆီက ချေးရသေးသည်။

အမေသည် ကျွန်တော် ရောက်သည့်နေ့ကစပြီး ဟင်းကောင်းကောင်းချက်သည်။ ကျွန်တော်ကလည်း အဆောင်မှာတော်လာသမျှ ဒီမှာအပြတ်တွယ်သည်။ လေးငါးရက်အတွင်းမှာပင် ပြောင်ပြောင်ရောင်ရောင်ဖြစ်လာသည်။ စားထားမှ၊ ရှေ့ဆက်၍ ဝတ်စရာတွေ ရှိသေးသည်။

ကျွန်တော်တို့အဆောင်နေ ကျောင်းသားတွေ ဒီလိုပဲ။ အိမ်ပြန်လျှင် ဝဖီးလာလိုက်၊ အဆောင်ပြန်ရောက်လျှင် ပိန်သွားလိုက်။ ကျောင်းပိတ်လို့ အိမ်ပြန်လျှင်ပြန်ဝလိုက်၊ နောက်ပြန် ပိန်လိုက်၊ ဖဲသမားမယား၊ သို့တည်း မဟုတ် နဲ့သမားပါးလိုပင် ပိန်လိုက်ဖောင်းလိုက်။

အိမ်မှာနေရသည်မှာ ကိုယ်ချမ်းသာသည်။ စိတ်ကဖြင့် သိပ်မချမ်းသာ။ ရောက်စက အမေနှင့်တွေ့ရ၍ ပျော်ပါသည်။ တစ်ပတ်လောက်ကြာတော့ အမေနှင့်တွေ့ရတာ ရိုးလာသည်။ လူငယ်ပီပီ တစ်ရပ်တစ်ရွာမှာ စွန့်စားနေရသည်ကို ပို၍နှစ်သက်သည်။ အခြေအနေက သင်ကြားပေးထားလေသလား မသိ။



ရန်ကုန်မြို့တွင်းမှာနေ၍ ကျောင်းလာတက်သော နေ့ကျောင်းသားတွေနှင့်မတူ။ အဆောင်နေကျောင်းသားတို့သည် မိဘရပ်ထံထက် ကျောင်းကို ပို၍ခင်တွယ်တတ်ကြသည်။

ကျွန်တော်ကကောတဲ့. . . ဒီလိုပါပဲ။ အဆောင်ကိုပင် ပို၍ခင်တွယ်သည်။ အဆောင်မှာ တစ်ဆောင်တည်းမဟုတ်။ ပဲခူးနှင့် မာလာ၊ နှစ်ဆောင်တောင်မှ။

ပဲခူးဆောင်ရှေ့မှ တရုတ်စံကားပင်ကို သတိရသည်။
ပန်းချီခန်းမကို သတိရသည်။
လက်ဖက်ရည်ဆိုင်က ဖြူဝင်းကို သတိရသည်။
မာလာဆောင်သို့သွားရာ စကြံလမ်းကို သတိရသည်။
အခန်း (၇၁)ကို သတိရသည်။ စံရှားကို သတိရသည်။

***လတ်သခင်ကို အထူးသတိရသည်။*** အထူးသတိရသည် ဆိုသော စကားကို လေးနက်စွာပြောရလျှင် လတ်သခင်ကို လွမ်းသည်။

**သတိမရချင်ပါဘဲလျက်** တာဝန်အရသတိရနေသူတစ်ယောက်လည်း **ရှိလေသည်။** မိတ်ဆွေကြီး ကိုဝင်းလွင်ကျော်။ ကျောင်းနှင့်ပတ်သက်သော **အရာရာတို့ကို** သတိတရရှိနေမိသည်။ အိမ်မှာ မပျော်တော့။

**အဆိုး**ဆုံးမှာ ညဘက်အိပ်မရခြင်းပင် ဖြစ်သည်။

အိပ်ရာနေရာ အပြောင်းအလဲကြောင့်တော့ မဖြစ်တန်ရာချေ။

အိမ်ကအိပ်ရာသည် ကျောင်းကအိပ်ရာနှင့် ကွာချင်တိုင်း ကွာတော့သည်။ ကျောင်းမှာတုန်းကဆိုလျှင် ခုတင်ပေါ်တွင် အညာစောင်အိပ်ရာခင်းတစ်ထပ်တည်း။ခေါင်းအုံးကလေးမှာ ပျဉ်ပြားအထူစား တစ်ခုလိုပင်မာချပ်ချပ်။ စောင်၊ ခြင်ထောင်တို့သည် ဘယ်တော့မှ မလျှော်သောကြောင့် ချေးညှော်နံ့၊ ဆေးလိပ်နံ့တို့ဖြင့် လှိုင်လျက်။

အိမ်မှာ အမေပြင်ဆင်ပေးသော အိပ်ရာကတော့ ရေရေလည်လည်သားနားသည်။ ကွပ်ပျစ်ကလေးပေါ်တွင် ဖျာတစ်ထပ်အပေါ်က ဂွမ်းကပ်တစ်ထပ်။ အိပ်ရာခင်းမှာ ဖြူဖြူဖွေးဖွေး။ တင်းတင်းအိအိကလေး ဖြစ်နေသော ခေါင်းအုံးကလေးကို စွတ်ထားသော ခေါင်းအုံးစွပ်မှာ မီးပူတိုက်ထားသည့်အနံ့ကလေးပင် သင်းနေတော့သည်။ ထိုပြင် လျှော်ပြီးခါစ ဇာခြင်ထောင်၊ နေပူလှမ်း၍ တုတ်ဖြင့် တဖုန်းဖုန်းရိုက်ထားသော ဂွမ်းစောင်နွေးနွေးကလေး။

ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ်၊ အိပ်လို့ မပျော်တာတော့ ဘာကမှ မတတ်နိုင်ပါ။ အိပ်ပျော်သည့်နည်းတွေ မျိုးစုံအောင် သုံးကြည့်သည်။ တစ် နှစ် သုံး လေး ရေတွက်ကြည့်ဆိုလို့ ရေတွက်ကြည့်သည်။

"တစ်. . နှစ်. . သုံး. . စံရှား၊ လေး ငါး ခြောက် ခုနစ် ရှစ် ကိုဝင်းလွင်ကျော်. . ကိုး. . တစ်ဆယ်. . လတ်သခင်၊ ဆယ့်နှစ် ဆယ့်သုံး. . လတ်သခင်၊ တစ်ရာခုနစ်ဆယ့်ကိုး. . လတ်သခင်၊ တစ်ရာ့ရှစ်ဆယ် လတ်သခင်၊ တစ်ရာ့ရှစ်ဆယ့်တစ်. . လတ်သခင်"

ကဲ. . ဘယ့်နှယ်လုပ်ပြီး အိပ်ပျော်ပါ့မလဲ။

နောက်တစ်နည်း စမ်းကြည့်သေးတာပလေ။

အသက်ကို ဝအောင်ရှူသွင်း၊ ခြေတွေလက်တွေ ဆန့်ထုတ်ထား၊ အသက်ကို တတ်နိုင်သလောက်တော့ အောင့်ထား။ တစ်ကိုယ်လုံး တောင့်တင်းအောင်နေ။ ဆက်လက်၍ မနေနိုင်တော့မှ အသက်ကို ပြန်ရှူထုတ်။ အကြောတွေကို လျှော့ပစ်လိုက်၊ အိပ်ပျော်ခြင်းသို့ ရောက်လေသတည်းဟု ထင်လျှင် မှားပါလိမ့်မည်။ အသက်အောင့်ထားရင်းကပင် သူ့ထံမှ တစ်ကြိမ်မျှ မရခဲ့ဖူးသော ကိုယ်သင်းနံ့ကလေးကို သတိရနေမိပြန်သည်။

ကိုင်း. . ဘယ့်နှယ်လုပ်ကြမလဲ။

နောက်ဆုံးပေါ့ အိပ်ပျော်နည်းကိုပင် အသုံးပြုရပေတော့အံ့။

ထိုနည်းကား အိပ်ပျော်အောင် လုံးဝမကြိုးစားဘဲ နေခြင်းပင်ဖြစ်သည်။

ကဲ. . . မောင်မျက်စိ၊ မင်း အိပ်ချင်တဲ့အချိန်ကျမှ အိပ်လေတော့၊ ဗိုလ်ဦးနှောက်ကလည်း တွေးချင်ရာတွေးပေရော့။

အခွင့်အရေးရသည်နှင့် ဗိုလ်ဦးနှောက်က တွေးလေတော့သည်။

ထိုအခါ လတ်သခင်သည် အတွေးထဲသို့ အရင်ဦးစွာဝင်ရောက်လာသည်။ သူ့နောက်က ကပ်လျက် တားမရ ဆီးမနိုင် လိုက်ပါလာသူကား ကိုဝင်းလွင်ကျော်။

ကျွန်တော်တို့သုံးယောက်၏ဇာတ်လမ်းမှာ သုံးပွင့်ဆိုင် တြိဂံဇာတ်လမ်း အမျိုးအစားဖြစ်လေသည်။ တြိဂံဇာတ်လမ်းတို့၏ ထုံးစံအရ အဆုံးသတ်တွင် တစ်ယောက်ယောက်ကတော့ နောက်ဆုတ်ပေးရမည်။ သို့တည်းမဟုတ် သေဆုံးပေးရမည်။ ကျွန်တော်ကဖြင့် နောက်လည်း မဆုတ်ပေးနိုင်၊ သေလည်း မသေပေးနိုင်ပေါင်။ ကိုဝင်းလွင်ကျော်နှင့်စာလျှင် ကျွန်တော်က နောက်ကျသော်လည်း ကျွန်တော်သည် နောက်မှရောက်လာတဲ့ ကိုလူလည်မဟုတ်နိုင်။

ပြီးတော့လည်း သူတို့နှစ်ယောက် ဆက်ဆံပုံအခြေအနေကိုကြည့်၍ ကောက်နုတ်ချက်ချရလျှင် . . .

တစ်အချက် ကိုဝင်းလွင်ကျော်သည် လတ်သခင်ကို သမီးရည်းစားတစ်ယောက်လို ပိုင်ပိုင်နိုင်နိုင် မဆက်ဆံရဲ။

နှစ်အချက် ကိုဝင်းလွင်ကျော်သည် လတ်သခင်၏အချစ်ကို ရယူခဲ့ပြီးဆိုလျှင် ကျွန်တော့်ကို တွေ့သောအခါ မချင့်မရဲ အမူအရာဖြစ်နေဖို့မလို။

သုံးအချက် လတ်သခင်သည် ကိုဝင်းလွင်ကျော်ကို ကျွန်တော့်ထက် ပို၍ ဦးစားမပေးဘဲ၊ တန်းတူသဘော ဆက်ဆံခဲ့သည်။

အထက်ပါ သီးခြားအချက်အလက်တို့ကို မူတည်၍ ယေဘုယျနိဂုံးကို ဆွဲယူရမည်ဆိုလျှင် ကိုဝင်းလွင်ကျော်၏ အခြေအနေသည် ကျွန်တော့်လို အဆင့်မှာပင် ရှိရမည်။

ထိုသို့မဟုတ်မူဘဲ တစ်ယောက်နှင့်တစ်ယောက် စိတ်အခန့်မသင့်ကြသောကြောင့် ခဏတာမျှ ခွဲခွာနေကြစဉ် . . .



လတ်သခင်က ကိုဝင်းလွင်ကျော် မခံချိမခံသာဖြစ်အောင် သူ့ရှေ့တွင် ကျွန်တော့်ကို တမင်အရေးတယူလုပ်ပြခြင်းဆိုလျှင် . . .

သို့တည်းမဟုတ် ကိုဝင်းလွင်ကျော်ကို အရွဲ့တိုက်ရာတွင် အသုံးပြုသော ပစ္စည်းတစ်ခုအဖြစ် ကျွန်တော့်ကို သဘောထားခဲ့ခြင်း ဆိုလျှင် . . .

အို. . လတ်သခင်သည် ဒီလိုစိတ်ထား ပေါ့ပျက်သိမ်ဖျင်းသော မိန်းကလေး မဟုတ်တန်ရာပါ။

ယတိပြတ် အဖြေကို မရ။ စိတ်ထဲ၌ တက်ကြွလာလိုက်၊ အားလျော့သွားလိုက်၊ အားတက်ဖွယ် အတွေးတို့အကြားတွင် စိတ်ပျက်ဖွယ်ကိစ္စတွေက ဝင်နှောက်လိုက်၊ စိတ်ခတ်ကျသွားပြီးမှ ဝမ်းမြောက်ဖွယ်အချက်က လက်ခနဲပေါ် လာလိုက်။

လတ်သခင်ရယ်. . .

ခင်ဗျားကို ချစ်ရတာ အကြွေးတင်ခံနေရတဲ့ လူလိုပဲ၊ စိတ်ထဲမှာ အစဉ်သဖြင့် လေးလံနေရပါတယ်ဗျာ။

♥♥♥

## (၁၃)

တစ်လခန့် ကြာမြင့်သောအခါ ကျောင်းပိတ်ရက်များနှင့် ပတ်သက်၍ ထွေထွေထူးထူး ပြောစရာမရှိပါ။ ထူးခြားသောအချက်ဆို၍ အိပ်၍မပျော်ခြင်းနှင့် လတ်သခင်ကို အထူးလွမ်းဆွတ်ခြင်းတို့သာ ရှိသည်။ ထိုကျောင်းပိတ်ရက်များအကြောင်းကို ပေါင်းခြုံ၍ အောက်ပါအတိုင်း တစ်ခွန်းတည်းပြောလိုပါသည်။

***ကျွန်ုပ်၏တစ်သက်တာတွင် မကြုံဖူးအောင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသောရက်များပင် ဖြစ်ပေသည်။***

♥

သာစည်အမြန်ရထားကို နှေးသည်ဟု ထင်သည်။

အဆောင်ရှိရာသို့ သွားနေသော လေးဘီးအငှားယာဉ်ကို နှေးသည်ဟု ထင်သည်။ ရန်ကုန်မြို့ရှိ မီးပွိုင့်တို့ မီးနီသောကာလသည် အရင်ကထက် ကြာသည်ဟု ထင်သည်။

ကျောင်းမဖွင့်မီ တစ်ရက်အလိုမှာပင် ရန်ကုန်သို့ ပြန်ရောက်သည်။ ကျောင်းဝရှိ ခြင်္သေ့တံခါးကို ဖြတ်ကျော်မိသောအခါကျမှ စိတ်လက်ပေါ့ပါး ချမ်းသာသွားတော့သည်။

အဓိပတိလမ်း၏ တစ်ဖက်တစ်ချက်တွင် ရေတမာပင်တို့သည် ကျွန်တော့်ကို ပန်းစည်းဆက်၍ ကြိုဆိုရန် တန်းစီ၍စောင့်နေကြသည်။

ကျွန်တော်တို့အဆောင်၏ ဝင်းဝရှိ ဂိတ်မှူးဖြစ်သော ဆေးလိပ်ဆိုင်မှ အဒေါ်ကြီးသည် ကျွန်တော့်ကို အတားအဆီးမရှိ ဝင်ခွင့်ပြုသည်။ ပဲခူးဆောင်သည် လှိုက်လှဲစွာ လက်ကမ်းကြိုဆိုလိုက်လေသည်။

ကားရပ်လိုက်သောအချိန်မှာပင် "ငါပြန်လာပြီဟေ့"ဟု လှမ်းအော်လိုက်သည်။ ဝရန်တာမှ ကျောင်းသားအချို့ ထွက်ကြည့်ကြ၏။

"ဘယ်သူလဲဟေ့"



"မြို့လှက အောင်ကိုကိုမောင်ကွ၊ စံရှားရောက်ပြီလားဟေ့"

"ရောက်ပြီကွ၊ Y.T.U သွားတယ်"

တစ်လခန့် ကွဲကွာနေသော အခန်း (၇၁)ကို သွားရောက်နှုတ်ဆက်ရင်း ပစ္စည်းတွေ နေရာချထားလိုက်သည်။ အဆောင်ကို ညဘက်ကြီးရောက်လာတာဆိုးလှသည်။ ခြောက်နာရီမတိုင်ခင်ဆိုလျှင် လတ်သခင်ဆီသို့ ခဏဖြစ်ဖြစ် သွားတွေ့နိုင်သည်။ ခုတော့ ဘာလုပ်ရမှန်းမသိ။

စံရှားကလည်း စက်မှုတက္ကသိုလ် သွားနေသည်။ တစ်ယောက်တည်း ယောင်ချာချာဖြစ်နေမည့်အတူတူ စက်မှုတက္ကသိုလ် လိုက်သွားလျှင် ကောင်းမည်။ အိမ်က ပါလာသော ပဲလှော်ထုပ်ကို ယူ၍ ထွက်လာခဲ့သည်။

အိမ်က ပြန်လာခါစအချိန်သည် ကျွန်တော်တို့အတွက် အဆူဖြိုးဆုံးအချိန်။ ငွေကလည်း အလုံအလောက်။ အိမ်က ကြော်လှော်ပေးလိုက်သော ငါးပိကြော်၊ အမဲကြော်တွေကလည်း ပုလင်းနှင့်အပြည့်။ ခုအချိန်မှာ ဘာဝယ်ရင်ကောင်းမလဲ၊ ဘာသုံးရင် ကောင်းမလဲဆိုသည်ကို အပြင်းအထန် စဉ်းစားနေရသောအချိန်။ ဟိုကောင်တွေကလည်း ခုလောက်ဆို စားသောက်နေကြလိမ့်မည်ဟု ထင်သည်။

ဝိဇ္ဇာဆောင်ကို ကျော်လွန်သည်နှင့် မာလာဆောင်ကို ဘွားခနဲမြင်ရတော့သည်။ အချိန်စောသေးသဖြင့် အခန်းအတော်များများ မီးလင်းနေကြသည်။ "လတ်သခင်ရေ. . ကျွန်တော် ပြန်လာပြီဗျို့"ဟုသာ လှမ်းအော်လိုက်ချင်သည်။ မည်သို့ပင်ဖြစ်စေ မာလာဆောင်ကြီးသည် သမ္မတရုံနှင့် တူသည်ဟု ထင်နေမိသည်အမှန်။

နံပါတ်ရှစ်ကား ကြပ်သည်။ တိုးဝှေ့တက်လျှင် ရနိုင်မည်ဖြစ်သော်လည်း အပင်ပန်းမခံတော့။ အိမ်ကပါလာတဲ့ ပိုက်ဆံတွေကလည်း ဘာလုပ်ဖို့ထားသလဲ။ ဖင်မလီယာ အငှားယာဉ်တစ်စီး ဆိုက်လာသည်။ အင်းစိန်ကို တစ်ကျပ်တဲ့။ ကားပေါ် တက်ထိုင်လိုက်သည်နှင့် ဝူးခနဲ မောင်းထွက်သွားသည်။ ကားအများအပြားကို လှစ်ခနဲ လှစ်ခနဲ ကျော်တက်ရင်း ချန်ထားခဲ့သည်။ စက်မှုတက္ကသိုလ်သို့အရောက် ငါးမိနစ်လောက်သာ ကြာမည်ဟုထင်သည်။

လောက်ဖျားအခန်းသို့ အရင်ဝင်၍ ရှာသည်။ မတွေ့။ ထားဝယ်အခန်းမှာလည်း မရှိ။ ကိုကြီးကျော် အခန်းမှာလည်း မရှိ။ ကင်းကောင်အခန်းသို့ သွားမည်အပြုမှာပင် အခန်းတစ်ခုထဲမှ ထွက်လာသော ဇော်ကြီးကို တွေ့လိုက်သည်။

"ဟာ. . ကိုကိုမောင်. . ဟိုကောင်တွေနဲ့ မတွေ့ဖူးလား"

"မတွေ့ဘူးဗျ"

"ဒီကောင်တွေ သံလမ်းကဆိုင်ကို သွားတယ်၊ လိုက်သွားပါလား"

"ခင်ဗျားကော မလိုက်ဖူးလား"

"မလိုက်တော့ဘူးကွာ၊ အအေးပဲ သွားသောက်တော့မယ်၊ ဟူး. . ထိုင်ရတာ ကြာတော့ ညောင်းလိုက်တာ"

ဖြစ်ပုံများကတော့ သံလမ်းက ဆိုင်ဆိုသည်မှာ ကျွန်တော် အလာတုန်းကဖြတ်လာခဲ့တာ။ အခုတော့ လာလမ်းအတိုင်း ပြန်သွားရသည်။

တိုက်နှစ်လုံးကြားရှိ မြေကွက်လပ်တွင် တဲကလေးတွေ။ မီးခွက်ကလေးတွေ မှိတ်တုတ် မှိတ်တုတ်။ အမြည်းဆိုင်ကလေးတွေ ဖြစ်လေသည်။ ဖောက်သည် အဒေါ်ကြီးဆိုင်မှာပင် သူတို့ကို တွေ့ရသည်။

"ဟေ့. . ."

"ဟာ. . ကိုကိုမောင် ပြန်လာပြီ"

"ကိုကိုမောင်"

"ပြန်လာပြီ"

"ကိုကိုမောင်"

"ပြန်လာပြီ"

ဝိုင်းအော်လိုက်ကြကတည်းက သူတို့ တော်တော် ခရီးရောက်နေပြီဖြစ်ကြောင်း သိလိုက်၏။ ခွေးခြေကလေးပေါ် ထိုင်မိသည်နှင့် စံရှားက ဖန်ခွက်တစ်လုံးသွားယူပြီး ကျွန်တော့်ရှေ့မှာ လာချသည်။ ကင်းကောင်က ငှဲ့ပေးလေသည်။

"ဘာတွေပြောပြီး ဟားနေကြတာလဲကွ"

"ကိုကြီးကျော် စော်လိုက်တဲ့အကြောင်း"

"ပြောပါဦး. . ဘယ်လိုလဲ"

"ပြောပါ့မယ် ချလိုက်ပါဦး"

"ဖြည်းဖြည်းပေါ့"

"ဖြည်းလို့ မရဘူး၊ မင်း ငါတို့ကို အမီလိုက်ရမယ်"

ဖန်ခွက်ကို ယူပြီးမော့လိုက်သည်။ ပဲခြမ်းကြော်သုပ် တစ်ဇွန်းကို ယူ၍ ဝါးနေလိုက်သည်။

"ဒီလိုကွ. . ."

"ချဉ်တယ်ကွာ. . မပြောနဲ့"

ကိုကြီးကျော်က ဝင်တားသည်။

"ဘယ်ရမလဲ ကိုကြီးကျော်ရ၊ ဘော်ဒါအားလုံး သိသင့်တဲ့ကိစ္စပဲ၊ ဒီလိုကွ. . ကိုကိုမောင်ရ"

စံရှားသည် အာလေးလျှာလေးဖြင့် ပြောပြလေသည်။

ဒီလိုတဲ့. . .

ကိုကြီးကျော်သည် ကောင်မလေးတစ်ယောက်ကို လိုက်စကားပြောသည်။ ကိုကြီးကျော်ပုံစံကလည်း သိတဲ့အတိုင်းပဲ။ မလုပ်ဘူးဆိုလျှင်လည်း အရှင်း။ လုပ်ပြီဆိုလျှင်လည်း အပြတ်။ အပန်းဖြေရိပ်သာရှေ့ကနေ စကားပြောလိုက်တာ. . . ယုဒသန်ဘုရားရှိခိုးကျောင်း လွန်သည်အထိ ကောင်မလေးက ဘာမျှပြန်မပြော။ သီရိဆောင်ရှေ့ ရောက်သောအခါ ကောင်မလေးက အဆောင်ထဲကို ကြောက်ကြောက်လန့်လန့် ဝင်သွားလေသည်။



"အဲဒီတော့ကွာ. . ကိုကြီးကျော်ကလဲ ခေတာမှ မဟုတ်ဘဲ၊ ကောင်မလေးက သီရိဆောင်မှာ နေတာ မဟုတ်ဘူးဆိုတာ သိတယ်၊ သူငယ်ချင်းတစ်ယောက်ယောက် အခန်းမှာ ဝင်ခိုနေတာပဲဆို အတပ်သိတာပေါ့၊ ဒီကောင်မလေး အိမ်မပြန်ဘဲတော့ မနေနိုင်ပါဘူး၊ တစ်ချိန်ချိန်တော့ ပြန်ထွက်လာရမှာပေါ့၊ ဘယ်လောက်နေနိုင်မလဲ နေစမ်းဆိုပြီး အဆောင်ရှေ့က အုတ်ခုံမှာ ဖွဲ့ရှိရှိနဲ့ မြိန့်မြိန့်ကြီးထိုင်စောင့်နေတော့တာပေါ့"

"နောက်တော့ကော. . "

"ညနေသာ စောင်းသွားရော ကောင်မလေးက ပြန်ထွက်မလာတော့ဘူး"

"ဟင်. . အဆောင်မှာ အိပ်တာလား"

"ဘယ်ဟုတ်ရမှာလဲကွ၊ မင်းလဲသိသားပဲ၊ သီရိဆောင်နောက်ဘက်မှာ အပေါက်တစ်ပေါက် ရှိသေးတာကိုးကွ၊ ကောင်မလေးက ရှေ့ပေါက်ကဝင်ပြီး နောက်ပေါက်ကထွက်၊ မာလာဆောင်ကိုဖြတ်ပြီး အိမ်ပြန်သွားတာ၊ ကိုကြီးကျော်ကတော့ အဆောင်ရှေ့မှာ ပြန်လာနိုးနဲ့ မျှော်လိုက်ရတာ ကြည့်ပါလား၊ လည်ပင်းကြီးကို ခုတောင်ရှည်နေသေးတယ်"

"ဟား. . ဟား. . ကိုကြီးကျော် ဝိဇ္ဇာသိပ္ပံကို မပိုင်ဘဲ မလာနဲ့ဗျ"

"ဒါပေါ့ကွ၊ ဖားတုလို့ ခရုခုန်၊ အိုင်ပျက်ရုံပဲ ရှိတာပေါ့ကွ၊ ကိုကိုမောင်ကိုတုလို့ ကိုကြီးကျော်ခုန်ရင် ငပေါကြီးသာ ဖြစ်တော့မပေါ့ကွ"

စံရှား၏စကားသည် ကျွန်တော့်ထံ မြားဦးလှည့်လာသည်။

"အဲ. . ပြီးတော့ ကိုကိုမောင့်အကြောင်း ပြောရဦးမယ်၊ ဒီကောင်ကြီးက ပိုင်ပြီဆိုပြီး လက်သခင်ကို ဘူတာလိုက်ပို့တာ သူ့လူကလဲ လာပို့တော့"

"လင်ကြီးရှေ့ကိုရောက်နေတဲ့ လင်ငယ်ရဲ့ မျက်ခွက်မျိုးပေါ့လေ"

ကိုကြီးကျော်က ကျွန်တော့်ကို ကလဲ့စားချေလိုက်သည်။

ကျွန်တော်ကလည်း ပျာပျာသလဲ ဝင်၍ငြင်းရသည်။

"အောင်မာ. . သူ့လူမဟုတ်ပါဘူးကွာ၊ သူလဲ ငါ့လိုပဲ မဖြစ်ကြသေးပါဘူး"

"ဘာပဲဖြစ်ဖြစ် ဟိုလူက ဦးတာ သေချာတယ်"

"ခုလိုဆိုတော့ မင်းက ရုပ်ရှင်ကြည့်နေတုန်း မီးပြတ်သွားတော့ မှောင်နေတာကို အခွင့်ကောင်းယူပြီး နှစ်ကျပ်ခွဲတန်းကနေ လေးကျပ်တန်းကို ပြောင်းထိုင်သလို ဖြစ်နေတယ်"

"မဟုတ်ဘူးကွ၊ ကိုကိုမောင့်အဖြစ်က ညဘက် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း ရန်ဖြစ်လို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာကို အခွင့်ကောင်းယူပြီး လက်ဖက်ရည်ဖိုး မပေးဘဲ လစ်ပြေးသလို ဖြစ်နေတယ်"

"ခွီးတဲ့မှပဲ. . ထွင်လိုက်ကြတာ ပွဲလန့်တုန်းဖျာခင်းတဲ့ကောင်လို့ ရိုးရိုးပြောလိုက် ပြီးတာပဲဟာ"

တစ်ယောက်တစ်ပေါက် ဝိုင်း၍ပြောကြသည်။

သူတို့ကတော့ ထုံးစံအတိုင်း နောက်ကြပြောင်ကြခြင်း ဖြစ်သော်လည်း ကျွန်တော့်ရင်ထဲက တော်တော်အောင့်သွားသည်။ ကျွန်တော်သည် စကားကို အတည်အတံ့ပြောရန် ကြိုးစားလိုက်သည်။

"မင်းတို့သိမယ် ထင်တယ်၊ ကယ်မစ်ကယ်လ်က ဝင်းလွင်ကျော်တဲ့"

"ဟာ. . သိတာပေါ့၊ ငါတို့အတန်းထဲကပဲ၊ ငါနဲ့တော့ မခင်ဘူးကွ"

လောက်ဖျားက ဝင်၍ပြောသည်။

"ဒီလူက ဘယ်လိုလူလဲ"

"ဟာကွာ. . လောက်ဖျားနဲ့ မခင်ဘူးဆိုကတည်းက အရက်မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ ကျောင်းမပြေးဘူး၊ စာကြိုးစားတယ်၊ အေးအေးဆေးဆေးနေတယ်ဆိုတာ သိထားပါ"

တစ်ချိန်လုံးငြိမ်နေရာမှ ချက်ကောင်းကို ဝင်တွက်လိုက်သော ထားဝယ်၏စကားကြောင့် လောက်ဖျားအထိနာသွားသည်။

သူတို့နှင့် လမ်းခွဲလာသောအချိန်တွင် ဆယ်နာရီပင်ကျော်နေပြီ။

ဟိုကောင်တွေက သူတို့အဆောင်မှာ လိုက်အိပ်ဖို့ ပြောသော်လည်း မာလာဆောင်မှာ သီချင်းသွားဆိုချင်နေသောကြောင့် လမ်းခွဲလာခဲ့သည်။

စံရိပ်ငြိမ်မှတ်တိုင်မှာဆင်း၍ လမ်းကြိုလမ်းကြားမှ ဖြတ်လျှောက်လာသည်။ မာလာဆောင်ရှေ့ဘက်ကို ရောက်လာသော်လည်း သီချင်းမဆိုဖြစ်။ လတ်သခင်ရဲ့ အခန်းနောက်ဘက်မှာ ယုဒသာန်ဘုရားရှိခိုးကျောင်းသို့ ဝင်ရာလမ်း ဝင်းတံခါးသည် ပိတ်လျက်ရှိပြီ။

ထို့ကြောင့် ကျွန်တော်တို့ သံတိုင်ကိုကျော်၍ ဝင်ကြသည်။ မာလာဆောင်နောက်ဘက်သို့ ရောက်သောအခါ မီးအချို့ လင်းနေတုန်း။ သိတဲ့အတိုင်းပါပဲ၊ ကျွန်တော်သည် ဟိုသီချင်းကိုပင် အော်ဆိုလေတော့သည်။

***"မအေးစရာတွေ မတွေးပါဘူး၊ မဆွေးပါဘူး၊ မချစ်တော့ဘူးရယ်လို့ ဘယ်လိုပင် ပြောသော်လည်း တွေးမိရင် လွမ်းမိတော့တာ သက်ထားရယ်၊ သက်ထားရယ်. . တစ်ဖက်သားမှာ လွမ်းလှပေါ့ဗျာ၊ အသည်းမှာ မြစွာ ခင့်နာမည်လေး ရေးတော့တာ. . "***

စံရှားက . . .

"မင်းဆိုပြီးရင် ငါ့အလှည့်ပဲ" ဆိုပြီး သံကုန်ဟစ်လေတော့သည်။

***"လယ်တောက အပြန် ပန်ချင်တယ် ခရေဖူးဆိုလို့ မောင် ခူးကာပေး၊ တော ဟိမဝါ ပေါ်ရိသာ အယူမှားစဉ်က ယုံပါနော်. . ချွဲလေလဲ ယုံပါတယ်၊ မဖြေရဲပါဘူး မုန့်ဆီကြော်၊ အလယ်ဟက် ပြည်ဖျက်မဲ့သား"***

အဆက်အစပ်လည်းမရှိ။ စာသားတွေကလည်း ကဘောက်တိကဘောက်ချာ။ ဟိုကနည်းနည်း၊ ဒီကနည်းနည်း။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် သံပြိုင်အော်လိုက်ကြသည်။

"မာလာသူတို့ရေ. . ပုလင်းဘွိုင်အဖွဲ့ ပြန်လာပြီဟေ့"

♥



မာလာဆောင်အနောက်ဘက် အပေါက်ဝနားသို့ ရောက်သောအခါ နှင်းပင် မကွဲသေးချေ။ ခုနစ်နာရီသာသာလောက်ပင် ရှိလိမ့်ဦးမည်။

အုတ်တိုင်ကို မှီ၍ရပ်ရင်း စဉ်းစားသည်။ အိပ်ရာက ထပြီး မနေနိုင်မထိုင်နိုင်လို့သာ ထွက်လာရသည်။ ဒီလောက် အစောကြီးတော့ အဆောင်ကို မသွားသင့်။ ဒီကပဲ ရပ်စောင့်နေတော့မည်။ သူတို့ ရှစ်နာရီလောက်ဆိုလျှင်တော့ အတန်းတက်ဖို့ ထွက်လာမည်ထင်သည်။ ကိုကြီးကျော်တုန်းကလို သူကရှေ့ပေါက်မှ ထွက်သွားခဲ့လျှင်တော့ မောကြောပဲ။

ကျွန်တော့်လက်ထဲမှာ ပုလင်းဝိုင်းတစ်လုံးရှိသည်။ အမေကြော်ပေးလိုက်သော ဝက်အူချောင်းကြော်ပုလင်း။ အဆောင်က ထွက်လာတုန်းက သူ့ကိုပေးချင်ဇောနှင့် ပုလင်းကြီးကိုင်ပြီး ထွက်လာခဲ့မိသည်။ လမ်းရောက်မှ ဒီပုလင်းကြီးကိုကိုင်၍ အဆောင်ကိုဝင်လျှင် လူရယ်စရာ ဖြစ်နေလိမ့်မည်ဟု တွေးမိပြန်သည်။

ထို့ကြောင့် ကိုအောင်ရင့်ဆိုင်ဝင်ပြီး သတင်းစာစက္ကူတစ်ရွက်တောင်း၍ အပေါ်က ပတ်လာခဲ့ရသည်။ ဝက်အူချောင်းလက်ဆောင်ပေးတယ်ဆိုတော့ နည်းနည်းများကြောင်မလားဟု ထင်မိပြန်သည်။ ယူလာမိမှတော့ မထူးတော့။ ပြီးတော့လည်း လက်ဆောင်ပေးတာပဲ၊ စေတနာနဲ့ပေးတာပဲ။

အဆောင်ထဲက ထွက်လာသူ တစ်ယောက်မျှ မတွေ့ရသေးချေ။ ကိုယ့်အဖြစ်ကို ပြန်စဉ်းစားကြည့်ရင်း နည်းနည်းရှက်လာပြန်သည်။ သူများတွေလို နှင်းဆီပန်းကလေးကိုင်ပြီး စောင့်နေရလျှင် တော်သေး။

ကြာကြာရှက်ဖို့ အချိန်မရလိုက်။ လမ်းလျှောက်ရာမှ ပြန်လာဟန်တူသော ကျောင်းသူနှစ်ယောက်ကို တွေ့ရသည်။ စကြိုလမ်းအတိုင်း လျှောက်လာနေသည်။ သူတို့နှစ်ယောက်ကို မြင်ဖူးသလိုလိုရှိပါသည်။ ဟော. . လတ်သခင်ပြန်သည့်နေ့က လိုက်ပို့တဲ့ အမျိုးသမီးနှစ်ယောက်ပဲ။ သူတို့အဆောင်ကို ရောက်လျှင် လတ်သခင်ကို ကျွန်တော် စောင့်နေကြောင်း ပြောခိုင်းဖို့ သင့်၊ မသင့် စဉ်းစားရသည်။ သူတို့သည် ကျွန်တော့်ကို ကောင်းစွာမှတ်မိသည်။ ပြုံးစိစိလုပ်ရင်း လျှောက်လာနေကြ၏။ သူတို့နား ရောက်လာသောအခါ ဆုံးဖြတ်ချက်ချလိုက်သည်။

"ဒီမှာ. . ဒီမှာ"

သူတို့လှည့်ကြည့်သည်။

"လတ်သခင်နဲ့ ဖြူဖြူကို ကျွန်တော် ဒီမှာစောင့်နေတယ်လို့ ပြောပေးပါလား"

"ဟုတ်ကဲ့ ရပါတယ်၊ ဒါနဲ့ ဘယ်သူက မှာတယ်လို့ ပြောရမှာလဲ"

ဒါ. . သူတို့ ကျွန်တော့်ကို ချွတ်လိုက်ခြင်းပင် ဖြစ်လေသည်။

ကျွန်တော့်ကို သူတို့ကောင်းကောင်းသိသည်။ မသိဘဲ နေပါ့မလား။ သူတို့ အဆောင်မှာ အခစားဝင်နေကျအကောင်ပဲဟာ။ ခုတော့ မသိချင်ယောင်ဆောင်ပြီး ကျွန်တော့်ကို နောက်လိုက်ခြင်းဖြစ်သည်။

ကျွန်တော်သည် စံရှားလို လူရွှင်တော်တစ်ယောက် မဟုတ်သော်လည်း အတန်ငယ်အူမြူးနေသောကြောင့် သူတို့ကို ပြန်နောက်ချင်စိတ်ပေါ်လာသည်။

"ကျွန်တော်လား . . လီယိုနာဒိုဒါဗင်ဂျီလို့ ပြောလိုက်ပါ"

"ရှင်. . ."

"ဩော်. . ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ဂျီလို့ ပြောလိုက်ပါဗျာ"

"ဩော်. . ဟုတ်ကဲ့၊ အိပ်မက်ထဲမှာ ပန်းချီကားကို ဆွဲတဲ့ ပန်းချီဆရာကြီးလို့ ပြောလိုက်ပါ့မယ်"

"ခစ်. . ခစ်"ဆိုပြီး သူတို့ ထွက်သွားကြလေသည်။ ကျောင်းသူတို့ ကျောင်းတက်ရန် ထွက်လာစပြုနေပြီ။ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ကျွန်တော့်ရှေ့က ဖြတ်သွားကြသည်။ တချို့လည်း ကျွန်တော့်ကို သိသည်။ ဘေးက ဖြတ်လျှောက်ရင်း "လာတော့မှာပါ၊ ခဏလေးစောင့်"ဟု မကြားတကြားပြောသွားကြသည်။

ဟော. . လာကြပါပြီ။ လတ်သခင်နှင့် ဖြူဖြူတို့သည် စက္ကူလေ့ကားထစ်များကို လှမ်းတက်လာကြသည်။ တစ်လခန့် ခွဲခွာနေရသောကြောင့်လား မသိ။ ခုတစ်ခါ သူနှင့် ပြန်တွေ့သောအခါ ပထမဆုံးအကြိမ် တွေ့ခဲ့ရစဉ်ကနှင့် စာလျှင် တစ်ဝက်လောက် ရင်ခုန်မိသည်။ သူ့လက်ထဲမှာလည်း အထုပ်ကလေး တစ်ထုပ်။ ကျွန်တော့်ကို မြင်သောအခါ သူ ပြုံးပြလေသည်။

ကျွန်တော်ကလည်း ပြန်ပြုံးပြမိသည် ထင်၏။

"စောင့်နေတာ ကြာပြီလား"

သူ မေးလိုက်ပုံမှာ ရိုးရိုးပင်ဖြစ်သော်လည်း သူ့စကားလုံး သုံးနှုန်းလိုက်ပုံသည် စောင့်နေသောချစ်သူကို ပြောသလိုဖြစ်သွားသောကြောင့် စိတ်ထဲက တစ်မျိုးကြီး ဖြစ်သွားသည်။

"သိပ်မကြာသေးပါဘူး၊ လတ်သခင် ဘယ်နေ့က ရောက်သလဲ"

. . . ဟုမေးပြီး သူ့လက်ထဲက အထုပ်ကလေးတစ်ထုပ်ကို တစ်ချက်လောက် ခဏကြည့်မိသည်။

"မနေ့က နေ့လယ်ကပဲ၊ ကိုကိုမောင်ကော"

"ကျွန်တော် ညက ရောက်တယ်"

ကျွန်တော်သည် လက်ထဲက ပုလင်းကို မြှောက်ပြလိုက်ပြီး . . .

"အဲဒါ. . လတ်သခင်ဖို့၊ အဲ. . ဖြူဖြူနဲ့ လတ်သခင်ဖို့ ကျွန်တော် ယူလာခဲ့တာ၊ အိမ်ကအပြန် လက်ဆောင်ပေါ့၊ မြို့လှဝက်အူချောင်းကြော်လေ"

ဝက်အူချောင်းဆိုသောကြောင့် ဖြူဖြူ၏နှုတ်ခမ်းသည် တွန့်ခနဲပြုံးသွားပြီးမှ ချက်ချင်းက္ကန့်ြဆယ်လိုက်သည်။

"နေပါစေ. . အားနာစရာကြီး"

"ဟာ. . ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်က စားစေချင်လို့ ယူလာတာ၊ ရော့ပါ၊ ယူပါ"



လတ်သခင်က ပုလင်းကို ယူလိုက်သည်။ ပြီးတော့မှ သူ့လက်ထဲက အထုပ်ကလေးကို ကမ်းလိုက်ပြီး . . .

"ဒါ. . ကိုကိုမောင့်အတွက်. ."

ကျွန်တော်သည် အထုပ်ကို လှမ်းယူလိုက်စဉ်၊ သူ့လက်သည်းတစ်ချောင်းသည် ကျွန်တော့်လက်ကို အသာခြစ်မိသွားသည်။ တွန့်ခနဲ ဖြစ်သွားမိ၏။ တစ်ကိုယ်လုံး ရှိမ်းခနဲ ဖြစ်သွားလေသည်။ "ဘာတွေလဲ"ဟု ယောင်ရမ်း၍မေးမိသည်။

"မလိုင်လုံး"

ဒီတစ်ခါတော့. . ဖြူဖြူ ဟန်မဆောင်နိုင်။ သူ ရယ်လေသည်။

လတ်သခင်ပင်လျှင် ရှက်ပြုံးကို ပြုံးတော့သည်။ ကျွန်တော်ကဖြင့် ရယ်သလို တည်သလို ဖြစ်နေပြီးလျှင် အတန်ငယ်ရှက်သွားသောကြောင့် "သွားမယ်"ဆိုပြီး ထွက်လာခဲ့သည်။

လမ်းရောက်မှ စဉ်းစားမိပြန်သည်။ ကိုဝင်းလွင်ကျော်သည်လည်း ကျွန်တော့်လိုပင် မလိုင်လုံးတစ်ထုပ် ရလိမ့်မည် ထင်သည်။ သူကကော လတ်သခင်အတွက် ဘာလက်ဆောင်တွေများ ဝယ်ခဲ့ပါသနည်း။

လတ်သခင်နှင့် ပတ်သက်လာလျှင် ကျွန်တော့်စိတ်သည် ဘယ်တော့မှ ရှင်းရှင်းလင်းလင်း မရှိရ။ လတ်သခင်အကြောင်းကို တွေးလိုက်လျှင် ကိုဝင်းလွင်ကျော်ဆိုသူသည် အရောင်းထိုင်းပစ္စည်းလိုပင် ကပ်လျက် ပါလာတတ်သည်။ မေမေ ပြောဖူးသလို "ဟိုဘဝက လျှုဒါန်းမှု မစင်ကြယ်ခဲ့လို့ ဒီဘဝမှာ သူများတကာနဲ့ ထွေးရောယှက်တင်နေရတာ" ဆိုသောစကားကို သတိရမိသည်။ ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ်မှာ မလိုင်လုံးတစ်ထုပ်တော့ အေးအေးဆေးဆေးရလာခဲ့ပြီ။

အဆောင်ပေါ်သို့ ပြေးတက်လာခဲ့သည်။ စံရှားသည် စားပွဲမှာထိုင်၍ စာရေးနေသည်။ ကဗျာစပ်နေဟန် တူလေသည်။

ကျွန်တော် ဝင်သွားသောအခါ . . .

"မင်း. . ဘယ်သွားနေတာလဲ"

"လတ်သခင်ဆီကိုကွ၊ လက်ဆောင်သွားပေးတာ"

"ဘာပေးတာလဲ"

"ဝက်အူချောင်းကြော်"

စံရှားကတော့ ဖြူဖြူ့လို ပြုံးရုံမျှမဟုတ်ဘဲ အပြတ်ဟားလေတော့သည်။

"ဟား. . ဟား. . ကြောင်တယ်ဟေ့"

"မင်းက ဘာဟားတာလဲ"

"မင်းနှယ်ကွာ၊ ဝက်အူချောင်း လက်ဆောင်ပေးရတယ်လို့"

"အိုကွာ ငါတို့မြို့က ဝက်အူချောင်း ရေရေလည်လည်ကောင်းတာကွ"

"ငါ့ဖို့တော့ မယူလာဘူး"

"ဒီမှာလေကွာ. ."

ကျွန်တော်က လတ်သခင်ပေးလိုက်သော မလိုင်လုံးထုပ်ကို စားပွဲပေါ် တင်လိုက်ပြီး . . .

"လတ်သခင်က ငါ့ဖို့ဆိုပြီး ပြည်က တကူးတက ယူလာခဲ့တာကွ"

ကျွန်တော်က ရင်ကော့၍ ပြောလိုက်သည်။

စံရှားသည် မလိုင်လုံးအထုပ်ကို ယူကြည့်လိုက်သည်။

"ဟ. . ဘယ်ဆိုးလို့လဲ ကိုကိုမောင်ရ၊ မလိုင်လုံး လက်ဆောင်ရတဲ့ အဆင့်တောင် ရောက်နေပြီဆိုတော့ လတ်သခင်ရဲ့အချစ်ကို ရဖို့ တော်တော် နီးစပ်နေပြီပေါ့နော်"

"ဟော့ကောင် ငါ့ကို မရိပါနဲ့ကွ"

"ငါ အကောင်းပြောတာ၊ မလိုင်လုံး လက်ဆောင်ပေးတယ်ဆိုတာ မင်း အပေါ် ချိုချိုသာသာ ရှိတယ်ဆိုတဲ့ သဘောကွ၊ ဟော ရှောက်သီးလက်ဆောင် ပေးရင်တော့ မလွယ်ဘူး ကိုယ့်လူ၊ ချဉ်တယ်ဆိုတဲ့ သဘောလက်ဆောင်ပေး တယ်ဆိုတာ အဓိပ္ပာယ်တစ်ခုခုတော့ ရှိတာပဲကွ"

"ဒါဖြင့် ငါ သူ့ကို ဝက်အူချောင်းလက်ဆောင်ပေးတာကျတော့ကော"

"အင်း. . ဒါကတော့. . ဟိုဟာကွာ. . အေး. . ဟုတ်ပြီ၊ ဝက်အူချောင်း ဆိုတာ ရောင်းတဲ့အခါကျရင် အတွဲလိုက်ကလေးတွေ မဟုတ်လားကွ၊ မင်းနဲ့ လတ်သခင်နဲ့ တွဲရမယ်ဆိုတဲ့ သဘောပေါ့"

"ဟာ. . သိပ်ဟုတ်တာပဲ၊ လာ. . ထမင်းသွားစားရအောင်၊ ပြီးရင် မင်းကို ငါ လက်ဖက်ရည်တိုက်မယ်"

ကျွန်တော် ပျော်သွားပြန်သည်။

♥♥♥

# (၁၄)

". . . ကျွန်တော်တို့ စိတ်ပညာဆိုတာ သိပ်ကျယ်ဝန်းတာဗျ၊ တကယ့် တကယ် ပြောရမယ်ဆိုရင် နေရာတိုင်းမှာလိုလို အသုံးဝင်တာပဲ၊ နိုင်ငံရေးမှာ ရာ၊ လူမှုရေးမှာရော၊ စီးပွားရေးမှာဆိုရင် လူစိတ်ဝင်စားအောင် ဘယ်လို ကြော်ငြာမလဲဆိုတာလဲ စိတ်ပညာပဲဗျ၊ ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေမှာဆိုရင် ဌာန ဆိုင်ရာတိုင်းမှာ စိတ်ပညာရှင်တွေရဲ့ အကြံပေးမှုကို ခံယူကြရတယ်၊ စက်ရုံ တွေမှာဆိုရင် အလုပ်ခန်းမှာ အလုပ်သမားတွေ စိတ်တက်ကြွအောင် ဘာ အရောင် သုတ်မယ်ဆိုတာ၊ ပြီးတော့ အပန်းဖြေခန်းကျရင် အပြည့်အဝ အနား ယူမှုရအောင် ဘာအရောင်သုတ်မယ်ဆိုတာကအစ စိတ်ပညာရှင်တွေက စီစဉ် ပေးရတယ်၊ ကျွန်တော်တို့ဆီမှာတော့ ဗိုလ်ရွေးအဖွဲ့ရယ်၊ ဝန်ထမ်းရွေးချယ်လေ့ ကျင့်ရေးအဖွဲ့ရယ်၊ စိတ်ကျန်းမာရေးဆေးရုံရယ်မှာလောက်ပဲ စိတ်ပညာရှင် တွေကို အသုံးချနိုင်သေးတယ်၊ နောက်ဆိုရင်တော့ ဆေးတက္ကသိုလ်တွေမှာ စိတ်ပညာဌာန သီးသန့်ဖွင့်မယ်လို့ ကြားတာပဲ"

လတ်သခင်နှင့် ကိုဝင်းလွင်ကျော်တို့သည် ကျွန်တော့်စကားကို လေး စားစွာ နားထောင်နေကြသည်။ ဟိုလူကတော့ လေးစားချင်ယောင် ဆောင် နေတာ ဖြစ်ချင်ဖြစ်မည်။

ကျွန်တော်ကလည်း ပြောပြီးမှ ကြီးကျယ်ရာကျနေမည်လားဟု ထင်မိ ပြန်သည်။ ကျွန်တော့်စကားသည် စိတ်ပညာ၏ အသုံးဝင်ပုံကို ကြွားရာကျနေ သည်။ လတ်သခင်၏ရှေ့မှာ ကျွန်တော့်ကို အထင်ကြီးအောင် ပြုလိုက်သလို ဖြစ်နေသည်။

ကိုယ့်ကို အထင်ကြီးအောင် ပြုလုပ်ခြင်းသည် ကိုယ်နှင့်ပြိုင်ဘက်လူ ကို အထင်သေးအောင် နှိမ့်ချလိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။ ပညာတတ် တို့မည်သည် ဤသို့မလုပ်ကောင်း။ သို့ရာတွင် တစ်ချိန်လုံး ငြိမ်၍နားထောင် နေသော ကိုဝင်းလွင်ကျော်သည် စကားတစ်ခွန်းတည်းနှင့် ကျွန်တော့်ကို ချက် ကောင်းတွယ်လိုက်လေ၏။

"ကိုကိုမောင်. . ဘွဲ့ရပြီးရင် ဘာလုပ်မယ် စိတ်ကူးသလဲ"

ထိလိုက်တဲ့စကား။ နဖူးတည့်တည့်ကို လာမှန်တဲ့စကား။

ကျွန်တော် ပြောခဲ့သမျှ စိတ်ပညာ ကောင်းကြောင်းတွေ အားလုံးကို တိုက်ဖျက်ပစ်လိုက်သည်။ ကြည့်. . . ဘွဲ့ရပြီးရင် ဘာလုပ်မလဲတဲ့။

"မင်း . . စိတ်ပညာ ဘာတွေပဲ ပြောနေပြောနေ ဘွဲ့ရပြီးတော့ အလုပ်လက်မဲ့ ဖြစ်မှာပဲ" ဆိုသော သဘောမဟုတ်လို့ ဘာများဖြစ်ရမှာလဲ။

ဒီလို ကျောလို့တော့ မရဘူး ကိုယ့်လူ။

"ကျွန်တော် ကျောင်းပြီးသွားရင် ပန်းချီဆွဲစားပါ့မယ်၊ စိတ်ပညာက ပန်းချီမှာလဲ အသုံးကျတာပါပဲ"

ကိုဝင်းလွင်ကျော်သည် သူ့စကားအမှားကို သိသွားဟန်တူသည်။

ကျွန်တော့်ကို အားနာသည့်မျက်နှာမျိုး ဖြစ်သွားသည်။ ပြောင်ပြောင်တင်းတင်း တောင်းပန်ခြင်း မပြုသော်လည်း သူ့စကားကို ပြန်ပြင်သည်။

"ကောင်းတယ်ဗျာ၊ ခင်ဗျားတို့ဘဝက လမ်းတွေအများကြီး ပွင့်နေတာပဲ၊ လုပ်ချင်တာ လုပ်လို့ရတယ်၊ ကိုယ် ဝါသနာပါရာ ဘာပဲလုပ်လုပ်၊ ကျွန်တော်တို့ကတော့ လုပ်ရမယ့်အလုပ်ကို ခုကတည်းက သတ်မှတ်ပြီးသားပဲ၊ မလုပ်ချင်ဘူးဆိုလို့ မရတော့ဘူး"

လတ်သခင်သည် ကျွန်တော်တို့ အပြန်အလှန်ပြောဆိုနေသော စကားများကို နားလည်ချင်လည်း နားလည်မည်။ နားမလည်ဘဲ ရှိချင်လည်း ရှိမည်။ အမူအရာတို့ကို အဓိပ္ပာယ်ကောက်တတ်လျှင်တော့ စကားတို့၏ထိရောက်မှုကြောင့် မျက်မှောင်ကုပ်သွားကြ၊ ချက်ချင်း ဣန္ဒြေဆယ်ပြီး ပြုံးပြုံးကလေး ပြန်ပြောကြ. . စသည်တို့ကို သိနိုင်သည်။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ ဘာမျှ ဝင်မပြောချေ။ ကျွန်တော်တို့နှင့်စာလျှင်တော့ သူက ပို၍အရေးကြီးသည်။ စကားတစ်ခွန်း ဝင်ပြောလိုက်လျှင် သူ့စကားသည် တစ်ဖက်ဖက်ကို အလေးသာသွားစေနိုင်သည်။

လက်ရှိအခြေအနေတွင် ကိုဝင်းလွင်ကျော်သည် စကားအရာ၌ သူ့ကိုယ်သူ နှိမ့်ချလိုက်သောကြောင့် လူမှုရေး၌ သူက သာလွန်သွားသည်။

"ဒါပေမယ့်ဗျာ. . ပန်းချီဆရာဆိုတော့ စီးပွားရေးအရတော့ အောင်မြင်မှုရဖို့ မသေချာပါဘူးလေ"

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဖို့ကြိုးစားလိုက်သည်။

"အောက်မှာနေသောကြောင့် အပေါ်ကို ရောက်နေသည်။ နှိမ့်ချခြင်းသည် မြင့်မြတ်သည်"ဟု တာအိုဝါဒတွင် ဖွင့်ဆိုထားသည် မဟုတ်လား။

"စီးပွားရေးကိစ္စထက် ကိုယ်လုပ်ချင်တာ လုပ်ရရင် စိတ်ချမ်းသာတာပဲဗျာ"

ကျွန်တော် ပြောရမည့်စကားကို သူ ပြောသည်။ ခုချိန်ထိ သူကချည်း လျှော့နေသောကြောင့် သူက ပို၍ ယဉ်ကျေးသလို ဖြစ်နေလေသည်။

လတ်သခင်သည် နာရီကိုကြည့်သည်။



ကိုဝင်းလွင်ကျော်ကို **ကြည့်သည်။**

ကျွန်တော့်ဘက်သို့ **မသိမသာ ကြည့်သည်။**

အလိုက်သိတတ်သူဆိုလျှင် **ဒါကို သိရမည်။**

"လတ်သခင် . . ကိစ္စရှိလို့လား၊ ကျွန်တော်တို့ လာတာနဲ့ အနှောင့်အယှက်များ ဖြစ်နေသလားလို့"

လတ်သခက်က ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ဘုရားသွားမလားလို့၊ သိပ်တော့ အရေးမကြီးပါဘူး"

"သြော်. . သွားလေ၊ ဒါဖြင့်ရင်. . "

"ကိုကိုမောင်ကော လိုက်ချင်လိုက်ခဲ့ပါလား"

ပြောပြီးလျှင် ကိုဝင်းလွင်ကျော်ကို တစ်ချက် လှမ်းကြည့်သည်။

ကိုဝင်းလွင်ကျော်က ဘာမျှ ဝင်မပြောချေ။

သူ့ပုံစံမှာ ကျွန်တော် တစ်ခုခု ဝင်ပြောလိုက်မည်ကို စိုးရိမ်နေသည်ဟု ထင်သည်။ ဖြစ်နိုင်သည်မှာ သူတို့နှစ်ယောက် ဘုရားသွားကြဖို့ စီစဉ်ထားဟန်တူသည်။

ကျွန်တော် ရောက်နေသောကြောင့် ကျွန်တော့်ကိုပါ မလွှဲမရှောင်သာ ခေါ်ရတော့သည်။ လတ်သခင်က လိုလိုလားလား ခေါ်ခြင်းဖြစ်နိုင်သော်လည်း ကိုဝင်းလွင်ကျော် နှုတ်ဆိတ်နေသည်ကို ကြည့်၍ ကျွန်တော် လိုက်လာမည်ကို သူ စိုးရိမ်နေပုံရကြောင်း သေချာသည်။

ကျွန်တော် ဆတ်ခနဲ ရပ်လိုက်သည်။

"ဆောရီးပဲ လတ်သခင်၊ ကျွန်တော် ပန်းချီခန်းမှာ အလုပ်တွေရှိသေးလို့ လိုက်မပို့နိုင်တော့ဘူး"

ကိုဝင်းလွင်ကျော်က ခုမှ စိတ်ချသွားဟန်ဖြင့် . . .

"လိုက်ခဲ့ပါလား၊ ကိုကိုမောင်ရ"

ကျွန်တော် ပြုံးလိုက်သည်။

"လိုက်လို့မဖြစ်လို့ပါဗျာ၊ ကဲ. . ကျွန်တော် သွားပါဦးမယ်"

ကျွန်တော်က အပြီးသတ်မှာ အပြတ်ထုခဲ့ခြင်း ဖြစ်လေသည်။

သူတို့နှစ်ယောက်တည်း တွဲသွားခြင်းကို ကျွန်တော် မကျေနပ်သည်မှာ အမှန်။ သို့ရာတွင် ကျွန်တော်က ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်သည့်သဘော။ တစ်နည်းအားဖြင့် ကိုယ်ချစ်နေရသူနှင့် ကိုယ်နှင့်ပြိုင်ဘက်လူ နှစ်ယောက်တည်းသွားရမည့် ကိစ္စဖြစ်သော်လည်း ကျွန်တော်က သဘောထားကြီးကြောင်း၊ အနစ်နာခံတတ်ကြောင်း၊ ပို၍ယဉ်ကျေးကြောင်းပြလိုက်ခြင်းသာဖြစ်သည်။

ဒီတစ်ချီတွင် အောင်ကိုကိုမောင် အမှတ်ဖြင့် အနိုင်ရလိုက်လေသည်။

"အဲဒါပဲကွ၊ ကိုယ်ကတော့ ဒီနေ့ အပြတ်သာသွားပြီ"

စံရှားသည် နားထောင်နေရာမှ "ဟင်း"ဆိုပြီး မျက်နှာကို ရှုံ့မဲ့လိုက်သည်။ နှုတ်ခမ်းတစ်ဖက်သည် တွန့်ခနဲဖြစ်သွား၏။

ထိုအခါ သူ တစ်ခုခု အပြတ်ဝေဖန်တော့မည်ဖြစ်ကြောင်း ကျွန်တော် သိလိုက်ပြီ။

"သာသွားပြီ. . ဟုတ်လား၊ ကြောင်တဲ့နေရာမှာ သာသွားပြီပေါ့"

"ငါက ဘာကြောင့်လို့လဲ"

"ဘာကြောင့်တာလဲဆိုတော့ မင်းကို ငါ တစ်ခုပြောမယ်၊ မင်း အခုလို ဟိုလူ့အပေါ်မှာ အလျှော့ပေးလိုက်တာ ဘာအတွက်လဲ"

"သူ့ထက် ငါက ပိုပြီးယဉ်ကျေးတယ်ဆိုတာ ပြလိုက်တာပေါ့"

"ဟုတ်ပေ့ကွာ၊ ပညာတတ်ပီသပါပေ့၊ ဒီမှာဟေ့ကောင် တိုင်းပြည် အတွက် ဒါမှမဟုတ် မိဘဆွေမျိုးအတွက် သူငယ်ချင်းအတွက်ဆိုရင် အနစ်နာခံစမ်းပါ၊ ငါ မပြောလိုပါဘူး"

"မင်းစကားက ကြီးကျယ်လှချေလား"

"နေပါဦးလေ၊ ငါ ပြောပါ့မယ်၊ ခုတော့ မင်းက သွေးမတော်သားမစပ် သူငယ်ချင်းလဲမဟုတ်၊ ဘာမဆိုင်တဲ့လူတစ်ယောက်အပေါ် အလျှော့ပေးလိုက် တယ်ဆိုတာဟာ လတ်သခင်က မင်းအပေါ်မှာ သနားခြင်းနဲ့ယှဉ်တဲ့ လေးစားမှု ဖြစ်လာအောင် လုပ်လိုက်တာ မဟုတ်လား"

ကျွန်တော် သူ့ကို ဘာမျှပြန်မပြောဖြစ်။

"ဟဲဟဲ. . ကိုကိုမောင် တစ်ယောက်ကတော့ အလိုက်သိတတ်လိုက် တာ၊ သဘောထားကြီးလိုက်တာဆိုပြီး လတ်သခင်က မင်းကို ဟိုလူ့ထက်ပိုပြီး လေးစားသွားရအောင် လုပ်လိုက်တာ မဟုတ်လား၊ လတ်သခင်ရဲ့လေးစားမှုကို ရဖို့ အရှုံးပေးမှုနဲ့ လဲလှယ်လိုက်တာပဲ မဟုတ်လား၊ အဲဒါ ပညာတတ်တွေမှာ ဖြစ်တတ်တဲ့ ဉာဉ်ပဲကွ၊ ကိုယ်က အနစ်နာခံသလိုလိုနဲ့ အနိုင်ယူတာလေ၊ ယဉ်ကျေးသလိုလိုနဲ့ အကောက်ကြံတာ၊ ဟန်ဆောင်တာ၊ အဲဒီလို မရိုးမသား မလုပ်ပါနဲ့ကွာ"

စံရှား၏စကားကို မှားသည် မှန်သည် ကျွန်တော် မပြောလိုပါ။

ကျွန်တော့်အကြံအစည်များကို သူ သိသွားသည့်အတွက်တော့ အနည်းငယ် ရှက်မိသည်။ စံရှားသည် ကဗျာဆရာဖြစ်သောကြောင့် သူလိုရာ အဓိပ္ပာယ် မရောက်ရောက်အောင် စကားတန်ဆာဆင်၍ အချက်အလက်များ ကျကျ ပြောနေသည်ဟု ထင်လိုသော်လည်း မရ။

"မိန်းမတွေရဲ့ အထင်ကြီးမှုကို ဒီနည်းနဲ့တော့ မဖြစ်နိုင်ဘူး ကိုယ့်လူ၊ မိန်းမဆိုတာ သိပ်သဘောထားကြီးလွန်းတဲ့ လူမျိုးကို ကြိုက်တာမဟုတ်ဘူး၊ နည်းနည်းတော့ သဝန်တိုပေးမှ သူတို့ကို ပိုချစ်တယ်လို့ထင်တာ၊ နေရာတကာ ခွင့်လွှတ်တတ်တဲ့ လူပျော့လူညံ့မျိုးကို အထင်ကြီးတတ်တာ မဟုတ်ဘူးကွ၊ ဒီမှာ ဟေ့ကောင်. . ပညာတတ်နည်း၊ အဲ. . အနစ်နာခံသလိုလိုနဲ့ပေါ့ကွာ. . အဲဒီနည်းနဲ့က ပညာတတ်တဲ့ မိန်းမကျတော့ ဒီနည်းနဲ့မရဘူး၊ အလိမ်ပေါ်သွား လိမ့်မယ်၊ သူတို့ကိုယ်တိုင်က ဒီနည်းတွေ တတ်နေတာကိုး"

စံရှား၏စကားကို ချေပရန် စကားလုံးရှာ၍ မရချေ။



လတ်သခင်သည် ကျွန်တော်၏ဟန်ဆောင်မှုများကို သိနေပြီလားဟု စိုးရိမ်မိပြန်သည်။ အမှန်အားဖြင့်ဆိုလျှင် ကိုဝင်းလွင်ကျော်၏ဟန်ဆောင်မှုကို ကျွန်တော်သိသလို ကျွန်တော်၏ဟန်ဆောင်မှုကိုလည်း ကိုဝင်းလွင်ကျော်က သိသည်။ ထို့အတူ ကျွန်တော်တို့နှစ်ယောက်၏ ဟန်ဆောင်မှုများကို လတ်သ ခင်က သိနေလိမ့်မည်။ ကျွန်တော်တို့ သုံးယောက်စလုံးသည် တစ်ဦးစီ၏ ဟန် ဆောင်မှုများအကြောင်းကို မသိဟန်ဆောင်နေကြခြင်းပင် ဖြစ်လေသည်။

"ခုပဲ ကြည့်ကွာ. . . မင်းက လိုက်ချင်လျက်နဲ့ သဘောထားကြီးချင် ယောင် ဆောင်လိုက်တော့ လတ်သခင်က မင်းကို အထင်ကြီးလား မကြီးလား တော့မသိဘူး၊ လောလောဆယ်မှာတော့ ဟိုလူက တွဲခုတ်သွားပြီ သူငယ်ချင်း"

မနာလိုဝန်တိုစိတ်သည် ခုမှ ဘွားခနဲ ပေါ်လာ၏။ သူတို့နှစ်ယောက် သည် ဘုရားပေါ်သို့ ဓာတ်လှေကားမှ တက်လိမ့်မည်မဟုတ်။ ဖြစ်နိုင်သည်မှာ ဆယ့်ခြောက်ကားစီးပြီး အာဇာနည်ကုန်းဘက်မှ တက်လိမ့်မည်။ ထိုအခါ မြေ နီကုန်းကလေးကိုဖြတ်၍ စကားတပြောပြော လျှောက်ကြမည်။ ဟင်း. . အဲဒီ ဘက်က လူပြတ်တယ်၊ လတ်သခင်ရဲ့လက်ကို ဆတ်ခနဲ လှမ်းကိုင်ပြီး ချစ်ပါ ကြိုက်ပါ ပြောခဲ့လျှင်. . အို. . ဘုရားဝတ္တကမြေထဲမှာဖြင့် ဒီလိုကြံလိမ့်မည် မဟုတ်ပါ။ သူလည်း ပညာတတ်ပေပဲ။

ဘုရားရင်ပြင်တော်ပေါ်ရောက်လျှင် ပန်းကိုယ်စီ ဝယ်ကြလိမ့်မည်။ လတ်သခင်သည် လက်ကိုင်ပဝါကလေးကို ခင်း၍ ဘုရားအကြာကြီးရှိခိုးသော အခါ ဘေးမှနေ၍ မျက်နှာကို တစိမ့်စိမ့်ကြည့်ခွင့်ရလိမ့်မည်။ ဘေးလူတွေက များ သူတို့ကို မြင်လျှင် ဘာလိုလို ထင်ကြတော့မည်။

ဘုရားဆိုတာ ရေစက်ဆုံနိုင်တဲ့လူတွေ တူတူသွားသင့်တာဆို။

ကျွန်တော့်အစ်မကြီးတစ်ယောက်က ပြောဖူးသည်။

နောက်ဘဝဆိုတာ မရှိပါဘူး။ ကုသိုလ်ဆိုတာက တကယ်မရပါဘူးဟု ဆိုခဲ့သော ကျွန်တော်သည် သူတို့နှစ်ယောက် ရေစက်ဆုံသွားမည်ကို အဘယ့် ကြောင့် စိုးရိမ်နေမိပြန်ပါသနည်း။

♥♥♥

# (၁၅)

ရိုးသားတော့မည်၊ ဟန်မဆောင်တော့ပါ။

အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆို။

ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က ကျူးကျော်စစ်ပွဲ၊ ခုခံစစ်ပွဲ၊ နယ်စပ်ဒေသစစ်ပွဲ၊ ပြည်တွင်းစစ်ပွဲများ ဆင်နွှဲနေကြသော နိုင်ငံများ လိုက်နာကြရန် စစ်ပွဲစည်းကမ်းများ ထုတ်ပြန်၍ မေတ္တာရပ်ခံထားကြသည်။

- ကလေးသူငယ်အပါအဝင် အရပ်သားများကို မသတ်ဖြတ်ကြရန်၊
- စစ်ပွဲနှင့်မသက်ဆိုင်သော ဒေသများကို မတိုက်ခိုက်ကြရန်၊
- သုံ့ပန်းများကို မညှဉ်းပန်းကြရန်၊

သို့ရာတွင် ဘယ်သူတွေကများ တိတိကျကျ လိုက်နာကြပါသနည်း။

လစ်လျှင်လစ်သလို၊ အခွင့်အရေးရလျှင် ရသလို တွယ်လိုက်ကြသည်ချည်းဖြစ်၏။

တကယ့်တကယ်တော့ အချစ်နှင့်ပတ်သက်၍ စစ်ပွဲတွေမှာလို စည်းကမ်းချက်တွေ အတိအကျမရှိ။ ယဉ်ကျေးမှုတွေ၊ လူမှုရေးကိစ္စတွေကို လွတ်ရုံကလေး ကွေ့ပတ်ရှောင်ပြီး မီးစင်ကြည့်က,ရတာမျိုးကလား။

ဟန်ဆောင်တတ်ခြင်းကို ယဉ်ကျေးမှုဟု ဆိုတတ်ကြသလို၊ ပွင့်လင်းမှုကို ရိုးသားမှုဟု ဆိုသူများလည်း ရှိလေသည်။ အလွန်သိမ်မွေ့၍ ပြုံးပြုံးကလေး နေတတ်ပြီး ဝမ်းထဲက ကျိတ်၍ အကောက်ကြံကြသူများ ရှိသလို၊ အပေါက်ဆိုးပြီး စိတ်ထားကောင်းသူတွေလည်း ရှိသည်။ ကိုဝင်းလွင်ကျော်ကို ပထမအမျိုးအစားနေရာတွင် ထား၍ ကျွန်တော်က ဒုတိယအမျိုးအစားနေရာကို ယူပေတော့အံ့။

ထို့ကြောင့် ကျွန်တော်သည် ရုပ်ရှင်လက်မှတ် သုံးစောင်ကို ကြိုတင်၍ ဝယ်ယူထားလေတော့သည်။ ကျွန်တော်ရယ်၊ လတ်သခင်ရယ်၊ ပြီးတော့ ဖြူဖြူရယ်ကြည့်ဖို့။



ကြည့်ချင်တာကတော့ နှစ်ယောက်တည်းပဲ။

သို့ရာတွင် လက်ရှိအခြေအနေအရတော့ ဖြူဖြူပါ ပါမှ လတ်သခင်က လိုက်လိမ့်မည်။

မနိုင်းကောင်း မနိုင်းရာ နိုင်းနိုင်းသည်ဟူ၍တော့ မထင်ကြပါနှင့်။

စစ်နှင့်ပတ်သက်သော ဥပမာကိုပင် ပေးရပါတော့မည်။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲလိုပင် ဖြစ်ပါသည်။ နောက်ဆုတ်ရန် မဖြစ်နိုင်အောင်ပင် စီစဉ်ထားပါသည်။

"မကြည့်တော့ပါဘူး ကိုကိုမောင်ရယ်၊ စာမေးပွဲလဲ နီးနေပြီ"

"ဟာ. . မကြည့်လို့ မဖြစ်ဘူးဗျ၊ လက်မှတ်က ဝယ်ပြီးနေပြီ၊ ကားကလဲ ကောင်းမယ်ထင်လို့၊ စာမေးပွဲက တစ်လကျော်ကျော်လောက် လိုပါသေးတယ်ဗျာ၊ ခုထိတောင် စစ်မဲ့ရက်ကို မကြေညာသေးပါဘူး"

"ကလပ်စ်များ ပျက်နေမလားလို့"

"ဘယ်ပျက်မလဲ၊ ဗုဒ္ဓဟူးနေ့ဆိုရင် လတ်သခင်တို့ အတန်းက ဆယ့်တစ်နာရီ ပြီးတာ မဟုတ်လား"

သူ့အတန်းချိန်စာရင်းကို ကျွန်တော်က အတိအကျသိနေခြင်းကို သူသိသွားပြီ၊ သိသာသွားစေသည်။ ဤသို့ဆိုလျှင် ကျွန်တော်က သူ့ကို ဂရုတစိုက်ရှိသောကြောင့်၊ ရသွားပြန်ပြီး အောင်ကိုကိုမောင် တစ်မှတ်။

"ဖြူဖြူ့ကို မေးကြည့်လေ၊ သူ လိုက်မယ်ဆိုရင်လဲ သွားတာပေါ့"

ကျွန်တော် ဝမ်းသာသွားလေသည်။ ဖြူဖြူသည် ကျွန်တော့်ဘက်က လိုက်မည်အမှန်။

ဤသို့ဖြင့် နောက်ဆုံးတွင် ကျွန်တော်တို့သုံးယောက် ရုပ်ရှင်သွားဖို့ပြင်ဆင်ကြလေသည်။

ကျွန်တော်သည် ရှိတဲ့အဝတ်အစားတွေထဲက အသားနားဆုံးအင်္ကျီနှင့် လုံချည်တို့ကို ကိုညီလေးအခန်းသို့သွား၍ မီးပူတိုက်ခဲ့သည်။ လတ်သခင်ကတော့ ဣန္ဒြေရရပင် ဝတ်ဆင်လာသည်။ ထိုသို့ဆိုသောကြောင့် ဖြူဖြူကဖြင့် ဣန္ဒြေမရဟု မဆိုလိုပါ။ လတ်သခင်က ရိုးရိုးလေးဝတ်ဆင်ပြီး ဆန်းဆန်းပြားပြားဝတ်လာခြင်းကို ဆိုလိုပါသည်။

ကျွန်တော့်ဘေးက လတ်သခင်၊ လတ်သခင်ဘေးက ဖြူဖြူ။

သုံးယောက်သား ဘေးချင်းယှဉ်၍ လျှောက်လာကြရာ ဘေးလူတွေက ကြည့်ပြီးလျှင် အတော်ကို လိုက်ဖက်ညီတဲ့အတွဲပေပဲဟု ဆိုကြလိမ့်မည်အမှန်။

နံပါတ်ကိုးကား စီးကြမည်။ ဘတ်စ်ကားကျပ်လျှင်တော့ သုံးဘီးပေါ့။ တက္ကသိုလ်ကျောင်းသားဖြစ်ရတာ ဒါ တစ်ခုတော့ကောင်းသည်။ အဆောင်ကျောင်းသားတို့ ငွေပြတ်တတ်ကြောင်း ကျောင်းသူတွေသိသည်။ ဖင်မလီယာနှင့် သုံးဘီးနဲ့မှဆိုသော မိန်းကလေးမျိုး သိပ်မရှိပါ။ ဘတ်စ်ကားနှင့် သွားလို့လည်း အထင်မသေးကြပါ။ ဒီမှာ သုံးဖြုန်းပျက်စီးကုန်မှာစိုး၍သာ အိမ်က ငွေကို လျှော့ပို့ခြင်းဖြစ်သည်။

တကယ်တော့ နယ်မှာ ဆီစက်တွေ ဆန်စက်တွေ ရှိချင်ရှိနေမှာဟု ခန့်မှန်းတတ်ကြသည်။

နံပါတ် (၉)မှတ်တိုင်သို့ အရောက်မှာပင် စံရိပ်ငြိမ်ဘက် လမ်းကြားထဲမှ ထွက်လာသော ဆေးရိုးသည်ကို တွေ့ရသည်။ ကိုဝင်းလွင်ကျော်ဖြစ်ကြောင်း ပြောဖို့ပင် မလို။ သူသည် ကျွန်တော်တို့ကို တွေ့သောအခါ အံ့သြ၊ မကျေနပ်၊ ခံပြင်း မနာလိုသောစိတ်တို့ကို အတင်းကျိတ်မှိတ်ပြီး ပြုံးပြလေသည်။

ကျွန်တော်ကတော့ စင်ပေါ်ကလူ ဖြစ်သောကြောင့် သူ့ကို ခံ့ခံ့ကြီးပြုံးပြရင်း နှုတ်ဆက်လိုက်လေသည်။ သူသည် သူ့အသံ မူမမှန်ဖြစ်နေမည်ကို စိုးရိမ်သဖြင့် အဟမ်းဟု လည်ချောင်းကို ရှင်းလိုက်ပြီးမှ . . .

"ဘယ်များ သွားကြမလဲလို့ဗျ"

"ဘုရားကို သွားမလို့ဗျို့" ဟု ပြောမည်ဟု စဉ်းစားမိပြီးမှ ဒီလောက်တော့ သူ့ကို ရိဖို့ မကောင်းဟုထင်သဖြင့် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။ လတ်သခင်ကတော့ သူတို့ ဘုရားကိုသွားစဉ်က ကျွန်တော့်ကို အားနာသော အကြည့်ဖြင့် ကြည့်ခဲ့သလို သူ့ကို ကြည့်သည်။

"ဟို. . ဖြူဖြူက ရုပ်ရှင်ကြည့်ချင်တယ်ဆိုလို့ လိုက်ပြမလို့"

လတ်သခင်၏စကားသည် အလွန်လိမ္မာပါးနပ်လွန်းလှသည်။

"ရုပ်ရှင်"ဆိုသော စကားကိုကြားရသောအခါ သူ့မျက်နှာ မသိမသာ ပျက်သွားသည်။

"ကိုဝင်းလွင်ကျော်က ဘယ်သွားမလို့လဲ"

ဖြူဖြူသည် ကျွန်တော်တို့ကြားတွင် အနေရခက်လာဟန်တူသည်။

သူက ရုပ်ရှင်ကြည့်ချင်သောကြောင့် သူကပါ ဝင်းလွင်ကျော်ကို အားနာပြီး လောကွတ်ပျူငှာစကား ပြောကြည့်ကာမှ ပိုဆိုးတော့သည်။

"ကျွန်တော်. . ဟို. . ဟို. . ဘက်ကို"

သူ၏ယောင်တိယောင်နပုံကို ကျွန်တော် ရယ်ချင်မိသွားသည်။

သို့ရာတွင် မရယ်ဖြစ်ချေ။

ဝိဇ္ဇာသိပ္ပံဘက်ကို လာမှတော့ မာလာဆောင်ဘူတာကိုပင် ဆိုက်မည်ဖြစ်ကြောင်း ထင်ရှားပြီးသား။

ဒါကို ဖြူဖြူက "ဘယ်သွားမလို့လဲ"လို့ မေးတော့ သူ အဖြေရခက်သွားသည်။ "လတ်သခင်ဆီကို လာတာပါ"ဟု ပြောလျှင်လည်း အလာနောက်ကျပေမယ့် အခါနှောင်းပြီဖြစ်သဖြင့် သူ့အတွက် ရှက်စရာ။ လတ်သခင်ကတော့ ထုံးစံအတိုင်း မျှမျှတတဖြစ်ဖို့ ကြိုးစားသည်။

"ကိုဝင်းလွင်ကျော် အားရင်လိုက်ခဲ့ပါလား"

သူသည် စဉ်းစားသလိုလို လုပ်နေသည်။ တခြားကိစ္စတစ်ခုခုပဲ ရှိနေသလို။ ထိုကိစ္စကို ဖျက်သင့် မဖျက်သင့် ဝေခွဲမရဖြစ်နေပုံမျိုး။ အမှန်တော့ သူ့မှာ ဘာကိစ္စမှမရှိဘဲ တမင်ဟန်လုပ်နေခြင်းဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းသိသည်။



"နေဦး ဘာကား ကြည့်ကြမှာလဲ၊ ကျွန်တော် ကြည့်ပြီးပြီးလားတောင် မသိဘူး"

"ဒီနေ့မှ ရုံတင်တဲ့ကားဗျ၊ ဂျပန်ကား"

ကျွန်တော်ကတော့ လုံးဝဟန်မဆောင်ဘဲ ရိုးသားစွာပြောလိုက်သည်။ ကိုဝင်းလွင်ကျော်သည် သူတို့ဘုရားသွားကြစဉ်က "ဒီကောင် လိုက်လာရင်တော့ ဒုက္ခပါပဲ"ဆိုသော မျက်နှာထားမျိုး ကျွန်တော့်မှာ မရှိကြောင်းကို သူသိသွားသည်။

"အဲဒီကားတော့ ကျွန်တော် မကြည့်ရသေးဘူး"

"ဒါဆိုလဲ လိုက်ခဲ့ပါလားဗျာ၊ တခြား အရေးတကြီးကိစ္စ မရှိရင်ပေါ့"

"ကိစ္စ အထွေအထူးတော့ မရှိပါဘူး"

"ဒါဆိုလဲ လိုက်ခဲ့ပေါ့"

လတ်သခင်က ဝင်၍ပြောလေသည်။

သူကတော့ တကယ်ပဲ လိုက်စေချင်တာလား၊ ဟန်လုပ်၍ ခေါ်တာလား ခွဲခြား၍မရ။ ကိုဝင်းလွင်ကျော်သည် ရုပ်ရှင်သို့ ကျွန်တော်တို့ချည်းကိုလည်း မလွှတ်လို။ ကျွန်တော်တို့က လိုလိုလားလားခေါ်နေသောကြောင့် လိုက်ချင်နေပုံလည်းရသည်။ အထူးသဖြင့်တော့ ခုလောက်ဆို ရုပ်ရှင်ရုံထဲမှာ ကိုကိုမောင်တစ်ယောက် လတ်သခင်ရဲ့ လက်ကလေးကိုများ ဆုပ်ကိုင်ထားလေမလားဟု တွေးရင်း ကြိတ်မနိုင်ခဲမရ မဖြစ်လိုခြင်းက ပိုမည်ထင်သည်။

"အေးဗျာ. . ကောင်းသားပဲ"

ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် သူပါလိုက်မည်ဆိုသောကြောင့် ကျွန်တော့်တွင် စိတ်ပျက်သွားသော အမူအရာဖြစ်မသွားချေ။ တကယ်လည်း စိတ်မပျက်ပါ။ ထိုကိစ္စအတွက် အံ့သြ၍လည်း မနေကြပါနှင့်။ အောင်ကိုကိုမောင်ထံတွင် ဝှက်ဖဲတစ်ချပ် ရှိလေသည်။

လေးဘီး အငှားကားတစ်စီး လာသောအခါ ကိုဝင်းလွင်ကျော်က တားလိုက်သည်။ "လက်ဖက်ရည်သောက်ရအောင်"ဟု စခေါ်သူသည် လက်ဖက်ရည်ဒကာဟု သတ်မှတ်သော ကျွန်တော်တို့ထုံးစံအတိုင်းဆိုလျှင် အငှားကားခကို သူ ရှင်းရပေမည်။

ကျွန်တော်နှင့် သူကတစ်ဖက်။ လတ်သခင်နှင့် ဖြူဖြူက တစ်ဖက်ထိုင်ကြသည်။ ဘေးက ကြည့်လျှင်တော့ နှစ်တွဲပေါ့။ ကိုဝင်းလွင်ကျော်နှင့် ဖြူဖြူတို့ ချစ်သွားကြလျှင် ကောင်းမည်ဟု မဆီမဆိုင်တွေးမိသေးသည်။

သမ္မတရုံရှေ့သို့ ကားဆိုက်ခါနီးအချိန်တွင် လတ်သခင်သည် သူ၏သားရေလွယ်အိတ်ကလေးကို ဖွင့်လိုက်သည်။ ကိုဝင်းလွင်ကျော်က . . .

"လတ်သခင်. . ကျွန်တော် ပေးမယ်"ဟု ပျာပျာသလဲ တားရင်း ငွေတစ်ဆယ်တန်တစ်ရွက်ကို သူ့အိတ်ထဲမှ ထုတ်လိုက်သည်။ အမှန်မှာ လတ်သခင်သည် ပိုက်ဆံထုတ်ရန် သားရေအိတ်ဖွင့်ခြင်း မဟုတ်ပါ။ လက်ကိုင်ပဝါကလေးကို ဆွဲထုတ်လိုက်ခြင်းသာ ဖြစ်လေသည်။

လတ်သခင်က ပြုံးသည်။ ဖြူဖြူကမူ ဣန္ဒြေမဆယ်နိုင်ဘဲ ဟိခနဲအသံထွက်သွားသည်။ ကိုဝင်းလွင်ကျော် အတန်ငယ် ရှက်သွားလေ၏။

ကားပေါ်မှဆင်းပြီး ရုံရှေ့ဆင်ဝင်အောက်သို့ ရောက်သောအချိန်မှာပင် ကျွန်တော်သည် ဝှက်ဖဲကို ထုတ်ခင်းလိုက်လေသည်။

"လက်မှတ်တစ်စောင်တော့ ထပ်ဝယ်ရလိမ့်ဦးမယ်"

ထိလိုက်တဲ့စကား။ ကိုဝင်းလွင်ကျော်၏နဖူးတည့်တည့်ကို ဒေါင်ခနဲနေအောင် ထိတဲ့စကား။ သူ့မျက်နှာ ကွက်ခနဲပျက်သွားသည်ကို ဖုံးဖိရန်အချိန်မရလိုက်။ ရှင်းပါသည်။ ကျွန်တော်တို့သုံးယောက်အတွက်က လက်မှတ်ဝယ်ပြီးပြီ။ သူ့အတွက် တစ်စောင်ထပ်ဝယ်ရမည်။ ထိုအခါ ကျွန်တော်တို့နေရာနှင့် ခုံနံပါတ်ဆက်ရက်နေရာကို သူ ရနိုင်မည်မဟုတ်။ သူသည် လက်မှတ်ဝယ်ရန် ထွက်သွားမည်အပြု ကျွန်တော်က ပြောဖြစ်အောင် လှမ်းပြောလိုက်သေးသည်။

"ကျွန်တော် ဝယ်ထားတဲ့နံပါတ်က ဂျီ-ဝမ်း တူး သရီး၊ ဆက်ရက်ရရင်ဝယ်ခဲ့ပေါ့ဗျာ"

ဇာတ်ကားမှာ ဒီနေ့မှ စပြခြင်းကြောင့် ဂျီ-ဖိုးနံပါတ်ကို သူ မရရှာချေ။ ဝမ်းနည်းပါသည် ကိုဝင်းလွင်ကျော်။

ဇာတ်ကားသည် ညှို့လေသည်။ ကျွန်တော်သည် ပျော်လေသည်။

ကိုဝင်းလွင်ကျော်သည် ရုပ်ရှင်ကို စိတ်ဖြောင့်ဖြောင့်ကြည့်နိုင်မည်မဟုတ်။ အစကတည်းက မလိုက်လာဘဲ နေခဲ့ရင်အကောင်းသားဟု သူ တွေးနေလိမ့်မည်အမှန်။ စဉ်းစားကြည့်လေ. . . တစ်ရုံတည်း အတူတူကြည့်ကြပါလျက် သူက တစ်ယောက်တည်း ခွဲကြည့်ရပြီး ကျွန်တော်က လတ်သခင်နှင့်အတူတူ တွဲကြည့်ရသည်။ ခင်ဗျားကိုယ်စား ကျွန်တော် အခံရခက်လိုက်တာကိုဝင်းလွင်ကျော်။

ဇာတ်ကားသည် ဂျပန်တို့၏ထုံးစံအတိုင်း ရှုခင်းအလှအပကလေးတွေကလွဲလျှင် သိပ်မကောင်းလှချေ။ ပျင်းစရာကောင်းသည်။ သွက်လက်မှုမရှိ။ ကောင်းကောင်း မကောင်းကောင်း ကျွန်တော် ဂရုမစိုက်ပါ။ လတ်သခင်ဘေးက ကပ်ထိုင်နေရခြင်းသည် အကယ်ဒမီ ခုနစ်ဆုရ ဇာတ်ကားကို ကြည့်ရသည်ထက်ပင် ပို၍တန်သည် မဟုတ်လား။

လတ်သခင်၏အသားကို ကျွန်တော် လုံးဝမထိ။ အမှောင်ကို အခွင့်ကောင်းယူတတ်သော အကောင်စားမျိုးမဟုတ်။ သူ့ဆီက ကိုယ်သင်းနံ့ကလေးကို တစ်ချက်တစ်ချက် ရှူရှိုက်နေရလျှင်ပင် တော်လောက်ပါပြီ။ အိုင်စတိုင်း၏ရီလေတီဗတီသီအိုရီခေါ် နှိုင်းရသဘောနှင့်ပြောရလျှင် သူနှင့်အတူတူ တွဲ၍ရုပ်ရှင်ကြည့်ရသည်မှာ နံပါတ် (၁၆)ကား လှည်းတန်းမှတ်တိုင်မှာ ရပ်၍လူစောင့်သော အချိန်လောက်ပင် မကြာလိုက်ဟု ထင်သည်။

သူနှင့်ကျွန်တော်သည် ရုပ်ရှင်ရုံထဲမှာ စကားမပြောဖြစ်ကြ။ သူသည်ရုပ်ရှင်ပြနေတုန်းက ဖြူဖြူ့ကိုသာ စကားတစ်ခွန်းစ နှစ်ခွန်းစပြောသည်။



သူလည်းလေ. . . ကျွန်တော့်လိုပင် စိတ်လှုပ်ရှားနေမိမည်မှာ အမှန်။ ကျွန်တော်၏ကိုယ်သင်းနံ့ဖြစ်သော ဆေးလိပ်နံ့များကိုတော့ အာရုံခံကြည့်နေလိမ့်မည်မဟုတ်။ သို့ရာတွင် သူ့ကို ချစ်နေမှန်းသိသာသော လူတစ်ယောက်နှင့်ခုလို ရုပ်ရှင်တွဲကြည့်လိုက်ရသောကြောင့် "ငါ သူ့ကို သိပ်လိုက်လျှောသလိုများ ဖြစ်နေမလား၊ ငါ့ကိုများ သူက အထင်သေးသွားလေမလား၊ အို ဖြူဖြူလဲပါတာပဲ၊ ကျောင်းသားကျောင်းသူလောကမှာ သူငယ်ချင်းတွေလဲ တူတူကြည့်ကြတာပဲ"ဟူ၍ . . . ရေဒီယိုအသံလွှင့်ဇာတ်ထဲကလို စဉ်းစားနေလိမ့်မည်ထင်သည်။

ရုပ်ရှင်ပြီးသွားလို့ အပြင်ထွက်လာကြသောအခါ ရုံအပြင်ဘက်တွင် ငူငူကြီးရပ်စောင့်နေသော ကိုဝင်းလွင်ကျော်ကို တွေ့ကြရသည်။ သူသည် ရုံထဲမှာတုန်းက ရုပ်ရှင်ကို ဖြောင့်ဖြောင့်မကြည့်နိုင်ဘဲ အမှောင်ထဲမှာ ကျွန်တော်တို့ထိုင်နေမည်နေရာသို့ ရော်ရမ်းမှန်းဆ၍ ကြည့်ရင်း သက်ပြင်းအခါခါချနေလိမ့်မည်ကို မြင်ယောင်မိပါသေးတော့။

ဆူးလေ ဂုံးတံတားပေါ်မှ ဖြတ်ကျော်လာကြရင်း ကိုဝင်းလွင်ကျော်ကပြောသည်။

"တော်တော်ကောင်းတဲ့ကားဗျာ၊ သိပ်အဆင့်အတန်းမြင့်တာပဲ"

ဟော. . . တွေ့လား ဟန်ဆောင်တာ။ သူ ဒီလိုပြောကြောင်း စံရှားကိုသာ ပြန်ပြောလိုက်လျှင် "အဲဒါပဲကွ၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတတ်ကြတဲ့ လူတွေဟာ လူအများစုက မကြိုက်ပါဘူးဆိုတဲ့ကားကို သိပ်ကောင်းတာပဲလို့ ပြောတတ်တာ၊ ဘာလို့လဲဆိုတော့ အများစုဖြစ်တဲ့ လူပြိန်းတွေ မကြိုက်တာကို ကြိုက်ရင် ပညာရှိပီသတယ်လို့ ယူဆကြတာကိုး"ဟု ပြောလိမ့်မည်အမှန်။

ကျွန်တော်ကတော့ သူ့ကို ပြုံးပြုံးကလေး ပြန်ပြောလိုက်လေသည်။

"ဂျပန်ကားဆိုလို့ လဖ်အင်ဒက်သ်လိုများ ကောင်းမလားလို့ အထင်ကြီးပြီး လာကြည့်တာ၊ သိပ်မကောင်းပါဘူးဗျာ၊ ကျွန်တော်တော့ မကြိုက်ဘူး"

ကိုဝင်းလွင်ကျော်၏ထင်မြင်ချက်ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းအတွက် ကျွန်တော်က သူ့ကို ချဲသည်ဟု မထင်ကြပါနှင့်။ ထိုစကားကို ပြောသင့်လို့ ပြောခြင်းဖြစ်ပါသည်။ ထိုသို့ပြောလိုက်ခြင်းအတွက် ဒီတစ်ချီတွင်လည်း အောင်ကိုကိုမောင် အမှတ်ဖြင့် နိုင်လိုက်ပြန်သည်။

အကြောင်းမှာ . . .

ရုပ်ရှင်ရုံထဲက ထွက်ခါစ ကိုဝင်းလွင်ကျော်နှင့် မတွေ့မီ ကျွန်တော်က လတ်သခင်နှင့် ဖြူဖြူတို့ကို မေးကြည့်ရာ သူတို့နှစ်ယောက်စလုံးကပင် "ဒီဇာတ်ကား မကောင်းဘူး"ဟု တညီတညွတ်တည်း ပြောခဲ့သောကြောင့်ပင် ဖြစ်လေသည်။

♥

မန္တလေးဆောင် စားသောက်ဆိုင်တန်းသို့ ဝင်လိုက်သောအခါမှာပင် စံရှား၏အသံ ကျယ်ကျယ်လောင်လောင်ကို ကြားရသည်။

"အရှည်ကြီး . . မင်း . . ဒီလိုလုပ်တာတော့ မကောင်းဘူးကွာ"

စံရှားသည် အရှည်ကြီးကို အပြတ်ကောနေသည်။ စံရှား ဘာများ မကျေမနပ်ဖြစ်နေသလဲ မသိ။ အရှည်ကြီးကလည်း စံရှားကို မျက်နှာငယ်လေးနှင့် တောင်းပန်နေသည်။

"ကျွန်တော်လဲ မသိပါဘူးဗျာ၊ ဆိုင်က ကောင်လေးတွေ ရေးသွားတာဖြစ်မှာပါ"

ကျွန်တော်သည် စံရှား၏ပခုံးကိုပုတ်ရင်း မေးလိုက်သည်။

"ဘာဖြစ်တာလဲကွ"

"ဟာ . . . ဒီကောင်တွေကွာ၊ ရေးထားတာ ဟိုမှာကြည့်ပါလား"

အရှည်ကြီးဆိုင်၏ ထုပ်တန်းတွင် မြေဖြူခဲဖြင့် ရေးထားသောစာတန်းမှာ . . .

*"ကိုစံရှား . . . ၉ ကျပ် ၆၅ ပြား"*

"နေပါဦးကွ၊ မင်းမှာ ဒီအကြွေးကကော တကယ်ရှိတာလား"

"အကြွေးကတော့ တကယ်ရှိတာပေါ့ကွ၊ ဒါပေမယ့် ကြွေးစာရင်းကို ခုလို လူမြင်သူမြင်ရေးထားတော့ ဘယ်ကောင်းမလဲ"

"ဟာ . . ကိုစံရှားရယ်၊ ကျွန်တော် တကယ် မရေးပါဘူးဗျာ၊ ဘယ်ကောင် ဝင်ရေးသွားမှန်းလဲ မသိပါဘူးဗျာ"

အရှည်ကြီးကလည်း ငြင်းသည်။ စံရှားကလည်း အလျှော့မပေးချေ။

"တစ်ယောက်ယောက်က လက်ဆော့သွားတာ ဆိုရင်လဲ ငါ့အကြွေးကို ကိုးကျပ်ခြောက်ဆယ့်ငါးပြားဆိုတာ အတိအကျ ဘာဖြစ်လို့ သိရတာလဲ"

"အဲဒါတော့ ကျွန်တော်လဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မှတ်ချင်ရင်လဲ စာအုပ်နဲ့ မှတ်ပေါ့ကွ၊ ခုတော့"

"ကဲပါကွာ အရှည်ကြီး၊ အဲဒါဖျက်လိုက်ကွာ၊ စာအုပ်နဲ့ မှတ်ချင်မှတ်ပေါ့"

ကျွန်တော်က ဝင်၍ဖြေရှင်းပေးလိုက်ရသည်။ အရှည်ကြီးသည် လက်နှီးစုတ်ဖြင့် ရေးထားသောစာကို ဖျက်သည်။ သို့ရာတွင် သိပ်မပျက်။

"ဟေ့ကောင် ရေနဲ့ဖျက်ကွာ"

စံရှားက ပြောပြန်၏။ အရှည်ကြီးသည် လက်နှီးစုတ်ကို ရေဆွတ်၍ ဖျက်ရပြန်သည်။ စံရှားကတော့ သူ့ဟာသူ ဇောကပ်နေသောကြောင့် ပတ်ဝန်းကျင်ကို သတိမထားမိ။ သန့်ဇင်အအေးဆိုင်က ကျောင်းသူတစ်သိုက်သည် စံရှားကို ကြည့်ရင်း တခစ်ခစ်ရယ်နေကြသည်။

"ကဲပါကွာ . . စံရှား၊ လက်ဖက်ရည်သောက်ရအောင်၊ ငါ တိုက်ပါ့မယ်၊ အရှည်ကြီး လက်ဖက်ရည်နှစ်ခွက်ပေးကွာ"

အချိုပေါ့ကျဟု ပြောစရာမလို။ အရှည်ကြီးက သိပြီးသား။



စားပွဲမှာ ထိုင်မိသောအချိန်တွင် စံရှားက ကျွန်တော့်ကို ပြုံးစေ့စေ့ကြည့်ရင်း မေးသည်။

"မင်းမှာ ပိုက်ဆံကော ကျန်သေးရဲ့လားကွ"

"ကျန်တာပေါ့ သူငယ်ချင်းရာ၊ ဘယ်မှာ ဘာတွေသုံးသုံး မင်းအတွက်တော့ ချန်ထားတာပေါ့ကွ"

ဟုပြောပြီးလျှင် ကျွန်တော် ဒီနေ့ ရုပ်ရှင်ကြည့်သည့်အကြောင်းတွေကို ပြောပြသည်။ စံရှားသည် ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ . . .

"ဟန်မဆောင်နဲ့ဆိုတာက လုပ်ချင်တာ လျှောက်လုပ်လို့ ပြောတာ မဟုတ်ဘူးကွ၊ အဲဒါကိုလဲ မင်း စဉ်းစားသင့်သေးတယ်"

"ဘာစဉ်းစားရမှာလဲကွ"

"ဒီလိုလေကွာ၊ မိန်းမတွေဟာ တစ်ခါတလေကျတော့လဲ ဟန်ဆောင်မှန်းသိလျက်နဲ့ ကျေနပ်ချင် ကျေနပ်နေတတ်တာ"

"မင်းဟာက ဘယ်လိုဖြစ်ရပြန်တာလဲ"

"မိန်းမဆိုတာမျိုးဟာ ခက်သားကလားကွာ၊ သူတို့ သနားချင်ပြီဆိုရင်လဲ ဘာမဆိုင် ညာမဆိုင် ဝင်စွက်ပြီး သနားချင် သနားနေတတ်တာကွ၊ ခု . . . မင်းက ဟန်မဆောင်ဘဲ ပွင့်ပွင့်လင်းလင်းရှိလို့ မင်းကို ပိုပြီးလေးစားချင်လေးစားမယ်၊ ဒါပေမယ့် ဟိုကောင်ကြီးက ဟန်ဆောင်တာကို မင်းက ချွတ်လိုက်တဲ့အတွက် သူခံသွားရရော၊ အဲဒါကိုပဲ လတ်သခင်က သနားချင်သနားနေမှာ"

"ဟင် . . မင်းကလဲကွာ အမျိုးမျိုးပဲ၊ ခုပဲ ဟန်မဆောင်နဲ့၊ ခုပဲ မပွင့်လင်းနဲ့"

"ငါ ပြောတာကို မင်း မရှင်းသေးဘူးကွ၊ ဟန်မဆောင်နဲ့ ရိုးရိုးသားသားနေ၊ ရိုးသားတယ်ဆိုတာနဲ့ လုပ်ချင်တာ လျှောက်လုပ်နေတယ်ဆိုတာနဲ့ တခြားစီပဲ၊ အရေးအကြီးဆုံးကတော့ ဟန်မဆောင်ဘူး ဆိုပြီးတော့ အတင်းရိုးသားဖို့ကြိုးစားရင်လဲ ရိုးသားဟန်ဆောင်တာ ဖြစ်သွားပြန်ရောကွ"

"ခွီးမှပဲ . . အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ"

"ရိုးရိုးသားသား နေလေကွာ"

"ဟင်း . . မင်းပြောမှ ပိုရှုပ်ကုန်ပြီ"

♥♥♥

## (၁၆)

ယဉ်ကျေးချင်ဟန် ဆောင်ခြင်းသည် မရိုးသားခြင်းဖြစ်သည်။

တကယ်မရိုးသားဘဲ ရိုးသားဖို့ ကြိုးစားခြင်းသည် ဟန်ဆောင်ခြင်းဖြစ်သည်။ အဲဒီတော့ ရိုးရိုးသားသားနေတဲ့။ စံရှားက ပြောလေသည်။

ရိုးသားခြင်း၊ ယဉ်ကျေးခြင်း၊ ဟန်ဆောင်ခြင်းတို့သည် သီးသီးသန့်သန့် စည်းခြားလို့မရအောင် ရှုပ်ထွေးနေသည်။ ရှင်းရှင်းလေးနှင့် ရှုပ်နေခြင်းဖြစ်သည်။ အမှန်က လွယ်လွယ်ကလေးပါ။

လတ်သခင်ကို ကျွန်တော်က ချစ်နေကြောင်း ဖွင့်ပြောလိုက်ဖို့သာ ဖြစ်လေသည်။

လတ်သခင်ကို အင်းလျားမှာ အကြော်စားဖို့ ခေါ်သည်။

ဖြူဖြူ့ကိုပါ မကောင်းတတ်လို့ ခေါ်သော်လည်း ဖြူဖြူက နေပြင်းလို့ ခေါင်းကိုက်တယ်ဆိုပြီးလျှင် ဘာမှမဖြစ်ဘဲ နေခဲ့လေသည်။

ဘွဲ့နှင်းသဘင်နောက်ဘက်အပေါက်မှ ထွက်ကြသည်။

သူနှင့်ကျွန်တော် အင်းလျားကန်ဘက်သို့ နှစ်ယောက်တည်းတွဲ၍ ထွက်ခြင်းမှာ ဒီတစ်ကြိမ် ပထမဆုံးဖြစ်သည်။

အင်းလျားလမ်းကို ဖြတ်ကူးမည်အပြုမှာပင် သံရုံးမှ ကားတစ်စီး အရှိန်ပြင်းစွာ မောင်းလာသောကြောင့် သူ့လက်မောင်းကလေးကို ဖမ်းဆွဲထားလိုက်ရသည်။ သူသည် အကျီလက်စကကို ဝတ်ထားသောကြောင့် သူ့အသားကို မထိရ။ သို့ရာတွင် ရင်ထဲ လှုပ်ခနဲဖြစ်သွားသည်။

သူ့လက်မောင်းသားကလေးသည် အကျီခံနေသော်လည်း စံရှား၏ လက်မောင်းကဲ့သို့ သစ်သားချောင်းကြီးလို မာခေါက်ခေါက်ကြီး မနေ။ အိအိစက်စက် ရှိ၍ ငယ်ငယ်က မေမေ့လက်မောင်းကို ကိုင်ကြည့်ရင်းပြောသလို ***“လက်မောင်းကတ္တီပါ”*** ဖြစ်လေသည်။

သူ့လက်မောင်းကို ကိုင်လိုက်ရသောအချိန်သည် သုံးစက္ကန့်လောက်သာ ကြာမည်။



သို့ရာတွင် ညကျလျှင် သုံးနာရီလောက်ကြာအောင် အိပ်၍မပျော်ဘဲ ကြည်နူးနေမိမည်ထင်သည်။ သူသည် လက်မောင်းကို အကိုင်ခံရသောကြောင့် ခဏလောက် ရှက်သွားသော်လည်း ကြာရှည်ကွန့်မြူပျက်၍မနေ။

အဲဒါတစ်ခုတော့ လတ်သခင်ကို သဘောကျသည်။ အမှန်တော့ လတ်သခင်နှင့်ပတ်သက်လျှင် အားလုံးသဘောကျသည်ချည်း ဖြစ်ပါသည်။ ထားပါတော့လေ. . ခုတော့ ဒီတစ်ခုကို အထူးပြောလို၏။

လတ်သခင်သည် ယောကျ်ားကလေးများနှင့် ပြောဆိုဆက်ဆံရသော အခါ ရှက်ရွံ့ခြင်း၊ ရိုးတိုးရှန့်တန့်ဖြစ်ခြင်း မရှိ။ ထိုသို့ဆိုသောကြောင့် လတ်သခင်သည် အရှက်မရှိဟု ဆိုလိုခြင်းမဟုတ်။ တခြားမိန်းကလေးအတော်များများကို ကိုယ့်သိက္ခာကိုယ် မလိုအပ်ဘဲ မြှင့်တင်ခြင်း မရှိခြင်းကို ဆိုလိုပါသည်။ သူ့သိက္ခာကို သူယုံကြည်မှု ရှိသည်။ သူ့ဂုဏ်သိက္ခာကို မထိခိုက်သော အလုပ်ဖြစ်လျှင် ရဲရဲဝံ့ဝံ့လုပ်ရဲသည်။ ခုပဲကြည့်. . .

ကျွန်တော်နှင့် နှစ်ယောက်တည်း တွဲ၍ လျှောက်နေရခြင်းအတွက် သူ ရှက်ရွံ့၍မနေ၊ ခြေလှမ်းလည်း မမှား။ ခေါင်းကြီးငုံ့၍ မြေကြီးကို ကြည့်ရင်း လျှောက်နေလျက်က ခလုတ်တိုက်ခြင်းမျိုးလည်း မဖြစ်။ ကျွန်တော်ကမှ နည်းနည်း ယောင်တိယောင်န ဖြစ်ချင်သေးသည်။ ကျွန်တော်ကတော့လေ တစ်မျိုးပဲ. . သူ့ရှေ့ကိုရောက်လျှင် “ညွန့်ချုပ်”ရှေ့ကို ရောက်နေသော ရုံးအကူစာရေးကလေး ဖြစ်ဖြစ်နေတတ်သည်။ “အို. . ငါအလုပ်ခွင်စည်းကမ်း လိုက်နာရင် ပြီးတာပဲ”ဆိုပြီး စိတ်ကို တင်းသလိုမျိုး ပြန်လုပ်ယူရသည်။

သူသည် ကျွန်တော်နှင့် ယခုလို တွဲလာသောကြောင့် သူ့သိက္ခာကို မထိခိုက်နိုင်ဟု ယူဆထားပုံရသည်။ ကျွန်တော်သည် ချစ်သူတစ်ယောက်အဖြစ် ရွေးချယ်လောက်သော အရည်အချင်းများ ရှိနေသောကြောင့် ခုလို တွဲလျှောက်ဖို့ ဝန်မလေးခြင်း ဖြစ်ကောင်းဖြစ်မည်။ သို့တည်းမဟုတ် ကျွန်တော်ကဲ့သို့ ရိုးသားသူတစ်ယောက်နှင့် တွဲသွားလို့ ပြဿနာမရှိနိုင်ဟု ထင်နေသောကြောင့် ဖြစ်ချင်လည်းဖြစ်မည်။ ကျွန်တော့်စိတ်ထင် ပြောတာပါ။

ပြီးတော့လည်း ဒီနေရာက တက္ကသိုလ်နယ်မြေ။ တိုးတက်လွတ်လပ်မှုရှိသောဒေသ။ နားလည်မှုအရှိဆုံးနေရာ။ “အမယ်. . အင်းလျားကို ရောက်နေတာတောင် ‘တက္ကသိုလ်နယ်မြေ’နေတုန်းပဲလား”ဟု ထင်လျှင်မှားပါမည်။ အင်းလျားသည်လည်း တက္ကသိုလ်လက်အောက်ခံ ရပ်ဝန်းဒေသတစ်ခု။ အင်းလျားကန်၏ သံတိုင်ဝင်းထရံအစပ်မှာ “တက္ကသိုလ်ပိုင်နယ်မြေ”ဟု ဆိုင်းဘုတ်ထူထားသည်ကိုပင် မြင်နိုင်သည်။ ညဘက်မှာ အပြင်ကဟာတွေ အင်းလျားထဲလာရှုပ်တာကတော့ ခြွင်းချက်။

တက္ကသိုလ်တွင် မိန်းကလေးနှင့် ယောကျ်ားလေးနှစ်ယောက်တည်း တွဲလျှောက်တိုင်း ချစ်သူတွေ ဖြစ်နေကြပြီဟု ဆို၍မရပါ။ ချစ်ခါနီး ချစ်လုချစ်ခင်၊ ချစ်အံ့ဆဲဆဲလည်း ဖြစ်ချင်ဖြစ်မည်။ ချစ်သလိုလို မချစ်သလိုလို ဘာဂလိုတိုတိုလည်း ဖြစ်ချင်ဖြစ်မည်။

ရိုးရိုးခင်သော သူငယ်ချင်းများပင် နှစ်ယောက်တည်း တွဲလျှောက်ချင် လျှောက်ကြပါသည်။ ဤကဲ့သို့ ရှည်လျားစွာ ရှင်းလင်းနေရခြင်းမှာ ကျွန်တော်၏လတ်သခင်ကို ပေါ့လျှပ်လျှပ် အစားထဲကဟု ထင်ကြမည်စိုး၍ ဖြစ်ပါသည်။

တစ်ခု ထူးခြားသည်မှာ လတ်သခင်သည် ကျွန်တော်နှင့် နှစ်ယောက်ချင်း တွေ့ကြသောအချိန်တွင် ရဲရင့်နေတတ်ပြီး၊ ကျွန်တော်ရော ကိုဝင်းလွင်ကျော်ပါ နှစ်ယောက်စလုံး ရှိနေသောအချိန်တွင် အတန်ငယ် သိုသိပ်တတ်ခြင်းပင် ဖြစ်ပါသည်။ ဒါကိုလည်း သိပ်အံ့ဩစရာ မရှိပါ။ ကျွန်တော်တို့ရှေ့တွင် သူသည် တရားသူကြီးတစ်ယောက်လိုပင် မယိမ်းမယိုင် တည့်မတ်ရပေလိမ့်မည်။ နောက်တော့မှ အမိန့်ချချင်သလိုချပေါ့။

အင်းလျားကန်အစပ်ရှိ ချုံကလေးမှာ နေရာယူသည်။ ကျွန်တော်သည် ဒီနေရာတစ်ဝိုက်ကို အကြိမ်များစွာ ရောက်ဖူးခဲ့သော်လည်း ဒီခုံကလေးမှာ မထိုင်ဖူးပါ။ အလွန်ကောင်းသော နေရာကလေး။ ကျွန်တော်တို့ ထိုင်နေသောနေရာနှင့် သုံးလေးပေလောက်အကွာမှာ ရေစပ်ရှိသည်။ ကျွန်တော်တို့ဘေးတွင် သရက်ပင်ကြီးရှိ၍ အမြစ်များသည် ရေထဲသို့ဆင်းနေကြသည်။ နေရောင်သည် ကန်ရေပြင်ပေါ်တွင် တဖျပ်ဖျပ်တောက်ပနေသည်။ နွေဦးသို့ရောက်ပြီဖြစ်သော်လည်း အင်းလျားရေမျက်နှာပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေညင်းကလေးများကြောင့် ထိုနေရာတွင် မပူအိုက်ချေ။

အမှန်စင်စစ် စားပွဲပေါ်သို့ ရောက်ရှိနေသော ဘူးသီးကြော်နှင့် ပုစွန်ကြော်များကို စားလိုစိတ်မရှိချေ။ ထိုအကြော်များသည် တစ်ပွဲလျှင် နှစ်ကျပ်လောက်တော့ ပေးရပေလိမ့်မည်။ သို့ရာတွင် လတ်သခင်နှင့် ခုလို တူတူထိုင်၍ နေရခြင်းလောက်နှင့်ပင် လေးကျပ်တော့ အေးအေးဆေးဆေးတန်သွားပြီဟုထင်သည်။ အကယ်၍များ ကျွန်တော်နှင့် လတ်သခင်တို့သည် ချစ်သူများဖြစ်နေကြပြီဆိုပါလျှင် ဒီနေရာကလေးသည် ကျပ်ငွေလေးကုဋေမျှ တန်လိမ့်မည်အမှန်။

ကျွန်တော်တို့နှစ်ယောက်စလုံးသည် စကားလည်း မစကြ။ အကြော်တွေကိုလည်း ဘယ်သူကမှ စ၍ မစားကြသေးချေ။ သူကလည်း ကျွန်တော့်ကို ယောကျ်ားဖြစ်သောကြောင့် ဦးဦးဖျားဖျား စားစေချင်ဟန်တူသည်။ ကျွန်တော်ကလည်း သူ့ကိုသာ ဦးဦးဖျားဖျား ကျွေးချင်သည်။ ဟန်လုပ်နေခြင်းသည် မကောင်း။

"လတ်သခင် စားလေ"

"ကိုကိုမောင် အရင်စားပါ"

"ဟာ. . . စားပါ၊ အားမနာပါနဲ့"

ပုစွန်ကြော်တစ်ခုကိုယူ၍ သူ့ကို ကမ်းပေးသည်။ သူသည် ပုစွန်ကြော်ကို ယူပြီး သံပန်းကန်ပြားထဲ ပြန်ချလိုက်သည်။ ပြီးမှ တစ်ဖွဲ့ဖွဲ့လိုက်သည်။ သူ ဖွဲ့ပြီးသော ကျန်သောအခြမ်းကို ကျွန်တော်က ယူသည်။ သူသည် အချဉ်တို့ရုံမျှ တို့၍စားသည်။ နှုတ်ခမ်းကို စေ့ထားပြီးမှ ဝါးသည်။



ကျွန်တော် ငယ်ငယ်က အလှူအိမ်များတွင် စားသောက်သောအခါ မေမေ သင်ထားသည့်အတိုင်း ပါးစပ်ကိုစေ့ပြီးမှ ဝါးတတ်သည်ကို သတိရမိသည်။ ယဉ်ကျေးဖွယ်ရာသော အကျင့်တစ်ခု။

ပုစွန်ကြော် ကောင်းကြောင်းပြောသည်။ ဘူးသီးကြော်က မုန့်နှစ်များကြောင်း ပြောသည်။ အချဉ်ရေက အတော်ပဲဟုပြောသည်။ နောက် ပြောစရာစကား ကုန်သွားလေသည်။ ဘာပြောရကောင်းမလဲဟု စဉ်းစားသည်။

ဟိုအကြောင်းကို အစပျိုးဖို့ သင့်ပြီဟု စိတ်ကူးမိသည်။

"စာမေးပွဲလဲ နီးပြီနော်"

"ကိုကိုမောင် စာကျက်နေပြီလား"

"မကျက်ရသေးပါဘူးဗျာ၊ စာတွေကူးတုန်း"

"ယောကျ်ားကလေးတွေ ဒီလိုပဲ စာမေးပွဲနီးမှ စာလိုက်ကူးတတ်တယ်၊ ဒီအချိန်မျိုးကျမှတော့ ဘယ်သူက စာအုပ်ငှားချင်တော့မှာလဲ"

ကျွန်တော် ပြောချင်သောစကားများမှာ ထိုစကားမျိုး မဟုတ်ချေ။ ကျောင်းပိတ်ခါနီးပြီ ခွဲရခါနီးပြီး ဆိုသောစကားမျိုးကိုသာ ပြောလိုသည်။ ထိုစကားဆီသို့ရောက်ရန် မည်သို့ပြန်လည်ဆွဲယူရမှန်းလည်း မသိပြန်။ ဤသို့ဖြင့် စကားများသည် ချော်တောငေါ့ပြီးလျှင် ဘယ်လိုတွေ ဘာတွေ ဖြစ်ကုန်မှန်းမသိ။ စကားတို့သည် ရာဇဝင်အူပေါက် ဖြစ်ကုန်ကြလေသည်။

"နယ်က ပြန်ရောက်တဲ့ညက ကိုကိုမောင် အဆောင်ရှေ့မှာ သီချင်းလာဆိုသေးတယ် မဟုတ်လား"

"ကျွန်တော့်အသံကို မှတ်မိလို့လား"

မှတ်မိတယ်ဟုပြောလျှင် သူ ကျွန်တော့်ကို စိတ်ဝင်စားနေသည်ဟု ထင်သွားမည်စိုး၍လား မသိ။

"သီချင်းကို မှတ်မိတာပါ၊ ငွေစန္ဒာကို ဆိုတာ ကိုကိုမောင် တစ်ယောက်တည်းပဲ ရှိတာ မဟုတ်လား"

"ကျွန်တော် အကြိုက်ဆုံး အပိုဒ်တစ်ပိုဒ်တည်း ဆိုတာပါ"

"ကိုစံရှားလဲ ဆိုသေးတယ်မဟုတ်လား"

"ဒီကောင်က အလကားပါ၊ ပေါက်တတ်ကရတွေ ဆိုတာ"

စံရှားက ပေါက်တတ်ကရတွေ ဆိုသောကြောင့် ကျွန်တော်ကတော့ ဗီလင်အပြည့်ဖြင့် ဆိုသည်ဟု သူ ထင်ချင်လည်း ထင်သွားပလေ့စေ။

"အဲဒီတုန်းက ကိုကိုမောင် မူးနေတယ် မဟုတ်လား"

မငြင်းချင်။ ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော်ဟာ လတ်သခင်ရဲ့ အလှမှာ အစဉ်သဖြင့် မူးခနဲ မိုက်ခနဲ ဖြစ်သွားတတ်တာပါဟု မပြောဖြစ်။

"နည်းနည်းလေးပါ"

"ဘာပဲဖြစ်ဖြစ် အရက်သောက်တာ မကောင်းပါဘူး"

"ဟုတ်တယ် မကောင်းဘူး၊ ကျွန်တော် နောက်ကို မသောက်တော့ပါဘူး"

သူ ကျေနပ်သွားဟန် တူသည်။

ကျေနပ်ပြုံးကို မမြင်သာအောင် လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းကိုအုပ်၍ ပါးစပ်သုတ်သလို လုပ်လိုက်သည်ထင်၏။ ကျွန်တော် နောက်နောင်ကို ဘယ်သောအခါမှ အရက် မသောက်တော့ပါ။ အကယ်၍ လတ်သခင်က "ထမင်းစားတာ မကောင်းပါဘူး"ဟုဆိုလျှင်လည်း ထမင်းမစားတော့ပါ။ ပေါင်မုန့်ပဲ စားပါမည်။

ကျွန်တော့်စိတ်များသည် ရွှင်လန်းပေါ့ပါးလာ၏။ စိတ်ရွှင်လန်းသောအခါ စကားများများ ပြောချင်လာ၏။ ထိုအခါ စိတ်တို့သည် အလိုလိုရဲရင့်လာပြီးလျှင် ပြောချင်နေသောစကားတို့သည် အထစ်အငေါ့မရှိ လျှောခနဲ။

"သွားကြရအောင် ကိုကိုမောင်"

စိတ်ကူးထဲမှာပင် ပြော၍မဆုံးခင် သူက ပြန်ဖို့ပြောလေသည်။

မတတ်နိုင်။ အကြော်ဖိုးရှင်းပြီး ထပြန်လာခဲ့ရသည်။

ကျွန်တော်တို့လျှောက်နေသော ကုန်းတန်းကလေးပေါ်မှကြည့်လျှင် အင်းလျားချိုင့်ဝှမ်းအတွင်းကို မြင်ရသည်။ ချုံကွယ်ကလေးများမှာ သစ်ပင်အောက်တွင်၊ ကန်အစပ်မှာ အတွဲကိုယ်စီကို တွေ့ပြန်သောအခါ စိတ်ထဲက မချင့်မရဲဖြစ်လာပြန်၏။ အင်းလျားလမ်းပေါ်သို့ ရောက်လာသည်။

သိပ္ပံဆောင်၏အနောက်ဘက်မှ လှည့်ပြန်ဖို့ စိတ်ကူးမိသည်။

ကျွန်တော့်အကြံအစည်မှာ သိပ္ပံနောက်ဘက်တွင် လူရှင်းသည်။

စင်္ကြံ၏တစ်ကွေ့ကွေ့ကိုရောက်လျှင် သူ့ကို ခဏအရပ်ခိုင်းပြီး စကားပြောမည်။ သိပ္ပံဆောင် အနောက်ဘက်လမ်းအတိုင်း လျှောက်လာသော်လည်း ရူပဗေဒ စာသင်ခန်းမဘေးမှလည်းကောင်း၊ ဓာတုဗေဒခန်းမဘေးမှလည်းကောင်း ဖြတ်၍ မဝင်မိချေ။ လျှောက်လာရင်းက သိပ္ပံဆောင် အစွန်းသို့ပင် ရောက်ရှိလာသည်။ အင်းလျားဆောင်သို့သွားရာ စင်္ကြံကို ကျော်လွန်လိုက်သည်နှင့် နှစ်ခန်းတွဲစာသင်ဆောင်ကလေးကို တွေ့လိုက်ရလေသည်။ အခန်းအမှတ် အက်စ်အီး(၄)သည် ဝင်ထိုင်ချင်စရာ ကောင်းလောက်အောင်ပင် လူရှင်းနေ၏။

အမှန်တော့ ဒီအခန်းသည် တခြားအတွဲတွေအဖို့ သိပ်ပြီး မက်လောက်စရာ မကောင်းချေ။ ပြတင်းတံခါးတွေလည်း မရှိ၊ တံခါးပေါက်တွေကလည်း မှန်မရှိ၊ ဟာလာဟင်းလင်း၊ လုံခြုံမှုမရှိ။ ဘယ်နေရာမှာပဲ ထိုင်ထိုင် အပြင်ကကြည့်လျှင် အတိုင်းသား။ ကျွန်တော့်အဖို့တော့ ဒီနေရာလောက်ကိုပင် ဝင်ထိုင်ဖို့ ပြောသင့်မပြောသင့် စဉ်းစားရသည်။ သူ့အပေါ် အခွင့်အရေး ယူလွန်းရာကျနေမလားလို့။ သို့ရာတွင် ရှေ့ဆက်သွားလို့ အဆောင်ကိုသာ ပြန်ရောက်တော့မည်။ ကျွန်တော် ကူလီကူမာ လုပ်ရလေသည်။

"ညောင်းလိုက်တာဗျာ၊ ဒီထဲမှာ ခဏထိုင်ရအောင်"

သူက မညောင်းရဘဲ တခြားအချိန်များတွင် ကျောင်းရိုးကိုးပေါက် လျှောက်သွားနေတတ်သော ကျွန်တော်က ညောင်းသည်ဆိုခြင်းမှာ သိပ်ပြီးတော့ ယုတ္တိမရှိလှချေ။ သို့ရာတွင် သူသည် ယုတ္တိမရှိဟု မပြောသာချေ။



ကျွန်တော်လည်း ဘယ်ကသတ္တိတွေ စွတ်ရွတ်ဝင်လာမှန်း မသိရ။

သူ့အဖြေကို မစောင့်ဘဲ အခန်းထဲသို့ ဝင်လိုက်သည်။

တံခါးပေါက်နှင့် အနီးဆုံး ခုံအစွန်းမှာ ဝင်ထိုင်သည်။

သူကဖြင့် အပေါက်ဝမှာ ရပ်နေတုန်း။ သူ့ကို လှမ်းကြည့်သောအကြည့်သည် သနားစရာတော်တော်ကောင်းသည်ဟု ထင်၏။ သူသည် တခြားတစ်ဖက်စွန်းမှာ ဝင်ထိုင်သည်။

သူ့ဘက်သို့ မတိုးရဲ။ ဘယ်လိုစကားစလျှင် ကောင်းမလဲဟု စဉ်းစားရသည်။ စကားစကို မရ။ စိတ်ကူးတည့်ရာတွေ လျှောက်ပြောပြန်လျှင်လည်း စောစောတုန်းကလို ရာဇဝင်အူပေါက် ဖြစ်သွားမှာ စိုးရသေးသည်။ စကားကို နည်းနည်းနှင့် ထိရောက်အောင် ပြောရမည်။

သို့ရာတွင် ဘာပြောရမှန်း မသိပြန်။ ဘာမှ မပြောဖြစ်ဘဲ အချိန်အတော်ကြာသွားသည်။ ဤပုံဆိုလျှင် ညနေစောင်းသွားလျှင် ခက်ချေမည်။ ပြောစရာစကားတစ်ခွန်းကို ရှာဖွေတွေ့ရှိသည်။

"ဟိုး . . လတ်သခင်ရဲ့ နာမည်က တစ်မျိုးပဲနော်"

"ဘာဖြစ်လို့လဲ"

"တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ"

"ဟိုဟာလေ . . ဒီ . . "

ဘာပြောရမှန်းမသိသောကြောင့် စကားတစ်ခွန်းတည်းကိုပင် ရှည်ရှည်ဝေးဝေးကြီး အမေးအဖြေလုပ်နေကြသည်။

"ဒီလိုလေ . . လတ်သခင်ရဲ့နာမည်ကလဲ ကျွန်တော့်နာမည်လိုပဲ ခေါ်ရတာ တစ်မျိုးပဲ"

သူသည် ဘာမျှ ပြန်မပြောချေ။ ရဲရင့်ပွင့်လင်းပါသည်ဆိုသော မိန်းကလေးဖြစ်သော်လည်း သူနှင့်တိုက်ရိုက်ပတ်သက်လာသောစကားကို ကြားရသောအခါ စကားတုံ့မပြန်ဘဲ ရှိနေပြန်၏။ သူက နှုတ်ဆိတ်နေသောအခါ ကျွန်တော် အားတက်သွားမိသည်။ သူ့အပေါ် ပထမဦးဆုံးအကြိမ် အပေါ်စီးကနေလိုက်ရသောအခါ အတန်ငယ်ရဲရင့်လာလေသည်။

"လတ်သခင်ကို ကျွန်တော် ဘယ်လိုပြောင်းခေါ်ရမလဲ ဟင်"

သူ မဖြေ။ လက်ကိုင်ပဝါကလေးကို သေသပ်စွာ ခေါက်လိုက် ပြန်ဖြန့်လိုက်လုပ်နေသည်။

"သခင်လို့ ခေါ်ရမလား . . ဟင်"

"အို . . မကောင်းပါဘူး"

စကားတစ်ခွန်းကို သူ စပြောသည်။

သူ့အသံသည် မူမမှန်ဘူးဟု ထင်၏။

"ကျွန်တော့်ကိုတော့ ကျွန်လိုသဘောထားပါ"

ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။

ချက်ချင်း မျက်လွှာချသွားသည်။

ပြီးတော့မှ ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။

"ကျွန်မ ကိုကိုမောင့်ကို သူငယ်ချင်းလိုပဲ သဘောထားပါတယ်"

ကျွန်တော့်စကားတို့၏ ဦးတည်ချက်ကို သူ သိနေလောက်ပြီ။

အမှန်တော့ သံတမန်ရေးရာတွင် သုံးသောစကားမျိုးကို ကျွန်တော် မပြောလို။ စကားအပြော ကောင်းသူတွေအဖို့ ကိစ္စမရှိသော်လည်း ကျွန်တော်တို့လို လူမျိုးအဖို့ ကိုယ်လိုရာစကားသို့ရောက်အောင် တဖြည်းဖြည်းဆွဲယူရသည်မှာ ခက်လှသည်။ သို့ရာတွင် တတ်နိုင်ပါဘူးလေ။

"ကျွန်တော် လတ်သခင်ကို ခင်လို့ ခေါ်လို့ရမလားဟင်"

သူ ဘာမျှပြန်မပြော။ ဆိတ်ဆိတ်နေခြင်းသည် သဘောတူခြင်း ဝန်ခံခြင်းဟု ယူဆ၍ မဖြစ်ပြန်ပါ။

"သူများတွေ ခေါ်သလိုပဲပေါ့၊ ခေါ်ရမလား"

သူသည် ထူးခြားစွာ နှုတ်ဆိတ်နေသည်။

တကယ့်တကယ်တော့ သူ့ကို ကျွန်တော်က ရဲရင့်ပါသည်ဟု တမင်သက်သက် အထင်ကြီးနေခဲ့ခြင်းသာ ဖြစ်ပါသည်။ တခြား တစ်နေရာရာမှာတော့ ရဲချင်ရဲမည်။ ဒီနေရာမှာတော့ မိန်းမသည် မိန်းမပါပဲ။ ခုပဲကြည့်. . သူ့ထံ၌ မြင်ရခဲသော ရှက်ရွံ့ခြင်းကို သူ့ပါးပြင်ပေါ်၌လည်းကောင်း၊ သူ့နှုတ်ခမ်းပေါ်၌လည်းကောင်း၊ သူ့လက်သည်းကလေးများပေါ်၌လည်းကောင်း တွေ့ရပြီ။ ပန်းနုရောင် အသွေးကို။

"ခေါ်ရမလား"

"ခေါ်ချင်လဲ ခေါ်ပေါ့"

သူ့အသံတို့သည် တိုးညင်းတုန်ခါ၍နေသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ယောကျ်ားကောင်းတစ်ယောက်ဖြစ်ကြောင်း ကောင်းကောင်းသိသည်။ သူ့ကို စကားတိုက်စစ် ဆင်နွှဲဖို့ အရှိန်ယူနေ၏။ သူသည်လည်း ပင်ကိုမိန်းမသဘာဝကို ဖုံးကွယ်၍မရ ရှိနေဆဲ။

"ခင်. . ."

သူ ဆတ်ခနဲ ဖြစ်သွားသည်။ သတိပြန်ဝင်လာဟန် တူ၏။

သူ့စိတ်ကို ပြန်တင်းသည့်အနေဖြင့် လက်ပိုက်ပြီး နံရံတွင် ကျောမှီလိုက်သည်။ သူသည် မကြာမီ အရင်ပုံစံမျိုးလို ပြန်လည်ရဲရင့်လာလိမ့်မည် အမှန်။ ထိုစကားကို အမြန်ဆုံးစဖို့ ပြင်ဆင်လိုက်စဉ်မှာပင်. . .

ဟိုး. . . ရှေ့ခုံတန်းတွေ ကြားထဲမှ လူတစ်ယောက်သည် ဘွားခနဲ ထရပ်လိုက်လေသည်။ ဘယ်သူမှန်းလဲ မသိပါ။ ဘယ်အချိန်ကတည်းက ရောက်နေမှန်းလဲ မသိပါ။ ကျွန်တော်တို့နှစ်ယောက်ကို အတွဲမှတ်လို့သာ လာချောင်းနေသူ ဖြစ်ပါလိမ့်မည်။ သူ့မျက်နှာပေါ်၌ စိတ်ပျက်ခြင်း၊ အလိုမကျခြင်းတို့ကို အတိုင်းသား မြင်နေရသည်။ သူသည် ခေါင်းကို ကုတ်ရင်း စပ်ဖြဲဖြဲဖြစ်လာပြန်သည်။ ပြီးမှ . . .



"ဟူး. . ညောင်းလိုက်တာ. . ဘာမှလဲ မလုပ်ကြဘူး"

ဟုပြောပြီးလျှင် အခန်းအပြင်သို့ ထွက်သွားလေသည်။

လတ်သခင်သည် စိတ်ကျဉ်းကျပ်နေသူတို့၏ထုံးစံအတိုင်း ထွက်ပေါက်တစ်ခုကို ရသည်နှင့် အလစ်မပေးတော့ချေ။

ဟိုလူ့အဖြစ်ကို မြင်သည်နှင့် သူ ရယ်သည်။

ကျွန်တော်သည် ရောယောင်၍ ရယ်ရသော်လည်း မချိပေ။ ဂိုးသွင်းခါနီးကျမှ လူကျွံဘောဖြစ်သွားသလို မချင့်မရဲဖြစ်ရသည်။ ကျွန်တော့်ကံတရားကိုက ဟာသဝတ္ထုထဲကလို အဖြစ်မျိုးပင်။ ကစဉ့်ကလျားဖြစ်ကုန်သော စကားအဆက်အစပ်တို့ကို လိုက်လံစုစည်းနေစဉ်မှာပင် သူသည် ရဲရင့်ခြင်းကို ပြန်လည်ဖမ်းမိသွားလေ၏။ သူ၏ကိုယ်သည် မတ်ခနဲ ဖြစ်သွားသောအခါတွင် ကျွန်တော်သည် ရို့ခနဲဖြစ်သွားတော့သည်။

စကားကို ဘယ်လိုပြန်စမည်နည်း။ စောစောက လာချောင်းသူအကြောင်းကို မပြောဝံ့။ ပြောလိုက်လျှင် သူသည် မဆိုင်သော အကြောင်းချင်းရာများဆီသို့ စကားကို လိမ္မာပါးနပ်စွာ ဆွဲယူသွားပေတော့မည်။ ခတ်တင်မောင်းနင်း ရေစစ်ကရား ဆင်ဖွှေ့ရန်ရှောင် စသော စကားကြီးဆယ်မျိုးကို မကျွမ်းကျင်ခဲ့သော ကျွန်တော်သည် . . .

သူ့ကို စေ့စေ့မကြည့်ရဲတော့ပြန်သဖြင့် အခန်းအပြင်သို့ ကြည့်နေမိသည်။ အခန်းနံရံဆီသို့ အကြောင်းမဲ့သက်သက် ကြည့်မိပြန်သည်။ နံရံပေါ်တွင် ခဲတန်ဖြင့်၊ ဘောလ်ပင်ဖြင့်၊ မြေဖြူခဲဖြင့် ရေးထားသောစာတွေ၊ လက်ရေးမျိုးစုံ။

*"အာပြသန်းဝင်း ထဘီခိုးသည်"*

*"သက်နဲ့မောင် အမှတ်တရပေါ့နော် (၁၉၇၄)"*

*"ဓာတု (၁၉၁) သိပ်လှတယ်"*

*"လွမ်းလှပြီ မောင်ရယ် (၁၉၇၅)"*

*"ဟင်း. . မိန်းမများ တယ်တတ်နိုင်"*

နံရံပေါ်က စာတွေကို အကြောင်းမဲ့သက်သက် လျှောက်ဖတ်နေမိသည်။ ဟော. . တစ်နေရာတွင် စာကြောင်းကလေးတစ်ကြောင်းကို တွေ့လိုက်၏။

"ခင်. . . ဒီမှာကြည့်စမ်း"

ကျွန်တော် လက်ညှိုးထောက်ပြသော နံရံပေါ်မှ စာကြောင်းကလေးကို သူ ကြည့်သည်။

***ဒီနေရာမှာ ထိုင်တဲ့အတွဲ မြန်မြန်ညားကြပါစေသော်ဝ် . . .***

***ပုံ/-အခန်းစောင့်နတ်ကြီး***

သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ ဝင်္ကဝတ္တိအလင်္ကာသည် ထိရောက်လွန်းလှသည်။ ရင်ညွှန့်ကို ဓားနှင့်ထိုးလိုက်သလို ချက်ကောင်းမိသွားလေပြီ။

သူ မတ်တတ်ထရပ်သည်။

"နေပါဦး ခင်ရယ်"

ကျွန်တော်သည် သူ့လက်ကို လှမ်း၍ ဆွဲမထား။ တံခါးပေါက်မှာ သွားရပ်၍လည်း ကာဆီး၍မနေ။ ထိုစကားကို ထိုင်နေလျက်ကပင် ပြောသည်။ အတားအဆီးမရှိသော်လည်း ဒီနေရာက သူ တစ်ဖဝါးမှ ရွေ့၍မရကြောင်း ကျွန်တော် သိသည်။

*"ခင့်ကို ကျွန်တော် ချစ်တယ်"*

ထိုစကားကြောင့် သူ အထွေအထူး မတုန်လှုပ်တော့ချေ။ သူ့မှာ တုန်လှုပ်ဖို့ သတိမရ။ နောက်ထပ် ပြောသောစကားတို့ကို သူ အမှတ်ပြုနိုင်တော့မည် မဟုတ်ပါ။ စောစောက စာတစ်ကြောင်းသည် သူ့နှလုံးသားထဲ၌ ပြည့်သိပ်မွန်းကျပ်၍ နေခဲ့လေပြီ။

*"ကျွန်မ. . ကျွန်မ. . သွားပါရစေတော့"*

သွားရဲလျှင် သွားပေတော့။ တံခါးလည်း ပိတ်၍မထား။ အတင်းအကျပ်လည်း မတားမြစ်။ သို့ရာတွင် ကျွန်တော်၏အာဏာစက်အောက်တွင် ရစ်ပတ်ချုပ်ကိုင်ထားခြင်းကို သူ ခံရ၏။

"ကျွန်တော် ပြောနေတာ ကြားရဲ့မဟုတ်လား ခင်"

"ကျွန်မ သွားပါရစေတော့ ကိုကိုမောင်ရယ်"

အခြားပြောစရာစကား သူ့ထံမှာ မရှိပြီ။ **သူ့ထံ၌ တစ်ကြိမ်မျှ** မတွေ့ရှိခဲ့ဖူးသော တုန်လှုပ်ခြင်းကို ကောင်းစွာတွေ့**ရသည်။ နိုင်တုန်းတွယ်**လိုက်ရလျှင် မှားတော့မပေါ့။ ဒီနေ့အဖို့ တော်လောက်ပါပြီ။ **အပေါ်စီးရ**နေသော အခွင့်အရေးကို အလွဲသုံးစား မလုပ်ကောင်း။

ဒီနေ့အဖို့ ရည်မှန်းချက် အကောင်အထည်ပေါ်ခဲ့ပြီ။

ထို့ကြောင့် . . .

"သွားချင်ရင်လဲ သွားပါခင်၊ ဒါပေမယ့် ကျွန်တော် အောင်ကိုကိုမောင်**က ခင့်ကို** ချစ်နေပြီဆိုတာကိုတော့ အသိအမှတ်ပြုစေချင်တယ်"

**ကျွ**န်တော်၏ ခွင့်ပြုချက်ကြောင့် စိတ်လက်ရွှင်မြူးပေါ့ပါး လန်းဆန်း**သွားသော** ဟန်ကလေးသည် သနားစရာပင် ကောင်းသေးတော့သည်။

**မှန်၏။**

သံ့ပန်းတို့ကို မညည်းပန်းရ။

♥♥♥

## (၁၇)

ဟိုတစ်နေ့က မျက်နှာကို သတိမရလေရှာ့သလား။

ခင်ဗျားကို ချစ်တယ်လို့ ပြောတုန်းကလေဗျာ။

ခေါင်းကြီးကို ငုံ့ပြီးတော့ . . .

လက်ကိုင်ပဝါကလေးကို သနားမညှာတာ ဆုပ်ချေနေပြီးတော့၊

တယုတယညီအောင် ညှိထားတဲ့ လက်သည်းရှည်ကလေးတွေနဲ့ ခုံတန်းလျားကို ကုတ်ခြစ်နေပြီးတော့. . .

ဘယ်သူမှ ဖမ်းချုပ်မထားဘဲနဲ့ သွားပါရစေတော့လို့ တောင်းပန်နေပြီးတော့. . .

မှတ်မိသေးသလား။

မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ . . .

ဘယ်လိုပင် ဘယ်လိုပဲဖြစ်ဖြစ် သူသည် ပုံမှန်အနေအထားကို အမိအရ မလွတ်တမ်းဆုပ်ကိုင်ထားခဲ့လေပြီ။

ဘယ်နေရာမှာ သိသာသလဲဆိုတော့ကာ . . .

သူ့အဆောင်ကို သွားတွေ့လျှင် နေမကောင်းဘူးဆိုပြီး ဆင်းမတွေ့ဘဲနေမည်။ သူ့အတန်းရှေ့က သွားစောင့်နေလျှင် အတန်းပြီးသွားသောအခါ ကျွန်တော့်ကို မတွေ့ဟန်ဆောင်ပြီး ရှောင်ထွက်သွားလိမ့်မည်။ ဒီလိုပဲ ထင်ခဲ့တာ မှားလေသည်။

သူ့ဆီသို့ သုံးရက်လောက် မသွားဘဲနေပြီး ခုလောက်ဆိုရင်ဖြင့် သွားသင့်ပြီဆိုပြီး အဆောင်သို့ တစ်ညနေ သွားသောအခါ သူ ကျွန်တော့်ကို ချက်ချင်းဆင်းတွေ့လေသည်။ ကျွန်တော့်ကို မြင်သောအခါ အေးအေးဆေးဆေးပြုံးပြသည်။

"ကိုကိုမောင်တို့များ မတွေ့တာ ကြာပါပကောလား"

ဟင်း. . အာဂလတ်သခင်ပါလား။

သူသည် ဟိုနေ့က ချုံခိုတိုက်ခိုက်ခံလိုက်ရသည်ကို ကာကွယ်လိုဟန် ရှိသည်။ သူ့ကိုယ်သူ အင်အားကြီးနိုင်ငံတစ်နိုင်ငံလို မျက်နှာမျိုး ထားလိုက်သောအခါ ကျွန်တော် ရယ်ချင်သွားမိသည်။ ဝမ်းထဲက ကျိတ်၍ ပြုံးမိသည်။

ဘယ်တော့မှ မလှန်နိုင်ခဲ့တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံလို့ ကျွန်တော့်ကို မထင်လိုက်လေနဲ့။ ရေနံလက်နက်ကို ပိုင်ပိုင်သုံးတတ်တဲ့ အိုပက်အဖွဲ့လို ခင်ဗျားရဲ့ ပျော့ကွက်ကို သိနေပြီခင်။ ရေနံဈေးနှုန်းကို မြှင့်လိုက်ရမလား ခင်ဗျာ။

“မတွေ့ဟာကြာဆို တမင်မလာဘဲ နေတာပါဗျာ၊ ခင်. . စဉ်းစားဖို့ အချိန်ရအောင်လို့”

“ဘာကိုပါလိမ့်”

ရော. . ခက်နေပါပေါ့လား။ အမေရိကန်သမ္မတ ဂျင်မီကာတာလို ပွင့်ပွင့်လင်းလင်းပြောမှ သိမှာထင်ပါရဲ့။

“အအေးသွားသောက်ရအောင်”

မသွားချင်ဘူး၊ မသောက်ချင်ဘူး စသည်ဖြင့် “မ”အက္ခရာဖြင့် စသော စကားတစ်ခုခုကို ပြောရန် နှုတ်ခမ်းကို စေ့လိုက်သည်။ ပြီးတော့မှ ကျွန်တော့်ကို ဟိုယခင် အခါဆီကလို အထက်စီးကနေ ရဲရင့်စွာ ဆက်ဆံဖို့ ဆုံးဖြတ်ထားသည်ကို သတိရသွားဟန် တူ၏။

“ကောင်းသားပဲ၊ သွားလေ နေဦး၊ ဖြူဖြူကို ခေါ်လိုက်ဦးမယ်”

ဘယ်လိုပင် ဘယ်လောက်ပဲ ဟန်ဆောင်ဆောင် ကျွန်တော်နှင့် တစ်ယောက်ချင်း ထွက်မလိုက်ရဲဘူးဆိုတာ သိလိုက်ပါရဲ့လေ။

“ခင် တစ်ယောက်တည်းပဲ လိုက်ခဲ့ပါလား၊ ပြောစရာရှိလို့”

သူသည် ရုတ်ခြည်းရဲရင့်လာသော ကျွန်တော့်ကို စိတ်ထဲက ကျိတ်၍ အံ့သြနေလိမ့်မည် ထင်သည်။ ဘက်မလိုက် (၈၈)နိုင်ငံအုပ်စုက အင်အားကြီး နိုင်ငံတွေဆီက အခွင့်အရေးတွေ တောင်းဖို့ ဆုံးဖြတ်ထားတာ သတင်းစာထဲမှာ မဖတ်ဖူးဘူးလား။

“သွားလေ စောစောက ဖြူဖြူက အအေးသောက်ချင်တယ်ဆိုလို့ပါ”

သူ တစ်ကွက်မှားသွားသည်ကို ချက်ချင်းပြန်ပြင်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် အအေးဆိုင်သို့ ထွက်လာခဲ့ကြသည်။ သူ့အတွက် ရေခဲသုပ်မှာ၍ ကျွန်တော့်အတွက် လက်ဖက်ရည်မှာသည်။

“ပြောစရာရှိရင် ပြောလေ”

သူ ကျွန်တော့်ကို မကြောက်ဘူးဟု ပြောလိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။ ထိုအကြောင်းကို ပြောမည်ဖြစ်ကြောင်း သိပါလျက် အရေးမကြီး သလို ဟန်လုပ်သည်။

“ပြောရမှာက ကျွန်တော် မဟုတ်ပါဘူး၊ ခင်က ပြောရမှာပါ”

“ဘာကိုလဲ”

“ဟိုတစ်နေ့က ကျွန်တော် ပြောခဲ့တာလေ၊ ခင် အဖြေမပေးရသေးဘူး မဟုတ်လား”



“ကျွန်မတို့ ကုန်ပစ္စည်းအရောင်းအဝယ် လုပ်နေတာမှ မဟုတ်ဘဲ၊ ရက်ပိုင်းအတွင်း စဉ်းစားပြီး အဖြေပေးလို့ ဖြစ်ပါ့မလား”

မှန်၏။ သူ့စကားကို ပြန်လည်ချေပရန် မဖြစ်နိုင်ချေ။ ဟင်း. . နောက်ဆုံးတော့ ကျွန်တော်ပဲ ခံလိုက်ရတာပဲ။ ခံလိုက်ပေဦးတော့ အောင်ကိုကိုမောင်။ ဒါမျိုးက ခံရခဲတယ်ကွယ့်။

ကံ့ကော်ပန်းတွေ ပွင့်နေပြီ။

တက္ကသိုလ်နယ်မြေတွင် ကံ့ကော်ဦးသည် တန်ဖိုးကြီးလေစွ။

အပင်မှာ ဦးဦးဖျားဖျားပွင့်သော ကံ့ကော်ပန်းကို ဈေးကြီးပေး၍ ဝယ်ရသည်။ ကျွန်တော်ကဖြင့် သူများတကာထက် ထူး၏။

မနက်အစောကြီးထ. . ကံ့ကော်ပန်း ခူးရောင်းသူတွေနှင့်အပြိုင် အပင်ပေါ် တက်သည်။ အပွင့်အလှဆုံး တစ်ပွင့်ကို မနည်းကြီးရှာရသည်။ ခါချဉ်နီကောင်သည် ကျွန်တော့်လက်ကို ဆစ်ခနဲ ကိုက်လိုက်သောအခါ ထိတ်ခနဲ ဝမ်းသာသွားလေတော့သည်။

“ခင့်ဖို့ ကျွန်တော်ကိုယ်တိုင် မနက်အစောကြီးထပြီး ခူးလာခဲ့တာ၊ ဒါ ဒီနယ်မြေမှာ ပထမဆုံးပွင့်တဲ့ ကံ့ကော်ပန်းပဲ”

ခါချဉ်နီကောင် ကိုက်ထားသော ဒဏ်ရာကို မြင်သာအောင် အနီဖု ကလေးတွေရှိသော ဘယ်ဘက်လက်ဖြင့် ကမ်းပေးလိုက်သည်။

“အပင်က အမြင့်ကြီးပဲဗျ၊ ပြုတ်ကျလိုက်ရင် မသက်သာဘူး”

သူသည် ကံ့ကော်ပန်းကို ယူ၍ပန်သည်။ ကျွန်တော့်လက်က အနီဖု များအကြောင်းကို မမေးချေ။

“ဒီမှာ ကြည့်ပါဦး ပန်းခူးရင်းနဲ့ ခါချဉ်ကိုက်တာလေ”

“ဟင်. . ဆေးမလိမ်းဘူးလား”

“ခါချဉ်ကိုက်တာလောက်တော့ ခံနိုင်ပါတယ်လေ၊ လက်ကိုကိုက်တာပဲ နှလုံးသားကို ကိုက်တာမှ မဟုတ်တာ”

သူ ပြုံးသည်။ ခုတစ်လော၌ ကျွန်တော်က ဘာကိုပဲပြောပြော ဒီ အကြောင်းဆီသို့ မရောက်ရောက်အောင် ဆွဲယူတတ်ကြောင်းကို သူသိပြီးသား။

“ကျွန်မကို ပန်းပေးတာလား”

“ဟုတ်ပါတယ်ခင်၊ စကားထာဝှက်ကြပြီဆိုရင် အဖြေမရတဲ့လူက ပန်း ပေးရတယ် မဟုတ်လား၊ ခု ပန်းပေးပြီလေ၊ အဖြေပြောတော့လေ”

“သင်္ချာပုစ္ဆာလို ဖြစ်ကြောင်းပြပါဆိုတဲ့ မေးခွန်းမျိုးတော့ မဖြေပါရစေနဲ့ ကိုကိုမောင်”

“ဒါပေမယ့် သင်္ချာယုတ္တိဗေဒမှာ ရှိတယ်လေ၊ အဆိုတစ်ခုသည် တစ်ပြိုင်နက်တည်းတွင် မှန်လဲမှန်သည်၊ မှားလဲ မှားသည် ဆိုသည်မှာ မဖြစ်နိုင်တဲ့၊ မှန်ချင်မှန်ရမယ်၊ မှားချင်မှားရမယ်”

“ဒါပေမယ့် တချို့ ပုစ္ဆာတွေကျတော့ မသိကိန်းတန်ဖိုးဟာ အပေါင်း အနုတ် နှစ်မျိုး ထွက်နေတတ်တယ် မဟုတ်လား”

ပိုင်တယ်ဗျာ။
အောင်ကိုကိုမောင် ခံလိုက်ရပြန်ပြီဗျို့.
ခံလိုက်. . ခံလိုက် . . .
ဒါမျိုးက ခံရခဲတယ်ကွယ့်။

♥

"ဘယ်လိုလဲဗျာ"

♥

"ပြောပါဦး ခင်ရယ်"

♥♥♥

## (၁၈)

***"တွဲနေပေမယ့် အထင်မကြီးကြပါနဲ့"***

*ချစ်ပါလို့ ဆိုတော့ . . .*
*မချစ်ဘတ်ပါဘူးတဲ့။*
*မုန်းသလား ဆိုတော့ . . .*
*မမုန်းတတ်ပါဘူးရှင်တဲ့။*
*အဖြူအမည်း*
*မသဲကွဲရင်*
*အသည်းမကွဲခင် ပြန်ပါရစေဆိုတော့ . . .*
*မမုန်းမချစ်*
*မောင်နှမအဖြစ်လို နေကြပါစို့ရှင်. . . တဲ့။*
*ဒီလိုနဲ့*
*သူ့ "ကြားနေရေးထောင်ချောက်"မှာ*
*ကျရောက်နေတာ ကြာပါပကောလားခင်ဗျား။*

***သူငယ်ချင်း အောင်ကိုကိုမောင်အတွက်***
***စံရှား ရေးစပ်သည်။***

စံရှားသည် အခန်းတံခါးသော့တွင် အထက်ပါကဗျာကလေးကို ချိတ်ဆွဲ၍ ထားခဲ့သည်။ စံရှားသည် ကျွန်တော့်ကို သက်သက်ကလိသွားခြင်းဖြစ်လေသည်။

သူ့ကို မတွေ့တွေ့အောင် ရှာရမည်။ သိပ်စဉ်းစားနေဖို့ မလိုချေ။

သူ သွားတတ်သည့်နေရာကို ကျွန်တော် သိပြီးသား။ ဝိဇ္ဇာဆောင်၏ ဆင်ဝင်အောက်တွင်ရှိ သလင်းကျောက်လှေကားမှာ ရှိမည်။

"ဟော့ကောင်"

တွေ့တွေ့ချင်း သူ့ကို ကျွန်တော် ဟောက်လိုက်သည်။

သူက ဘာမှ မသိသလို ဟန်လုပ်နေသည်။

"ဘာလဲကွ ကိုကိုမောင်ရ"

"မင်း ငါ့ကို ဘာဖြစ်လို့ ကဗျာနဲ့ ရိတာလဲ"

"ဟဲ. . ဟဲ. . သိသွားလို့လား"

"အေး. . မှတ်ထားကွ၊ ငါလဲ မင်းပုံတူကို မျောက်နဲ့ တူအောင်ဆွဲပြီး ပန်းချီခန်းမှာ ကပ်ထားမယ်"

စံရှားသည် နှုတ်ခမ်းကိုတွန့်၍ ပြုံးလိုက်သည်။ ထိုအခါ အချက်အလက်ကျသော စကားတစ်ခု သူ့ပါးစပ်မှ ထွက်လာလိမ့်မည်အမှန်။

"မျောက်နဲ့တူတာက ငါမဟုတ်ဘူးကွ. . မင်း၊ မျောက်တောင် ရိုးရိုးမျောက်မဟုတ်ဘူး၊ မီးခဲကို ကိုင်မိတဲ့မျောက်"

"လတ်သခင်က မီးခဲလား"

"ဟုတ်တယ်မောင်၊ မင်းအသည်းကို ကျပ်ကင်မယ့် မီးခဲဗျ"

သူ့ကို မီးခဲနှင့် နှိုင်းသဖြင့် မခံမရပ်နိုင် ဖြစ်မိသည်။

မီးခဲမဟုတ်လျှင် ရေခဲလား။

"သူ့ကို မီးခဲနဲ့ မနှိုင်းပါနဲ့ကွ"

"ဒါဆို ရေခဲနဲ့ နှိုင်းရမလား၊ မင်းနှလုံးသားကို နမိုးနီးယားရောဂါဖြစ်အောင် လုပ်မယ့်ရေခဲလား"

"ရေခဲလဲ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"သူဟာ ငါ့အချစ်ဦး"

"ဩော်. . ဩော်"

စံရှား၏ "ဩော်"သည် ငေါ့သံလုံးလုံး ပါနေသည်။

"သူဟာ မင်းရဲ့အချစ်ဦး ဟုတ်လား၊ မင်းကတော့ သူ့ရဲ့အချစ်ဦး ဖြစ်နိုင်ပါ့မလား"

တမင်တကာ ကျိတ်မှိတ်မေ့ဖျောက်ထားခဲ့သော လူတစ်ယောက်ကို ဖျတ်ခနဲ သတိရသွား၏။ ကိုဝင်းလွင်ကျော်သည် ကျွန်တော့်စိတ်ကို လာရောက်နှောင့်ယှက်ပြန်သည်။

"ဟိုငနဲကြီးကော လာသေးသလား"

"ငါနဲ့တော့ တစ်ခါမှ မဆုံဘူးကွ"

"လူပါးကြီးထင်တယ်ကွ၊ လတ်သခင်ရဲ့ အကဲက မဟန်လို့ ခေါက်သွားတာထင်တယ်"

"သူ ငါ့ကို မယှဉ်နိုင်လို့ ခေါက်သွားတာလဲ ဖြစ်ချင်ဖြစ်မှာပဲ"

"ကိုယ့်ကိုယ်လဲ သိပ်အထင်မကြီးနဲ့လေ၊ လတ်သခင်က မင်းတို့နှစ်ယောက်စလုံးကို အရူးလုပ်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါကို ရိပ်မိလို့ ဟိုငနဲက မလာတော့တာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ငါကတော့ မရိပ်မိလို့ ဆက်ပြီးခံနေတာလို့ ဆိုချင်တာလား မင်းက"

"ခုအတိုင်းတော့ ဒီလိုပဲ ထင်စရာဖြစ်နေတာပဲ"



"ငါတော့ လတ်သခင်ကို ဒီလိုမထင်ဘူးကွာ၊ သူဟာ ဒီလိုစိတ်ဓာတ်သိမ်ဖျင်းပေ့ါပျက်တဲ့ အစားမျိုး မဟုတ်ပါဘူး၊ လတ်သခင်ဆီကို ဟိုလူ မလာတော့ဘူးဆိုရင်လဲ ငါ့အဖို့ ကောင်းတာပဲ"

"ဟိုလူက တကယ်မလာတော့တာ သေချာလို့လား၊ သူက ပိုင်နေလို့ မလာတာကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး"

ဘာကြောင့်မဖြစ်နိုင်မှန်းလဲ မသိရ။ ထိုစကားကိုပင် ပြောလိုက်သော်လည်း စိတ်အားသည် အလိုလိုလျော့ကျသွားပြန်သည်။ သူကကော ကျွန်တော့်လိုပင် လတ်သခင်ကို စကားစခဲ့ပြီးပြီလား မသိ။ ထိုစကားအတွက် ရှက်ရွံ့ခြင်းဖြစ်သောကြောင့် မလာရဲဘဲ နေခဲ့လေသလား။ သို့တည်းမဟုတ် အချိန်အတော်ကြာအောင် ကျင်လည်ခဲ့သောစိတ်သည် ရှုပ်ထွေးနောက်ကျိ၍ လာခဲ့ပြန်ပြီ။

"တော်ပြီကွာ၊ သူ့အကြောင်းကို မတွေးချင်ဘူး၊ သူဟာသူ လာလာ မလာလာ ဂရုစိုက်နေရင် စိတ်ပင်ပန်းရုံပဲ ရှိမယ်၊ ဒီလူ့ကို လုံးဝ မေ့ထားတာပဲ ကောင်းတယ်၊ ကိုယ့်နည်းနဲ့ကိုယ် ကြိုးစားမယ်ကွာ၊ အရေးအကြီးဆုံးက လတ်သခင်ရဲ့ အချစ်ကို ရဖို့ပဲ မဟုတ်လား"

"အေးလေ. . မင်းကောင်းမယ် ထင်သလိုသာ လုပ်ပေါ့"

မေ့ပစ်ဖို့ကြိုးစားရခြင်းသည်ပင် စိတ်ပင်ပန်းမှုကို ဖြစ်ပေးစေပြန်၏။ ကိုဝင်းလွင်ကျော်၏အကြောင်းကို မတွေးမိအောင်နေဖို့ ခက်လှသည်။ စိတ်ဆိုသည်မှာ ခြံဝင်းတံခါးလို လုံခြုံအောင် ကာရံ၍ မရသောအရာဖြစ်သည်။ မတွေးချင်ပါဘူးဆိုလို့လည်း မရ။ သာလာယံဇရပ်လိုပင် အတွေးတို့သည် ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက် သဘောရှိနှိပ်စက်ကြပြန်သည်။

လတ်သခင်သည် ကျွန်တော့်ကို ပစ်ပစ်ခါခါ မပြုသေး။ အချိန်အခါကို စောင့်လင့်နေဟန်တူသည်ဟု တွေးမိသောအခါ စိတ်သက်သာရာရသည်။ ထင့်သောစိတ်သည် နောက်က ကပ်လျက်သား ပါလာပြန်၏။

လတ်သခင်ရယ်. . .

ဇာတ်သိမ်းခန်းကို ရောက်လုပြီ ထင်ပါရဲ့ဗျာ။

♥♥♥

## (၁၉)

***“ဖျည်းနွဲလဲ ဆင်ရေက်နွဲကိုစီးပြီးလျှင် တံခါးကိုကွယ်၍ တစောင်းနေနှင့်၏။ တံခါးကို ပွင့်စေ၍ ရာဇာဓိရာဇ်လည်း တံခါးရင်းတွင်နေသည်ဟု အမှတ်မရှိ တိုက်မည်ဝင်တော်မူ၏။ တစောင်းနေနှင့်၍ ဆင်ဦးအလွန်ကို ဖျည်းနွဲထွက်၍ တိုက်လေ၏။ ရာဇာဓိရာဇ် ဆင်စွယ်ဖုံးကို ထိုးမိလျှင် ဆင်ချင်းပူးလျက် ရှိသည်။ ဖျည်းနွဲက ဓားနှင့်ခုတ်မည်ဟု ဓားကို ချွတ်သည်။ ဓားမကျွတ်သောကြောင့် ချွန်းသီးနှင့်ရိုက်၍ သုရှင် နဖူးကွဲချေသည်”***

စံရှားသည် တက္ကသိုလ်စကားပြေကောက်နုတ်ချက်ထဲမှ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းလာ အနိုင်အရှုံးကို အသံထွက်အောင် ဖတ်နေသည်။ သူ ကျွန်တော့်ကို ရိနေမှန်းသိသည်။ သို့ရာတွင် သူ့ကို ဘာမျှ ပြန်မပြောဘဲ ခေါင်းငြိမ်း၍ နေလိုက်သည်။

“ဘယ်သွားမလို့လဲ ကိုကိုမောင် .. **အဝတ်အစား အသစ်တွေ** ဘာတွေနဲ့”

“ထုံးစံအတိုင်းပေါ့ကွာ”

“အလှူအိမ်လား”

“မင်းကလဲကွာ သိရဲ့သားနဲ့”

“အေးပါ သိပါတယ်၊ သတိတော့ထားပြီး သွားပေါ့ကွာ၊ တော်ကြာ တံခါးအကွယ်က စောင့်ပြီး ချွန်သီးနဲ့ရိုက်လို့ ရာဇာဓိရာဇ်လို နဖူးကွဲနေဦးမယ်”

“မင်္ဂလာမရှိတာတွေ မပြောနဲ့”

စကားဆက်ပြောနေလျှင် ကျွန်တော်ပဲ ထိလိမ့်ဦးမည်။

ထို့ကြောင့် သူ့လက်မောင်းကို ခပ်ဆတ်ဆတ်ကလေး တစ်ချက်ထိုးပြီး ထွက်လာခဲ့သည်။ အောက်သို့အရောက်တွင် ခေါ်သံကြားသောကြောင့် မော့ကြည့်သည်။ စံရှားသည် ဝရန်တာမှာ ရပ်နေရင်း လှမ်းအော်ပြောလိုက်လေသည်။

“သွားနှင့်ကွာ၊ ခဏကြာမှ ဒဏ်ရာဆေးထည့်ပေးဖို့ ငါ လိုက်ခဲ့မယ်”



စိတ်ထဲတွင် ထင့်ခနဲဖြစ်သွား၏။ အရှုံးစကားသည် သုံးခွန်းပြောလျှင် တစ်ခွန်းမှန်သည်ဟု ကျွန်တော် မယုံကြည်လို။

မည်သို့ပင်ဖြစ်စေ မာလာဆောင်သို့ သွားရာလမ်းတစ်လျှောက်သည် နွေဦး၏သာယာမှုအပေါင်းနှင့် ပြည့်စုံနေခဲ့သည်မှာ အမှန်။

ခါတိုင်းလိုပင် တပ်လန်၍ ပြန်မည်ဟု သူ ထင်နေသလား မသိ။

အပြင်ထွက်ဖို့ ခေါ်သောအခါ အလွယ်တကူပင် သူလိုက်လာသည်။ ဝိဇ္ဇာဆောင်မြက်ခင်းကို ဖြတ်ကျော်လာသည်အထိ ဘယ်သွားမှာလဲဟု သူ မမေး။ အဓိပဓိလမ်းအတိုင်း ညာဘက်ကို ကွေ့သောအခါကျမှ သူ မေးသည်။

“ဘယ်ကို သွားမှာလဲ”

“ကံ့ကော်တောကို”

မငြင်းဆန်ဘဲ သူ လိုက်လာသည်။

ခုံတန်းလျားပေါ်မှာ ထိုင်၏။ ကံ့ကော်ပင်ကလေးများသည် အခြားအတွဲတွေလို စကားတီတီတာတာ မပြောဘဲ အချေအတင်စကားတို့ကို ကြားရလိမ့်မည်ဟု သိကြသေးဟန် မတူချေ။

ဘာမျှ မပြောဘဲ အချိန်အတန်ကြာ တိတ်ဆိတ်၍နေသည်။ နောက်ကျောဘက်ရှိ အင်းဝလမ်းပေါ်မှ ကားလေးငါးစင်းပင် ဖြတ်သွားပြီးခဲ့ပြီ။

“စာမေးပွဲ နီးပြီနော်”

ကျွန်တော် ပြောသည်။

“ဟုတ်တယ် စာမကျက်သေးဘူးလား”

သူ ပြန်ပြောသည်။

“ကျွန်တော် စာကျက်လို့ မရဘူးဗျာ”

“သိပ်ပူလို့ ထင်တယ်”

“ဟုတ်တယ် ကျွန်တော့်ရင်တွေ သိပ်ပူတာပဲ”

ဒီနေ့အဖို့ သူ ကျွန်တော့်ကို စကားလွှဲဖို့ ကြိုးစားရန် မဖြစ်နိုင်။

သူ ဘာတွေပဲပြောပြော ဟိုအကြောင်းကို ရောက်အောင် ဆွဲယူဖို့ ကျွန်တော့်တာဝန်။

“ကျွန်တော် စာထဲမှာ စိတ်မဝင်စားဘူး၊ စာအုပ်ကို ဖွင့်လိုက်ရင် စာရွက်တွေပေါ်မှာ ခင့်မျက်နှာက ထင်ထင်လာတယ်”

သူ ဘာမျှ ပြန်မပြောချေ။ နွေလေရူးသည် ကံ့ကော်တောအုပ်အတွင်းသို့ ဝင်ရောက်လာသောအခါ ကံ့ကော်ရွက်တို့ လှုပ်ရှားသွားသည်။ ကံ့ကော်ရွက်တို့သည် ပင်စည်မှ မခွာလိုသဖြင့် အတင်းကုပ်တွယ်၍ ထားကြဟန်တူသည်။ လက်အံ့သေလာသောအခါ လေရူးနှင့်အတူ ဝဲ၍ မြေပြင်ပေါ်သို့ ကျသည်။ တစ်ဆွေ့နှစ်ဆွေ့မျှ ခုန်ပြီးလျှင် ငြိမ်သက်သွားပြန်၏။

“ကျွန်တော့်ကို ဘယ်လိုသဘောထားသလဲဟင်”

မဖြေ။

“ပြောပါဦးခင်”

နှုတ်ခမ်းကို ကိုက်သည်။ မြေပြင်သို့ စိုက်ကြည့်နေ၏။

"ပြောရမှာ ခက်နေသလားဟင်၊ ဒါဖြင့် ကျွန်တော် မေးပါ့မယ်"

သူသည် နှုတ်ဆိတ်၍ နေမြဲနေသည်။ ပထမဆုံး စတင်မေးမြန်းရမည့် မေးခွန်းကို ကျွန်တော် စဉ်းစားလိုက်၏။

"ကျွန်တော့်မှာ. . . ခင် လက်ခံနိုင်လောက်တဲ့ အရည်အချင်းတွေ ရှိရဲ့လား" ခဏမျှ စဉ်းစားပြီးမှ ခေါင်းညိတ်သည်။

"ဒါဆိုရင် ကျွန်တော့်ကို ဘာဖြစ်လို့ အဖြေမပေးသေးတာလဲ"

အဖြေရခက်မှန်း ကျွန်တော်သိသည်။ သူ ဖြေလိမ့်မည်မဟုတ်မှန်းလည်း သိသည်။ မတတ်နိုင်ပါ။ ပို၍ အဖြေရခက်သော မေးခွန်းတစ်ခုကို မေးရပါဦးမည်။

"ခင့်မှာ ရည်မှန်းထားတဲ့လူ ရှိနေလို့လား"

မျက်နှာတစ်ခုသည် ဖျတ်ခနဲပေါ်လာသဖြင့် မောင်းထုတ်လိုက်ရ၏။ မေးခွန်းတို့သည် တဖြည်းဖြည်း သူ့ကို ချောင်ပိတ်မိအောင် ကြိုးစားနေကြောင်း သူ သိလိမ့်မည်။ ရုန်းထွက်ရန်လည်း သူ မတတ်သာ။ လက်ရှိအခြေအနေ၌ သူ့အဖို့ နှုတ်ဆိတ်နေခြင်းသည် အကောင်းဆုံးဟု တွက်ဆထားဟန် တူသည်။ သို့ရာတွင် သူ့ထံမှ စကားကို မရအရ နှိုက်ယူရပေတော့မည်။ ခဏတာမျှ စိတ်ဆင်းရဲပေးမိသည့်အတွက် ကျွန်တော့်ကို နားလည်ခွင့်လွှတ်နိုင်ပါစေသတည်း။

"ကျွန်တော် မေးတာတွေ တစ်ခုမှ မဖြေရသေးဘူးနော်"

စိတ်ကျဉ်းကျပ်မှုကို သူ့မျက်နှာပေါ်တွင် ထင်ရှားစွာ မြင်သာသည်။ သူ့ကို သနားမိသော်လည်း မတတ်သာ။ ဒီနေ့တော့ဖြင့် အဖြေမရရင် မလွှတ်နိုင်ဘူးခင်။

"ကျွန်တော့်ရင်ထဲမှာ ဘယ်လောက် ခံစားနေရတယ်ဆိုတာ ခင် မသိဘူးနော်"

ရင်ထဲက တကယ် ဆွေးဆွေးမြည့်မြည့်ပြောကြောင်း သူ သိလိမ့်မည် ထင်သည်။ ပေါင်ပေါ်သို့ တင်ထားသော လက်ကလေးသည် မသိမသာ ဆတ်ခနဲ တုန်ခါသွားသောကြောင့် ကျွန်တော့်စကားသည် ထိရောက်ကြောင်း သိသာသည်။

"ကိုဝင်းလွင်ကျော်ကြောင့်လားဟင်"

ကျွန်တော့်စကား လောကြီးသွားကြောင်း ချက်ချင်းသိလိုက်သည်။ သို့ရာတွင် ပြင်ဆင်ရန် အချိန်မရလိုက်။ သူ ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ ကျွန်တော့်စကားကို အမြန်ဆက်သည်။

"ကျွန်တော် စကားလောကြီးသွားတာကို ခွင့်လွှတ်ပါ၊ ဒါပေမယ့်လေ ဒီကိစ္စတွေဟာ ဖွင့်ပြောမှ သိရမှာ မဟုတ်ပါဘူး၊ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ရင် သိနိုင်တာပဲ၊ ဒီတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ မေးပါ့မယ်၊ ကိုဝင်းလွင်ကျော်က ခင့်ကို ဖွင့်ပြောပြီးပြီလားဟင်"



သူ ချက်ချင်း ခေါင်းခါသည်။

သို့ရာတွင် ဖြည်းဖြည်း . . .

"ဒါဆို ကျွန်တော်က ဦးတာပေါ့နော်"

သူ ခေါင်းခါပြန်သည်။

"ဘယ်လိုလဲဗျာ"

သူ ပြုံးလိုက်သည်။ ထိုအပြုံးသည် ထိတ်လန့်ဖွယ်။

ကျွန်တော့်ကို ကြောက်ကန် ကန်ရန် အားယူသောအပြုံး။

"ကိုဝင်းလွင်ကျော်အနေနဲ့ ကျွန်မကို ဖွင့်ပြောနေစရာ မလိုတော့ပါဘူး ကိုကိုမောင်"

"ဗျာ. . ."

***"ဟုတ်ပါတယ်. . ဘာလို့ဆို ကိုဝင်းလွင်ကျော်နဲ့ ကျွန်မကို လူကြီးချင်း သဘောတူထားကြလို့ပါပဲ"***

"ဘာပြောတယ်"

"ဝုန်းခနဲ"မြည်သွားသည်ဟု ထင်သည်။ သို့ရာတွင် ဒေါသသည် အသံမထွက်နိုင်။ တစ်စက္ကန့်လျှင် အကြိမ်နှစ်သောင်းလေးထောင် တုန်ခါမှု ထက်များတဲ့ အသံကား မကြားနိုင်တော့။

"ဘာပြောတယ်. . ခင်ဗျား. . သူ့ကို လက်ခံလိုက်ပြီပေါ့ ဟုတ်လား"

ကျွန်တော့်ဒေါသသည် သူ့အပေါ် ပထမဆုံးအကြိမ် သက်ရောက်သည်။

"ကျွန်မ သူ့ကို လက်ခံလိုက်ပြီလို့ ဘယ်တုံးက ပြောလို့လဲ"

"ဘာထူးသလဲ၊ လူကြီးချင်း သဘောတူထားတဲ့လူကို ကြည်ကြည်ဖြူဖြူ တွဲနေတာဟာ လက်ခံတာနဲ့ ဘာထူးသလဲ၊ ခင်ဗျား ကျွန်တော့်ကို လှည့်စားတယ်"

"ကျွန်မ လှည့်စားတာ မဟုတ်ဘူး"

"လှည့်စားတာ မဟုတ်ဘူးဆိုရင် ဒီအကြောင်းကို စောစောကတည်းက ဘာဖြစ်လို့ မပြောသလဲ၊ ဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲ"

***"ကျွန်မ. . ရှင့်ကို သနားလို့"***

"ဘာ. . ."

သူနှင့် စတွေ့စဉ်က ငုပ်လျှိုးကွယ်ပျောက်နေခဲ့သော မာနသည် ဘွားခနဲ ပြန်ပေါ်လာ၏။ သူ့လက်မောင်းကို ကျွန်တော် ဆွဲကိုင်လှုပ်ယမ်းသည်။ သူသာ ကုံကော်ပင်တစ်ပင်ဆိုလျှင် သစ်ရွက်များ အဆုပ်လိုက် ကြွေကျကုန်လိမ့်မည်။

"ဒီမှာ လတ်သခင်၊ ကျုပ်ဟာ ခင်ဗျား လှည့်စားချင်တိုင်း လှည့်စားဖို့ မဟုတ်ဘူး၊ ကျုပ်အမေဟာ ကျုပ်ကို ခင်ဗျားသနားဖို့ မွေးပေးခဲ့တာ မဟုတ်ဘူးဗျ. . . နားလည်ရဲ့လား"

ကျွန်တော် လှည့်ထွက်လာခဲ့သည်။

အပြစ်မဲ့သော ကံ့ကော်ရွက်များကို နင်းချေခဲ့သည်။
မင်းတို့ ငါ့ကို ခွင့်လွှတ်ကြ။
ငါ့နှလုံးသားသည်လည်း . . .
ဘွဲ့နှင်းသဘင်နံရံဆီသို့ ဖောင်းခနဲ မြည်အောင်
ပစ်ပေါက်ခွဲခြင်း ခံလိုက်ရပြီ။
နွေဦး၏ ပထမဦးဆုံးသော ဥသြငှက်၏အော်မြည်သံကို ကြားရသည်။

♥♥♥

(၂၀)

*ဘဝတစ်သက်တာ နှုတ်ဆက်ကာ ပြန်ပြီခင်*

ဝင်းခြံအဝမှာပဲ
လက်ပြ ငိုင်ငိုက်ကျန်တဲ့
လုပ်လဲ့ဟန်နေပုံလေးကို
ရေးခုတွင်မြင်။
သြော်. . တံ့မေတ္တာပြန်လိမ့်နိုးငယ်နှင့်
လင့်ကိုးစွာဖူးချိန်မှန်လည်း
ကြိုးရှည်ရှည် နေ့စဉ်လှန်ပြီး
ညှော့ဝတ်ခံ မာယာဖုံးပါလို့
ချစ်မဆုံး မုန်းမဆင်
ကြာတင်ခဲ့ ရက်တွေပေါ့။
သည်တစ်ခေါက် နောက်ဆုံးအခါကြိမ်ပဲ
ခင့်နေအိမ် နောက်မလာဘု
ခင့်မေတ္တာ မျှော်မရဲသူဖြင့်
အသည်းဘယ်ပုံ ကြေပြီး
မျက်ရည် ဘယ်အထိကျကာ
ဘဝ ဘယ်လိုနစ်ဦး
ခင့်မှာသာ ညှော့သည်သစ်တွေနဲ့
ပျော်ရစ်နိုင်စေဟူ၍
ဆုဖြူဖြူ ပန်ယူတောင်းရင်း
ညှော့ဟောင်း အနိုင်နိုင်ပြန်တော့မယ်
အညာခံ ညှော့စာရင်းမှ
မျဉ်းကြက်ခြေ မင်နီသုံးလို့
ကိုယ့်အမည် စာသုံးလုံးကို
အမုန်းဝင် မုန်းပင်စိုက်ကာ
(ညိုပြာရယ်) ဖျက်လိုက်ပါတော့. . . .။

မောင်မင်းယာ၏ ကဗျာကို ကြိုက်နှစ်သက်ခဲ့သည်။

ဟိုယခင်အခါဆီကတော့ ဘာမှန်းမသိဘဲ ကြိုက်နှစ်သက်ခဲ့ခြင်းဖြစ်မည်။ ခုများမှာဖြင့် ထိုကဗျာသည် ကျွန်တော့်အတွက် တမင်သက်သက် ရေးစပ်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီ။

ဘယ်နှစ်ခွက်မြောက်မှန်း မသိသော အရက်ကို သောက်သည်။

မူးမေ့ပစ်လဲကျသွားအောင် သောက်ချင်သည်။ သို့ရာတွင် အမြည်းဆိုင်က လူသည် ကျွန်တော့်ကို ထပ်မရောင်းတော့ချေ။

ကျွန်တော် မပြန်ဘဲ ပေ၍ထိုင်နေသည်။

"အစ်ကိုကြီး တစ်ကျပ်ဖိုး ထည့်ပါ"

"တော်ပါတော့ ညီလေးရာ၊ မင်း သိပ်များနေပြီ၊ အစ်ကိုတို့က ပိုရောင်းရလေ ကြိုက်လေပေါ့ကွာ၊ ဒါပေမယ့်. . ."

"ဟိုး. . . တော်ပြီ၊ ကျေနပ်ပြီ၊ ခင်ဗျားစေတနာကို ကျွန်တော် နားလည်ပြီ. . အစ်ကိုကြီးက သစ္စာရှိတယ်၊ လတ်သခင်ထက် ပိုပြီးသစ္စာရှိတယ်။ ကျောင်းဝင်းထဲသို့ ဘယ်လို ပြန်ရောက်လာမှန်း မသိရ။ မှောင်နေပြီ။ ယုဒသန်မျှော်စင်အနီးသို့ ရောက်တော့မှပင် သတိရသည်။

ဟော. . . ဟိုကဟာ မာလာဆောင်ပါလား။

အို. . မာလာဆောင် မဟုတ်ပါဘူး၊ ရင်ခွဲရုံပါ။

"အသည်းကို ခွဲတယ်"

အသံကုန်အော်သည်။ ဝိဇ္ဇာဆောင်ဆီမှ ပဲ့တင်သံကို ကြားရ၏။

"အသည်းကို ခွဲတယ်"

"အသည်းကို ခွဲတယ်"

ပဲ့တင်သံများသည် ကျွန်တော့်စိတ်ကို နှစ်သိမ့်ချော့မော့ရန် မတတ်နိုင်။ ယုဒသန်ဘုရားရှိခိုးကျောင်း မျှော်စင်ထိပ်တွင် လတစ်စင်း ထွက်ပေါ်လာသည်။ လရောင်သည် ခါတိုင်းကဲ့သို့ ငွေရည်ငွေစက်များ မဟုတ်တော့ချေ။

ထိုလ၏မျက်နှာကို ကျွန်တော် မနှစ်မြို့။

သူ့အကြည့်တွင် လှောင်ပြောင်မှုများ ပါဝင်နေသည်ဟု ထင်သည်။

"ငါ့ကို မကြည့်နဲ့"

ယုဒသန်မျှော်စင်၊ ဝိဇ္ဇာဆောင်၊ သီရိဆောင်၊ မာလာဆောင်တို့သည် "ငါ့ကိုမကြည့်နဲ့"ဟူသော ပဲ့တင်သံများဖြင့် ကျွန်တော့်ကို လှောင်ပြောင်ကြပြန်သည်။ လှောင်ပြောင်မှု မပါသော တုံ့ပြန်မှုကို ရချင်လာသောအခါ စံရှားကို သတိရမိ၏။

သူငယ်ချင်း စံရှားရယ်. . ဟိုအရင် မင်းသတိပေးတုန်းကတည်းက ရှေ့မတိုးဘဲနေခဲ့ရင် အကောင်းသားပါလားကွာ။

ပဲခူးဆောင်သို့ ဘယ်လမ်းကနေ ဘယ်လို လာခဲ့မိသည် မသိ။

ပဲခူးဆောင်ဆင်ဝင်အောက်မှာ ရပ်ထားသော ကိုရိုလာကားကလေးကို မြင်မှ ပဲခူးဆောင်မဟုတ်ဘဲ စစ်ကိုင်းဆောင်ကို မှားဝင်မိမှန်းသိရသည်။



ပဲခူးဆောင်ရှိရာဘက်သို့ ပြန်လှည့်၍ လျှောက်လာခဲ့သည်။

ပဲခူးဆောင် ဆင်ဝင်အောက်မှ မှောင်ရိပ်တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ ဘယ်သူဖြစ်မှန်း ခွဲခြားခန့်မှန်း၍မရ။

ကျွန်တော် သူ့ကို လှမ်းအော်ပြောလိုက်သည်။

"ဟေ့. . ရှေ့က ဘယ်သူလဲကွ"

"ငါပါကွ၊ မောင်ဆောင်ပါ"

"ဘယ်က မောင်ဆောင်လဲကွ၊ မလိုချင်ဘူး လမ်းဖယ်"

"ကိုကိုမောင်လား၊ ငါပါကွ ဆရာဦးဆောင်ပါ"

"ဟင်. . . ဆရာ"

ကျွန်တော်တို့အဆောင်၏ လက်ထောက်အဆောင်မှူး ဆရာဦးဆောင် ဖြစ်နေသည်။ ဆရာ့အနီးသို့ ပြေးသွား၍ ခြေရင်းမှာ ထိုင်ချလိုက်သည်။

ဆရာ့ကို ကျွန်တော် ကန်တော့၏။

"ဆရာမှန်း မသိလို့ပါဆရာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဆရာ့ကို ကျွန်တော် ကန်တော့ပါတယ် ဆရာ"

"ကိစ္စမရှိပါဘူးကွာ၊ ကဲကဲ. . ထထ မင်းအခန်းကို ဆရာလိုက်ပို့မယ်"

ဆရာသည် ကျွန်တော့်လက်မောင်းကိုကိုင်၍ ဆွဲထူသည်။ ပခုံးကို ဖက်ရင်း အပေါ်ထပ်သို့ တွဲ၍ပို့သည်။ လှေကားပေါ်သို့တက်ရင်း . .

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာရယ်၊ ဆရာ့ကို ကျွန်တော် လေးစားရှိသေပါတယ်၊ သူ ကျွန်တော့်ကို လှည့်စားတယ်ဆရာ"ဟူ၍ . . .

တတွတ်တွတ် ပြောနေမိသည်။

အခန်းမှာ စံရှားမရှိ။ တံခါးပိတ်ထားသည်။ ကျွန်တော့် အိတ်ထဲက သော့ကို ဆရာ နှိုက်ယူ၍ တံခါးဖွင့်သည်။ ဆရာသည် ကျွန်တော့်ကို အိပ်ရာပေါ်သို့ တင်ပေးသည်။

"ငါ့ညီ အေးအေးဆေးဆေး အိပ်လိုက်ပါတော့ကွာ။ စိတ်ညစ်ရင် စာများများ ဖတ်ရတယ်ကွ"

ဆရာ ပြန်ထွက်သွားသည်ကို မသိလိုက်။

ခေါင်းထဲမှာ ချာချာလည်နေသည်။

သို့ရာတွင် ညနေက အဖြစ်အပျက်များကို အစီအစဉ်ကျနစွာ မှတ်မိနေသည်။ ပြောဆိုခဲ့ကြသော စကားအားလုံးကို တစ်ခုမကျန် မှတ်မိနေသည်။ "ရှင့်ကို သနားလို့"ဆိုသော သူ့စကားသံသည် နားထဲက မထွက်။ ပဲ့တင်ထပ်၍ နေသည်။

ရင်ထဲက ပူလောင်နေသည်။ အရမ်းမူးသည်။ အိပ်ပျော်အောင် ကြိုးစား၍လည်း မရ။ ပြင်းထန်သော ဝေဒနာသည်သာ ပိုကဲ၍လာ၏။

အိပ်ရာပေါ်တွင် ငါးဖယ်တစ်ကောင်လို လူးလှိမ့်နေရသည်။ မခံမရပ်နိုင်တော့သောကြောင့် ဝေါက်ခနဲ ထထိုင်လိုက်သည်။ စေ့ထားသော တံခါးကို ဖွင့်၍ အခန်းအပြင်သို့ ထွက်သည်။

ဝရန်တာမှနေ၍ အပြင်သို့ ထွီခနဲ တံတွေးထွေးလိုက်သည်။ ဝရန်တာ အုတ်ခုံပေါ်တွင်ပင် ပလတ်စတစ်ရေပုံးကို တွေ့သောကြောင့် ရေပုံးထဲသို့ ခေါင်းကို နှစ်ချလိုက်သည်။ သို့ရာတွင် ရင်သည် ပူလောင်မြဲ။

လူရှင်းနေသော စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့သည်။ ဘယ်နှနာရီရှိပြီမှန်းလဲ မသိ။ လက်က နာရီကိုလည်း မကြည့်မိ။ လှေကားလက်ရန်းကို ကိုင်၍ ဆင်းလာသည်။ ဆင်ဝင်အောက်မှ ထွက်သည်။ ပုဏ္ဏရိပ်ပင်တန်းပေါ်သို့ ယိုင်ကျသွားသောကြောင့် ကိုယ်ကို ထိန်းလိုက်ရသည်။

မည်းနက်နေသော အခိပခိလမ်းမပေါ်တွင် ပြာမှိုင်းမှိုင်း မီးရောင်အောက်၌ ကျွန်တော့်အရိပ်သည် ဘယ်ညာယိမ်းထိုး၍ နေလေသည်။

ဝိဇ္ဇာဆောင်ဘက်သို့ ချိုးကွေ့လိုက်သောအခါ လမ်း၏တစ်ဖက်တစ်ချက်တွင် အုတ်ဂူနှစ်ခုကို တွေ့ရသည်။ နောက်တစ်ကြိမ် ထပ်ကြည့်သောအခါ အုတ်ဂူများမဟုတ်ဘဲ မြောင်းကူးတံတားမှ အုတ်ခုံများ ဖြစ်နေပြန်သည်။ အခန်းအမှတ် (အေ-၁၆) နားမှ ညောင်မုတ်ဆိတ်ပင်ကြီးသည် ဆံပင်ဖားလျားချ၍ ရပ်နေသော တစ္ဆေတစ်ကောင်နှင့်တူနေ၏။

မာလာဆောင် နောက်ဘက်သို့ တစ်ကျော့ပြန် ရောက်လာပြန်သည်။ ခုလောက်ဆိုလျှင် သူသည် ကျွန်တော် လက်ဆောင်ပေးခဲ့သော သူ့ပုံတူပန်းချီကားကလေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဆုတ်ဖြဲချင် ဆုတ်ဖြဲပစ်လိုက်လိမ့်မည်။ ကိစ္စမရှိ။ နှလုံးသားတစ်ခုလုံးပင် ဖောက်ခွဲခံခဲ့ရပြီပဲ။

တရှိန်ရှိန် တောက်လောင်နေသော ဖယောင်းတိုင်တစ်တိုင်ကို ထပ်ပြီး မီးရှို့လို့လည်း မီးတောက်က ပိုပြီး ကြီးထွားမလာနိုင်တော့ပါဘူး။

"ဟင်း. . သနားလို့တဲ့. . သနားရင် လှည့်စားရတယ် ဟုတ်စ၊ ကဲ. . သနားပါဦးကွာ"

ခဲလုံးတစ်လုံးကို ကောက်၍ အုတ်နံရံကို ပစ်ပေါက်သည်။ ဒေါက်ခနဲ မြည်သွားသော်လည်း ခဲလုံးသည် ကွဲကြေ၍ မသွား။ ခဲလုံးသည် နှလုံးသား မဟုတ်ချေ။ စင်္ကြံအုတ်တိုင်ကို လက်သီးဖြင့်ထိုးသည်။

စင်္ကြံသည် သူ မဟုတ်ချေ။

သူနှင့် တွေ့ဆုံဖြစ်ပျက်ခဲ့ရသည်မှာ မာလာဆောင်ဝင်းထရံ၏ သံချွန်တို့ပေါ်တွင် ဖိနပ်မပါဘဲ လမ်းလျှောက်ရသလိုပါပဲလား။

ပန်းချီခန်းဘက်ဆီမှ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရသည်။ ကျွန်တော့်ဆီသို့ လာနေ၏။

"ဘယ်သူလဲကွ"

"ငါ စံရှားပါကွ၊ ကိုကိုမောင်လား"

"ငါ ကိုကိုမောင် မဟုတ်ဘူး၊ ရာဇာဓိရာဇ်ကွ၊ ချွန်းသီးနဲ့ အရိုက်ခံရလို့ နဖူးကွဲလာတာကွ"

စံရှားသည် ကျွန်တော့်ဆီသို့ ပြေးလာသည်။

ကျွန်တော့်ပခုံးကို ဖက်လိုက်သည်။



"ဘယ်လိုဖြစ်တာလဲကွာ၊ မင်းကို ငါ လိုက်ရှာနေတာ"

"ဘယ်လို ဖြစ်တာလဲဆိုတော့ မင်း ညနေက ဖတ်ပြတဲ့ ရာဇာဓိရာဇ် အရေးတော်ပုံထဲကလိုပဲလေကွာ၊ တံခါးအကွယ်ကနေ ချွန်းသီးနဲ့ရိုက်လို့ နဖူးကွဲလာတာလေ၊ ဒါတောင် ဓားမကျွတ်လို့ပေါ့ကွာ၊ ဓားသာကျွတ်ရင် ရင်ခွဲပြီး နှလုံးသားကို နုတ်နုတ်စင်းမှာ ထင်ပါရဲ့၊ ဒီမှာ ဟော့ကောင်. . ."

"ပြော. . . သူငယ်ချင်း"

"ငါက သူနဲ့တွေ့ရင် သခင့်ရှေ့မှောက်မှာ ရောက်နေတဲ့ အမဲလိုက်ခွေးလို သူ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး နေခဲ့တာပါကွ၊ ဒါပေမယ့် သူ ငါ့ကို လှည့်စားတယ်၊ ဟေ့. . လတ်သခင် မာယာရှင်မ"

စံရှားသည် ကျွန်တော့်ပါးစပ်ကို လှမ်းပိတ်သည်။

"ဟော့ကောင် နာမည်တပ်ပြီး မအော်နဲ့"

"အော်မယ်ကွ၊ ဟေ့. ."

"ဟော့ကောင် မင်းမရမ်းကားနဲ့"

"ငါက ရမ်းကားတာ ဟုတ်လား၊ သူက ငါ့ကို လှည့်စားတာကျတော့ ကော"

"မင်း အားလုံးကို မေ့လိုက်ပါကွာ"

"မေ့လို့ မရဘူးကွာ"

"ရအောင် မေ့ကွာ"

"မေ့ချင်ရင် မေ့သွားအောင် လုပ်မှရမယ်၊ ငါ အရက်သွားသောက်ဦးမယ်"

"တော်တော့သူငယ်ချင်း မင်း များပြီ"

"မတော်ဘူး. . သွားသောက်ဦးမယ်"

ကျွန်တော်က ထ၍ထွက်သည်။

စံရှားသည် လက်ကို အတင်းဆွဲထား၏။

"ဟော့ကောင် မဆွဲနဲ့"

"မင်း မသွားရဘူး"

"သွားမယ်ကွာ၊ ဖယ်. ."

စံရှားလက်မှ ရုန်းထွက်ပြီး ကျွန်တော် ပြေးသည်။

"ဟေ့. . ကိုကိုမောင်. . ကိုကိုမောင်"

စံရှားသည် နောက်မှ ပြေးလိုက်လာ၏။ သို့ရာတွင် ကျွန်တော့်ကို မမီ။ သီရိဆောင်ရှေ့မှ လမ်းအတိုင်း ပြည်လမ်းကို ဖြတ်ကူးသည်။

"ကိုကိုမောင်. . ကား. . ကား"

စံရှား၏အော်သံသဲ့သဲ့ကို ကြားရသည်။

ကျွီခနဲမြည်သံကို ကြားရ၏။

မျက်လုံးထဲသို့ မီးရောင်သည် လက်ခနဲဝင်လာသည်။

ကိုယ်သည် လေထဲသို့ မြောက်တက်သွား၏။

ခေါင်းထဲက မိုက်ခနဲ။

ရင်ထဲက စူးခနဲ ထိုးတက်သွား၏။

သတိမလစ်မီ နောက်ဆုံးအတွေးမှာ . . .

ကျွန်တော်၏ အုတ်ဂူပေါ်သို့ လတ်သခင် နှင်းဆီပန်းခြင်းကလေးကို လာ၍ တင်လေသည်။

♥♥♥

(၂၁)

သတိရသည်ဆိုလျှင်ပင် ဆေးရုံပေါ်သို့ ရောက်နေတာဖြစ်မည်ဟု တွေးမိသည်။ အုန်းဆံမွှေ့ယာကို သတိပြုမိသည်။ မျက်လုံးကို ဖွင့်ကြည့်၏။ မျက်နှာကြက်ကို အရင်မြင်သည်။ ဘေးကို ခေါင်းစောင်း၍ ကြည့်သည်။ နံရံကိုမြင်ရသည်။ သန့်ရှင်းသော အခန်းကလေးဖြစ်သောကြောင့် တက္ကသိုလ်ဆေးရုံ အရေးပေါ်သီးသန့်ခန်းဖြစ်ကြောင်း သိလိုက်၏။

ကျွန်တော့်လက်ကို လူတစ်ယောက် လာ၍ဆုပ်ကိုင်သည်။

"ကိုကိုမောင်"

စံရှား၏အသံကို ကြားရသည်။

"မင်း နေကောင်းရဲ့လား"

ခေါင်းကို ညိတ်ပြလိုက်သည်။ ခေါင်းမှာ ပတ်တီးစည်းထားကြောင်း သိလိုက်ရပြန်သည်။ စံရှားသည် တစ်ညလုံး မအိပ်ဘဲ ထိုင်စောင့်နေလိမ့်မည်ဟု ထင်သည်။ ကိုယ်ကိုစောင်းဖို့ ကြိုးစားကြည့်ရာ ခါးက စူးခနဲ အောင့်သွားသောကြောင့် ပြန်ငြိမ်နေလိုက်ရသည်။ ခေါင်းထဲက မကြည်လင်။ မူးနေတုန်းပင်ရှိသေးသည်။ ပြန်လည်အိပ်ပျော်သွားပြန်သည်။

♥

"စိုးရိမ်စရာ မရှိပါဘူး၊ ရောက်ခါစမို့ အရေးပေါ်ခန်းမှာ ထားတာပါ။ သုံးလေးရက်လောက် နေပြီးရင် ဆင်းရမှာပါ။ ဒဏ်ရာကလဲ သိပ်မများပါဘူး၊ ခါးမှာ နည်းနည်းထိသွားတာရယ်၊ ပြီးတော့ နဖူးနည်းနည်း ကွဲသွားတယ်"

စံရှား၏အသံကို ကြားနေရသည်။

မျက်စိကို မဖွင့်ဘဲ နားထောင်နေမိသည်။ နဖူးကွဲသွားတယ်ဆိုသော စကားကို ကြားသောအခါ ပြုံးမိသည်။

"ဟော. . သူ သတိရပြီထင်တယ်"

လတ်သခင်၏အသံကို ကြားသောအခါ မျက်လုံးတို့သည် ဖျတ်ခနဲ ပွင့်သွား၏။

"ကိုကိုမောင် သတိရပြီလား"

ခေါင်းကိုငုံ့၍ သူ့ကိုကြည့်သည်။ သူ့မျက်လုံးထဲ၌ စိုးရိမ်မှုအရိပ်အယောင်ကို မြင်သည်။

"နေကောင်းရဲ့လား"

ဘာမျှ ပြန်မပြောဘဲ သူ့ကိုသာ စိုက်ကြည့်နေလိုက်၏။

သူ မျက်လွှာချလိုက်သည်။

စံရှားသည် ရေပုလင်းအလွတ်ကို ယူ၍ အပြင်သို့ထွက်သွားသည်။

"သိပ်နာနေလားဟင်"

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။ သူ ကျွန်တော့်ကို ကြည့်ပြန်သည်။ ကျွန်တော့်အဓိပ္ပာယ်နှင့် ကျွန်တော် စကားတစ်ခွန်းကို ပြောပစ်လိုက်သည်။

"ဘာမှ မဖြစ်ပါဘူး၊ နဖူးကွဲသွားရုံတင်ကလေးပါ"

သူ မျက်နှာ ကွက်ခနဲ ပျက်သွား၏။ အဓိပ္ပာယ်ကို နားလည်၍တော့ မဟုတ်နိုင်။ သူနှင့်ပတ်သက်သောကိစ္စအတွက် ကျွန်တော် ဒီလိုဖြစ်ရရှာသည်ဟု စိတ်မကောင်းဖြစ်သွားခြင်းပင် ဖြစ်အံ့ထင်သည်။ စံရှားသည် ကျွန်တော့်အကြောင်းများကို သူ့အား ပြောပြခဲ့လိမ့်မည်။

စံရှားကို ကျွန်တော် အံ့သြရသည်။ လတ်သခင်ကြောင့် ကျွန်တော် နဖူးကွဲခဲ့ရသောအခါ လတ်သခင်ကိုတွေ့လျှင် ဘယ်လောက်များ ငေါ့လို့ထေ့လို့ ကောင်းလိုက်လှပါမည်နည်း။ သို့ရာတွင် သူ ဒီလိုမလုပ်။ စံရှားသည် ရင့်ကျက်ပြီးသော လူကြီးတစ်ယောက်လို တည်ငြိမ်အေးဆေးစွာ ဆက်ဆံနိုင်ခဲ့သည်။ လတ်သခင်ကို သူ ကောင်းကောင်း ပညာပေးလိုက်ပြီ။ အလွန်တရာ ထိမိသော စကားလုံးများဖြင့် ခေါင်းမဖော်နိုင်လောက်အောင် ပြောနိုင်သော အခွင့်အရေး ရှိပါလျက် ဘာမှ မဖြစ်သလို မျိုသိပ်၍ထားခဲ့လျှင် လတ်သခင်အဖို့ ပို၍ အထိနာမည်ကို ကျွန်တော်သိသည်။

သို့ရာတွင် ကျွန်တော် မမျိုသိပ်နိုင်ခဲ့။

"ခု ကျွန်တော့်ကို သနားလို့ လာကြည့်တာလားဟင်"

သူ ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ ခေါင်းပြန်ငုံ့သွား၏။

ခေါင်းငုံ့လျက်က စကားတစ်ခွန်းကို သူဆိုသည်။

"ကျွန်မကို စိတ်ဆိုးနေတုန်းပဲလား"

ကျွန်တော် ဘာမျှ ပြန်မဖြေ။ သူ့အသံသည် တိုးညင်းလွန်းလှသည်။ အိပ်ရာပေါ်၌ လှဲနေသောကျွန်တော့်ကို သူ ငုံ့ကြည့်ရသော်လည်း သူ့အသံသည် အထက်စီးမှမနေ။ ကျွန်တော့်ထံမှ ဒေါသသံထွက်လာမည်ကို သူ ကြောက်နေဟန် တူသည်။

အမှန်တော့ မကျေနပ်မှုတွေကို မျိုသိပ်ရဖန်များလို့ ဒေါသအရိပ်ကို မျက်နှာပေါ်မှာ မဖော်ပြဘဲ နေခဲ့တာ အကျင့်တောင် ပါနေပြီခင်။ ထိုအခါ ဒေါသတို့သည် အထေ့အငေါ့များအဖြစ် ပြောင်းလဲ၍ သွားလေသည်။



"ကျွန်တော့်ကို ဘာဖြစ်လို့ တကူးတက လာကြည့်ရတာလဲ၊ အားနာစရာကောင်းလိုက်တာ"

"ဒီလိုတော့ မပြောပါနဲ့ ကိုကိုမောင်၊ ကျွန်မ ကိုကိုမောင့်ကို တောင်းပန်ဖို့လာတာပါ"

"တောင်းပန်စရာ မလိုပါဘူး လတ်သခင်"

သူ့ကို **ခင်**ဟု မခေါ်တော့ဘဲ **လတ်သခင်**ဟု ပြန်၍ခေါ်သည်ကို သတိပြုမိဟန်တူသည်။ စိတ်မကောင်းဖြစ်ဟန်ကို မဖုံးမဖိဘဲ ဖော်ပြသည်။ စကားတစ်ခွန်းကို မထိန်းချုပ်နိုင်တော့ဘဲ ကျွန်တော် ပြောဖြစ်၏။

"ကျွန်တော့်ကို လာကြည့်စရာလဲ မလိုတော့ပါဘူး လတ်သခင်၊ လွမ်းသူ့ပန်းခွေတစ်ခွေ ပို့လိုက်ရင်လဲ ပြီးတာပါပဲ"

"အို . . ကိုကိုမောင်ရယ်"

အဆုံးစွန်ဆုံး ထိခိုက်သွား၏။

မျက်လုံးသည် လက်ခနဲ စိုသွားသည်။ သူ့နှုတ်ခမ်းသည် တဆတ်ဆတ်တုန်လာသည်။ ကျွန်တော့်လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်သည်။ ချက်ချင်းပြန်လွှတ်လိုက်သည်။ အေးစက်သော အထိအတွေ့ကို ခံစားရသည်။ တင်းမာနေသော စိတ်များသည် ရုတ်ခနဲ လျော့ကျသွားလေ၏။

"ကျွန်မ ပြန်ပါတော့မယ် ကိုကိုမောင်"

ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သည်။ သူ မတ်တတ်ထရပ်လိုက်သည်။ ကျွန်တော် လှဲနေရာမှ အားယူ၍ ထထိုင်ဖို့ ကြိုးစားသည်။ ခါးဆီက စူးခနဲ ထိုးအောင့်သွားသည်။ နောက်သို့ လန်ကျသွား၏။

သူ ကျွန်တော့်ပခုံးကို အချိန်မီ ပွေ့လိုက်နိုင်သည်။ သူ့လက်မောင်းပေါ်၌ မှီနေလိုက်ရသည်။ ကိုယ်သင်းနံ့ကို လှိုက်ခနဲရ၏။ ရင်ထဲက တလှပ်လှပ် မောပန်းလာသည်။ ဦးခေါင်းသည် သူ့ရင်ခွင်ထဲသို့ ငိုက်ကျသွားသည်။ သူ့လက်မောင်းကို ကိုင်၍ အားပြုထားရသည်။ သူ့ရင်ခုန်သံကို ကြားနေရ၏။ ကျွန်တော့်အသက်ရှူသံသည်လည်း ပြင်းထန်၍နေသည်။

လက်တစ်ဖက်ကို သူ့ပခုံးပေါ်သို့ တင်လိုက်သည်။ သူသည် ဘာမျှ မပြော။ လှုပ်ရှားမှုတစ်ခုကိုလည်း မပြုလုပ်။ မှင်တက်မိနေကြသည်။ နှလုံးခုန်သံနှင့် အသက်ရှူသံများမှလွဲ၍ ဘာသံမျှ မကြားရချေ။ ရင်ထဲက ဆို့ကျပ်၍နေသည်။ တလှပ်လှပ် . . မောနေသောအဖြစ်ကိုသာ သတိပြုမိလေသည်။ အသက်ရှူ၍ မဝ။

ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားမိသောအခါ သူ့ကို တင်းကျပ်စွာ ပွေ့ဖက်ထားမိကြောင်း သိရသည်။ ရုန်းကန်ခြင်းမရှိ။ သူ ငြိမ်သက်နေသည်။ အေးစက်သော၊ နွေးထွေးသော၊ အိစက်ညက်ညောသော၊ မွှေးပျံ့သော အတွေ့အထိအာရုံတို့ကို နှစ်ယောက်စလုံး သတိမပြုမိ။ မြန်လွန်းသော ရင်ခုန်သံနှင့် ပြင်းထန်သော အသက်ရှူသံတို့ကိုသာ ထွေးရောယှက်တင် ကြားရသည်။ ကြည်နူးသာယာမှုသည် တစ်စက်ကလေးမျှ မရှိ။

စိတ်အာရုံတို့သည် မီးခိုးရောင်ဖျော့ဖျော့ အုတ်နံရံလိုပင် ဟာလာဟင်းလင်း ဖြစ်နေသည်။

အံဝင်ခွင်ကျမဖြစ်သော ပွဲ့ဖက်ခြင်းကို အလိုက်သင့်ပုံစံပြောင်းရန် မကြိုးစားကြ။ သူ့ကို ဖက်ထားသော လက်တို့သည် ပြေပြေပြစ်ပြစ် မနေ။ ခန္ဓာကိုယ်တို့သည် ကျောက်ရုပ်နှစ်ရုပ်လို တောင့်တင်း၍ နေကြသည်။ သူ့လက်ကလေးသည် ရင်ဘတ်နှစ်ခုကြားတွင် ညပ်နေ၏။

လက်ဝဲဘက်ရင်အုံသည် ဒဏ်ရာမရှိပါဘဲလျက် တစစ်စစ်နာကျင်၍လာသည်။ ကျွန်တော် အံကြိတ်ထားသည် ထင်၏။

သူ့ဆံပင်ဖျားကို ကိုက်ထားမိသည်။

♥♥♥

## (၂၂)

ပြဿနာသည် အဆိုးရွားဆုံး အဆင့်သို့ ရောက်နေလေပြီ။

အရေးပေါ် အခြေအနေ ကြေညာလိုက်သည်။

ဆေးရုံတွင် လေးရက်နေရသည်။ ဆရာဝန်ကြီးက နောက်ထပ်သုံးရက်လောက် နေစေချင်သေးသည်။ မနေချင်တော့။ လက်မှတ်ထိုး၍ ဆင်းသည်။ သေလောက်သောဒဏ်ရာ မဟုတ်သောကြောင့်လည်းကောင်း၊ ကျောင်းသားတို့သည် ဆေးရုံ တက်ချင်သည့်အချိန် တက်ပြီး ဆင်းချင်လျှင် ဘယ်လိုမှ တား၍မရဘဲ ဆင်းတတ်ကြောင်းကို ဆရာဝန်တွေက သိပြီးသားဖြစ်သောကြောင့်လည်းကောင်း ကျွန်တော့်ကို ဆင်းခွင့်ပြုလိုက်သည်။

ဟိုတစ်နေ့က ကိစ္စဖြစ်ပြီးခဲ့သည့်နောက် သူ ကျွန်တော့်ဆီ မလာတော့ချေ။ "ဟိုတစ်နေ့က ကိစ္စ"ဟူ၍သာ ပြောလိုသည်။ တိကျစွာ မမှတ်မိ။ အသေးစိတ်ကို ပြန်လည်၍ မစဉ်းစားချင်။

သူ့ကို ပွေ့ဖက်ထားမိခြင်း၊ သူက မရုန်းမဖယ်ဘဲ နေခဲ့ခြင်းတို့သည် ပြဿနာ ပြေလည်သွားခြင်း မဟုတ်ချေ။ လိပ်ခဲတည်းလည်းဖြစ်နေသော ပြဿနာကို အကြီးထွားဆုံးဖြစ်အောင် ဖန်တီးခြင်းသာ ဖြစ်လေသည်။

သူသည် ကျွန်တော် ဆေးရုံမှာရှိနေစဉ်က နောက်တစ်ကြိမ်မလာတော့ခြင်းမှာ ဟိုနေ့ကကိစ္စအတွက် ကျွန်တော့်အပေါ် စိတ်ကွက်သွားခြင်းမဟုတ်။ ထို့အတူ ပထမနှစ် ကျောင်းသူကလေးတစ်ယောက်လို ရှက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတို့ကြောင့် ကျွန်တော်နှင့် မတွေ့ရဲဘဲရှိနေခြင်းလည်းမဟုတ်။

သူသည်လည်း ကျွန်တော့်လိုပင် ပြဿနာ၏ပမာဏကို ခန့်မှန်းကြည့်နိုင်လောက်ပြီ။ ကျွန်တော်နှင့်ထပ်၍ တွေ့ရလျှင် အခြေအနေသည် ကောင်းလာဖို့မမြင်။ ပြဿနာ၏အဖြေကို မရမချင်း သူ ကျွန်တော့်ကို အတွေ့ခံလိမ့်မည်မဟုတ်ချေ။ ကျွန်တော်သည်လည်း လက်ရှိအခြေအနေတွင် သူနှင့်မတွေ့လိုချေ။

ဤဇာတ်လမ်းကို အဆုံးသတ်ရန် အရေးတကြီး လိုအပ်၍နေပါပြီ။

ထိုအခါ နှစ်ယောက်ချင်း ခွဲခြား၍ ဖြေရှင်း၍ မရနိုင်။

ဤပြဿနာတွင် ပါဝင်ပတ်သက်နေသူအားလုံး ဆုံတွေ့ဖြေရှင်းမှသာ ဖြစ်နိုင်မည်။ ထို့ကြောင့် မတွေ့လို မမြင်လို ရင်မဆိုင်လိုသော လူတစ်ယောက်ထံသို့ ကျွန်တော် လာခဲ့ရလေသည်။ ကိုဝင်းလွင်ကျော်သည် ဤဇာတ်လမ်းမှာ အရေးပါသော လူတစ်ယောက်။ သူမပါဘဲ ပြဿနာကို မရှင်းနိုင်။

ရန်ကုန်စက်မှုတက္ကသိုလ် အဆောင်အမှတ် (အီး)ရှိ အခန်းများသည် ငြိမ်သက်နေသည်။ အခန်းအောင်းပြီး စာကျက်နေကြသည်ဟုပင် ထင်ပါသည်။ ထိုအချိန်အခါမျိုးတွင် ကျောင်းစာနှင့်မသက်ဆိုင်သော ကိစ္စတစ်ခုကို အရေးတကြီး ဖြေရှင်းရန် ကျွန်တော် လာနေပြီ။

စကြံမှ နာရီကိုမြင်သည်နှင့် အခန်း (အီး-၇)သို့ ရောက်လာပြီဖြစ်ကြောင်း သိလိုက်သည်။ အခန်းတံခါးသည် ပွင့်၍နေသည်။ ကိုဝင်းလွင်ကျော်ကို စာဖတ်လျက် တွေ့ရသည်။ ဒီအချိန်မျိုးမှာ သူ စာဖတ်၍ နေနိုင်အားသလား။ ဦးနှောက်၏အရှုပ်အထွေးကို စာဖတ်ခြင်းဖြင့် ဖြေရှင်းနိုင်သူအဖြစ် အံ့သြရသည်။

ကျွန်တော့်ကိုမြင်လျှင် ဝမ်းသာအားရ ကြိုဆိုလေသည်။ ထို့ကြောင့် သူ စာထဲမှာ စိတ်မဝင်စားကြောင်း သိလိုက်ရသည်။ စာကျက်လို့ မရသောအချိန် စကားပြောဖော်တစ်ယောက်ယောက်ကို တွေ့လျှင် ဝမ်းသာမိတတ်ခြင်းသည် ကျွန်တော့်ကိုယ်တွေ့။

ကျွန်တော် ကားတိုက်ခံရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်း၊ ဆေးရုံမှ ဒီလောက် မြန်မြန်ဆင်းလာမည်ဟု မထင်ကြောင်း၊ သူ လာမတွေ့ဖြစ်သည်ကို ခွင့်လွှတ်စေလိုကြောင်း စသည်ဖြင့် အရေးမကြီးသော စကားတွေကို ပြောသည်။ ကျွန်တော် ဆေးရုံတက်ရခြင်းသည် လက်ရှိပြဿနာ၏အစပင်ဖြစ်သော်လည်း ယခုအခါ ထိုကိစ္စသည် အရေးမကြီးပါ။ ကျွန်တော့်အဖို့လည်း ပေါက်တဲ့နဖူး ချုပ်ရိုးဖြေ၍ ပြီးပါပြီ။

"လက်ဖက်ရည်ဆိုင် သွားရအောင်ဗျာ"

ကျွန်တော်တို့နှစ်ယောက် ထွက်လာခဲ့သည်။

စကြံလမ်းကို အတန်ကြာဖြတ်လျှောက်ရသည်။ စားသောက်ဆိုင်တန်းရှိရာချိုင့်ထဲသို့ လှေကားမှ ဆင်းလာသည်အထိ ဘာစကားမှ မပြောဖြစ်ကြ။ လမ်းလျှောက်ရင်း အပျင်းပြေပြော၍ကောင်းသော စကားမျိုးမဟုတ်ကြောင်း နားလည်ထားကြသည်။ အနီးဆုံးလက်ဖက်ရည်ဆိုင်မှာပင် ဝင်ထိုင်လိုက်ကြသည်။ မဆိုင်သော အာလာပသလ္လာပ စကားမျိုးကို မပြောချင်။ စကားစဖို့ကိုလည်း အခက်အခဲ မတွေ့။ ဟိုယခင်အခါကလို စကားကို ထိန်းချုပ်၍ပြောနေရမည့် အချိန်လည်း မဟုတ်။ သူ့စကား ကိုယ့်စကားတွေကို ချိန်ခွင်ဖြင့် ချိန်ပြီး အသာအနာတွက်နေရန် မဖြစ်နိုင်။

"ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်ဗျာ"



"စက်မှုတက္ကသိုလ် အခန်းဆွေးနွေးပွဲ"ကို စတင်လိုက်ကြသည်။

စတင်ဖို့စကားကို ပြေပြစ်အောင် စဉ်းစား၍မရ။ စိတ်လောကြီးနေသည်။ ထို့ကြောင့် ပြောင်ပြောင်တင်းတင်းပင် မေးရ၏။

"လတ်သခင်နဲ့ ကိုဝင်းလွင်ကျော်တို့ စေ့စပ်ထားကြတယ်နော်"

သူ အံ့သြ၍ မသွားချေ။ "ခင်ဗျာ"ဆိုပြီး အံ့သြဟန်ကို လုပ်ဖို့ မလိုတော့ကြောင်း သူ သိ၏။ သူ သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ် ကိုကိုမောင်၊ ဒါပေမယ့် တရားဝင် စေ့စပ်ထားကြတာတော့ မဟုတ်ပါဘူး၊ လူကြီးချင်း သဘောတူထားကြတယ်ပဲ ဆိုပါတော့"

"အဲဒီကိစ္စကို လတ်သခင်က ဘယ်လိုသဘောထားသလဲ"

သာမန်အချိန်မျိုးဆိုလျှင် ထိုမေးခွန်းသည် အလွန်ရိုင်းပေလိမ့်မည်။ ခုတော့ဖြင့် ထိုစကားသည် မေးခွန်းတို့၏ အစသာရှိသေးသည်။

"လတ်သခင်ရဲ့စိတ်ထားကို ခန့်မှန်းရခက်တယ်ဗျာ၊ ခုအချိန်အထိ ကျွန်တော့်မှာ သူ လက်ခံနိုင်တဲ့ အရည်အချင်းတွေ ရှိနေတယ်ဆိုတာကလွဲပြီး တခြားဘာကိစ္စကိုမှ ဖွင့်မပြောသေးဘူး"

"လူကြီးချင်း သဘောတူထားကြတာ မဟုတ်လား"

"အဲဒါကလဲ သူ့စကားတစ်ခွန်းပေါ်မှာ မူတည်တာပါ။ လတ်သခင်အကြောင်းကိုလဲ ခင်ဗျားသိသားပဲ"

စိတ်ပျက်အားလျော့နေပုံကိုသာ သိသည်။ လတ်သခင်သည် သူ့ကိုလည်း ကျွန်တော့်လိုပင် "သနားတယ်"ဟု ပြောချင်ပြောခဲ့ပေလိမ့်မည်။

သို့ရာတွင် သူ့နဖူးမှာ ဒဏ်ရာအမာရွတ်ကို မတွေ့ရ။ သူ့ဘက်က အခြေအနေမှန်ကို သိရပြီးလျှင် ကျွန်တော့်ဘက်က အခြေအနေကို ဖွင့်ပြောဖို့ လိုအပ်လာသည်။

"ကျွန်တော်နဲ့ လတ်သခင်နဲ့ ဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာကို ကိုဝင်းလွင်ကျော် သိပြီးရောပေါ့"

လတ်သခင်ကို ဖွင့်ပြောခဲ့ပုံ။ ကျွန်တော့်အပေါ် လက်ခံနိုင်သည့် အခြေအနေတွင်ရှိပုံ။ သို့ရာတွင် ပြတ်ပြတ်သားသား ဖွင့်မပြောခဲ့ပုံ။ ကျွန်တော် ကားတိုက်ခံရ၍ ဆေးရုံတက်ရပုံ စသည်တို့ကို ရည်ရွယ်၍ မေးခြင်းဖြစ်သည်။

သူ ခေါင်းကို ညိတ်ပြ၏။

ဆေးရုံတွင် နောက်ဆုံးတွေ့ခဲ့စဉ်က အဖြစ် အပျက်ကိုမူ မလိုအပ်ဟု ထင်သဖြင့် ပြောမပြတော့။

***"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"***

အရေးအကြီးဆုံး စကားပင်ဖြစ်သည်။ ထိုစကားကို အရင်ဦးအောင် ပြောဖို့ နှစ်ယောက်စလုံး ကြိုးစားခဲ့ကြသည်။ ဦးဆောင်ဆွေးနွေးသူဖြစ်သော ကျွန်တော်က ဦးသွား၏။ သို့ရာတွင် ပြဿနာရှင်းဖို့ တာဝန်ကို သူ့အားပေး၍ မရ။ သူ ပြန်ပြောသည်။

"ကိုကိုမောင်ရဲ့ သဘောထားကကော"

ပွင့်ပွင့်လင်းလင်း ပြောကြဖို့ သဘောတူညီထားကြစေကာမူ ပြဿနာ ဖြေရှင်းဖို့ စတင်၍ အကြံဉာဏ်မပေးလိုကြကြောင်း ထင်ရှားသည်။ ကိုယ့်ကိုယ်ကိုယ် မလိမ်ညာဘဲ ပြောရလျှင် လတ်သခင်ကို စွန့်လွှတ်ခြင်းဖြင့် အနစ်နာခံလိုသောစိတ် လုံးဝမရှိ။ တရားသဖြင့် မဟုတ်သောနည်းဖြင့် လတ်သခင်၏ အချစ်ကို ယူသည်ဟု အထင်မခံလိုသော စိတ်သည်လည်း ကျိန်း‌သေရှိ၏။ အထင်သေး မခံလိုသောဘဉ်ကို ဘယ်လိုမှ ဖျောက်ဖျက်၍ မရ။

သူနှင့် ကျွန်တော်သည် ***"ဘယ်လိုလုပ်ရင် ကောင်းမလဲ"၊ "ခင်ဗျား ဘာလုပ်ချင်သလဲ"၊ "ခင်ဗျား စဉ်းစားတာက ပိုကောင်းပါတယ်"*** စသည်ဖြင့် တစ်ယောက်ကိုတစ်ယောက် တာဝန်တွေလွှဲရင်းကပင် အချိန်ကုန်ကြသည်။ ဖြေရှင်းဖို့ နည်းလမ်းကို မရ။

သူသည် ရေနွေးကြမ်းကို ခဏခဏသောက်သည်။ ကျွန်တော်သည် ဆေးလိပ်ကိုသာ တွင်တွင်ဖွာသည်။ ရေနွေးကြမ်းအိုးသာ တစ်အိုးပြီးတစ်အိုး လဲသည်။ စကားလုံးတွေက လုံချာလည်နေတုန်းပင်။ ဆေးလိပ်မီးကိုသာ ခဏခဏ ညှိသည်။ အဖြေညှိလို့ မရ။

နောက်ဆုံးတွင် ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းကြံစည်ကြဖို့ သဘောတူသည်။ ပညာတတ်ပုဂ္ဂိုလ်များဖြစ်ကြသော စိတ်ပညာရှင်ပန်းချီဆရာတစ်ယောက်နှင့် ဓာတုအင်ဂျင်နီယာတစ်ယောက်တို့သည် ပြဿနာဖြေရှင်းသည့် နည်းသစ်တစ်ခုကို ပူးပေါင်းတီထွင်လိုက်ကြလေသည်။

ထိုနည်းသစ်ကား . . .

ပြဿနာဖြေရှင်းဖို့ တာဝန်ကို လတ်သခင်၏ခေါင်းပေါ်သို့ ပုံချလိုက်သောနည်းပင် ဖြစ်ပေသတည်း။

♥♥♥

(၂၃)

ကျွန်တော့်ကို မြင်မြင်ချင်း နဖူးကို အရင်ကြည့်သည်။ ဒဏ်ရာသည် ကျက်ခါစပြုပြီဖြစ်သော်လည်း ပလာစတာဖြင့် အုပ်ကပ်၍ လာခဲ့သည်။

ဒဏ်ရာကို သူ မမြင်စေလို။

ထင်ထားသည့်အတိုင်းပင် "ဒဏ်ရာက ဘယ့်နှယ်နေသေးလဲ"ဟုမေး

သည်။ ဒီဒဏ်ရာကို သူ အကြီးအကျယ် လုပ်နေတုန်းမှာပင် ဖြစ်သည်။

ဒီနေ့တွင် တစ်ဦးဦး၌လည်းကောင်း၊ သုံးဦးစလုံး၌လည်းကောင်း. . ထို့ထက် အဆရာထောင်မက ကြီးကျယ်မည့် ဒဏ်ရာဖြစ်ပေါ်လာလိမ့်မည်ဟု သူ မသိသေးချေ။

"ကျွန်တော့်ဒဏ်ရာက မဖြစ်စလောက်ပါ ခင်"

ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် ရိုးရိုးသားသား ပြောလိုက်ခြင်း ဖြစ်သော်လည်း ငေါ့သည်ဟု ထင်သွားသည်။ သူ့ကို "ခင်"ဟု ပြန်ခေါ်သည့်အတွက် စိတ်ကျေနပ်သွားဟန်ကိုလည်း မြင်လာသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မကြောင့် ဖြစ်ရတာပဲ မဟုတ်လား"

ဒဏ်ရာအကြောင်းကို ထပ်၍ မပြောစေချင်။ ဒီဒဏ်ရာကို ရိုးမယ်ဖွဲ့၍ ကျွန်တော့်ဘက်ကို သူ့စိတ်ညွတ်လာအောင် မကြိုးစားလိုခြင်းသည် ကျွန်တော့်စိတ်ရင်းအမှန်။

"ကျွန်တော် ငေါ့နေတာ မဟုတ်ပါဘူးခင်၊ တကယ်ပြောနေတာပါ။ ဒီနေ့ သိပ်အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်၊ ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

ကျွန်တော်၏တည်ငြိမ်သော လေသံသည် အာဏာတည်၏။

သူ မငြင်းဆန်ဘဲ လိုက်လာခဲ့သည်။ သူ့စိတ်ထဲတွင်မူ "ဘယ်လိုလဲခင်ရယ်"ဆိုသော စကားမျိုးကိုပင် ထပ်မံကြားရလိမ့်မည်ဟု ယူဆထားဟန်တူသည်။ သူ့ထံတွင် ဆုံးဖြတ်ချက်တစ်ခုခုကို ချပြီးသော လက္ခဏာ လုံးဝမရှိ။

မာလာဆောင်နောက်ဘက် စကြံအုတ်တိုင်များ၊ ပန်းချီခန်းမ၊ ဝိဇ္ဇာဆောင်ဆင်ဝင်၊ ကျောက်သလင်း လှေကားထစ်များ၊ ကွန်ကရစ်လမ်း၊ ပင်လယ်ကဗွီးပင်တန်း၊ မြောင်းကူးတံတား ဖြတ်သွားခဲ့သမျှ အားလုံးကို အမှတ်တရ သတိပြုနေမိသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့သို့ ဖြတ်လျှောက်မိသည်နှင့် သူ့ခြေလှမ်းသည် တုံ့ခနဲဖြစ်သွားသည်။ တစ်နေရာသို့ သူ ကြည့်နေသည်။ ကိုဝင်းလွင်ကျော်သည် ဘွဲ့နှင်းသဘင် လှေကားပေါ်တွင် ထိုင်နေ၏။

လတ်သခင်၏မျက်နှာသည် ဟိုယခင်အခါဆီက ဘူတာရုံတွင် ကျွန်တော်တို့သုံးယောက် စတင်ဆုံစည်းခဲ့စဉ်က မျက်နှာမျိုးဖြစ်နေသည်။ ကိုဝင်းလွင်ကျော်ကို ကြည့်နေရာမှ ကျွန်တော့်ဆီသို့ တစ်ချက် လှမ်းကြည့်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံး၏ မျက်နှာများပေါ်တွင် တစ်စုံတစ်ရာ ပြောင်းလဲသွားသော အမူအရာ အရိပ်လက္ခဏာများ မတွေ့ရတော့မှ သူ့မျက်နှာတည်သွားသည်။ သုံးယောက်ဆုံ၍ အပြီးအသတ်ဖြေရှင်းကြရတော့မည်ဖြစ်ကြောင်း သူ ရိပ်မိသွားသည်။

"ထိုင်လေ. . ခင်"

ကျွန်တော်တို့နှစ်ယောက် အလယ်တည့်တည့်တွင် ထိုင်ခိုင်းလိုက်သည်။ အပြတ်ရှင်းကြဖို့ စီစဉ်ထားကြသော်လည်း တကယ့်တကယ် ဆုံသောအခါ စကားစဖို့ ခက်နေပြန်သည်။

လတ်သခင်သည် ရှေ့တည့်ဆည့်ဆီသို့သာ ငေးစိုက်ကြည့်နေသည်။ ကျွန်တော်နှင့် ကိုဝင်းလွင်ကျော်တို့သည် လတ်သခင်ကို ကြည့်လိုက်၊ တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်၊ သက်ပြင်းကိုယ်စီ ချလိုက်ဖြစ်နေကြသည်။ ဘွဲ့နှင်းသဘင်ရှေ့က ကြေးခြသေ့ကြီးများကမူ လွန်ခဲ့သော နှစ်ငါးဆယ်လောက်ကလိုပင် ရှေ့တည့်တည့်ကိုသာ ကြည့်၍နေကြဆဲ။

ကိုဝင်းလွင်ကျော်သည် ခေါင်းကို တစ်ချက်ဆတ်လိုက်သောအခါ သူ့စကား စ,တော့မည်ဖြစ်ကြောင်း နားလည်လိုက်သည်။

"ကိုကိုမောင် ပြောစရာရှိတာ ပြောပါ"

လတ်သခင်သည် ကျွန်တော့်ကို ကြည့်နေရာမှ ကျွန်တော့်ဘက်သို့ ဆတ်ခနဲ လှည့်လာသည်။

"ကျွန်တော့်ဘက်က ပြောစရာ မရှိပါဘူး၊ ပြောရမယ့်လူက ခင်ပါ"

"ကျွန်မ ဘာမှမပြောချင်ပါဘူး"

ဒီအတိုင်းဆိုလျှင် ပြဿနာသည် ဘယ်နည်းနှင့်မျှ မပြီးဆုံးနိုင်တော့ချေ။ ဤနေရာတွင် လူမိုက်လိုအပ်လာပြီဟု ထင်သည်။

စကားကို ကျွန်တော်ပင် စရပါတော့မည်။

"ကျွန်တော်တို့သုံးယောက်ရဲ့ ပြဿနာ ဒီလိုနေသွားလို့ မဖြစ်တော့ပါဘူးဗျာ၊ စကားတွေလဲ ရှည်ရှည်ဝေးဝေး ပြောနေဖို့ မလိုဘူးထင်တယ်၊ အခုရှိနေတဲ့ လူသုံးယောက်ဟာ တစ်ယောက်အကြောင်းကို တစ်ယောက် သိနေကြပါပြီ"



သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်သည်။

ဂရုတစိုက်နားထောင်နေကြကြောင်း သိသာသည်။

လတ်သခင်သည် ရှေ့ဆက်၍ နားထောင်ရမည့် စကားများအတွက် ရင်လေးနေဟန်တူသည်။ ကိုဝင်းလွင်ကျော်သည်လည်း ရှေ့ဆက်ကြားရမည့် စကားများကို သိနှင့်ပြီးဖြစ်ပါလျက် တည်တည်ငြိမ်ငြိမ် မနေနိုင်။ ကျွန်တော်သည်ပင် ကိုယ်တိုင်ပြောရမည့် စကားများအတွက် အဘယ်ကြောင့် ရင်လေးနေရပြန်ပါသနည်း။

"အချိန် မရှိတော့ဘူး၊ စာမေးပွဲက နီးနေပြီ၊ ဒီအတိုင်းဆိုရင် အားလုံး စာမေးပွဲကျကုန်လိမ့်မယ်"

ကိုဝင်းလွင်ကျော်သည် တစ်ခုခုပြောဖို့ ဆင့်လေပြီ။ သူ့ကို ကျွန်တော် ကြည့်လိုက်သည်။ သူသည် အားကိုတင်း၍ ပြောရသည်။

"ကျွန်တော်တို့နှစ်ယောက်စလုံးက ခင့်ကို . . ."

သူ့အသံ ပြတ်သွားသည်။ သူသည် လတ်သခင်ကို ကြည့်နေရာမှ ခေါင်းကို ငုံ့လိုက်၏။ လေသံ ပုံမှန်မဟုတ်ဘဲ. . .

"ခင့်ကို . . ချစ်နေကြပါတယ်၊ ခင်ကလဲ ကျွန်တော်တို့နှစ်ယောက်စလုံးကို . . အင်းလေ. . ခင့်အနေနဲ့ တစ်ယောက်ယောက်ကိုတော့ ခင် ရွေးရပါလိမ့်မယ်"

"ကျွန်မ မဆုံးဖြတ်တတ်ဘူး"

လတ်သခင် ခေါင်းခါသည်။

သူ၏ကိုယ်ပိုင်အကျင့်ဖြစ်သော ရဲရင့်ခြင်းကို မရမက လိုက်လံရှာဖွေနေဟန်ကို သိလိုက်၏။ ရဲရင့်ခြင်းကို သူ ရရှိသွားလျှင် ပြဿနာသည် အဆုံးသို့မဟုတ်ဘဲ မူလအစသို့ ပြန်လည်ရောက်ရှိသွားပေတော့မည်။

"ကဲ. . ထ. . သွားကြရအောင်"

ကျွန်တော် ထရပ်လိုက်သည်။ ကိုဝင်းလွင်ကျော် လိုက်၍ ရပ်သည်။ လတ်သခင်သည် သူ လိုက်ဖမ်းနေသော ရဲရင့်ခြင်းကို ရလုရခင်ကလေးမှာပင် ပြန်၍ ကွယ်ပျောက်သွားရသည်။

ထိုအခါ ကျွန်တော်၏အမိန့်အာဏာကို သူ မလွန်ဆန်နိုင်တော့ပြန်။ ဘွဲ့နှင်းသဘင်ခန်းမ၏ နောက်ဘက်သို့ ဦးဆောင်၍ လာခဲ့သည်။ ကျွန်တော်သည် တစ်စုံတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်ချက် ချပြီးသားဖြစ်နေသည်။

♥

နွေဦးပင်ဖြစ်သော်လည်း တိမ်ထွန်းနေသောကြောင့် အုံ့မှိုင်း၍နေသည်။ ပတ်ဝန်းကျင်ကို မြင်သာထင်သာ ရှိသော်လည်း ကြည်လင်ပြတ်သားမှု မရှိ။ မြင်ကွင်းသည် စိတ်ကို လေးလံထိုင်းမှိုင်းစေသည်။

ဘွဲ့နှင်းသဘင် နောက်ဘက်အပေါက်မှ ထွက်သည်။

အင်းလျားလမ်းကို ဖြတ်ကူးသည်။

လမ်း၏အလယ်ကောင်တည့်တည့်မှာ ရပ်လိုက်သည်။

စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားသည်။

လေသံကို အတတ်နိုင်ဆုံး ပုံမှန်ဖြစ်အောင် ပြင်ဆင်သည်။

"ခင်. . ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ပါ။ သိပ်အရေးကြီးပါတယ်၊ ကျွန်တော်တို့ ဒီအတိုင်းသွားကြလို့ လုံးဝမဖြစ်နိုင်ပါဘူး၊ ခင်က တစ်ယောက်ယောက်ကို ရွေးရပါလိမ့်မယ်၊ ဆုံးဖြတ်ဖို့ ခက်နေတယ်ဆိုတာကိုလဲ သိပါတယ်၊ ဒါပေမယ့် ဒီနေ့ တစ်ခုခုကို မဆုံးဖြတ်ရင် မဖြစ်နိုင်တော့တာမို့ ခုလို လုပ်လိုက်ရတာကို ခင် နားလည်စေချင်တယ်"

သူ ကျွန်တော့်ကို မော့ကြည့်နေသည်။

စကားဆက်ရန် အတော်ပင် ကြိုးစားယူရသည်။

လေသံမှန်ဖို့ မစဉ်းစားနိုင်တော့။

"ခု. . ကျွန်တော်တို့ အင်းလျားလမ်းအတိုင်း လမ်းလျှောက်ကြပါမယ်၊ လျှောက်တဲ့အခါမှာ ကိုဝင်းလွင်ကျော်က ဟိုဘက်လမ်းဘေးက လျှောက်မယ်၊ ကျွန်တော်က ဒီဘက်လမ်းဘေးက လျှောက်မယ်၊ ခင်က လမ်းအလယ်တည့်တည့်က လျှောက်ပါ၊ ကားလာလို့ရှိရင် ကားကို ခင်က ရှောင်ရပါလိမ့်မယ်၊ အဲဒီအခါ ခင်ရွေးချင်တဲ့လူ ရှိတဲ့ဘက်ကို ရှောင်ပါ၊ ခင် ချစ်နိုင်မယ့်လူရှိတဲ့ဘက်ကို ကူးလာခဲ့ပါ"

ကျွန်တော်သည် လမ်း၏ဝဲဘက်ကို ဖြတ်ကူးလိုက်သည်။

ကိုဝင်းလွင်ကျော်က လက်ယာဘက်သို့ ကူးသွားသည်။

လတ်သခင်သည် လမ်းအလယ်တည့်တည့်မှာ ကျန်ခဲ့၏။ သူတစ်ခုခုပြောမည့်ဟန် ပြင်သည်။ သို့ရာတွင် ကျွန်တော်တို့သည် လမ်းကို စတင်လျှောက်နေကြလေပြီ။

တကယ့်တကယ် စွန့်စားမှုတစ်ခုကို ပြုလုပ်လိုက်ရပြီဆိုသောအခါ ရင်တလှပ်လှပ် တုန်လာသည်။ ဤလူ သုံးယောက်သည် မကြာမီ အချိန်အတွင်းမှာ နှစ်စု ခွဲရပေတော့မည်။

လူသုံးယောက်ကို နှစ်စုခွဲလျှင် တစ်စုသည် စုံဂဏန်း ဖြစ်ရမည်။ တစ်ခုသည် မဂဏန်းဖြစ်ရမည်။ တစ်စုသည် နှစ်ယောက်တွဲ၊ ကျန်သောသူသည် အထီးကျန်။

ကံဆိုးသူသည် မည်သူဖြစ်ပါလိမ့်မည်နည်း။

ပိတောက်ရွက်ဝါတို့သည် အဆုပ်လိုက် ကြွေကျနေသည်။ လေထဲတွင် လွင့်မျောနေဆဲတချို့၊ မြေပေါ်သို့ ထိုးစိုက်ကျသည်တချို့။

လူနှစ်ယောက်အနက် တစ်ယောက်သည် နွေသစ်ရွက်တစ်ရွက် ဖြစ်လာရလိမ့်မည်။ လတ်သခင်သည် ရှေ့တည့်တည့်ဆီသို့ စိုက်ကြည့်နေသည်။ ဆုံးဖြတ်ချက်တစ်ခုခုကို အပြင်းအထန် ရှာဖွေနေပုံရသည်။ သူ့မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။

♥



သူ ဆတ်ခနဲ ရပ်လိုက်၏။

ကိုဝင်းလွင်ကျော်ကို လှည့်ကြည့်သည်။

ကိုဝင်းလွင်ကျော်၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

လတ်သခင် ကျွန်တော့်ဘက်သို့ ကြည့်ပြန်သည်။

ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည်။

သူ့အကြည့်သည် လျောင်ပြောင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ အထင်သေးခြင်းတို့ ရောပြွမ်းသောအကြည့်၊ ကိုဝင်းလွင်ကျော်ကို ကြည့်ခဲ့သောအကြည့်သည်လည်း ထိုအတိုင်းပင် ဖြစ်လိမ့်မည်။

ယောကျ်ားသားနှစ်ယောက်တို့သည် ပြဿနာကို ခေါင်းရှောင်ခဲ့ကြသည်။ အားနည်းသော မိန်းမသားအပေါ် အလွန်တရာကြီးမားလေးလံသော တာဝန်ကြီးကို ပုံချခဲ့ကြလေသည်။

ယောကျ်ားတန်မယ့် သတ္တိနည်းခဲ့ကြပြီကော။

ရှက်စိတ်သည် ကျွန်တော့်တစ်ကိုယ်လုံးကို ဝါးမျိုလိုက်လေ၏။

ဘာလုပ်ရမှန်း မသိသေးခင်မှာပင် လမ်းကွေ့ဆီမှ ကားတစ်စင်းသည် ဘွားခနဲ ပေါ်လာသည်။ လတ်သခင်သည် ကားဆီသို့ တည့်တည့်ကြီးစိုက်ကြည့်နေသည်။ တစ်စုံတစ်ခု ဆုံးဖြတ်ချက် ချထားပြီးဟန်သည် သူ့မှာမရှိ။ နှုတ်ခမ်းကို ကိုက်ထားသည်။ ကားသည် စက္ကန့်ပိုင်းအတွင်း လတ်သခင်ရှိရာဆီသို့ ရောက်ရှိလာပေတော့မည်။

လူသုံးယောက်စလုံးသည် ကားကိုသာ စူးစိုက်ကြည့်နေကြသည်။ ကားဟွန်းသံကြားရသည်။ လတ်သခင်သည် လှုပ်ရှားမှုမရှိ။

အားလုံးမှင်တက်မိနေဆဲ။

ပန်းချီဆရာသည် စတင်လှုပ်ရှားလိုက်သည်။

***"ခင်. . ဟိုဘက်ကိုကူးလေ၊ ဟိုဘက်ကို ကူးပါခင်"***

ကားသည် ဝီးခနဲဖြတ်သွားသည်။

မြေပြင်ပေါ်မှ သစ်ရွက်များ ထခုန်သည်။

"ဥသြ. . ဥသြ"ဆိုသော အသံကို ကြားရသည်။

ကျွန်တော့်နဖူးမှ ပလတ်စတာသည် ကွာကျသွားလေသည်။

***လတ်သခင်သည် ကိုဝင်းလွင်ကျော်ဘေးမှာ ရပ်လျက်။***

သူတို့နှစ်ယောက်သည် ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။ သူတို့ရှိရာသို့ ကျွန်တော် လျှောက်လာခဲ့သည်။ သူတို့ကို ပြုံး၍ကြည့်သည်။ အလွန်အားနည်းချည့်နဲ့နေသော အပြုံးပင်ဖြစ်ရပါမည်။

သူတို့နားတွင် ကျွန်တော် ရပ်သည်။

စကားကို ဘယ်သူမျှ မစဖြစ်ကြ။

တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။

လတ်သခင်သည် ကျွန်တော့်နားသို့ ကပ်လာသည်။

လက်ကိုင်ပဝါလေးဖြင့် ကျွန်တော့်နဖူးကို လာ၍တို့၏။

သူ့လက်ကို ပြန်ရုပ်လိုက်သောအခါ လက်ကိုင်ပဝါကလေးတွင် သွေးစွန်းထင်း၍နေသည်။

ဒဏ်ရာမှ သွေးစွန်းလာခြင်းပင် ဖြစ်လေသည်။

သူ့လက်ထဲမှ လက်ကိုင်ပဝါလေးကို ကျွန်တော် ဆွဲယူလိုက်သည်။

သူ့နှုတ်ခမ်းတို့သည် တဆတ်ဆတ်တုန်ခါနေ၏။

မျက်ရည်တစ်စက်ကို သူမထိန်းနိုင်။

ကိုဝင်းလွင်ကျော်သည် ကျွန်တော့်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။ တစ်ခုခုကို သူ ပြောလိုသော်လည်း စကားသံထွက်၍ မလာ။

တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသော လူသုံးယောက်တို့၏ကိုယ်စား ဥဩငှက်ငယ်သည် ဆွေးဆွေးမြည့်မြည့် အော်မြည်လိုက်သည်။

ကျွန်တော့်ရင်သည် တဆတ်ဆတ်ခုန်လာသည်။

နှလုံးသားသည် ဆုပ်နယ်ချေမွခြင်းခံရသလို မွန်းကျပ်၍နေသည်။

အဘယ်သူသည် စာမေးပွဲကို စိတ်အပူပင်ကင်းစွာ စောင့်စားချင်ပါမည်နည်း။

အဘယ်သူသည် သေခြင်းတရားကို ဝမ်းမြောက်ဝမ်းသာ ရင်ဆိုင်ချင်ပါမည်နည်း။

သို့ရာတွင် ....

ခွဲခွာခြင်းဆိုသောအရာသည် တံခါးကို လာ၍ခေါက်လေပြီ။

ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့ဗျာ...

ချာခနဲ လှည့်လိုက်သည်။

သူတို့နှစ်ဦးကို ကျောခိုင်း၍ လျှောက်ခဲ့ပြီ။

နောက်ဘက်ဆီမှ သစ်ရွက်လေတိုးသံ ကြားရသည်ထင်၏။

ငိုရှိုက်သံသဲ့သဲ့သာ ဖြစ်ကြောင်း သိရသောအခါ အလိုလို လှည့်ကြည့်ပြီးသား ဖြစ်နေသည်။

နောက်ဆုံးကြည့်ခြင်း ဖြစ်ပါစေတော့။

သူတို့ချစ်သူ နှစ်ယောက်သည် ကျွန်တော့်ကို ငေးစိုက်နေကြဆဲ။

အဓိပ္ပာယ်ပေါင်းများစွာပါသော အကြည့်။

ဟိုယခင် အခါဆီက တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ဖူးသော အကြည့်ကို လတ်သခင်၏မျက်လုံးထဲ၌ မြင်ရသည်။

စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ ကြေကွဲခြင်း၊ တုန်လှုပ်ခြင်းတို့နှင့် လဲလှယ်လိုက်ရသောအကြည့်။

ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ရရှိလိုက်သောအကြည့်။

ဘယ်သောအခါမျှ မေ့ဖျောက်၍ ရမည်မဟုတ်သော ...

တစ်သက်တာအဖို့ စွဲလမ်းတသနေရမည်ဖြစ်သော ...

ထိုမျက်ဝန်းတစ်စုံကို လွှဲဖယ်လိုက်သည်။

*အခါနှောင်းခဲ့ပါပြီ ခင်...*



ဒဏ်ရာတစ်ခု ...

သွေးစွန်းသော လက်ကိုင်ပဝါတစ်ထည် ...

အိပ်မက်ထဲ၌ အစဉ်သဖြင့် ဆုံစည်းနေရဦးမည့် မျက်ဝန်းတစ်စုံတို့နှင့်အတူ ...

လေထဲတွင် ပျံဝဲနေသော နွေသစ်ရွက်များ ...

မြေတွင် ကြွေကျနေသော ကံ့ကော်ပွင့်များ ...

အဆက်မပြတ် ကြေကွဲ ဆွေးမြည့်စွာ အော်မြည်နေသော

ဥဩငှက်ငယ်များရှိရာသို့ ....။

**မင်းလူ**

(၄. ၄. ၇၉)

# ကျေးဇူးတင်ပါသည်။

မြန်မာပြည်သား

Thank You